








# ဌာနေအိမ်မှ ပျောက်ဆုံးသူ

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေလူထုအပေါ် ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများ





KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# ဌာနေအိမ်မှ ပျောက်ဆုံးသူ

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေလူထု
အပေါ်ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

**ဥာနေအိမ်မှ ပျောက်ဆုံးသူ**
၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်နေလူထုအပေါ်ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ။ KHRG #2023-02

အရှေ့နှင့်အနောက်မျက်နှာဖုံးရှိဓာတ်ပုံများအကြောင်းကို ဤအစီရင်ခံစာ၏ နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေ အနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်စွာရပ်တည်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ KHRG မှပုံနှိပ်ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ် လိပ်စာ khrg@khrg.org သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဤအစီရင်ခံစာအား KHRG မှ ၂၀၂၃ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိ သောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုသည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားဖြစ်အကျိုးအမြတ်အတွက် ပြန်လည်အသုံးပြုထုတ်ဝေလိုပါက KHRG ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ KHRG မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

## မာတိကာ

**စကားဦး** ......... ၅
**နိဒါန်း** ......... ၇
အဓိကရှာဖွေတွေ့ရှိချက်များ ......... ၈
အကြံပြုချက်များ......... ၁၁
အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ် ......... ၁၄
ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ......... ၁၅
မြေပုံ ၁ – KHRG ၏လုပ်ရှားရာနယ်မြေ (KNU– သတ်မှတ်ထားသောကရင်ပြည်နယ်နှင့်
မြန်မာအစိုးရ သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ)......... ၁၇

**အခန်း (၁) မြန်မာပြည်အရှေ့တောင်ပိုင်း၏ နောက်ခံသမိုင်းကြောင်းနှင့် ပဋိပက္ခအခြေအနေ** ......... ၁၈
နောက်ခံသမိုင်းကြောင်း......... ၁၈
မြေပုံ ၂ – ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)မှကျူးလွန်သည့်
လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ ......... ၂၁

**အခန်း (၂) မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားသည့် အတင်းအဓမ္မပျောက်ဆုံးစေမှုများ** ......... ၂၂
(က) SAC မှ ရွာသားများ နိုင်ငံရေးအရပစ်မှတ်ထားပြီး အတင်းအဓမ္မပျောက်ဆုံးစေခြင်း ......... ၂၂
(ခ) မတရားဥပဒေများ၊ ညမထွက်ရအမိန့်များ၊ ခရီးသွားလာခွင့်ကန့်သတ်ခြင်းများနှင့်
ပိုမိုများပြားလာသည့် စစ်ရေးလှုပ်ရှားမှုများ ......... ၃၂
(ဂ) လူသားဒိုင်းအဖြစ်အသုံးပြုသည့်ရွာသားများကို အတင်းအဓမ္မပျောက်ဆုံးစေမှု ......... ၃၇
(ဃ) အခြားလက်နက်ကိုင်တပ်ဖွဲ့များမှကျူးလွန်သော အတင်းအဓမ္မပျောက်ဆုံးစေမှုများ ......... ၄၀
မြေပုံ ၃ – ၂၀၂၃ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်
အတင်းအဓမ္မပျောက်ဆုံးစေမှု ဖြစ်ပွားရာနေရာများ ......... ၄၄

**အခန်း (၃) မြန်မာပြည် အရှေ့တောင်ပိုင်းရှိ လူမှုအသိုက်အဝန်းများတွင် ဖြစ်ပွားသည့်**
**အတင်းအဓမ္မပျောက်ဆုံးစေမှု၏အကျိုးဆက်များ** ......... ၄၅
(က) အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ ပြန်လာသည့်အချိန်တွင် လိုအပ်ချက်များ ......... ၄၅
(ခ) မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများ၏လိုအပ်ချက်များ ......... ၄၈
(ဂ) လူမှုအသိုက်အဝန်းအပေါ်အကျိုးသက်ရောက်မှုများနှင့် လိုအပ်ချက်များ......... ၅၉
(ဃ) တရားရေးစနစ်နှင့် ပံ့ပိုးကူညီမှုလမ်းကြောင်းများ......... ၆၂

**အခန်း (၄) အတင်းအဓမ္မပျောက်ဆုံးစေမှုအားတုံ့ပြန်သော ရွာသားများ၏ဗျူဟာများ ................................ ၆၈**
(က) နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းအား နည်းဗျူဟာတစ်ခုအဖြစ်အသုံးပြုခြင်း .......................... ၆၈
(ခ) ညှိနှိုင်းခြင်းနှင့် ဆန္ဒလိုက်လျောခြင်း ...................................................................... ၆၉
(ဂ) ရွာသားများအချင်းချင်းကြား သတင်းအချက်အလက်မျှဝေခြင်း........................................... ၇၁
(ဃ) ကျေးရွာအချင်းချင်း ကူညီပံ့ပိုးမှု ........................................................................... ၇၂

**အခန်း (၅) ရွာသားများ၏ အမြင်သဘောထားများနှင့် အကြံပြုချက်များ.................................................... ၇၅**
**နိဂုံးချုပ်နှင့် ဆွေးနွေးချက်များ ........................................................................................................ ၇၈**

# စကားဦး

ကျွန်တော်မှတ်မိသလောက်ပြန်ပြောပြရမယ်ဆိုရင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများမှာ ဖမ်းဆီးခြင်းများနှင့် နှောင့်ယှက်ဖိနှိပ်ခြင်းများကို အချိန်ကာလကြာမြင့်စွာကြုံတွေ့ခံစားနေကြရသည်။ ရွာသားများ၏အခွင့်အရေးနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ပြောဆိုနေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများသည် အရပ်သားတစ်ပိုင်းအစိုးရအုပ်ချုပ်မှုအောက်၌မှာပင် ပစ်မှတ်ထားခံရခြင်းနှင့် ခွဲခြားဆက်ဆံခြင်းခံရကြပါသည်။ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် မြေယာထိန်းသိမ်းစောင့်ရှောက်ခြင်းတို့နှင့်ပတ်သက်သည့် အစည်းအဝေးများကျင်းပချိန်တွင် ကျွန်ုပ်တို့ကိုနောက်ယောင်ခံလိုက်ခြင်းနှင့် မည်သူမည်ဝါဖြစ်ကြောင်းကိုဖော်ပြရသည့် အခြေအနေများနှင့်ကြိမ်ဖန်များစွာကြုံတွေ့ခဲ့ရပါသည်။ လွန်ခဲ့သော(၃၀) နှစ်များအတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)မှ လူမှုအသိုက်အဝန်းအဖွဲ့ဝင်များသည် လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများကို မှတ်တမ်းပြုစုခြင်းအပြင်၊ ရွာသားများနှင့် လူ့အခွင့်အရေးအသိပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့်နိုင်ငံတကာဥပဒေနှင့်ပတ်သက်သည့် သင်တန်းများလည်း လုပ်ဆောင်ခဲ့ပါသည်။ ဤသို့လုပ်ဆောင်ရခြင်း၏ရည်ရွယ်ချက်မှာ ရွာသားများအနေဖြင့် လူ့အခွင့်အရေးအတွက်တောင်းဆိုရာ၌၎င်းတို့၏လုပ်ဆောင်နိုင်မှုစွမ်းရည်နှင့် အခွင့်အရေးများကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် အကြိမ်ပေါင်းများစွာ ပစ်မှတ်ထားခြင်းခံခဲ့ကြရပါသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့် အချိန်ကတည်းကစပြီ တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့် ရှောက်သူများသည်သာပစ်မှတ်ထားခံရကြသည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် မိသားစုများအတွက်ပါအန္တရာယ်ရှိလာပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်ကြသူ များသည် မြို့ထဲသို့အစားအစာသွားရောက်ဝယ်ယူသည့်အချိန်၊ စိုက်ခင်းသို့အလုပ်သွားလုပ်ချိန် သို့မဟုတ် နေအိမ်တွင်းရှိသည့်အချိန်၌ပင်အဓမ္မဖမ်းဆီးခံရကြပါသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်ကတည်းက ဗမာစစ်တပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက–SAC) ၏ အမိန့်ပေးမှုအောက်တွင် ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်းရှိရွာသူ/သားများအား အတင်းအဓမ္မအစဖျောက်ခြင်းကိုပြုလုပ်ခဲ့ပါသည်။

အတင်းအဓမ္မပျောက်ဆုံးစေမှုသည် ကြောက်မက်ဖွယ်ကောင်းသည့်ရာဇဝတ်မှုတစ်ခုဖြစ်ပြီး မျှော်လင့်ချက်ပျက်ပြားစေရန်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့အစဖျောက်ခံရသည့်သူများသည် ၎င်းတို့၏ ကျူးလွန်သူလက်ထဲ တွင်အထူးအကူအညီလိုအပ်နေသည်။ ထို့အပြင် ချစ်ရသောသူများ၏ မည်သည့်သတင်းအစအနကိုမျှမရရှိပဲကျန်ရစ်နေကြရသော မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် လူမှုအသိုက်အဝန်းများအတွက် အလွန်ခက်ခဲလှပါသည်။ အစဖျောက်ခံရခြင်းသည် ကုသရန်ခက်ခဲသောဒဏ်ရာအလား ကာလကြာမြင့်စွာ သက်ရောက်မှုရှိပြီးသွက်ချာပါဒဖြစ်စေသည်။ အစဖျောက်ခြင်းခံရသူများသည် မည့်သည့်နေရာတွင်၊ မည်ကဲ့သို့အခြေအနေများနှင့်ရင်ဆိုင်နေရသည်ကို ကျန်ရစ်သူမိသားစုဆွေမျိုးများမှ စိုးရိမ်ပူပန်မှုနှင့် သိလိုစိတ်ပြင်းပြသည့်အတွက် ၎င်းတို့အား စဉ်ဆက်မပြတ်ရှာဖွေနေကြသည်။ အစဖျောက်ခြင်းခံရသူများ၏ သေခြင်း၊ ရှင်ခြင်းကံကြမ္မာနှင့်ပတ်သက်သည့် သတင်းအချက်အလက်အစအနကို မသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုဝင်များမှ အမှောင်ထဲမှာကျန်ရစ်နေကြရပါသည်။ ထို့ကြောင့် ကျန်ရစ်သူမိသားစုများအနေဖြင့် ဆက်လက်ရှာဖွေခြင်း၊ စောင့်ဆိုင်းခြင်းနှင့် ဆက်လက်သိရှိလိုစိတ်များရှိလျှက်နေပါသည်။ ထို့အပြင် နောက်ထပ်အခြားမိသားစုဝင်များ၊ အိမ်နီးချင်းများနှင့် သူငယ်ချင်းမိတ်ဆွေများ ပစ်မှတ်ထားခြင်းခံရနိုင်ပါသည်။ ဒေသစကားပုံတစ်ခုမှ "သေသောသူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင်တွေ့" ဟူ၍ ရှင်းပြထားပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ချစ်ရသောသူကို အမြဲတစေရှာဖွေခြင်းမပြုနိုင်သော်လည်း ၎င်းတို့ကို ဘယ်သောအခါမျှမမေ့နိုင်ကြပါ။

ကျွန်ုပ်တို့အနေဖြင့် ဤအစီရင်ခံစာကိုရေးသားရခြင်းအကြောင်းရင်းမှာ နေ့စဉ်နေ့တိုင်း အစဖျောက်ခြင်း၏ဆိုးကျိုးသက်ရောက်မှုသည်သာ အရေးကြီးသည်ဟု ခံစားရခြင်းတခုတည်းမဟုတ်ပဲ ကျွန်ုပ်တို့၏မှတ်တမ်းပြုစုခြင်း၏တွေ့ရှိချက်များတွင်လည်း ၎င်းသည်ကြီးမားသည့်ပြဿနာတစ်ခုဖြစ်လာခြင်းကြောင့်ဖြစ်သည်။ သမိုင်းအရအစဖျောက်ခြင်းကို ဒီမိုကရေစီချေမှုန်းရန်အသုံးပြုခဲ့ခြင်းနှင့် နိုင်ငံရေးအတိုက်အခံပြုသူများ၏ စိတ်တွင် အကြောက်တရားဖြစ်ပေါ်စေရန် အသုံးပြုလာခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့မှ ကရင်ပြည်နယ်အတွင်း အစဖျောက်

ခြင်းဖြစ်ပျက်မှုကိုစုံစမ်းရန်၊ မိသားစုများ၏လိုအပ်ချက်များကိုသိရှိနိုင်အောင်ပြုလုပ်ရန်၊ ၎င်းတို့၏ အသံကိုမီးမောင်းထိုးပြရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးထံသို့ တောင်းဆိုမှုပြုရန်လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးမှဖြစ်ပျက်နေသည့် အစဖျောက်ခြင်းရာဇဝတ်မှုနှင့် ၎င်း၏နောက်ဆက်တွဲသက်ရောက်မှုများကိုကြုံတွေ့နေရသည့်လူတိုင်း ပူဆွေးသောကရောက်မှုနှင့် နာကျင်မှုများသည် အတူတူပင်ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်မှုပြုသူများသည် နေရာတိုင်းတွင် အကြမ်းဖက်မှုဖြင့်အုပ်ချုပ်မှုပုံစံကိုရွေးချယ်ကြပြီး လူ့အခွင့်အရေးများကို ခြိမ်းခြောက်ခြင်းများပြုလုပ်ကြပါသည်။ ထို့ကြောင့် ဤရာဇဝတ်မှုနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုရန် အရေးတကြီးလိုအပ်ခြင်း၊ ကျူးလွန်သူများအပေါ်တိကျခိုင်မာပြတ်သားသည့်အရေးယူမှုများ ချက်ချင်းလုပ်ဆောင်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုကို ဆက်လက်မှတ်တမ်းပြုစုသွားမည် ဖြစ်ပါသည်။

စောအဲလ်ဘတ်<br>KHRG ကွင်းဆင်းညွှန်ကြားရေးမှူး

# နိဒါန်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်း[1]သည့် အချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများ အတွင်းတွင် အရပ်သားများအပေါ်ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုတိုးမြှင့်လာပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ(နစက–SAC)[2] သည် ပြစ်ဒဏ်ပေးခံရခြင်းလုံးဝမရှိပဲ ရွာသားများအား စနစ်တကျ တိုက်ခိုက် လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိပြည်သူများ အထူးသဖြင့် ကျေးလက်ဒေသနေရွာသားများသည် အာဏာသိမ်း မှုအားဆန့်ကျင်သူများအဖြစ် စွပ်စွဲခံရပြီး ဖမ်းဆီးခံရခြင်း၊ မေးမြန်းခံရခြင်း၊ ညှဥ်းပန်းနှိပ်စက်ခြင်းနှင့် အစဖျောက် ခံရခြင်းများ နိုင်ငံအဝှမ်းဖြစ်ပွားလျက်ရှိသော်လည်း ထိုအခြေအနေနှင့်ပတ်သက်၍ တာဝန်ယူမှုတာဝန်ခံမှုနှင့် အကာအကွယ်ပေးမှုများမရရှိကြပါ။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ အတင်းအဓမ္မပျောက် ဆုံးစေခြင်းများတွင် အကျုံးဝင်သော ဤတိုက်ခိုက်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် သိသိသာသာ တိုးမြှင့်ဖြစ်ပွားလျက်ရှိပြီး နိုင်ငံတကာအာရုံစိုက်မှုကို အနည်းငယ်သာရရှိကာ ဒေသတွင်း လူမှုအသိုက်အဝန်း အား ကြောက်ရွံ့စိတ်နှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရမှုများအပါအဝင် ဆိုးရွားသည့်သက်ရောက်မှုများ ဖြစ်ပေါ်စေ သည်။

အစဖျောက်ခံရခြင်းသည် ၎င်းတို့ဆန္ဒနှင့် ဆန့်ကျင်ဖက်ပြုသူများအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် ခေါ်ဆောင်သွားခြင်းများပါဝင်သည့် ရာဇဝတ်မှုတစ်ခုဖြစ်သည်။ ဤသို့လွတ်လပ်ခွင့်အား တားဆီးပိတ်ပင်ခြင်း ကို နိုင်ငံတော် သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုမှ တိုက်ရိုက် သို့မဟုတ် ၎င်းတို့၏အမိန့်၊ ပံ့ပိုးမှု သို့မဟုတ် သဘောတူညီမှုဖြင့် ကျူးလွန်ခြင်းဖြစ်ပြီး ပျောက်ဆုံးသူများ၏အခြေအနေ သို့မဟုတ် တည်နေရာနှင့်ပတ်သက်၍ သတင်းအချက်အလက်ပေးရန် ပျက်ကွက်ခြင်းများပါဝင်သည်။[3] ဤရာဇဝတ်မှုကျူးလွန်သူများသည် ၎င်းတို့ကျူး လွန်သည့်ညှဥ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော လုပ်ရပ်များ၏သက်သေများကိုဖုံးကွယ်ရန်အတွက် ၎င်းတို့သည် လွတ် လပ်ခွင့်အား တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ကျူးလွန်ခံရသူများအား ၎င်းတို့၏ရှေ့နေများ သို့မဟုတ် မိသားစု ဝင်အချင်းချင်းကြား ဆက်သွယ်ခွင့်မပြုခြင်းများအား ပြုလုပ်လျက်ရှိကြောင်းကို ဝန်ခံရန်ငြင်းဆန်လိမ့်မည်။ ဆက် သွယ်ချိတ်ဆက်ခြင်းနှင့် လေ့လာစောင့်ကြည့်ခြင်းကို တားမြစ်ထားသဖြင့် အစဖျောက်ခံရသူအနေနှင့် တရား ဥပဒေ၏အကာအကွယ်ပေးမှုမရှိတော့ပဲ အကြမ်းဖက်မှုများကို ခံစားရနိုင်ချေ ပိုမိုမြင့်မားနိုင်သည်။

ဤရာဇဝတ်မှုကျူးလွန်ခံရသူများမှာ ပျောက်ဆုံးသူများအပြင် ထိုရာဇဝတ်မှု၏ တိုက်ရိုက်အကျိုးဆက်ကြောင့် ထိခိုက်နာကျင်မှုကို ခံစားရသူတစ်ဦးချင်းစီတိုင်းဖြစ်သည့် မိသားစုဝင်များနှင့် မိတ်ဆွေသူငယ်ချင်းများအနေဖြင့် ပျောက်ဆုံးသူ၏အခြေအနေ၊ တည်နေရာ၊ ကံကြမ္မာနှင့်ပတ်သက်၍ မသေချာမရေရာမှုများနှင့်အတူ မဆုံးနိုင် သော စောင့်ဆိုင်းခြင်းကိုလည်း ကြုံတွေ့ခံစားကြရသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရွာသားများအနေဖြင့် ပျောက်ဆုံးမှုများဖြစ်ပေါ်သည့်အခါများတွင် တရားဝင်ကူညီပံ့ပိုးမှုဆိုင်ရာဝန်ဆောင်မှုများကို မရရှိနိုင်ကြပါ။ ၎င်း တို့အနေဖြင့် လူမှုအသိုက်အဝန်းအတွင်း အချင်းချင်းအပြန်အလှန်ကူညီပံ့ပိုးမှုအပေါ်တွင်သာမှီခိုကြရသည်။ ပြစ်မှု

[1] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗမာ(မြန်မာ)စစ်တပ်မှ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြောက်ခံရသည့် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရအား ဖယ်ရှားခဲ့သည်။ စစ်တပ်သည် ဗမာလက်နက်ကိုင်တပ်များ၏ စစ်ဦးစီးချုပ် မင်း အောင်လှိုင်ထံ အာဏာလွှဲအပ်ခဲ့သည်။ သက်သေမပြနိုင်သော လိမ်လည်စွပ်စွဲချက်များအရ ဗမာစစ်တပ်သည် NLD အဖွဲ့၏ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုများအား တရားမဝင်ပြုလုပ်ခဲ့ပြီး အရေးပေါ်ကာလ ပြီးနောက်တွင် ရွေးကောက်ပွဲအသစ် များ ထပ်မံကျင်းပပေးမည်။ ရွေးကောက်ခံ သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဝန်ကြီး များ၊ ၎င်းတို့၏ဒုဝန်ကြီးများနှင့် လွှတ်တော်အဖွဲ့ဝင်များနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

[2] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ် ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကိုဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော် အစိုးရအရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏စစ်ဘက်ဆိုင်ရာဝန်ကြီး အဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီး နောက်ပိုင်းတွင် SAC ၏ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။

[3] Rome Statute ၇ (၂) (၁)၊ ၂၀၂၃ ခုနှစ် အလုပ်နည်းလမ်းများ၏စာပိုဒ် ၇၊ ၃၂၊ ၃၈ တွင်ကြည့်ပါ။

ကျူးလွန်သူများ၏ ရန်တုံ့ပြန်မှုကို ကြောက်ရွံ့ခြင်းနှင့် ပြည်တွင်းတွင် စစ်တပ်အားတာဝန်ယူ တာဝန်ခံစေရန်အတွက် မစွမ်းဆောင်နိုင်ခြင်းများကြောင့် ဤရာဇဝတ်မှုများနှင့်ပတ်သက်၍ အစီရင်ခံတင်ပြမှုမှာ အားနည်းလျက်ရှိသည်။ ထို့အတွက်ကြောင့် ထိခိုက်ခံစားရသောရွာသားများအားလုံးအတွက် တရားမျှတမှုဆောင်ကျဉ်းနိုင်ရန်နှင့် အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏မိသားစုဝင်များအားအကာအကွယ်ပေးနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပိုမိုအားကောင်းသည့် ပံ့ပိုးကူညီမှုလိုအပ်သည်မှာ ထင်ရှားသည်။

ထိုသို့သောရည်ရွယ်ချက်ဖြင့် ဤအစီရင်ခံစာတွင် ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်[4]အတွင်း စစ်ကောင်စီ(SAC)မှ ကျူးလွန်ခဲ့သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုဆိုင်ရာ ရာဇဝတ်မှုများဖြစ်သော ရွာသားများအား နိုင်ငံရေးအရပစ်မှတ်ထားခြင်း၊ အရေးပေါ်လုံခြုံရေးဥပဒေအား ဖောက်ဖျက်မှုအတွက် အရပ်သားများအားအစဖျောက်ခြင်းများအပြင် လူသားဒိုင်းအဖြစ်အသုံးပြုခြင်းခံရသည့် ရွာသားများ၏ပျောက်ဆုံးမှုများအား စုံစမ်းဖော်ထုတ်ထားပါသည်။ ထို့အပြင် ဒေသအတွင်းတည်ရှိနေသော လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအပါအဝင်အခြားလက်နက်ကိုင်တပ်ဖွဲ့များမှကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် ဤရာဇဝတ်မှုကြောင့် ပျောက်ဆုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်းများအပေါ် သက်ရောက်မှုများကို ဆန်းစစ်ထားသည်။ ထို့အပြင် သက်ဆိုင်သူများအနေဖြင့် ပံ့ပိုးကူညီမှုများကို ပြင်ဆင်နိုင်ရန်နှင့် မည်သည့်နည်းလမ်းဖြင့် ပံ့ပိုးပေးနိုင်မည်ကို နားလည်သဘောပေါက်စေရန်အတွက် ဤရာဇဝတ်မှုအားတုံ့ပြန်ရာတွင် ရွာသားများအသုံးပြုခဲ့သည့်နည်းဗျူဟာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ အစီရင်ခံစာတွင် ရွာသားများ၏အမြင်များနှင့် တောင်းဆိုချက်များအပြင် အနာဂတ်အတွက် ၎င်းတို့၏မျှော်လင့်ချက်များကိုလည်း မီးမောင်းထိုးဖော်ပြထားသည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာအဓမ္မပျောက်ဆုံးစေမှုအား မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်သော ရွာသားများအပေါ် စနစ်တကျကျူးလွန်လျက်ရှိသည်။ ကျူးလွန်သူများသည် ပြစ်ဒဏ်ပေးခံရခြင်းလုံးဝမရှိပဲ ဤရာဇဝတ်မှုအား အရပ်သားများအပေါ်ကျူးလွန်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(စစ်ကောင်စီ–SAC)သည် အဓိကကျူးလွန်သူဖြစ်ပြီး ၎င်းသည် ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်တဝှမ်းလုံးတွင် ရွာသားများအား အစဖျောက်ခြင်း၊ အခြားတိုက်ခိုက်မှုပေါင်းများစွာနှင့် အကြမ်းဖက်မှုများအပြင် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျူးလွန်လျက်ရှိပြီး နိုင်ငံတကာဥပဒေများအားချိုးဖောက်လျက်ရှိသည်။

ဆက်လက်ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ပွဲများတွင် အစဖျောက်မှုများဖြစ်လေ့ရှိသည်။ SAC သည် ၎င်းတို့၏ဒီမိုကရေစီနည်းလမ်းမကျသော အုပ်ချုပ်မှုစနစ်အား ကျင့်သုံးနိုင်ရန်အတွက် အရပ်သားများအား အင်အားသုံးပစ်မှတ်ထားလေ့ရှိပြီး ထိုအုပ်ချုပ်ရေးစနစ်ကို ဒေသခံရွာသားများမှ တရားဝင်မှုမရှိကြောင်း အစဉ်တစိုက်ကြေညာခဲ့သည်။ အဓမ္မပျောက်ဆုံးစေမှုပုံစံအများစုမှာ SAC မှ ရွာသားများအား အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူသို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ဆက်နွယ်မှုရှိသူဟူ၍ တော်လှန်ပုန်ကန်သူများအဖြစ် စွပ်စွဲသည့်ဖြစ်ရပ်မျိုးက အများဆုံးဖြစ်သည်။

[4] ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်တွင် အောက်ပါနေရာဒေသများဖြစ်သည့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၏ အစိတ်အပိုင်းများ ပါဝင်သည်။ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တည်ရှိပြီး တိုင်းရင်းသားကရင်လူမျိုးများမှ အဓိကအားဖြင့် မှီတင်းနေထိုင်ကြသည်။ ကရင်လူမျိုး အများစုသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသအများစုတွင် အခြားတိုင်းရင်းသားများ ဖြစ်သည့် ဗမာ၊ ရှမ်း၊ မွန်၊ ပအို့ဝ် အပါအဝင် တိုင်းရင်းသားလူမျိုးစုများနှင့်အတူ နေထိုင်ခဲ့ကြသည်။

အသက် ၁၅ မှ ၂၅ နှစ်အရွယ် အမျိုးသားငယ်များသည် အဓိကအားဖြင့် ပစ်မှတ်ထားခံရလေ့ရှိပြီး မကြာခဏဆိုသလို လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ဆက်နွှယ်မှုရှိသည်ဟု သံသယဝင်ခံရလေ့ရှိသည်။ ရွာသားများသည် ၎င်းတို့၏ နေအိမ်များ၊ ကျေးရွာများမှ လမ်းမကြီးပေါ်တွင် ခရီးသွားလာနေသည့်အချိန် သို့မဟုတ် တောင်ယာစိုက်ခင်းများနှင့် လယ်ကွင်းများထဲတွင် SAC ကြောင့်ပျောက်ဆုံးသွားတတ်သည်။ ၎င်းတို့အနေနှင့် စစ်ဆေးရေးဂိတ်များတွင် သို့မဟုတ် ညမထွက်ရသတ်မှတ်ချိန်ကျော်လွန်သည့် အခါများတွင်လည်းပျောက်ဆုံးနိုင်သည်။ ရွာသားများသည် ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး လူသားဒိုင်းအဖြစ်အဓမ္မခိုင်းစေခြင်းခံရကာ SAC တပ်သားများနှင့် အတူ သွားလာရသည့်အချိန်များတွင်လည်း ပျောက်ဆုံးလေ့ရှိသည်။

လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များကလည်း အမျိုးသားများ အထူးသဖြင့် ရွာသူကြီးများကို SAC ၏ သတင်းပေးနှင့် သူလျှိုများအဖြစ်စွပ်စွဲကာ ပစ်မှတ်ထားအစဖျောက်ပစ်ကြသည်။ ထိုပြည်သူများသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အသက်သေဆုံးခြင်းကို ကြုံတွေ့ခံစားကြရသည်။ ရှုပ်ထွေးသည့် ပြည်တွင်းပဋိပက္ခထဲတွင် SAC နှင့်ဆက်နွှယ်မှုမရှိသကဲ့သို့ အာဏာသိမ်းမှုကို ဆန့်ကျင်သည့်တော်လှန်ရေးတပ်ဖွဲ့များနှင့်လည်း ဆက်နွှယ်မှုမရှိသော သီးခြားလက်နက်ကိုင်အဖွဲ့များလည်း ဒေသတွင်းတွင်လှုပ်ရှားကာ အရပ်သားများအား အစဖျောက်ပစ်ခဲ့ကြသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းဒေသတွင် ကျူးလွန်လျက်ရှိသော အဓမ္မဖမ်းဆီးခြင်းနှင့် တရားလက်လွတ် သတ်ဖြတ်ခြင်းများသည်လည်း အတင်းအဓမ္မပျောက်ဆုံးစေမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများဖြစ်သည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုဆိုင်ရာ ရာဇဝတ်မှုများသည် ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ တည်နေရာ၊ အနေအထား သို့မဟုတ် အခြေအနေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအားပေးရန် ငြင်းဆန်သည့်အခါတွင် သော်လည်းကောင်း ရှေ့နေများ သို့မဟုတ် မိသားစုဝင်များ၏ လာရောက်တွေ့ဆုံခြင်းကိုငြင်းဆန်ပြီး သက်သေဖျောက်ဖျက်မှုများပြုလုပ်သည့်ကာလအတွင်းတွင်ဖြစ်ပေါ်လျက်ရှိသည်။ ကျူးလွန်ခံရသူ၏အခြေအနေနှင့်ပတ်သက်၍ လုံလောက်သည့်အချက်အလက်များရရှိသည့်အခါ၊ ပျောက်ဆုံးသူပြန်လည်ရောက်ရှိလာသည့်အခါ သို့မဟုတ် ၎င်းတို့၏ ကျန်ရစ်သည့်သက်မဲ့ခန္ဓာအား မိသားစုထံပြန်လည်ပို့ဆောင်ပေးသည့်အချိန်ကာလအထိ ထိုရာဇဝတ်မှုများသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အစဖျောက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်တင်ပြမှုမှာ အလွန်နည်းပါးသည်။ ထိုသို့ ဖြစ်စေသည့် အတားအဆီးများထဲတွင် ရွာသားများမှ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ လက်တုံ့ပြန်မှုကို ကြောက်ရွံ့ခြင်းနှင့် ကျူးလွန်သူများအားအရေးယူရန် သို့မဟုတ် တရားမျှတမှုရှာဖွေရန်အတွက် ယန္တယားမရှိခြင်းတို့ ပါဝင်သည်။ ရွာသားတစ်ဦးဦးပျောက်ဆုံးပါက ၎င်း၏ဆွေမျိုးသားချင်းများနှင့် အသိုက်အဝန်းများမှာ ထွက်ပြေးရသဖြင့် ထိုဖြစ်ရပ်များနှင့်ပတ်သက်ပြီး နောက်ဆက်တွဲလေ့လာမှုများပြုလုပ်ရန် ခက်ခဲသည်။ ၎င်းတို့ချစ်ခင်ရသူများအားရှာဖွေရာတွင် မိသားစုဝင်များ အထူးသဖြင့်မိခင်များအနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ လက်တုံ့ပြန်မှုအန္တရာယ်ကို ကြီးကြီးမားမားရင်ဆိုင်ရပြီး ပျောက်ဆုံးသူ၏ သတင်းအချက်အလက်များအား လိုက်လံစုံစမ်းရာတွင် အကုန်အကျများသည့်အတွက် ငွေကြေးအခက်အခဲများကိုလည်းကြုံတွေ့ရသည်။

အတင်းအဓမ္မပျောက်ဆုံးစေမှု ရာဇဝတ်မှုမှ အသက်ရှင်သန်ကျန်ရစ်သူများအပြင် ၎င်း၏မိသားစုဝင်များနှင့် အသိုက်အဝန်းတစ်ခုလုံးအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ကြီးမားစွာခံစားကြရသည်။ အစဖျောက်ခြင်းခံခဲ့ရသည့် ရွာသားများအနေနှင့် ပြန်လည်ရောက်ရှိလာချိန်တွင် လုံခြုံမှုနှင့် စိတ်ပိုင်းလူမှုရေးပိုင်းဆိုင်ရာ အားပေးကူညီမှုများလိုအပ်သည်။ မြန်မာနိုင်ငံတွင် ထိုရာဇဝတ်မှုအား ပြစ်ဒဏ်ပေးအရေးယူခြင်း မရှိသည့်အတွက် ပျောက်ဆုံးသူများ၏ မိသားစုဝင်များအနေဖြင့် ၎င်းတို့ ချစ်ခင်ရသူများ၏တည်နေရာနှင့်ပတ်သက်၍ သတင်းအချက်အလက်ရရှိရန်နှင့် ၎င်းတို့ပြန်လည်လွတ်မြောက်ရန်အတွက် ညှိနှိုင်းမှုများပြုလုပ်ရာတွင် ကူညီထောက်ပံ့မှုများလိုအပ်သကဲ့သို့ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းနှင့် လုံခြုံရေးဆိုင်ရာပြဿနာများအား ဖြေရှင်းရန်အတွက် လက်တွေ့ကျသော ပံ့ပိုးကူညီမှုများနှင့် ငွေကြေးအထောက်အပံ့များလိုအပ်သည်။ ထို့ကြောင့် ပျောက်ဆုံးမှုဖြစ်ပြီးနောက်ပိုင်း လူ့အသိုက်အဝန်းတစ်ခုလုံးအနေဖြင့် မလုံခြုံမှုကို ကြီးမားစွာခံစားရပြီး ပြည်တွင်းနှင့် နယ်စပ်ကိုဖြတ်ကျော်ကာ နေရပ်ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်ပေါ်စေသည်။

အိမ်နီးချင်းများနှင့် ဒေသခံရွာသားများမှ ပျောက်ဆုံးသူမိသားစုဝင်များ၏ လက်တလောလိုအပ်ချက်များကို တုံ့ပြန်ကူညီပေးကြသဖြင့် ရွာသားများအနေနှင့် ၎င်းတို့လူမှုအသိုက်အဝန်း၏ အပြန်အလှန်ကူညီပံ့ပိုးမှုများအပေါ် အဓိက မှီခိုအားထားကြသည်။ ၎င်းတို့အနေနှင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုများပေးခြင်း၊ ပျောက်ဆုံးသူ၏ တည်နေရာအား ရှာဖွေရန် သို့မဟုတ် သတင်းအချက်အလက်ရရှိရန်ကူညီပေးခြင်း၊ ကျူးလွန်ခံရသူအတွက် ဆုတောင်းပေးခြင်းနှင့် လိုအပ်သလိုကူညီပံ့ပိုးမှုများ ဖြည့်ဆည်းပေးခြင်းတို့ကို ပြုလုပ်ပေးကြသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသရွာသားများအတွက် တရားဝင်ကူညီထောက်ပံ့မှုများ မရှိပါ။ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာ အဖွဲ့အစည်းများမှပေးအပ်သော ကူညီပေးမှုယန္တယားများသည်လည်း မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ကြုံတွေ့ခံစားရသူများအတွက် လုံလုံလောက်လောက် ရောက်ရှိနိုင်ခြင်းမရှိပါ။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြစ်ပွားလျက်ရှိသော ပျောက်ဆုံးမှုများသည် ပြစ်ဒဏ်ပေးခံရခြင်းမရှိသည့်အပြင် ဖြစ်ပွားမှုနှုန်း ဆက်လက်မြင့်တက်နေသည့်အတွက် ဤသို့ဆက်လက်ဖြစ်ပွားနေသည့် လူသားမျိုးနွယ်အပေါ်ချိုးဖောက်သည့် ရာဇဝတ်မှုအား အရေးပေါ်စုံစမ်းစစ်ဆေးရန်လိုအပ်သည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ဤရာဇဝတ်မှုနှင့်ပတ်သက်၍ အသေးစိတ်အခြေအနေအပေါ် ပြည့်စုံတိကျသော အချက်အလက်များနှင့် လက်ရှိရွာသားများကျင့်သုံးနေသည့် နည်းဗျူဟာများကိုပါ ထည့်သွင်းစဉ်းစားပြီး လုံလောက်သည့်ပံ့ပိုးကူညီမှုဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လုပ်ဆောင်ရန်လိုအပ်သည်။

# အကြံပြုချက်များ

နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံသို့

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) မြန်မာစစ်တပ်သည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းများကိုဖြစ်စေသည့် အဓိကတရားခံဖြစ်သည်ကို လက်ခံအသိအမှတ်ပြုပြီး ၎င်းတို့အား နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးအပါအဝင် မည်သည့်တရားဝင်အခွင့်အာဏာကိုမျှမပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်း၏ ကျေးလက်ဒေသများတွင် ဖြစ်ပွားနေသောအဓမ္မပျောက်ဆုံးစေမှုဆိုင်ရာ ရာဇဝတ်မှုများကို နိုင်ငံတကာမှ ပိုမိုသိရှိလာအောင်လုပ်ဆောင်ရန်နှင့် ဤရာဇဝတ်မှုဖြစ်ရပ်များကို ဟန့်တားရန်အပြင်၊ အရေးယူကိုင်တွယ် ဖြေရှင်းပေးနိုင်မည့် စီမံဆောင်ရွက်မှုနည်းလမ်းများ စူးစမ်းရှာဖွေပေးရန်။
- ဤအဓမ္မပျောက်ဆုံးစေခြင်းရာဇဝတ်မှုအတွက် မြန်မာပြည်တွင်း၏လက်ရှိတရားစီရင်ရေးစနစ်တွင် တရားမျှတမှုမရရှိနိုင်သေးကြောင်း အသိအမှတ်ပြုပြီး အတင်းအဓမ္မပျောက်ဆုံးစေသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းသစ်များတည်ဆောက်ပြီး လူသားမျိုးနွယ်အပေါ် ဆန့်ကျင် သည့် ရာဇဝတ်မှုများကိုကျူးလွန်နေသော SAC အဖွဲ့ဝင်များအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် အရေးယူဆောင်ရွက်နိုင်သော ဥပဒေရေးရာလုပ်ထုံးလုပ်နည်းအသစ်များဖြစ်သည့် အခြားသောနိုင်ငံတစ်ခု၏ ပြည်တွင်းတရားရုံး (ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ရှိသောတရားရုံး)နှင့် နိုင်ငံတကာတရားရုံး (အပြည်ပြည်ဆိုင်ရာတရားရုံး) များမှတဆင့် တရားစွဲဆိုနိုင်ရန် စည်းရုံးလှုံ့ဆော်ပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဤရာဇဝတ်မှုနှင့် အခြားရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိသော စစ်အာဏာရှင်အရာရှိများအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအပေါ် ပိတ်ဆို့ခြင်းအပါအဝင် ပိုင်ဆိုင်မှုများကို ချိတ်ပိတ်ခြင်းနှင့် နိုင်ငံတကာခရီးသွားလာခွင့်ပိတ်ပင်ခြင်းများ စသည့်ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများကို ဆက်လက်လုပ်ဆောင်ပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း အဓမ္မပျောက်ဆုံးစေမှုများကို မှတ်တမ်းပြုနိုင်ရန် ဒေသခံလူမှုအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများကို အရေးစိုက်ပေးရန်နှင့် ၎င်းတို့အား ထောက်ပံ့ပေးရန်၊ ထို့နည်းအတူ ကျူးလွန်ခံရသူများ၏အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ပေးရန်။ အဓမ္မပျောက်ဆုံးစေမှုများနှင့် ပတ်သက်၍ သက်သေထွက်ဆိုရန်ရောက်ရှိလာသော သက်သေခံများအတွက် ဘေးကင်းရေးနှင့် အကာအကွယ်ရရှိရေးအတွက် ထိရောက်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်။ ဤပံ့ပိုးကူညီမှုတွင် နေရာရွှေ့ပြောင်းချထားခြင်း၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု၊ ဥပဒေအကူအညီနှင့် ငွေကြေးအကူအညီများ ပါဝင်သင့်သည်။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား တိုက်ခိုက်မှုများနှင့် အထူးသဖြင့် အဓမ္မပျောက်ဆုံးစေမှုများ မှကာကွယ်ပေးနိုင်ရန် သံတမန်ရေးရာ၊ နိုင်ငံရေးနှင့် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ လုပ်ဆောင်ပေးရန်။ ၎င်းတို့၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နိုင်စေရန် နှင့် မတရားဖမ်းဆီးခံရခြင်း (သို့မဟုတ်) ပျောက်ဆုံးသွားသူများအား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်အတွက် စည်းရုံးလှုံ့ဆော်ပေးရန်။

ပြည်တွင်းရှိ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများထံသို့

- ကျေးလက်ဒေသရှိ အဓမ္မပျောက်ဆုံးခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CSO/CBOs)နှင့်အတူ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန်။ အထူးသဖြင့် ကျူးလွန်ခံရသူ(ဖမ်းဆီးခံရသူ) များအား ပြန်လွှတ်ပေးရေးအတွက် ကျူးလွန်သူများနှင့် ညှိနှိုင်းဆွေးနွေးပေးရန်။

- အဓမ္မပျောက်ဆုံးသွားသောရွာသားများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ရပ်ရွာလူထုများ၏ ကြောက်ရွံ့မှု၊ မသေချာ မရေရာမှုများနှင့် ဆုံးရှုံးခြင်းတို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CSO/CBOs)မှ စီစဉ်ဆောင်ရွက်နေသော စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအစီအစဉ်များတွင် အရိုန်အဟုန်ဖြင့်လုပ်ဆောင်နိုင်ရန် ၎င်းတို့ကို ပံ့ပိုးကူညီပေးရန်။
- တိုင်းရင်းသားဒေသများနှင့် ကျေးလက်ဒေသများတွင် ဖြစ်ပေါ်နေသော ဤရာဇဝတ်မှု၏ သဘောသဘာဝကို စုံစမ်းစစ်ဆေးပြီး လက်နက်ကိုင်အဖွဲ့များမှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအား နိုင်ငံရေးအရ ပစ်မှတ်ထားနေသည်ကို အသိအမှတ်ပြုပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြစ်ပေါ်နေသော ဤရာဇဝတ်မှုအား ကိုင်တွယ်ဖြေရှင်းရန်အတွက် လက်ရှိဝန်ဆောင်မှုများကို ချဲ့ထွင်ပေးရန်။
- ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ အတင်းအဓမ္မပျောက်ဆုံးမှုဒဏ်မှ ထွက်ပြေးတိမ်းရှောင်လာသူများအပါအဝင် စစ်ဘေးရှောင်စခန်းများနှင့် ဒုက္ခသည်စခန်းများတွင် ကူညီဆောင်ရွက်ပေးနေသော CSO/CBO များအတွက် ငွေကြေးနှင့်နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ တိုးမြှင့်ပေးပါရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အရေးပေါ်ပံ့ပိုးကူညီမှုအပါအဝင် ၎င်းတို့ကြုံတွေ့နေရသော အကြပ်အတည်းများအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် စီမံချက်များကို ချမှတ်ပေးရန်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ထံသို့

- နိုင်ငံတကာလူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေစံနှုန်းများကို လိုက်နာကျင့်သုံးရန်၊ အရပ်သားများအား သူလျှို(သတင်းပေး)များဟု သံသယဖြစ်မှုနှင့် အရပ်သားများအပေါ် အခြားရန်လိုမှုများတွင် ပါဝင်ပတ်သက်မှု၊ တရားလက်လွတ်သတ်ဖြတ်မှုကို တားမြစ်ရန်နှင့် မျှတသော တရားစီရင်ပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်ရန်။
- အရပ်သားများအား အတင်းအဓမ္မပျောက်ဆုံးစေမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားနည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းမှုများအား တားမြစ်နေသော ဂျီနီဗာကွန်ဗင်းရှင်းများအပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများကို KNU လက်အောက်ရှိ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)မှ စစ်သားများနှင့် သက်ဆိုင်သူများ သိရှိနားလည်စေရန်နှင့် လေးစားလိုက်နာလာစေရန် ဆောင်ရွက်ပေးပါရန်။
- ရာဇဝတ်မှုများမဖြစ်ပွားစေရန်အတွက် KNU လက်အောက်ရှိပုဂ္ဂိုလ်များမှ အရပ်သားများအပေါ် အတင်းအဓမ္မပျောက်ဆုံးစေမှု ကျူးလွန်ခဲ့ပါက ထိရောက်စွာအရေးယူပေးပါရန်။
- မိသားစုဝင်များအပါအဝင် အတင်းအဓမ္မပျောက်ဆုံးစေမှုကို ခံရသူများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ လိုအပ်ချက်များဖြည့်ဆည်းပေးရန်နှင့် ပျောက်ဆုံးခြင်းအမှုကိုစုံစမ်းရှာဖွေခြင်းအစီအစဉ်များ ဖော်ဆောင်ပေးပါရန်။
- အဓမ္မပျောက်ဆုံးစေမှုဒဏ်ခံရသောဒေသများသို့ ဝင်ရောက်ခွင့်ရရှိစေရေးနှင့် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများ မှတ်တမ်းစုဆောင်းခြင်းများလုပ်ဆောင်နေသော ဒေသခံအရပ်ဘက်အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်။
- KNU ဗဟိုဌာနချုပ်အနေဖြင့် ၎င်း၏အုပ်ချုပ်ရေးနယ်မြေအတွင်း ဖြစ်ပွားနေသော ပျောက်ဆုံးမှုကိစ္စများကို ကောင်းစွာသိရှိနားလည်ပြီး နည်းဗျူဟာကျသော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန်အတွက် မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်နှစ်ခုလုံးတွင် ဆက်သွယ်ရေးနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုအားကောင်းအောင် တိုးမြှင့်ဆောင်ရွက်ပေးရန်။
- KNU လူ့အခွင့်အရေးကော်မတီ (KNU–HRC) အား မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများ၏ လူ့အခွင့်အရေးစံနှုန်းများကို စောင့်ကြည့်လေ့လာရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အတင်းအဓမ္မပျောက်ဆုံးမှုဒဏ်ခံရသူများ တရားမျှတမှုရှိစေရန်အတွက် လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်ပြုပေးရန်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ထံသို့

- NUG ၏ကွပ်ကဲမှုအောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အဖွဲ့ဝင်များအား နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို အသိပညာများပေးပြီး ထိုဥပဒေများကို လိုက်နာစေရန် သေချာစွာဆောင်ရွက်ပေးရန်။
- NUG ကွပ်ကဲမှုအောက်ရှိပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အဖွဲ့ဝင်များနှင့် တစ်ဦးချင်းစီအား အတင်းအဓမ္မပျောက်ဆုံးစေမှုများအပါအဝင် အရပ်သားများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကိုကျူးလွန်သည့်မည်သူမဆို ထိရောက်သော အရေးယူဆောင်ရွက်မှုများကို အကောင်အထည်ဖော်ပေးရန်။

## အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျှက်ရှိသော အစဖျောက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ မရှိသဖြင့် ဤရာဇဝတ်မှု၏အခြေအနေ၊ သဘောသဘာဝနှင့် သက်ရောက်မှုများကို သိရှိနိုင်ရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ သတင်းအချက်အလက်ကောက်ခံရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ KHRG အနေဖြင့် ဤအစီရင်ခံစာအတွက် သီးသန့်တွေ့ဆုံမေးမြန်းမှု ၃၅ ခု ပြုလုပ်ခဲ့ပြီး ထိုအထဲမှ တွေ့ဆုံမေးမြန်းမှု ၁၅ ခုမှာ အမျိုးသမီးများအား မေးမြန်းခဲ့ခြင်းဖြစ်ကာ စုစုပေါင်း အရပ်သား ၆၃ ဦး ပျောက်ဆုံးမှုများပါဝင်သည့် ဖြစ်ရပ် (၂၇) ခုကို လွှမ်းခြုံထားပါသည်။ ဤသက်သေခံချက်များသည် အတင်းအဓမ္မပျောက်ဆုံးစေမှု တွေ့ကြုံခံစားကြရသူများဖြစ်သော၊ ပျောက်ဆုံးရာမှပြန်လည်ရောက်ရှိလာခဲ့သော ရွာသား (၇ ဦး) ၊ မိသားစုဝင် (၁၃ ဦး)၊ ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင် (၈ ဦး)နှင့် အခြားရွာသားများ၊ မိတ်ဆွေများနှင့် ထိခိုက်ခံစားရသည့် လူမှုအသိုက်အဝန်း (၇ ဦး) ထံမှ ကောက်ခံခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများကို ၂၀၂၃ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအတွင်း KHRG လုပ်ငန်းဆောင်ရွက်သည့် ခရိုင် (၇) ခုမှ ခရိုင် (၆) ခုဖြစ်သော ဒူးသထူး (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ မြိတ်–ထားဝယ်၊ မူတြော် (ဖာပွန်) နှင့် ဒူးပလာယာ ခရိုင်များတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[5] KHRG မှဒေသအတွင်း ဖြစ်ပျက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ရန်အတွက် သင်တန်းပေးထားသည့် ဒေသခံသတင်းအချက်အလက်ကောက်ခံသူများနှင့် ဒေသတွင်းအဖွဲ့ဝင်များက ဤတွေ့ဆုံမေးမြန်းမှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သက်သေခံချက်အားလုံးကို စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာနှင့် ဗမာဘာသာစကားများဖြင့် အသံသွင်းရယူခဲ့သည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သူအားလုံးကို ဤတွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက်အား ရှင်းပြပြီး KHRG ၏ ဖြန့်ဝေမှုများတွင် ဖော်ပြခွင့်ပေးရန် သဘောတူညီချက်ရယူပြီးဖြစ်သည်။

ဤအစီရင်ခံစာကို အထက်ဖော်ပြပါ တွေ့ဆုံမေးမြန်းမှုများအပါအဝင် ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့် အချိန်မှစ၍ KHRG မှ စုဆောင်းခဲ့သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ဆိုင်သော ကွင်းဆင်းအစီရင်ခံစာ ၂၄ ခု (ဖြစ်ရပ်အစီရင်ခံစာ၊ နောက်ဆုံးရသတင်းတိုများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် နောက်ဆုံးရအခြေအနေတင်ပြမှုများ) အပေါ်အခြေခံထားပြီး ဤအစီရင်ခံစာများအရ နောက်ထပ်ပျောက်ဆုံးသောရွာသား ၉၆ ဦး ရှိခဲ့သည်။ ထို့အပြင် KHRG အနေဖြင့် မြန်မာနိုင်ငံအတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၊ အပြည်ပြည်ဆိုင်ရာအသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုဌာန (ICTJ) နှင့် အတင်းအဓမ္မ သို့မဟုတ် အလိုအလျောက်ပျောက်ဆုံးမှုများအပေါ် ကုလသမဂ္ဂအလုပ်အဖွဲ့ (WGEID)၊ ဥပဒေရေးရာအထောက်အကူပြုသည့် နိုင်ငံတကာအဖွဲ့အစည်း (လုံခြုံရေးအရ အမည်ကိုထိန်ချန်ထားသည့်အဖွဲ့) တို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ဤတွေ့ဆုံမေးမြန်းမှုများသည် နိုင်ငံတဝှမ်းဖြစ်ပွားလျက်ရှိသည့် ဤရာဇဝတ်မှုနှင့် ပတ်သက်၍ အခြေအနေသိရှိနိုင်ရန်နှင့် လက်ရှိတွင် ဒေသခံပြည်သူများအတွက် ရရှိနိုင်သည့် ပံ့ပိုးကူညီမှုများ

[5] ကရင်လူ့အခွင့်အရေးအဖွဲ့သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း နယ်မြေ ၇ ခု ဖြစ်သော **ဒူးသထူ (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ မြိတ်–ထားဝယ်၊ မူတြော် (ဖာပွန်)၊ ဒူးပလာယာ နှင့် ဘားအံ** စသည့်နေရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ကွင်းပိုင်းမှ သတင်းအချက်အလက်များ ရရှိသည့်အခါတွင် ၎င်း၏သတင်းအချက်အလက်များကို ဒေသအလိုက် စုစည်းသည်။ ထိုဒေသများကို ခရိုင်များအဖြစ် သတ်မှတ်ထားပြီး ၎င်းအား ကရင်အမျိုးသားအစည်းအရုံး အပါအဝင် ၎င်းနှင့် သက်ဆိုင်သည်ဖြစ်စေ မသက်ဆိုင်သည်ဖြစ်စေ ထိုသို့ အသုံးပြုကြသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကျွန်ုပ်တို့၏ သုတေသနပြုလုပ်သည့် ဒေသများအား ခရိုင်အမည်များ အသုံးပြုခြင်းသည် နိုင်ငံရေးအရ ပတ်သက်ဆက်နွယ်ခြင်းကြောင့်မဟုတ်ပဲ ကျေးလက်ဒေသရှိ ပြည်သူများမှ ဤအမည်များကို အသုံးပြုလျက် ရှိသောကြောင့်ဖြစ်သည်။ ရှင်းလင်းချက်အနေဖြင့် ဤခရိုင်များအတွက် ဗမာအသုံးအနှုန်းများကို ကွင်းထဲတွင် ထည့်သွင်းထားသော်လည်း ဗမာ (မြန်မာ) အစိုးရ၏ စီမံအုပ်ချုပ်မှု နယ်မြေများနှင့် ဆက်စပ်ခြင်းမရှိပါ။

နှင့် ပတ်သက်ပြီး ပိုမိုနားလည်နိုင်ရန်အတွက် မေးမြန်းခဲ့ခြင်းဖြစ်သည်။ အလားတူပင် ကရင်အမျိုးသားအစည်းအရုံး (ကအေဲန်ယူ – KNU)[6] ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးနှင့်လည်း တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

ဤအစီရင်ခံစာရေးသားရာတွင် ကန့်သတ်ချက်များစွာရှိခဲ့သည်။ ဒေသအတွင်း ပိုမိုတင်းကြပ်သည့် လုံခြုံရေးအခြေအနေများကြောင့် KNU သတ်မှတ်ထားသည့်ခရိုင် (၇) ခုလုံးအတွက် တူညီသည့်မေးခွန်းဖြေကြားသူအရေအတွက်မရရှိနိုင်ပဲ အများစုမှာ ဒူးပလာယာခရိုင်မှဖြစ်ခဲ့သည်။ ဥပမာအားဖြင့် KHRG ကွင်းဆင်းသုတေသနပြုသူများ၏ တင်ပြချက်အရ မြိတ်–ထားဝယ်ခရိုင်တွင် အစဖျောက်မှုများရှိသော်လည်း ဒေသအတွင်း တိုက်ပွဲများဖြစ်ပွားလျက်ရှိခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ ဖြန့်ကျက်ထားခြင်းနှင့် ဒေသတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်ကောက်ခံရာတွင် အန္တရာယ်ရှိသည့်အတွက် ဒေသခံနှစ်ဦးကိုသာ မေးမြန်းနိုင်ခဲ့သည်။ တောင်ငူခရိုင်တွင်လည်း မိသားစုဝင်တစ်ဦးနှင့်သာ တွေ့ဆုံမေးမြန်းမှု ပြုလုပ်နိုင်ခဲ့သည်။ ဤအစီရင်ခံစာပါ အချက်အလက်များသည် ခရိုင် ၇ ခုလုံးမှ ရရှိထားသော ကွင်းဆင်းအစီရင်ခံစာများကို ပြီးပြည့်စုံစွာဖော်ပြထားသည်။ ဘားအံခရိုင်အတွင်း သတင်းအချက်အလက် ကောက်ခံရာတွင် လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများရှိသဖြင့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ပတ်သက်သောသတင်းအချက်အလက်များကို ကောက်ခံရရှိနိုင်ခြင်း မရှိခဲ့ပါ။

မေးခွန်းဖြေကြားသူများနှင့် ထိခိုက်ခံစားရသောရွာသားများ၏လုံခြုံရေးကို စိတ်ချနိုင်စေရန် ၎င်းတို့၏အမည်များ၊ နေရာဒေသများအား အက္ခရာတစ်လုံး (သို့မဟုတ်) နှစ်လုံးတွဲစသည့် ကုဒ်နံပါတ်များဖြင့် သင့်လျော်သလိုဖော်ပြထားသည်။ ထိုကုဒ်နံပါတ်များသည် ဤအစီရင်ခံစာအတွက်သာဖြစ်ပြီး ရွာသားများ၏အမည်ရင်းများနှင့်သော်လည်းကောင်း KHRG ၏ယခင်အစီရင်ခံစာများနှင့်သော်လည်းကောင်း ဆက်နွယ်ခြင်းမရှိပါ။ KHRG မှ မူရင်းအမည်များနှင့် နေရာဒေသများအားလုံးကို ဆင်ဆာဖြတ်ထားပါသည်။

## ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| AAPP | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း |
| BGF | နယ်ခြားစောင့်တပ် |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| DKBA | တိုးတက်သောကရင်အကျိုးပြုတပ်မတော် |
| IB | ခြေလျင်တပ်ရင်း |
| ICRC | အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KNU/KNLA–PC | ကေအန်ယူ/ကေအန်အဲလ်အေ ငြိမ်းချမ်းရေးကော်စီ |
| KTLA | ကော်သူးလေးအာလ်မီ |
| LIB | ခြေမြန်တပ်ရင်း |


[6] ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ – KNU) သည် အဓိကကရင်နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်မှစတင်၍ ဗမာအစိုးရနှင့် ပဋိပက္ခစတင်ခဲ့သည်။ KNU သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ နေရာဒေသကြီးများတွင် အာဏာစွဲကိုင်နိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်မှ စတင်၍ ဒီမိုကရေစီ ဖယ်ဒရယ်စနစ်တည်ဆောက်ရေးအတွက်တောင်းဆိုခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်အား လက်မှတ်ထိုးခဲ့သော်လည်း အစိုးရနှင့် ဆက်ဆံရေးမှာတင်းမာဆဲဖြစ်သည်။

| | |
|---|---|
| LID | မြေမြှုပ်မိုင်း |
| MOC | စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UN WGEID | အတင်းအဓမ္မ သို့မဟုတ် အလိုအလျောက်ပျောက်ဆုံးမှုများအပေါ် ကုလသမဂ္ဂအလုပ်အဖွဲ့ |

ကရင်ဘာသာ အခေါ်အဝေါ်များ

| | |
|---|---|
| စော | စကောကရင်အမျိုးသားများ၏ နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲသော အသုံးအနှုန်း။ |
| နော် | စကောကရင်အမျိုးသမီးများ၏ နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲသော အသုံးအနှုန်း။ |
| ပဒို | အရာရှိ သို့မဟုတ် ဝန်ကြီး။ ကေအဲန်ယူ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးအသုံးအနှုန်း။ |

## မြေပုံ ၁ – KHRG ၏လုပ်ရှားရာနယ်မြေ (KNU– သတ်မှတ်ထားသောကရင်ပြည်နယ်နှင့် မြန်မာအစိုးရ– သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်နိမိတ်များ)



# အခန်း (၁) မြန်မာပြည် အရှေ့တောင်ပိုင်း၏ နောက်ခံသမိုင်းကြောင်းနှင့် ပဋိပက္ခ အခြေအနေ

## နောက်ခံသမိုင်းကြောင်း

မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများသည် ဗမာစစ်တပ်[7]မှ ကျူးလွန်သည့် အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ၁၉၄၈ ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရရှိခဲ့သည့် အချိန်မှစ၍ မျိုးဆက်ပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ကြရသည်။ ထိုအကြမ်းဖက်ကျူးလွန်မှုများကို တုံ့ပြန်သည့်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)[8] တို့သည် ဗမာစစ်တပ်အား တန်ပြန်တိုက်ခိုက်ခြင်း၊ နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရန်ကြိုးပမ်းခြင်း၊ ရွာသားများအား လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်ပေးခြင်းနှင့် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် တရားရေးဌာနများမှတဆင့် လိုအပ်သောဝန်ဆောင်မှုများအား ပံ့ပိုးပေးခဲ့သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပုန်ကန်မှုနှိမ်နင်းရေးလှုပ်ရှားမှုများနှင့် လက်နက်ကိုင်တိုက်ပွဲများက ပြည်တွင်း ပဋိပက္ခအား နှစ်ပေါင်း ၇၀ ကျော်အထိ အဆက်မပြတ်ဖြစ်ပွားစေခဲ့သည်။

ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိ ရွာသားများအနေနှင့် ဤပဋိပက္ခအား ဆယ်စုနှစ်ပေါင်းများစွာ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ကြရသည်။ ၁၉၆၀ ခုနှစ်များက နေဝင်း၏ စစ်အုပ်ချုပ်မှုအောက်တွင် ပုန်ကန်မှုနှိမ်နင်းရန် ကြိုးပမ်းဆောင်ရွက်ချက်များအဖြစ် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအား ၎င်းတို့၏ လူမှုအသိုက်အဝန်းမှ ရိက္ခာ၊ ငွေကြေး၊ သတင်းအချက်အလက်နှင့် တပ်သားစုဆောင်နေမှုများအား ဖြတ်တောက်နိုင်ရန် အလွန်ဆိုးရွားသည့် “ဖြတ်လေးဖြတ်” နည်းဗျူဟာကို အသုံးပြုခဲ့သည်။ ဤနည်းဗျူဟာအောက်တွင် အရပ်သားများနေထိုင်သည့် နေရာဒေသများအား ဆန့်ကျင်ပုန်ကန်သူများ ထိန်းချုပ်ထားသည့်နယ်မြေဟု အဓိပ္ပါယ်ရသော “အမဲရောင်နယ်မြေများ” အဖြစ်သတ်မှတ်၍ ထိုနယ်မြေအတွင်း တွေ့ရှိသူအားလုံးကို တော်လှန်ရေးတပ်ဖွဲ့ဝင်များအဖြစ်မှတ်ယူသည့်အတွက် တွေ့လျှင်ချက်ခြင်းပစ်သတ်ခံရနိုင်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ထောက်ခံအားပေးသူများအား ပစ်မှတ်ထားခြင်းဟု အမည်ခံထားသော်လည်း လက်တွေ့တွင်မူ အရပ်သားအားလုံးအပေါ် ဆန့်ကျင်တိုက်ခိုက်နေခြင်းဖြစ်သည်။[9] ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ‘၈၈၈၈’ အရေးတော်ပုံနောက်ပိုင်းနှစ်များတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ အာဏာကို ဆက်လက်ကိုင်စွဲထားသဖြင့် ၁၉၉၂ ခုနှစ် နောက်ပိုင်းတွင် လူ့အခွင့်အရေးအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်း၏ ဖယ်ကျဉ်ခြင်းနှင့် လျစ်လျူရှုမှုများကြောင့် ၂၀၁၀ ခုနှစ် အလယ်ပိုင်းအထိ မြန်မာပြည် အရှေ့တောင်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးရွားစွာ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။[10]

၂၀၁၂ ခုနှစ်တွင် KNU–KNLA ၏ အရာရှိများနှင့် ဗမာစစ်တပ်တို့အကြား ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် ရွေးကောက်ပွဲတွင် ဒေါ်

[7] ဗမာစစ်တပ်၊ ဗမာတပ်မတော်၊ တပ်မတော်နှင့် SAC (နစက/စစ်ကောင်စီ)သည် ဤအစီရင်ခံစာတွင် ဗမာတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကို ရည်ညွှန်းရန်အတွက် ဤအစီရင်ခံစာတလျှောက်တွင် အပြန်အလှန်ပြောင်းလဲ အသုံးပြုထားသည်။ ရွာသားများကိုယ်တိုင်က ဗမာစစ်တပ်၊ ဗမာစစ်သားများ သို့မဟုတ် အာဏာသိမ်းပြီးနောက် ဗမာစစ်အစိုးရမှ ကိုယ်တိုင်ပြောင်းလဲ ခေါ်ဆိုခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) သုံးနှုန်းခဲ့သည်။

[8] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)သည် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ လက်နက်ကိုင်အ ဖွဲ့ဖြစ်သည်။

[9] KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော “အကြောက်တရား၏အုတ်မြစ် – ၂၅ နှစ်အတွင်းမှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှရွာသားများ၏အသံများ” တွင် ကြည့်ပါ။

[10] KHRG မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော “ငြင်းဆို၍မရနိုင်တော့သော မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သောစစ်ရာဇဝတ်မှု၊လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုနှင့်ဆယ်စုနှစ်သုံးခုအတွင်းဒေသခံပြည်သူတို့၏သက်သေခံချက်များ” တွင် ကြည့်ပါ။

အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)[11] မှ အပြတ်သတ်အနိုင်ရရှိခဲ့ပြီး အရပ်သား တစ်ပိုင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် တစ်နိုင်ငံလုံးမှ တိုင်းရင်းသား(၈)ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ထိုကာလအတွင်းတွင် ဒီမိုကရေစီအရေး၊ လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီပွားရေးတိုးတက်ဖွံ့ဖြိုးမှုများရှိသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားလျက် ရှိနေသေးသည်။[12] ဆယ်စုနှစ်ပေါင်းများစွာ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခဲ့သူများက ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ပြစ်ဒဏ် ကင်းလွတ်ခွင့်များ ရရှိလျက်ရှိသည်။

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းသည့် အချိန်မှစ၍ ပိုမိုဆိုးရွားလာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားလူနည်းစုတို့၏ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်အာဏာ ရရှိနိုင်ရန်အတွက် အဓိပ္ပါယ်ရှိသော တိုးတက်မှုအပေါ် မျှော်လင့်ချက်များမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းခြင်းနှင့် အာဏာရှင်စနစ်အား ပြန်လည်အသက်သွင်းခြင်းများကြောင့် လုံးဝရပ်တန့်သွားခဲ့သည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)သည် ယခင်စစ်အာဏာရှင်ဟောင်းများ ကျင့်သုံးခဲ့သော တူညီသည့်နည်းလမ်းများနှင့် အကြမ်းဖက်မှုပုံစံများကို အသုံးပြုပြီး နိုင်ငံတဝှမ်းတွင် အကြမ်းဖက်မှုအား အလုံးအရင်းနှင့် အသစ်တဖန် လုပ်ဆောင်လျက်ရှိသည်။[13]

နိုင်ငံတဝှမ်းရှိ အရပ်သားပြည်သူများသည် ဒီမိုကရေစီလိုလားသည့် ဆန္ဒပြမှုများနှင့်အတူ ပြင်းပြင်းထန်ထန် ဖြိုခွင်းခံခဲ့ရသော တစ်နိုင်ငံလုံးဆိုင်ရာအလုပ်သမားသပိတ်ဖြစ်သည့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)[14] များကို ပြုလုပ်ကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြသူများနှင့် CDM ဦးဆောင်သူအများအပြားသည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်သောနယ်စပ်ဒေသများသို့ ထွက်ပြေးခဲ့ကြသည်။[15] အရပ်သားများအပေါ်ပစ်မှတ်ထားသည့် ပုန်ကန်မှုနှိမ်နင်းရေးလှုပ်ရှားမှုများသည် ပိုမိုဆိုးရွားသည့် အကြမ်းဖက်မှုတစ်ရပ်အား ဒေသအတွင်းတွင်ပေါ်ပေါက်လာစေခဲ့သည်။ SAC မှ ရွာသားများအပေါ်ကျူးလွန်ခဲ့သည့် နိုင်ငံတကာဥပဒေများအား ချိုးဖောက်မှုများသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ[16] အဖြစ် သတ်မှတ်နိုင်ပြီး ၎င်းတို့နှင့်ပတ်သက်၍ ခိုင်လုံသော သက်သေအထောက်အထားများကိုလည်း စုဆောင်းထားပြီးဖြစ်သည်။ ထိုအထဲတွင် ကျေးရွာများအပေါ်သို့ မဆင်မခြင် လက်နက်ကြီးများပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်ခြင်း၊ ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်း၊ အဓမ္မဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ လူသား

[11] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံအား အုပ်ချုပ်သောနိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD ပါတီသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်မှအာဏာသိမ်းပြီး ရွေးကောက်ခံသမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ နှင့်အတူ ဝန်ကြီးများ၊ လက်ထောက်ဝန်ကြီးများနှင့် လွှတ်တော်အမတ်များ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် NLD အစိုးရအား ဖယ်ရှားခဲ့သည်။

[12] KHRG မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "လက်လှမ်းမမှီနိုင်သေးသောအမှန်တရားများ – မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေး၊တရားမျှတမှုနှင့်တာဝန်ယူမှုတာဝန်ခံမှုအပေါ်ဒေသခံများ၏အမြင်သဘောထားများ"တွင်ကြည့်ပါ။

[13] KHRG မှ ၂၀၂၃ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော "ကျွန်တော်တို့ကိုဘာကြောင့်ပစ်မှတ်ထားရတာလဲ? မြန်မာစစ်တပ်မှမြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း" တွင်ကြည့်ပါ။

[14] ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာပြည်အနှံ့အပြားရှိအစိုးရဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့်ကျန်းမာရေးဝန်ထမ်းများသည် အာဏာဖီဆန်ရေးအကြမ်းမဖက်လူထုလှုပ်ရှားမှု (CDM)တွင် စတင်ပါဝင်လာခဲ့သည်။ ဤလှုပ်ရှားမှုသည် (အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သတင်းမီဒီယာများအစရှိသော) မြန်မာအစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများသို့ပျံ့နှံ့သွားပြီး ၎င်းတို့မှ အာဏာသိမ်းစစ်တပ်အားဆန့်ကျင်သည့်အနေဖြင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်နေခြင်းကိုရပ်တန့်ခဲ့သည်။

[15] Burma News International မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော"KNU Offer Anti–Coup Protestors' its Protection" တွင်ကြည့်ပါ။

[16] အထက်တွင်ဖော်ပြထားသော KHRG မှ ၂၀၂၂ခုနှစ်တွင် ထုတ်ဝေသော "ငြင်းဆို၍မရနိုင်တော့သော"_တွင်ကြည့်ပါ။

ဒိုင်းအဖြစ်အသုံးပြုခြင်း၊ လုယက်ခြင်း၊ ငွေညစ်ခြင်း၊ ပိုင်ဆိုင်မှုများအားအဓမ္မသိမ်းယူခြင်းနှင့် ပညာရေးလက်လှမ်းမီနိုင်မှုနှင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို ကန့်သတ်ပိတ်ပင်ခြင်းတို့ပါဝင်သည်။

## မြန်မာပြည်အတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုဆိုင်ရာ ရာဇဝတ်မှု

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး နှစ်ပတ်အကြာတွင် SAC မှ နိုင်ငံတကာစံနှုန်းများအား ဆန့်ကျင်လျက်ချိုးဖောက်ကာ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေအား ဆိုင်းငံ့ခဲ့ပြီးဖမ်းဆီးထိန်းသိမ်းခြင်းများနှင့် တရားရုံး၏ဆုံးဖြတ်ချက်မပါပဲ ချုပ်နှောင်ခြင်းများကို အကန့်အသတ်မဲ့လုပ်ဆောင်လာခဲ့သည်။[17] မြန်မာပြည်အတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့်ဖြစ်ရပ်များ ပိုမိုများပြားလာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် SAC ကြောင့် ရွာသားများအတင်းအဓမ္မပျောက်ဆုံးစေမှုများ သိသိသာသာတိုးမြင့်လာခဲ့သည်။[18] နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) အစီရင်ခံချက်အရ အာဏာသိမ်းသည့် အချိန်မှစ၍ နိုင်ငံရေးအကျဉ်းသား ၂၀၀၀၀ ကျော် SAC ၏ ဖမ်းဆီးထိန်းသိမ်းခံရပြီး ၎င်းတို့၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအစီရင်ခံစာအရ ထိုအကျဉ်းသားများ၏ ၈၂ ရာခိုင်နှုန်းအား မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း မသိရပါ။[19] မြန်မာပြည်၏ အကျဉ်းထောင်များသည် ၎င်းတို့၏အကြမ်းဖက်မှုများနှင့် အကျဉ်းသားများအား အကာအကွယ်ပေးရန် ချမှတ်ထားသည့် တရားဝင်စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှုမရှိခြင်းများဖြင့်ကျော်ကြားပြီး ဖမ်းဆီးခံရသူများသည် အကြမ်းဖက်မှုများ၊ ဆိုးရွားသည့် ဆက်ဆံမှုများနှင့် တရားလက်လွတ်သတ်ဖြတ်ခြင်းများကို ခံစားကြရသည်။ ထို့အပြင် အကျဉ်းသားများအနေဖြင့် စစ်ဆေးရေးကာလအတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုခံရလေ့ရှိပြီး SAC မှ ၎င်းတို့ ရန်သူများ၏သတင်းအချက်အလက်များကိုရရှိရန်ကြိုးပမ်းရာတွင် အကျဉ်းသားများအားအကြမ်းဖက်မှုပြုနိုင်ရန် ထိုသို့အစဖျောက်ခြင်းဖြင့် အကျဉ်းသားများအနေနှင့် ဥပဒေ၏အကာအကွယ်ပေးမှုပြင်ပသို့ ရောက်ရှိသွားစေသည်။[20]

အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏ မိသားစုဝင်များအတွက်မူ ရှေ့နေများနှင့် အခြားသောပြည်တွင်းသို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာပြည်အတွင်းရှိ ဖမ်းဆီးထိန်းသိမ်းရေးစခန်းများအားလက်လှမ်းမီရန်နှင့် အကျဉ်းသားများ၏အချက်အလက်များအားရှာဖွေရန် အလွန်ပင်ခက်ခဲလှသည်။ ရှေ့နေများအနေဖြင့် အကျဉ်းထောင်သို့ဝင်ရန် အကန့်အသတ်များစွာရှိပြီး နိုင်ငံရေးအကျဉ်းသားအများစု အမှုစစ်ဆေးခံရသည့်စစ်ခုံရုံးသို့ တက်ရောက်ခွင့်မရှိပါ။ ထို့အပြင် လူများအားအတင်းအဓမ္မပျောက်ဆုံးစေမှုအတွက် SAC ထိန်းချုပ်ထားသည့် မြန်မာပြည်အတွင်း အကျဉ်းထောင် ရွှေ့ပြောင်းမှုများလည်း များစွာဖြစ်ပျက်လျက်ရှိသည်။ SAC သည်အတင်းအဓမ္မပျောက်ဆုံးစေမှုများကို လုပ်ဆောင်ရန်အတွက် ဖမ်းဆီးထိန်းသိမ်းခြင်းစနစ်ကို အသုံးပြုလျက်ရှိသည်။[21]

---

[17] KHRG မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော “တပ်မတော်မှ၎င်းတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဝင်မှုရရှိအောင်ကြိုးပမ်းနေမှုများ – နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေပိုင်းဆိုင်ရာရွေးချယ်ပြင်ဆင်ပြဋ္ဌာန်းချက်အချို့အပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့၏ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေရှုထောင့်မှ သုံးသပ်လေ့လာမှု” တွင်ကြည့်ပါ။


[18] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP Burma) နှင့် ပြုလုပ်ခဲ့သည်တွေ့ဆုံမေးမြန်းမှု နှင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ဥပဒေရေးရာအကူအညီပေးနေသောနိုင်ငံတကာအဖွဲ့အစည်း (အမည်ကိုလုံခြုံရေးအရဆင်ဆာဖြတ်ထားခြင်းဖြစ်သည်) နှင့် ပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းမှုဖြစ်ပါသည်။

[19] AAPP (Burma) မှ ၂၀၂၁ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော “Enforced Disappearances by the Military Junta” တွင်ကြည့်ပါ။

[20] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP Burma) နှင့် ပြုလုပ်ခဲ့သည်တွေ့ဆုံမေးမြန်းမှုဖြစ်ပါသည်။

[21] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ဥပဒေရေးရာအကူအညီပေးနေသောနိုင်ငံတကာအဖွဲ့အစည်း (အမည်ကိုလုံခြုံရေးအရဆင်ဆာဖြတ်ထားခြင်းဖြစ်သည်) နှင့် ပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းမှုဖြစ်ပါသည်။

# မြေပုံ ၂ – ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ ကျူးလွန်သည့် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ



# အခန်း (၂) မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားသည့် အတင်းအဓမ္မပျောက်ဆုံး စေမှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများသည် အာဏာသိမ်းသည့်အချိန်မှစ၍ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပြည်တွင်းပဋိပက္ခများကြားတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံကြရသည်။ KHRG သို့ တင်ပြချက်များအရ ၂၀၂၁ ခုနှစ်မှစ၍ အနည်းဆုံး အရပ်သား (၁၅၉) ဦး အတင်းအဓမ္မပျောက်ဆုံးစေမှု ခံခဲ့ရသည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် ရွာသားများမှာ ဒူးသထူခရိုင်မှ (၁၀) ဦး၊ တောအူးခရိုင်မှ (၈) ဦး၊ ခလယ်လွီထူခရိုင်မှ (၃၃) ဦး၊ မြိတ်–ထားဝယ်ခရိုင်မှ (၄၆) ဦး၊ မူတြော်ခရိုင်မှ (၁၀) ဦးနှင့် ဒူးပလာယာခရိုင်မှ (၅၂) ဦး ဖြစ်သည်။ ထိုအထဲမှ အတင်းအဓမ္မပျောက်ဆုံးစေမှု (၁၄၄) ခုအား SAC မှကျူးလွန်ခဲ့သည်။

ဤအခန်းတွင် လက်ရှိအခြေအနေ၌ ဖြစ်ပွားခဲ့သော အတင်းအဓမ္မပျောက်ဆုံးစေမှုများနှင့် ကျူးလွန်သူများ အသုံးပြုလေ့ရှိသည့် သိသာထင်ရှားသောတူညီမှုပုံစံများအား ဖော်ပြထားသည်။ SAC သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများ ကျေးရွာတစ်ရွာနှင့်တစ်ရွာကြားသွားလာသည့်အခါ သို့မဟုတ် ညမထွက်ရအမိန့်အားချိုးဖောက်သည့်အခါများတွင် အာဏာသိမ်းမှုကိုဆန့်ကျင်သည့်လုပ်ရပ်များနှင့် ဆက်နွယ်နေသည်ဟု သံသယထား၍ ပစ်မှတ်ထားခြင်း သို့မဟုတ် ရွာသားများအားလူသားဒိုင်းအဖြစ်အဓမ္မလုပ်ဆောင်စေခြင်းများကို ပြုလုပ်ကြသည်။ မည်သည့်အဖွဲ့နှင့်မှဆက်နွယ်ခြင်းမရှိသည့် အခြားလက်နက်ကိုင်တပ်ဖွဲ့များမှလည်း ထိုရာဇဝတ်မှုအားကျူးလွန်သည့်ဖြစ်ရပ်အနည်းငယ်ရှိသည်။ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များသည်လည်း အရပ်သားများကို သူလျှိုများအဖြစ်စွပ်စွဲကာ ပစ်မှတ်ထားကြသည်။

## (က) SAC မှ ရွာသားများ နိုင်ငံရေးအရပစ်မှတ်ထားပြီး အတင်းအဓမ္မပျောက်ဆုံးစေခြင်း

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် အရပ်သားများအပေါ်ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ အတင်းအဓမ္မပျောက်ဆုံးစေမှုအား SAC မှ နိုင်ငံရေးအရဖိနှိပ်သည့် ဗျူဟာတစ်ခုအဖြစ်အသုံးပြုပြီး အာဏာသိမ်းမှုကို ဆန့်ကျင်သည့်လှုပ်ရှားမှုများနှင့် ဆက်နွယ်နေသည်ဟု သံသယရှိသောရွာသားများအား ပစ်မှတ်ထားခဲ့သည်။ ရွာသားများသည် SAC ၏ အဓမ္မဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးစေခြင်းများကို ခံကြရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်း SAC နှင့် (၎င်းတို့နှင့်ဆက်နွယ်သော လက်နက်ကိုင်တပ်ဖွဲ့များမှ)ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ပတ်သက်၍ အစီရင်ခံစာအနည်းဆုံး (၄၈) ခုကို KHRG မှ လက်ခံရရှိခဲ့ပြီး ထိုအထဲတွင် ရွာသား (၁၄၄) ဦး အတင်းအဓမ္မပျောက်ဆုံးစေမှု ခံခဲ့ကြရသည်။ ဤရွာသားများသည် ရက်ပေါင်း (၂)ရက်နှင့် (၃၃၇) ရက်အတွင်း ပျောက်ဆုံးလျက်ရှိပြီး အချို့ရွာသားများမှာ အချိန်အနည်းငယ်အတွင်း ပြန်လည်လွတ်မြောက်လာသော်လည်း အချို့မှာ ပျောက်ဆုံးလျက်ရှိနေသေးသည်။ KHRG ၏ သတင်းအချက် အလက်များအရ ရွာသား (၂၃) ဦးသည် SAC မှ ဖမ်းဆီးထိန်းသိမ်းထားသည့်အချိန်အတွင်း တရားလက်လွှတ်သတ်ဖြတ်ခြင်းခံခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အနည်းဆုံးရွာသား (၅၀) ဦး ပျောက်ဆုံးလျက်ရှိနေဆဲဖြစ်သည်။

မေးခွန်းဖြေကြားသူများတင်ပြချက်များအရ ရွာသားများသည် အာဏာသိမ်းမှုဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် ပါဝင်သည်ဟု သံသယဝင်ခံရစဉ် ပျောက်ဆုံးခဲ့ပါက ဖမ်းဆီးခံရချိန်တွင် ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများကို ခံရနိုင်ချေပိုများသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုများတွင် လူငယ်များစွာပါဝင်ပြီး ၎င်းတို့အား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သက်မှုရှိသည်ဟု သံသယဝင်ကာ ပစ်မှတ်ထားခဲ့ကြသည်။

### လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင်များအဖြစ် စွပ်စွဲခံရသော ရွာသားများ

ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်းရှိ ရွာသားများသည် လက်နက်ကိုင်တပ်ဖွဲ့များ အချင်းချင်းကြား တိုက်ပွဲဖြစ်ပွားသည့်အခါများတွင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲ

ခံရပြီး SAC ၏ဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှုများကို ခံကြရသည်။ KHRG ၏ သတင်းအချက်အလက်များအရ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် ဖြစ်ရပ်ပေါင်း (၅၄) ခုမှ ဖြစ်ရပ် (၃၂) ခုမှာ တိုက်ပွဲဖြစ်ပွားသည့် အချိန်အတွင်း သို့မဟုတ် တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် SAC ၏ ခြေမြန်တပ်မ (တပ်မ) (၄၄) နှင့် တပ်မ (၅၅) တို့က SAC နှင့် KNLA၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF)[22] ပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်းတွင် အသက် ၂၄ နှစ်အရွယ်ရှိ စောအ--- အား PDF အဖွဲ့ဝင်အဖြစ်ယူဆကာ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ခအ--- ကျေးရွာတွင် ဖမ်းဆီးခဲ့သည်။ သူသည် မိခင်ဖြစ်သူအား သွားရောက်တွေ့ဆုံရန်အတွက် သွားသည့်အချိန်တွင် ဖမ်းဆီးခံရခြင်းဖြစ်သည်။ စောအ--- သည် လေးရက်ခန့် မတူညီသောနေရာများတွင် ထိန်းသိမ်းခံခဲ့ရပြီး သူ၏မိသားစုဝင်များအနေဖြင့် သူ၏တည်နေရာနှင့်အခြေအနေကို မသိရှိနိုင်ခဲ့ပါ။ နယ်ခြားစောင့်တပ် (BGF)[23] တပ်သားများမှ မိခင်ဖြစ်သူ၏ တောင်းဆိုမှုကြောင့် သူသည် အရပ်သားဖြစ်ကြောင်းကို ထောက်ခံချက်ပေးပြီးမှသာ လွှတ်ပေးခဲ့ပါသည်။ စစ်သားများက ၎င်းအား PDF အဖွဲ့ဝင် ဟုတ်မဟုတ် စစ်ဆေးမေးမြန်းခဲ့သည်ဟု စောအ--- က KHRG အားပြောခဲ့သည်။




ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ စအ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် SAC ခြေမြန်တပ်မ အမှတ် (၄၄) နှင့် (၄၅) ၏ အတင်းအဓမ္မပျောက်ဆုံးစေမှုကိုခံရသော စောအ--- ၏ပုံဖြစ်ပါသည်။ မိခင်ဖြစ် သူမှ ဖမ်းဆီးသွားသည့်သူများနှင့် ဒေသခံ BGF တို့နှင့် ညှိနှိုင်းမှုပြုပြီးနောက် ပြစ်မှုမရှိကြောင်း ထင်ရှားသဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ *(ဓာတ်ပုံ – KHRG)*

SAC သည် ၎င်းတို့၏တပ်သားများဆုံးရှုံးရပါက လက်တုံ့ပြန်သည့်အနေနှင့် အရပ်သားများအားခြိမ်းခြောက်ရန်၊ အကြမ်းဖက်ရန် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ စစ်ဆင်ရေးနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းနိုင်ရန်အတွက် အတင်းအဓမ္မပျောက်ဆုံးစေမှုကို မကြာခဏအသုံးပြုလေ့ရှိသည်။ ရွာသားများအား ၎င်းတို့၏ လူမှုအသိုက်အဝန်းမှဖယ်ထုတ်ခြင်း သို့မဟုတ် လူများမသိနိုင်သည့်နေရာများသို့ အတင်းအဓမ္မပျောက်ဆုံးစေမှုများ ပြုလုပ်သည့်အခါတွင် စောင့်ကြည့်လေ့လာခွင့် သို့မဟုတ် ဥပဒေအရအကာအကွယ်ပေးမှုကို ငြင်းဆန်ပြီး ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသူများကို စစ်ဆေးမေးမြန်းခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်နှင့် ၃၁ ရက်နေ့များတွင် KNLA နှင့် PDF တပ်များသည် ဒူးသထူခရိုင်၊ သထူ(သထုံ)မြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စုတွင် SAC အား ခြုံခိုတိုက်ခိုက်ခဲ့သည်။ နောက်တစ်ရက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် မိုးကောင်း၊

[22] ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)သည် လက်နက်ကိုင်တောင်လှန်ရေးတစ်ခုဖြစ်ပြီး နိုင်ငံအနှံ့အပြားတွင် လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ထားသည့် ဒေသခံပြည်သူ့စစ်များဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ စစ်အာဏာသိမ်းခြင်း နှင့် စစ်အာဏာရှင်၏ ဆက်တိုက် ရက်စက်ကြမ်းကြုပ်သောအကြမ်းဖက်လုပ်ရပ်များကြောင့် ထိုအဖွဲ့၏ အများစုသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဟု အခိုင်အမာဆိုထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် စတင်ပူးပေါင်းဆောင်ရွက်လာကြပြီး ၂၀၂၁ခုနှစ်၊ မေလ (၅)ရက်နေ့တွင် NUG မှ အနာဂတ်ဖက်ဒရယ်အတွက်ရေးရှုရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအား တရားဝင်သတ်မှတ်ပေးခဲ့သည်။

[23] မြန်မာစစ်တပ်၏ နယ်ခြားစောင့်တပ် (BGF) တပ်ရင်းများအား ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းတို့အား DKBA ၏ ယခင်က အဖွဲ့ဝင်များကဲ့သို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ တပ်သားများနှင့် ဖွဲ့စည်းထားသည်။ DKBA သည် ဗမာအစိုးရနှင့် ပစ်ခိုက်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဗမာစစ်တပ်၏တပ်ရင်းတစ်ခုအဖြစ် ပြောင်းလဲရန်သဘောတူခဲ့သည်။

ဒုံဝန်းနှင့် ရွှေရောင်ပြကျေးရွာအုပ်စုမှ ရွာသား (၇) ဦးအား PDF နှင့် KNLA တို့ကို ထောက်ပံ့ပေးသည်ဟု စွပ်စွဲကာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ SAC သည် ဖမ်းဆီးထားသော ရွာသားများအား KNLA နှင့် PDF တို့၏ ခြုံခိုတိုက်ခိုက်မှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခဲ့သည်။ ဖမ်းဆီးခံရွာသားများ၏တည်နေရာနှင့် အခြေအနေအား ယခုထိ မသိရှိရသေးပေ။ မိသားစုဝင်များသည် ဖမ်းဆီးခံရသည့် ၎င်းတို့၏ ဆွေမျိုးများအား SAC ၏ အမြောက်တပ် အမှတ် (၉) စခန်း တွင် သွားရောက်ရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ပါ။ ၎င်းတို့အား အမြောက်တပ် အမှတ် (၃) သို့ ခေါ်ဆောင်သွားနိုင်လောက်သည်ဟု သံသယဝင်ခဲ့ကြသည်။ နောက်ဆုံးတွင် ထိုရွာသားများအား ၊ ကျိုက်ကော်မြို့ရှိ ဝပ (ဝင်းပ) တပ်စခန်းတွင် အခြေစိုက်သည့် SAC အမြောက်တပ်မှ ဖမ်းဆီးထားကြောင်း သိရှိခဲ့ရသည်။ ဒေသတွင်းခေါင်းဆောင်တစ်ဦးမှ ဖမ်းဆီးထားသူများအား လာဘ်ထိုးပြီးနောက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဖမ်းဆီးခံရသည့် ရွာသား (၆) ဦး လွတ်မြောက်လာခဲ့သည်။ သို့သော်လည်း ၎င်းတို့လွတ်မြောက်လာသည့်အချိန်တွင် SAC တပ်သားများ၏ အသက်အန္တရာယ်ခြိမ်းခြောက်မှုများ ခံခဲ့ရသည့် အတွက် ထိုရွာသားများအား ထိုင်းနိုင်ငံသို့ရွှေ့ပြောင်းနေထိုင်စေခဲ့သည်။ နောက်ဆုံးကျန်ရစ်သည့် ရွာသားတစ်ဦးမှာ ၂၀၂၂ ခုနှစ်၊ မေလ ပထမ အပတ်အထိ ပြန်လည်လွတ်မြောက်ခြင်းမရှိပါ။[24]

SAC သည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် သတင်းပေးဖြစ်လောက်သည်ဟု ထင်ရသောရွာသားများအပေါ်တွင်လည်း ပစ်မှတ်ထားလေ့ရှိသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက် သို့မဟုတ် ၃ ရက်နေ့များတွင် ခလယ်လွိုထူခရိုင်၊ မူး(မုန်း)မြို့နယ်၊ ကွန်နီကျေးရွာအုပ်စု၊ ခဘ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော မောင်ဘ---အား SAC တပ်ဖွဲ့များမှ ဖမ်းဆီးခဲ့ပြီး ပျောက်ဆုံးခဲ့သည်။ သူသည် ကျို့ပင်ဆိပ်ကျေးရွာတွင် ဓာတ်မီးသွားဝယ်စဉ် အဖမ်းခံရခြင်းဖြစ်သည်။ ဒေသခံရွာသားများ၏ရှင်းပြချက်အရ စစ်သားများသည် ၎င်းအားဖမ်းဆီးသည့်အချိန်တွင် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့ပြီး ၎င်း၏ရုပ်အလောင်းအား ခခ--- သင်္ချိုင်းသို့ ပို့ဆောင်ခဲ့သည်။ SAC က မောင်ဘ--- အားသူလျှိုအဖြစ် သံသယဝင်သဖြင့် ဖမ်းဆီးခြင်းဖြစ်နိုင်သည်ဟု ၎င်း၏ညီဖြစ်သူ စောခ--- က ယူဆသည်။ ၎င်း၏အကိုဖြစ်သူသေဆုံးမှုနှင့်ပတ်သက်၍ စောခ--- အနေဖြင့် တရားဝင်အတည်ပြုချက်ရရှိခြင်း သို့မဟုတ် ၎င်း၏ရုပ်အလောင်းအား တွေ့ရခြင်းမရှိပါ။ ထိုနည်းတူစွာပင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ခအ---ကျေးရွာမှ ရွာသား စောဒ---သည်လည်း အလားတူစွပ်စွဲချက်ဖြင့် SAC ၏ အတင်းအဓမ္မပျောက်ဆုံးစေမှုခံခဲ့ရပြီး နှိပ်စက်ညှဉ်းပန်းမှုများ ခံစားခဲ့ရသည်။ လမ်းခရီးတွင် ၎င်း၏မျက်နှာအားအုပ်ထားပြီး မြဝတီသို့ ခေါ်ဆောင်သွားခဲ့သည်။ ပြန်လည်လွတ်မြောက်လာချိန်တွင် KHRG အား *"သူတို့က ကျွန်တော့်ကို သူလျှိုလို့ သံသယဝင်ကြတယ်။ ကျွန်တော်ရွာကို ဝက်စာကျွေးဖို့ပြန်လာတဲ့အချိန် တိုက်ပွဲဖြစ်ခဲ့တယ်။ ဒါနဲ့သူတို့က ကျွန်တော့်ကို သူလျှိုလို့သံသယဝင်ပြီးတော့ ဖမ်းဆီးခဲ့တယ်။ သူတို့က မေးခွန်းတွေ အများကြီးမေးတယ်။ သူတို့က ကျွန်တော့်ကို ညှဉ်းပန်းနှိပ်စက်ကြတယ်။ သူတို့ကို ကျွန်တော်ဟာ ဘာမှမဟုတ်ဘူးဆိုတာကို ပြောပြတယ်။ ကျွန်တော်က သာမာန်ရွာသားတစ်ယောက်ပဲဆိုတာကို သူတို့ကိုပြောပြတယ်။"*

SAC မှ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသူများနှင့် ဆက်နွယ်နေသည်ဟု SAC မှ ယူဆသူ မည်သူမဆို နှိပ်စက်ညှဉ်းပန်းခြင်းနှင့် သတ်ဖြတ်ခြင်း ခံရနိုင်သည်။ KHRG ထံသို့ တင်ပြချက်များအရ သက်သေခံချက် (၇၈) ခုတွင် ဖမ်းဆီးခံထားရသည့်အချိန်၌ ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်းမှုများ အပါအဝင် SAC စစ်သားများ၏ မတရားဆက်ဆံခြင်းများကို ခံစားကြရကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် SAC ၏ ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၆၇) သည် မြိတ်–ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ တောင်ပျောက်တိုက်ဒေသ၊ သဲချောင်းကြီးကျေးရွာအုပ်စု၊ ခဒ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ပြီးနောက် ကျေးရွာအတွင်းသို့ ဝင်ရောက်ပြီး ရွာသားအများအပြားကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသည့် ရွာသားများထဲမှ ပြန်လွတ်လာသူတစ်ဦးဖြစ်သော ဦးင--- က KHRG အား ရှင်းပြခဲ့သည်မှာ *"စစ်ကြောရေးအတွင်းမှာ သူတို့က ကျွန်တော့်ကို ဆိုးဆိုးရွားရွားနှိပ်စက်ခဲ့တယ်။ ကျွန်တော့်ကို မေးခွန်းတွေမေးတယ်။ ထိုးတယ်။ ကန်တယ်။ သူတို့က ကျွန်တော့်ကို တင်းတင်းချည်ထားတော့ ကျွန်တော့်တကိုယ်လုံးလည်း*

[24] KHRG မှ ၂၀၂၂ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော "ဒူးသထူခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို – စစ်ကောင်စီစစ်သားများမှ ရွာသား (၇) ဦးအား အဓမ္မဖမ်းဆီး (၂၀၂၂ ခုနှစ်၊ မတ်လ)" တွင်ကြည့်ပါ။



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ကော်တရီမြို့နယ်၊နို့ဖိုးကျေးရွာအုပ်စု၊ စအ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပျောက်ဆုံးသွားပြီး ပြင်းထန်စွာညှဥ်းပန်းနှိပ်စက်ခြင်းခံရသည့် စောဒ---ဖြစ်သူ ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်း ၎င်း၏ပုံဖြစ်ပါသည်။ (ဓာတ်ပုံ – KHRG)

*လုပ်လို့မရဘူး။ ဒါက ကျွန်တော့်ရဲ့အခွင့်အရေးကို ဆိုးရွားစွာချိုးဖောက်တာပဲ။ သူတို့ကျွန်တော့်ကို မသတ်ခင်တစ်ရက်မှာကျွန်တော်ထွက်ပြေးလာတယ်။”* [25] ဤဖြစ်ရပ်တွင် ဖမ်းဆီးခံရသူများ၏ မိသားစုဝင်များသည် ၎င်းတို့ ချစ်ခင်ရသူများအနေနှင့် မည်သည့်နေရာတွင် ဖမ်းဆီးခံထားရသည်ကို မသိကြသကဲ့သို့ ဖမ်းဆီးခံရချိန်တွင်လည်း ဆက်သွယ်ခွင့်မရခဲ့ပါ။

အစီရင်ခံတင်ပြချက်များအရ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသော ရွာသား အနည်းဆုံး (၂၃) ဦးသည် ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် SAC ၏သတ်ဖြတ်ခြင်းကို ခံကြရသည်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက် ၈ နာရီတွင် တောအူးခရိုင်၊ ထောတထူ(ထန်းတပင်) မြို့နယ်၊ နတ်ရွာကျေးရွာအုပ်စု၊ ခင--- ကျေးရွာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုဗုံးပေါက်ကွဲမှုအား ဖြစ်ပွားစေသူကို မည်သူမှမသိသော်လည်း ဒေသခံရွာသားများက ထိုပေါက်ကွဲမှုသည် SAC မှ PDF တပ်သားများအား ဖမ်းဆီးနိုင်ရန် ထောင်ချောက်ဆင်ခြင်းဖြစ်သည်ဟု ထင်မြင်ကြသည်။ ထိုသို့ဖြစ်ပြီး မိနစ် (၃၀) ခန့်အကြာတွင် SAC စစ်သားများနှင့် ရဲများသည် ခင--- ကျေးရွာအတွင်းသို့ဝင်၍ အိပ်ပျော်နေသည့် ရွာသားတစ်ဦးဖြစ်သော ကိုဖ--- အား လက်ထိပ်ခတ်ဖမ်းဆီးခဲ့ကြသည်။ ကိုဖ--- ၏ အစ်မဖြစ်သူက ဖမ်းဆီးခံရသည့်အကြောင်းရင်းကို မေးမြန်းခဲ့သော်လည်း စစ်သားများက ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပါ။ ထိုနေ့ချင်းတွင် ကိုဖ--- ၏ မိဘများသည် ထန်းတပင်ရဲစခန်းသို့လိုက်၍ ၎င်းနှင့်တွေ့ဆုံရန် ကြိုးစားခဲ့ကြသော်လည်း ခွင့်ပြုချက်မပေးခဲ့ပါ။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ ညနေ ၄ နာရီတွင် ရဲတစ်ဦးက ကိုဖ--- ၏ မိဘများအား ရဲစခန်းသို့သွားရန် ဖုန်းခေါ်ဆိုခဲ့သဖြင့် သူ၏ဖခင်နှင့်အမဖြစ်သူက သွားခဲ့ကြသည်။ ၎င်းတို့က ကိုဖ--- သေဆုံးကြောင်းနှင့် ပတ်သက်၍ သိရှိခဲ့ရပြီး ၎င်းအနေဖြင့် ဖျားနာ၍သေဆုံးကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ရပါသည်။ ကိုဖ--- အနေနှင့် မည်သည့်အချိန်တွင် မည်သို့သေဆုံးခဲ့သည်ကို မသိနိုင်ပါ။ သို့သော်လည်း ၎င်း၏ကိုယ်ခန္ဓာပေါ်တွင် အကြမ်းဖက်သတ်ဖြတ်ခြင်းခံရသည့် ဒဏ်ရာဒဏ်ချက်များစွာရှိနေခဲ့သည်။ ကိုဖ--- သည် ယခင်က အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြပွဲများတွင်ပါဝင်ခဲ့ပြီး အမျိုးသားဒီမိုကရေးစီအဖွဲ့ချုပ်အား ထောက်ခံအားပေးခဲ့သဖြင့် SAC ၏ သတင်းပေးများက ကိုဖ--- ၏ လုပ်ဆောင်မှုများကို ရဲများထံသို့ ဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ဒေသခံရွာသားများက ရှင်းပြခဲ့သည်။ ထို့အတွက်ကြောင့် SAC ၏ ရဲများက သူ့အားဖမ်းဆီးကာ သတ်ဖြတ်ခဲ့သည်ဟု ရွာသားများက ယုံကြည်ကြသည်။[26]

SAC သည် အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသောရွာသားများ သို့မဟုတ် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များတွင် ပါဝင်နိုင်သည်ဟု ၎င်းတို့ယူဆသည့် မည်သူ့ကိုမဆို ပစ်မှတ်ထားဖမ်းဆီးလေ့ရှိသည်။ SAC သည် ဖမ်းဆီးခံရွာသားများ၏ မိသားစုဝင်များအား ၎င်းတို့၏ ဆွေမျိုးသားချင်းများကို မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်နှင့်ပတ်သက်၍ အသိမပေးသကဲ့သို့ ၎င်းတို့၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍လည်း

[25] KHRG မှ ၂၀၂၂ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော “ဘိတ်–ထားဝယ်ခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို – SAC မှ လက်နက်ကြီးပစ်ခတ်ခြင်း၊ ရွာသားများအား အဓမ္မဖမ်းဆီး၍ နှိပ်စက်ခြင်း၊ အဓမ္မငွေကြေးတောင်းခံခြင်းနှင့် ခိုးယူလုယက်ခြင်း (၂၀၂၂ခုနှစ်၊ မတ်လ)” တွင်ကြည့် ပါ။

[26] ဤအချက်အလက်ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင်ရရှိခဲ့သော တောအူးခရိုင်မှမထုတ်ပြန်ရသေးသည့် အင်တာဗျူးတစ်ခုမှကောက် နုတ်ထားပါသည်။

သတင်းထုတ်ပြန်ခြင်းမရှိပါ။ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ပြတ်သွားသည့် SAC ၏ဖမ်းဆီးခြင်းခံရသော ရွာသားများအနေဖြင့် ပြင်းထန်သည့်ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း ခံရနိုင်ချေမြင့်မားသည်။ ဖမ်းဆီးခံရချိန်တွင် သတ်ဖြတ်ခံရသောရွာသားများနှင့်ပတ်သက်၍ တင်ပြလာသည့်အစီရင်ခံစာအများစုတွင် သေဆုံးသွားသူ၏ကိုယ်ခန္ဓာအား မိသားစုများထံသို့ ပြန်လည်ပေးပို့ခြင်းမရှိသကဲ့သို့ ထိုရွာသားသေဆုံးကြောင်းနှင့် သေဆုံးရသည့်အကြောင်းရင်းကို အသိပေးခြင်းလည်းမရှိပါ။

## အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူနှင့် ရုပ်အလောင်းအား လျှို့ဝှက်ထားခြင်း

SAC စစ်သားများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူ၏ ရုပ်အလောင်းအားဝှက်ထားခြင်း၊ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း သို့မဟုတ် ရွာသားများတွေ့ရှိနိုင်ရန် ပစ်ထားခြင်းများ ပြုလုပ်လေ့ရှိသည်။ ဥပမာအားဖြင့် ၂၀၂၂ ခုနှစ်၊ မေလတွင် သံတောင်အထူးဒေသငြိမ်းချမ်းရေးအဖွဲ့နှင့် စစ်သင်တန်း အမှတ်(၉)နှင့် ခြေလျင်တပ်ရင်း အမှတ် (၁၉) တို့ပါဝင်သည့် SAC တို့ကြားတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် နှစ်နာရီခန့်အကြာတွင် တောအူးခရိုင်၊ ဒေါ်ဖခို(သံတောင်ကြီး)မြို့နယ်၊ ကျူမိုင်းကျေးရွာအုပ်စု၊ ခဖ––– ကျေးရွာမှ ရွာသားနှစ်ဦးသည် ခဂ––– ကျေးရွာတွင် နန္နင်းတူးရန်သွားသည့်လမ်းတွင် သန်းမိတိတ်ကျေးရွာအုပ်စု၊ ဘောဒိကုန်းကျေးရွာနှင့် ရှမ်းလယ်ပြင်ကျေးရွာအုပ်စု၊ ကျောက်ကြီးတောင်ကျေးရွာတို့အကြားတွင် ခြေလျင်တပ်ရင်း အမှတ်(၁၉)မှ စစ်သားများနှင့် ရင်ဆိုင်ခဲ့ကြသည်။ အသက်(၁၈)နှစ်အရွယ် ရွာသား စောဘ––– အား SAC စစ်သားမှ သေနတ်ဖြင့်ခေါင်းကိုပစ်သတ်ခဲ့ပြီး ၎င်း၏သူငယ်ချင်းအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့နောက်တွင် SAC စစ်သားများက ၎င်း၏ကိုယ်ခန္ဓာကို မြေမြှုပ်ခဲ့သည်။ စောဂ––– နှင့်အတူရှိသော အခြားရွာသားအား ရေတာရှည်မြို့နယ်၊ ရေနီမြို့ရှိတပ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ လမ်းခရီးတွင် ၎င်းအား ကြိုးဖြင့်တုတ်ကာ မျက်လုံးကိုစည်းခဲ့သည်။ ရွာသားများဖမ်းဆီးခံရသည်ကို မသိစေရန်အတွက် ၎င်းတို့အား စစ်ဝတ်စုံဝတ်ဆင်စေပြီး ၎င်းအားတပ်စခန်းသို့ မော်တော်ဆိုင်ကယ်ဖြင့် ခေါ်ဆောင်သွားခဲ့သည်။[27]

တောင်ငူခရိုင်တွင် ဖြစ်ပွားခဲ့သော အခြားဖြစ်ရပ်တစ်ခုမှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ထောတထူမြို့နယ်၊ ပယ်ထီးဒေသ၊ ခဟ––– ကျေးရွာမှ ရွာသားနှစ်ဦးသည် အခြားကျေးရွာတွင် နန္နင်းရှာထွက်ခဲ့ကြသည်။ ထိုရွာသားနှစ်ဦးသည် လမ်းတွင် SAC ၏ ခြေမြန်တပ်ရင်း အမှတ် (၂၂) နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ၎င်းတို့အား အကြောင်းပြချက်မရှိ ဖမ်းဆီးခဲ့သည်။ ထိုရွာသားနှစ်ဦး ပျောက်ဆုံးသွားသည်ကို ဒေသခံရွာသားများသိသိချင်း ရှာဖွေခဲ့ကြကာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် ၎င်းတို့၏ရုပ်အလောင်းများအား တွေ့ရှိခဲ့သည်။ ရွာသားများက ထိုသေဆုံးသူနှစ်ဦးလုံးသည် ရွာမှထွက်ခွာစဉ်က KNLA စစ်ဝတ်စုံများ ဝတ်ဆင်ထားခြင်းမရှိကြောင်းနှင့် ၎င်းတို့၏ရုပ်အလောင်းများအား ပြန်တွေ့သည့်အချိန်တွင်မူ တစ်ဦးမှာ KNLA စစ်ဝတ်စုံကိုဝတ်ဆင်ထားပြီး ၎င်းတို့၏လက်များအား နိုင်လွန်ကြိုး[28]ဖြင့် ချည်ထားသည်။ KHRG သို့ တင်ပြလာသည့်ဖြစ်ရပ်အများအပြားတွင် အလောင်းအားဝှက်ထားခြင်းနှင့် မြေမြှုပ်နှံခြင်းများအပြင် ၎င်းတို့အား စစ်ဝတ်စုံများဝတ်ဆင်စေခြင်း၊ အလောင်းအားဖျက်စီးခြင်းနှင့် ၎င်းတို့၏ သရုပ်မှန်အား ဖျောက်ဖျက်ခြင်းပြုလုပ်ကာ ရွာသားများ၏အလောင်းအား ဖျောက်ဖျက်ပစ်လေ့ရှိသည်။

## လူငယ်များအား ပစ်မှတ်ထားခြင်း

KHRG ၏ သတင်းအချက်အလက်များအရ SAC သည် လူငယ်များကို တော်လှန်ရေးတပ်ဖွဲ့ဝင်များအဖြစ် ထင်မြင်နိုင်သည့်အတွက် လူငယ်များသည် ပစ်မှတ်ထားခြင်း၊ ဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှုကို ခံစားရနိုင်ချေ ပိုများသည်။ တောအူးခရိုင်၊ အဟ––– မြို့မှ အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သော နော်ဟ––– က ရှင်းပြခဲ့သည်မှာ *"သူတို့က ရွာသားတွေကို PDF အဖွဲ့ဝင်တွေလို့ထင်တဲ့အတွက် အဲ့ဒီရွာသားတွေကို ဖမ်းတယ်။*

[27] KHRG မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော 'Taw Oo District Situation Update: Killing, arbitrary arrest, SAC military activities, and education, healthcare, and livelihood challenges, from March to June 2022' တွင် ကြည့်ပါ။

[28] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင်ရရှိခဲ့သော တောအူးခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နှုတ်ထားပါသည်။

*များသောအားဖြင့် သူတို့က အသက် ၁၆ နှစ်နဲ့ ၂၀ နှစ်ကြား လူငယ်တွေကို ဖမ်းကြတယ်။"* ထိုနည်းတူစွာပင် ထောတထူမြို့နယ်၊ ခင--- ကျေးရွာမှ အသက် ၂၈ နှစ်အရွယ် မောင်ဈ--- က ဤသို့ ရှင်းပြခဲ့သည်။ *"အသက်ကြီးတဲ့သူတွေပဲကျန်ခဲ့တယ်။ လူငယ်တွေနဲ့ သန်မာတဲ့လူတွေက စိုးရိမ်စိတ်တွေနဲ့ အသက်ရှင်ရတယ်။ ဒီမနက်ပဲ ကျွန်တော်တို့ မိသားစုလည်း ရွာကနေ ထွက်ပြေးလာရတယ်။"*

ဥပမာအနေဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် သို့မဟုတ် ၂၁ ရက်နေ့တွင် အသက် ၂၅ နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သော စောည--- သည် ကျောင်းသားတစ်ဦးအား ခလယ်လွီထူခရိုင်၊ ရွှေကျင်မြို့သို့ သွားပို့ပြီးပြန်လာစဉ် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ရေတွင်းကုန်ကြီးကျေးရွာအုပ်စု၊ ခည--- ကျေးရွာတွင် SAC ခြေလျင်တပ်ရင်း အမှတ် (၂၆၄) ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့ အပြန်လမ်းတွင် ရွာသား(၃)ဦး အတူတကွ ဖမ်းဆီးခံခဲ့ရသော်လည်း စောည--- တစ်ဦးကိုသာ ခရီးဆက်ခွင့်မပေးခြင်းဖြစ်သည်။ SAC သည် ၎င်းအားဖမ်းဆီးပြီး PDF တပ်ဖွဲ့ဝင်အဖြစ် စွပ်စွဲခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ ၎င်းနှင့်ပတ်သက်သည့် အချက်လက် တစ်စုံတစ်ရာမရရှိခဲ့ပါ။ ထိုနည်းတူစွာပင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် SAC တပ်သားများက မြိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ နှစ်ဆယ့်ငါးမိုင်ဒေသတွင် ရွာသား(၂)ဦးအား ဖမ်းဆီးခဲ့သည်။ ထိုရွာသား (၂) ဦးမှာ အသက် ၂၁ နှစ်အရွယ် စောက--- နှင့် အသက် ၁၇ နှစ်အရွယ် စောလ--- ဖြစ်ပြီး လယ်ဒိုစိုးမြို့နယ်၊ ထီးလယ်ကလေးဒေသ၊ ဝကုန်းကျေးရွာသို့သွားရောက်စဉ် ၎င်းတို့အားဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ SAC တပ်သားများသည် ထိုရွာသား(၂) ဦးအား ထားဝယ်မြို့သို့ ခေါ်ဆောင်လာခဲ့သည်။ ၎င်းတို့၏ မိသားစုဝင်များမှာ ၎င်းတို့နှင့် ဆက်သွယ်ခွင့် သို့မဟုတ် တွေ့ဆုံခွင့် မရကြပါ။ စောက--- နှင့် စောလ--- တို့ (၂) ဦးသည် ၂၀၂၂ ခုနှစ်၊ သြဂုတ်လတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထောင်ဒဏ်(၆)လ ကျခံခဲ့ရသည်။ သို့သော်လည်း ထိုလူငယ်နှစ်ဦး ဖမ်းဆီးခံရသည့်အကြောင်းရင်းမှာ ရှင်းလင်းမှုမရှိပဲ ၎င်းတို့၏အခြေအနေကိုလည်းမသိရှိရပါ။[29]

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆောထူခီးကျေးရွာအုပ်စု၊ ခလ--- ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် စောမ--- သည် ဘောလုံးသွားကစားစဉ် SAC ၏ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ဒူးသထူခရိုင်၊ ဘီးလင်းမြို့မြောက်ဖက်ရှိ SAC ၏အမည်မသိတပ်စခန်းသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ၎င်း၏ ဖေ့စ်ဘွတ်ပေါ်တွင် နိုင်ငံရေးနှင့်ဆက်နွယ်သောအကြောင်းအရာများတင်ခြင်းကြောင့် SAC မှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ရွာသားများက ယုံကြည်ကြသည်။ သူ၏ မိခင်ဖြစ်သူ နော်န--- က သူမ၏သားဖြစ်သူ အဘယ်ကြောင့်ဖမ်းဆီးခံရသည်ကို မသိသကဲ့သို့ ဖမ်းဆီးခံရကြောင်းကို သူ၏သူငယ်ချင်းဖြစ်သူမှ ပြန်လည်ပြောပြခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် သူမ၏သားဖြစ်သူနှင့် ဖုန်းမှတဆင့်စကားပြောခွင့်ရရှိခဲ့ပြီး SAC တပ်သားများမှ နားထောင်နေပြီး ဗမာဘာသာစကားဖြင့်သာ ပြောခွင့်ရခဲ့ပါသည်။

## အကြောက်တရားလွှမ်းမိုးရန်အတွက်သုံးသည့် အတင်းအဓမ္မပျောက်ဆုံးစေမှု နည်းဗျူဟာ

SAC သည် ကရင်ပြည်နယ်အတွင်း အကြောက်တရားလွှမ်းမိုးစေရန်နှင့် အုပ်ချုပ်စိုးမိုးနိုင်ရန်အတွက် အတင်းအဓမ္မပျောက်ဆုံးစေမှုကို အသုံးပြုသည်။ ဖြစ်ရပ်တစ်ခုတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် SAC ၏ ခြေမြန်တပ်ရင်း အမှတ် (၅၉၉) သည် အာဏာသိမ်းမှုအားဆန့်ကျင်ဆန္ဒပြသည့် ခေါင်းဆောင်များဟု ၎င်းတို့ယူဆသည့် မူးမြို့နယ်၊ မူး(မုန်း)အထူးဒေသမှ ရွာသား (၁၇) ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး နောက်ရက်တွင် SAC သည် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့်ရွာသားများအား ညောင်လေးပင် ခရိုင်စီမံအုပ်ချုပ်ရေးရုံးသို့ပို့ဆောင်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် SAC သည် ရွာသား (၁၇) ဦးမှ (၁၄) ဦးအားလွှတ်ပေးခဲ့သော်လည်း ကျန် (၃) ဦးမှာ ဆက်လက်ဖမ်းဆီးခြင်းခံရပြီး မိသားစုဝင်များအနေဖြင့် ၎င်းတို့၏ အခြေအနေကို မသိရှိရပါ။ ထိုရွာသား(၃)ဦးသည် ခမ--- ရွာသူကြီး ဦးဝ---၊ ဒေသတွင်းလူငယ်အဖွဲ့ဝင် ကိုပ--- နှင့် ခမ--- ကျေးရွာ၏ ရပ်ကွက်

[29] ဤအချက်အလက်ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင်ရရှိခဲ့သော ဘိတ်-ထားဝယ်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက်နှုတ်ထားပါသည်။

လူကြီး ကိုခ--- တို့ဖြစ်သည်။ SAC သည် ထိုသူများ၏ မိသားစုဝင်များအား ၎င်းတို့အား မည်သို့ခေါ်ဆောင်သွားသည်နှင့် မည်သည့်အချိန်တွင် လွှတ်ပေးမည်ကို ပြောပြခြင်းမရှိပါ။[30]

ဆန့်ကျင်သူများအား ပစ်မှတ်ထားခြင်း၊ ဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မ ပျောက်ဆုံးစေမှုဖြင့် အရပ်သားများကြားတွင် အကြောက်တရားသွပ်သွင်းရခြင်းမှာ SAC အနေဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုခံရခြင်း မရှိသော်လည်း ၎င်းတို့အနေနှင့် ရွာသားများအပေါ်အာဏာရှိကြောင်း ပြသသည့်နည်းဗျူဟာတစ်ခုဖြစ်သည်။ တစ်ခါတစ်ရံတွင် ဖမ်းဆီးရခြင်း၏ အကြောင်းရင်းကိုမသိရပါ။ ရွာသား (၅၇) ဦးမှာ အကြောင်းအရင်းမသိပဲ သို့မဟုတ် မတရားသဖြင့်ပျောက်ဆုံးကြရသည်။ SAC မှ အကြောင်းပြချက်မပေးဘဲ ဖမ်းဆီးခဲ့သည့် ရွာသားများအား အတင်းအဓမ္မ ပျောက်ဆုံးစေခြင်းက ၎င်းတို့အနေဖြင့် မည်သည့် တရားဝင်ယန္တယားများကိုမျှ ကြောက်ရန်မလိုပဲ လုပ်ဆောင်နိုင်သည်ကို ပြသလျက်ရှိသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ခန--- ကျေးရွာမှ ရွာသူကြီးဖြစ်သော စောရ--- ၏ ပြောပြချက်အရ *"စစ်ကောင်စီတပ်သားတွေက အရပ်သားတွေကို ဖိနှိပ်ချင်တာပဲ။"*



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ အလူးကျေးရွာအုပ်စု၊ စခ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် SAC ၏ အတင်းအဓမ္မဖမ်းဆီးခြင်းခံရပြီး ပျောက်ဆုံးသွားသော ဦးထ--- ၏ပုံဟောင်းတစ်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG/ဒေသခံရွာသား)*

အစီရင်ခံတင်ပြခဲ့သည့် အခြားအဖြစ်အပျက်များတွင် မိသားစုဝင်များ အနေဖြင့် ပျောက်ဆုံးမှုအတွက် မည်သူ့တွင်တာဝန်ရှိကြောင်းမသိသကဲ့သို့ ဖမ်းဆီးခံရခြင်း၏ရည်ရွယ်ချက်ကိုလည်း မသိကြပေ။ သို့သော်လည်း ဒေသတွင်းသတ်မှတ်ထားသည့်ကရင်ပြည်နယ်တွင် ပျောက်ဆုံးမှုသဘောသဘာဝအရ အများအားဖြင့်ပျောက်ဆုံးသွားသည့်ရွာသားများသည် SAC တပ်သားများ၏ဖမ်းဆီးခြင်းကိုခံရသည်ဟု ရွာသားများကကောက်ချက်ချ(ယုံကြည်ရန်အကြောင်းပြချက်ရှိ)ကြသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ ညနေ ၉ နာရီခန့်တွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆောသူးခီးကျေးရွာအုပ်စု၊ ခလ--- ကျေးရွာမှ အသက် ၆၀ အရွယ်ရွာသား ဦးဆ--- က တစ်စုံတစ်ယောက်ထံသို့အွန်လိုင်းမှငွေလွှဲရန် ခရ--- ကျေးရွာသို့သွားရောက်ခဲ့သည်။ သူသည်အိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ၎င်း၏သမီးဖြစ်သူက ဖုန်းဖြင့်ဆက်သွယ်ခဲ့သော်လည်း စက်ပိတ်လျက်ကြောင်းတွေ့ရှိခဲ့ရပါသည်။ နောက်ပိုင်းတွင် ဒေသခံရွာသားများကသမီးဖြစ်သူအား သူမ၏ဖခင်မှာဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားကြောင်းပြောခဲ့ကြသည်။ သို့သော်လည်း ဦးဆ--- အားမည်သူကဖမ်းဆီးသွားပြီး အဓမ္မပျောက်ဆုံးစေခဲ့သည်နှင့် မည်သည့်နေရာတွင်ရှိနေကြောင်းကိုယခုထိတိုင်မသိရပါ။

[30] KHRG မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေသော "Kler Lwee Htoo District Situation Update: Killings, arbitrary arrests, SAC operations, and livelihood, healthcare and education challenges in Moo Township, from July 25th to October 31st 2022" တွင် ကြည့်ပါ။

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အတင်းအဓမ္မပျောက်ဆုံးစေမှု**

စောယ---သည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ စဆ---ကျေးရွာတွင်နေထိုင်သော အသက် (၄၉)နှစ်အရွယ် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦးဖြစ်သည်။ စောယ---သည် ၎င်း၏ရပ်ရွာဒေသတွင် လူ့အခွင့်အ ရေးအသိပညာပေးလုပ်ငန်းများကို တက်တက်ကြွကြွလုပ်ဆောင်သော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦးဖြစ်သည်။ ယခင်ကသူသည် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်ပြီး ရွာသားများ၏အခွင့်အရေးကို လေးစားကာကွယ်သူလည်းဖြစ်သည်။ စောယ---သည် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်ခဲ့သည့်အတွက် ၎င်း၏အတွေ့အကြုံနှင့်အသိပညာများကိုအသုံးချပြီး ရွာသားများ၏အခွင့်အရေးကို ဆက်လက်၍ကာကွယ်မြင့်တင်ပေးခဲ့သည်။ ရွာသားများ၏လုံခြုံရေးကိုရှေ့ရှု၍ တိုက်ပွဲများမဖြစ်အောင် စောယ---သည် မြန်မာစစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များကြားတွင် ညှိနှိုင်းဆောင်ရွက်၍ ဖြေရှင်းပေးခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် စောယ---သည် CDM တွင်ပါဝင်သူများကိုကူညီ၍ လွတ်မြောက်နယ်မြေသို့ ပို့ဆောင်ပေးခဲ့သည်။ ထို့အပြင်သူသည် ပြည်တွင်းထွက်ပြေးတိမ်းရှောင်နေရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီထောက်ပံ့မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ ၎င်းရပ်ရွာဒေသတွင် SAC ခမရ အမှတ် (၆၀၃)မှ တပ်ရင်းမှူးဟိန်းစံထွန်းသည် ရပ်မိရပ်ဖများကို ခေါ်ယူတွေ့ဆုံ၍ အစည်းအဝေးပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် စောယ---လည်း တက်ရောက်ခဲ့ပြီး ရွာသားများကိုယ်စား ရပ်တည်ပြောခဲ့၍ တပ်ရင်းမှူးဟိန်းစံထွန်းမှ ၎င်းအားသိရှိခဲ့သည်။ အစည်းအဝေးပြီးနောက်တွင် SAC သည် စောယ---အား ဖမ်းဆီးရန်ဝရမ်းထုတ်ခဲ့သည်။ SAC စစ်သားများသည် စောယ---ကို အသေရ၍ဖြစ်စေ၊ အရှင်ရ၍ဖြစ်စေ ဖမ်းဆီးရန်အတွက် ၎င်း၏သတင်းကိုသိရှိရန် ဒေသခံရွာသားများအား မေးမြန်းခဲ့ကြသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့၌ ခမရ အမှတ် (၆၀၃) စစ်သားများသည် ဒေါ်ဖားခိုမြို့နယ်၊ သံတောင်မြို့သစ်နှင့် လိပ်သိုမြို့ကြားရှိ SAC စတ---စစ်ဆေးရေးဂိတ်တွင် စောယ---ကို ဖမ်းဆီးရမိခဲ့သည်။ စောယ---သည် လိပ်သိုမြို့သို့ခရီးသွားလာနေစဉ်တွင် အဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ခမရ အမှတ် (၆၀၃) စစ်သားများကို တွေ့သည့်အချိန်တွင် စောယ---သည် စစ်သားများမှ သူ့အားဖမ်းဆီးနေကြောင်း ဇနီးအားဖုန်းခေါ်၍ အကြောင်းကြားနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ စောယ---၏မိသားစုသည် ၎င်း၏အခြေအနေနှင့် မည်သည့်နေရာတွင်ရှိနေကြောင်း သတင်းမှမရရှိတော့ပါ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ အဟ---မြို့တွင်ရှိသည့် စောယ---၏မိသားစုအိမ်ကို SAC စစ်သားများ မီးရှို့ဖျက်ဆီးခဲ့သည်။ စောယ---ကို ဖမ်းဆီးရမိပြီးနောက် SAC သည် ၎င်း၏မိသားစုဝင်များကိုလည်း လိုက်လံရှာဖွေခဲ့သည်။ SAC စစ်သားများသည် စောယ---၏ မိသားစုကိုသိကြသည်။ အကြောင်းမှာ SAC သည် ၎င်း၏အိမ်တွင်တွေ့ရှိခဲ့သော ကွန်ပြူတာတစ်လုံးကိုသိမ်းယူခဲ့ပြီး ကွန်ပြူတာကိုဖွင့်ကြည့်ချိန်၌ ၎င်း၏မိသားစုဓာတ်ပုံကို တွေ့ရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ SAC စစ်သားများ၏ ဖမ်းဆီးခြင်းမခံရရန် စောယ---၏မိသားစုသည် တစ်နေရာမှ တစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ယခုလက်ရှိတွင် စောယ---၏ဇနီးဖြစ်သူ နော်ဇ---သည် KNU အာဏာပိုင်များနှင့် ဒေသခံလူ့အခွင့်အရေးအဖွဲ့အစည်းမှ စီစဉ်ပေးထားသော လုံခြုံသည့်နေရာတစ်ခုတွင် သူမ၏သားတစ်ဦးနှင့်အတူ ပုန်းခိုနေထိုင်နေရပါသည်။

စောယ--- ဖမ်းဆီးခံရပြီးနောက် ရက်အနည်းငယ်အကြာတွင် ၎င်း၏မိသားစုဝင်များသည် ၎င်း၏သတင်းကို မေးမြန်း၍ အဆက်မပြတ်ကြိုးစားရှာဖွေခဲ့ကြသည်။ စောယ--- ဖမ်းဆီးခံရပြီးပျောက်ဆုံးသွားခြင်းကြောင့် ၎င်း၏ မိသားစုဝင်များသည် မအိပ်နိုင်၊ မစားနိုင်သည့် အခြေအနေတွင်ရှိနေခဲ့သည်။ စောယ---၏ မိသားစုဝင်များသည် ၎င်းအတွက် အလွန်စိုးရိမ်၍ မည်သည့်အချိန်၌အိမ်သို့ပြန်လာမည် သို့မဟုတ် အနည်းဆုံး မည်သည့်နေရာ၌ဖမ်းဆီးထိန်းသိမ်းထားပြီး မည်သည့်နေရာ၌ရှာဖွေတွေ့ရှိနိုင်ကြောင်း သိရှိရန်အတွက် အခြားသူများကို အမြဲတစေမေးမြန်းလေ့ရှိသည်။ စောယ--- ၏မိသားစုကို ကူညီအားပေးခဲ့သည့် ဒေသခံပြည်သူတစ်ဦးမှ သူမ၏ခံစားချက်ကို ယခုလို ပြောပြခဲ့သည်။ *“သူမ (စောယ---၏သမီး) က ကျွန်မကို အမြဲတမ်းဒီလိုမေးတယ်။ ‘သမီးအဖေရဲ့သတင်းတစ်ခုခုရလား။ သမီးအဖေ ဘယ်လိုနေလဲသိရဲ့လား။ ကျေးဇူးပြုပြီး သမီးအဖေကို ကူရှာပေးပါ။ သမီးမှာ မှီခိုအားကိုးရမယ့်သူတစ်ယောက်မှ မရှိတော့ဘူး။ သမီးကို မျှော်လင့်ချက်တွေပေးပါ။’* အဲဒီလို

သူမက ကျွန်မကိုနေ့တိုင်းမေးတယ်။ တစ်ခါတစ်လေကျရင် တစ်နေ့ကိုနှစ်ခါ၊ သုံးခါမေးတယ်။ ကျွန်မ ဒီလိုမေးခွန်းတွေကို ဖြေဖို့ခက်တယ်။ ကျွန်မဘဝမှာ မဖြေနိုင်တဲ့ အခက်ခဲဆုံးမေးခွန်း တွေပဲ။" ထို့အပြင် စောယ–––၏မိသားစုသည် ၎င်းအားကူညီရှာဖွေပေးရန်အတွက် ဒေသခံလူ့အခွင့်အရေးအဖွဲ့ အစည်းတစ်ခုနှင့် KNU အာဏာပိုင်များကို ဆက်သွယ်အကူအညီတောင်းခဲ့သည်။ စောယ–––အား လွှတ်ပေးရန်အတွက် KNU သည် SAC ထောက်လှမ်းရေးတပ်ဖွဲ့အား ဆက်သွယ်ညှိနှိုင်းမှုပြုရန် ကြိုးစားခဲ့သော်လည်း SAC မှ စောယ–––အား မလွှတ်ပေးခဲ့ပါ။

စောယ–––သည် အသတ်ခံရပြီးဖြစ်ကြောင်း ၎င်း၏ရပ်ရွာဒေသရှိ အချို့သောရွာသားများမှ ပြောဆိုကြသည်။ အချို့ရွာသားများမှာလည်း ၎င်းအသက်ရှင်နေသေးကြောင်း ပြောဆိုကြသည်။ ၎င်း၏မိသားစုသည် ၎င်း၏အခြေအနေနှင့် မည်သည့်နေရာတွင်ရောက်ရှိနေကြောင်းစသည့် မတူညီသည့်သတင်းအမျိုးမျိုး ကြားသိရှိခဲ့ရသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် ၎င်းတို့ကြားသိရသည့်သတင်းများသည် ရှေ့နောက်ကိုက်ညီမှု မရှိကြပေ။ စောယ–––ဖမ်းဆီးခံရပြီး ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်နေ့ ညအချိန်တွင် ဇလဲတပ်စခန်းနှင့် လိပ်သိုတပ်စခန်းနေရာနှစ်ခုတွင် SAC စစ်သားများမှ ၎င်းကိုရက်ရက်စက်စက်နှိပ်စက်ညှဥ်းပမ်းသောကြောင့် ကျယ်လောင်စွာအော်ဟစ်ခဲ့သည့်အသံကို ထိုတပ်စခန်းများအနီးတွင် နေထိုင်ကြသည့်ရွာသားများက ကြားခဲ့ရသည့်အကြောင်းကို ၎င်း၏သမီးဖြစ်သူ နော်ဟ–––မှ ရှင်းပြခဲ့သည်။ ရက်အနည်းငယ်ကြာပြီးနောက်တွင် တပ်ရင်းမှူးဟိန်းစံထွန်းအခြေစိုက်သည့် တပ်စခန်းအနီးနားတွင် အလောင်းမြှုပ်ထားသည့်နေရာတစ်ခုကို ဒေသခံရွာသားတစ်ဦးမှ တွေ့ရှိခဲ့ကြောင်း ပြောပြခဲ့သည်။ ထိုနေရာသည် စောယ–––၏အလောင်းကိုမြှုပ်ထားသည့်နေရာဟု ဒေသခံများကယူဆကြသည်။ SAC စစ်သားများနှင့် ရဲများသည် စောယ––– ကို စစ်ကားတစ်စီးဖြင့်တင်ဆောင်၍ သောက်ရေခပ်ကျေးရွာနှင့်သံတောင်မြို့အတွင်း တစ်နေရာမှ တစ်နေရာသို့ခေါ်ဆောင်သွားလာနေသည်ကို တွေ့ရှိခဲ့ကြောင်း အချို့ရွာသားများမှ နော်ဟ–––အား ပြောပြခဲ့ ကြသည်။ ၂၀၂၃ ခုနှစ်၊ မေလတွင် နော်ဟ–––သည် ဒေသခံ PDF အဖွဲ့ဝင်များကို ဆက်သွယ်၍ သူမ၏ဖခင်ကို ကူရှာပေးရန် တောင်းဆိုခဲ့သည်။

စောယ–––၏ မိသားစုသည် နေရာအနှံ့အပြားမှ ၎င်းတို့သိရှိသည့်သူများကို ဆက်သွယ်၍ စောယ–––၏သတင်းကို စုံစမ်းမေးမြန်းခဲ့ကြသည်။ ရွာသားများပြောကြားချက်မှတစ်ဆင့် စောယ–––အား ဖမ်းဆီးထိန်းသိမ်းသည့်နေရာ သို့မဟုတ် ၎င်းအားတွေ့ရှိခဲ့သောနေရာများသို့ သွားရောက်စုံစမ်းရန်အတွက်  စောယ–––၏ဇနီးဖြစ်သူ နော်ဇ–––သည် သူမ၏သမီးကြီးဖြစ်သူအား မကြာခဏခိုင်းစေလေ့ရှိခဲ့သည်။ သွားရောက်စုံစမ်းရမည့်နေရာများသည် တောင်ငူမြို့နှင့် အနီးအနားကျေးရွာများပါဝင်သည်။ ထို့ကြောင့် သမီးဖြစ်သူ နော်ဟ–––သည် ထိုနေရာများ သို့သွားရောက်စုံစမ်းရန်အတွက် ဆိုင်ကယ်တစ်စီးဖြင့် တိုက်ပွဲပဋိပက္ခနေရာများ၊ SAC စစ်ဆေးရေးဂိတ်များနှင့် ကျေးလက်ဒေသများကိုဖြတ်ကျော်၍ ခရီးသွားလာခဲ့ရသည်။ နော်ဟ–––အနေဖြင့် ညအချိန်တွင်လည်း ခရီးသွား၍ ဖခင်၏သတင်းကို စုံစမ်းခဲ့ရသည်။ ထိုအတွက်ကြောင့် နော်ဟ–––သည် သူမ၏လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ကြောက်ရွံ့ခဲ့သည်။ ထို့ကြောင့် သူမအနေဖြင့် ဖခင်၏သတင်းကိုစုံစမ်းရန် တစ်ချို့သောနေရာများကို မသွားနိုင်တော့သည့်အကြောင်းကို ၎င်း၏မိခင်ဖြစ်သူအား ပြောပြခဲ့သည်။ သူမ၏စကားကြောင့် မိခင်ဖြစ်သူမှ စိတ်ပျက်ဝမ်းနည်းခဲ့ရသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ နော်ဟ–––မှ ဤသို့ ပြန်လည်ပြောပြခဲ့သည်။ "အမေက ကျွန်မကိုဒီလိုပြောတယ်။ – သမီးအဖေ အိမ်မှာရှိတဲ့အချိန်တုန်းက သမီးအတွက်ဆိုရင် ဘာမဆိုလုပ်ပေးခဲ့တယ်။ အခုတော့ သမီးအဖေအတွက် ဘာဖြစ်လို့ မလုပ်ပေးနိုင်တော့တာလဲ။" အဖေဖြစ်သူ ပျောက်ဆုံးသွားခြင်းကြောင့် ဒေါသထွက်၍ ဝမ်းနည်းခြင်းအစရှိသည့် စိတ်ပိုင်းဆိုင်ရာခံစားချက်များဖြစ်ပေါ်လာပြီး မိသားစုဝင်ကြားတွင် ဆက်ဆံရေးတင်းမာလာခဲ့ရသည်။

ဇွန်လတွင် မိုးရာသီစရောက်လာပြီးဖြစ်သောကြောင့် စောယ–––၏မိသားစုသည် စောယ–––၏သတင်းကိုစုံစမ်းရန် အတွက် ယခင်ကဲ့သို့ ခရီးသွားလာနိုင်ခြင်းမရှိတော့ပေ။ ထို့ကြောင့် စောယ–––၏ ဇနီးသည် အသင်းအုပ်ဆရာတစ်ဦးကိုဖိတ်ကြား၍ ခင်ပွန်းဖြစ်သူလွတ်မြောက်ရန်အတွက် အိမ်တွင်ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ခဲ့ကြ

သည်။ ဤဆုတောင်းပွဲကို ခင်ပွန်းမွေးနေ့ဖြစ်သော တန်လာနေ့၌ အပတ်တိုင်းပြုလုပ်လေ့ရှိသည်။ ဆုတောင်းပွဲပြုလုပ်သည့်အချိန်တိုင်းတွင် စောယ---၏ဇနီးသည် အမြဲတမ်းအလှူငွေပေးကမ်းလေ့ရှိသည်။ တစ်ချို့သောသူများသည် စောယ---အား ဝိုင်းဝန်းကူရှာပေးရန်အတွက် စောယ---မိသားစုထံမှ ငွေတောင်းခံလေ့ရှိသည်။ ရွာသားတစ်ဦးသည် စောယ--- အား ကူရှာပေးရန် ငွေဆယ်သိန်းတောင်းခံသည့် ဖြစ်စဉ်မျိုးလည်းရှိခဲ့သည်။ နော်ဇ---အနေဖြင့် သူမ၏အမျိုးသားသည် အိမ်ပြန်လာမည်ဟု မျှော်လင့်ချက်ဖြင့် ထိုသူများတောင်းခံသည့်ငွေကိုပေးခဲ့သည်။ ဒေသခံလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခု၏ ကူညီချိတ်ဆက်မှုဖြင့် စောယ---မိသားစုသည် ငွေကြေးကူညီထောက်ပံ့မှုရရှိခဲ့သည်။ သို့သော်လည်း မိခင်ဖြစ်သူသည် လက်ခံရရှိသည့်အလှူငွေများကို မိသားစုလိုအပ်ချက်များအတွက်မသုံးဘဲ ၎င်း၏အမျိုးသားကိုရှာဖွေရန်အတွက်သာ အသုံးပြုခဲ့ကြောင်း သမီးဖြစ်သူ နော်ဟ---မှ ပြောပြခဲ့သည်။ ထိုအလှူငွေများသည် စောယ--- အတွက်သာဖြစ်ပြီး သူနှင့်သာသက်ဆိုင်ကြောင်း ၎င်း၏မိသားစုဝင်များက ယုံကြည်ကြသည်။ ထို့ကြောင့် ၎င်း၏မိသားစုဝင်အနေဖြင့် စောယ---အတွက်သာ ထိုငွေများကိုအသုံးပြုခဲ့သည်။

ဩဂုတ်လနှင့်စက်တင်ဘာလအတွင်း နော်ဇ---သည် ရက်သတ္တပတ်အနည်းငယ်ကြာ ဖျားနာခဲ့သည့်အတွက်ကြောင့် စိုက်ပျိုးရေးခြံထဲသို့ အလုပ်မသွားလုပ်နိုင်ခဲ့ပေ။ သူမပုန်းရှောင်သည့်နေရာတွင်ရှိသည့် ဒေသခံသူနာပြုတစ်ဦးမှ သူမအားကြည့်ရှုစောင့်ရှောက်ခဲ့သည်။ သူမဖျားနာနေခဲ့သော်လည်း ခင်ပွန်းကိုသာရှာဖွေရန် စိတ်အားထက်သန်နေခဲ့သည်။ သတင်းမှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သူမ၏ခင်ပွန်းအကြောင်း သိရှိရလျှင်ပင် စိတ်ချမ်းသာနေခဲ့ရသည်။ သူမ၏စားဝတ်နေရေးအတွက် ကလေးများအပေါ်မှီခိုနေရပြီး ခင်ပွန်းဖြစ်သူကို ပြန်လည်တွေ့ရှိရန်သာ မျှော်လင့်နေရှာသည်။ စောယ---၏မိသားစုသည် ထွက်ပြေးတိမ်းရှောင်ရသော်လည်း စောယ---၏ ဒုတိယအကြီးဆုံးသားသည် အလုပ်လုပ်ကိုင်နေဆဲဖြစ်ပြီး တစ်ခါတစ်ရံတွင် မိသားစုပိုင်ဆိုင်သည့်ခြံထဲသို့ ပြန်သွား၍ခြံအလုပ်လုပ်ခဲ့သည်။ သမီးအကြီးဆုံးဖြစ်သူ နော်ဟ---သည် ကျောင်းဆရာမအနေဖြင့် အလုပ်လုပ်၍ ခြံထွက်သီးနှံများကိုလည်း ရောင်း၍ဝင်ငွေရှာရသည်။ ကျန်ရှိသော သားသမီးများသည် ၎င်းတို့မိသားစုရရှိသည့်ငွေကြေးထောက်ပံ့မှုဖြင့် ထိုင်း-မြန်မာနယ်စပ်တွင် ကျောင်းပညာရေးကိုဆက်လက်ဆည်းပူးနေပါသည်။ စောယ---အနေဖြင့် ပညာရေးသည်အရေးကြီးကြောင်း အမြဲတမ်းပြောလေ့ရှိပြီး ကျောင်းပညာရေးကို အလေးထားရန် သူ၏သားသမီးများကို အားပေးသည့်သူတစ်ဦးလည်းဖြစ်သည်။

ဒေသခံလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခု၏အကူအညီဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လတွင် စောယ---၏မိသားစုသည် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုထံမှ ငွေကြေးထောက်ပံ့မှုရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ဒေသခံလူ့အခွင့်အရေးအဖွဲ့အစည်းနှင့် စောယ---၏မိသားစုတို့သည် ဥပဒေဆိုင်ရာအကူအညီပေးသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုနှင့်ချိတ်ဆက်ပြီး အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူ စောယ---၏အကြောင်းကို မျှဝေပေးခဲ့သည်။ ထိုနိုင်ငံတကာအဖွဲ့အစည်းသည် အခြားသောလမ်းကြောင်းဖြင့် စောယ---အား စတင်၍ စုံစမ်းရှာဖွေ နေပြီးဖြစ်သည်။ ဆက်လက်၍စုံစမ်းရှာဖွေနိုင်ရန်အတွက် ပထမဦးဆုံး စောယ---၏မိသားစုသည် လုံခြုံစိတ်ချသည့်နေရာတွင် ရှိနေရမည်ဖြစ်သည်။

နော်ဟ---အနေဖြင့် သူမ၏မိခင်သည် လူမှုကူညီထောက်ပံ့မှုရရှိသည့်အခါ သို့မဟုတ် သူမ၏သူငယ်ချင်းများနှင့်အတူ ဘုရားကျောင်းသွားနိုင်သည့်အခါတွင် စိတ်ပိုင်းဆိုင်ရာအရ သူမ၏မိခင်ပြန်ကောင်းလာမည်ဟု ယုံကြည်နေသည်။ သူမ၏မိခင်သည် လုံခြုံစိတ်ချသည့်နေရာတွင် ဈေးဆိုင်အသေးတစ်ဆိုင်ဖွင့်ပြီး ရွာကိုလည်းပြန်၍ ဖခင်ဖြစ်သူအားရှာဖွေခွင့်ရလျှင် ပို၍ကောင်းမည်ဖြစ်ကြောင်း နော်ဟ---မှယုံကြည်သည်။

## (ခ) မတရားဥပဒေများ၊ ညမထွက်ရအမိန့်များ၊ ခရီးသွားလာခွင့်ကန့်သတ်ခြင်းများနှင့် ပိုမိုများပြားလာသည့် စစ်ရေးလှုပ်ရှားမှုများ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်တွင် SAC သည် ရောနှောထိန်းချုပ်သည့် နယ်မြေများအပါအဝင် ၎င်းတို့လှုပ်ရှားသည့်နယ်မြေအတွင်း အရပ်သားများအား ခရီးသွားလာခွင့်ကန့်သတ်ခြင်းများပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် SAC သည် ကရင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းအများအပြားရှိ မြို့နယ် ၅၀ တွင် အရေးပေါ်လုံခြုံရေးဥပဒေထုတ်ပြန်ခဲ့ပြီး ၎င်းတို့၏အစီအစဉ်အတိုင်း ရှေ့ဆက်လုပ်ဆောင်နိုင်ရန် ယခင်တည်ရှိသောဥပဒေများအားလျစ်လျူရှုထားကာ ထိုဒေသများတွင် ၎င်းတို့၏ထိန်းချုပ်မှုကိုတိုးမြှင့်ခဲ့ပါသည်။[31] မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အရေးပေါ်လုံခြုံရေးဥပဒေကြောင့် ထိခိုက်ခံစားရသည့် မြို့နယ်သစ်များမှာ ဒူးသထူခရိုင်မှ ကျိုက်ထို၊ တောအူးခရိုင်မှ ဒေါ်ဖားခို (သံတောင်ကြီး)၊ ခလယ်လွီထူခရိုင်မှ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ မူး (မုန်း) အထူးဒေသနှင့် ဆောထိ (ရွှေကျင်) မြို့နယ်၊ မြိတ်ထားဝယ်ခရိုင်မှ ပလော (ပလော) ဒေသ နှင့် တနော့သရီ (တနင်္သာရီ) မြို့နယ်၊ ဒူးပလာယာခရိုင်မှ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ဝေါ်ရေ (ဝင်းရေး)နှင့် ကော်တရီကော်တရီ (ကော့ကရိတ်) မြို့နယ်တို့ဖြစ်ကြသည်။ SAC မှ အရေးပေါ်လုံခြုံရေးဥပဒေထုတ်ပြန်ခြင်းက စစ်တပ်အားတာဝန်ယူမှုတာဝန်ခံမှုမရှိပဲ တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှု အပါအဝင် အကြမ်းဖက်မှုများအားကျူးလွန်ခွင့်ပေးလျက်ရှိသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ ဒေသခံပြည်သူများသည် အဓိကဝင်ငွေလမ်းကြောင်းအတွက် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ မြို့ပြနေပြည်သူများမှာ အခြားအသက်မွေးကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထို့အတွက်ကြောင့် ပြည်သူများ၏လုပ်ငန်းတည်နေရာများသည် ၎င်းတို့၏နေအိမ်နှင့် အလှမ်းဝေးလေ့ရှိသည်။ လျှပ်စစ်မီးမရှိသဖြင့် ဒေသခံပြည်သူအများစုသည် လုပ်ငန်းခွင်နေရာတွင် တနေကုန်နေလေ့ရှိပြီး မိုးချုပ်မှသာ အိမ်သို့ပြန်လာလေ့ရှိသည်။ ကျေးလက်ဒေသရှိ ဒေသခံရွာသားများသည် အစားအသောက်နှင့် ၎င်းတို့လိုအပ်သည့် အိမ်သုံးပစ္စည်းများဝယ်ယူရန်အတွက်သာ မြို့ပေါ်သို့သွားလေ့ရှိသည်။ ညမထွက်ရအမိန့်၊ ခရီးသွားလာခွင့်ပိတ်ပင်ခြင်းများ၊ စစ်ရေးလှုပ်ရှားမှုများနှင့် အချိန်တိုင်းတွင်ဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရနိုင်သည်ဟူသော ခြိမ်းခြောက်မှုများကြောင့် ၎င်းတို့အနေဖြင့် လုပ်ငန်းခွင်တွင် အချိန်ပြည့်မနေနိုင်ခြင်း၊ လိုအပ်သည့်အချိန်များတွင် သွားလာခြင်းမပြုလုပ်နိုင်သဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ခွင့်နှင့် လှုပ်ရှားသွားလာခွင့်အပေါ်သက်ရောက်မှုရှိစေသည်။

### ညမထွက်ရအမိန့်အား ချိုးဖောက်သည့်အတွက် ဖမ်းဆီးခြင်း

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် SAC သည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်တွင် အရေးပေါ်လုံခြုံရေးဥပဒေထုတ်ပြန်ခဲ့ပြီး ဒေသခံပြည်သူများအား ညနေ ၆ နာရီမှ မနက် ၆ နာရီအတွင်း အပြင်ထွက်ခြင်းနှင့် လှုပ်ရှားမှုများ မပြုလုပ်ရန် တားမြစ်ခဲ့သည်။ SAC တပ်သားများက ရွာသားများအား ညမထွက်ရအမိန့်ချိုးဖောက်သည့်ရွာသားများကို ထောင်ချမည်ဖြစ်ပြီး ပြန်လွှတ်နိုင်မည်မဟုတ်ကြောင်း အတိအလင်းပြော၍ ခြိမ်းခြောက်ခဲ့သည်။[32] ထိုဥပဒေသည် ဒေသခံများအပေါ်ပစ်မှတ်ထား၍ ၎င်းတို့၏လှုပ်ရှားသွားလာခွင့်အား ကန့်သတ်နေခြင်းဖြစ်ကြောင်း နို့တကောမြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သည့် စောအအ--- မှပြောပြခဲ့သည်။ ၎င်းမှ *"လက်ရှိအချိန်မှာတော့ SAC က ညမထွက်ရအမိန့်ထုတ်ထားပြီး ဘယ်သူမှ ညနေ ၆ နာရီကနေ မနက် ၆ နာရီအတွင်း အပြင်မထွက်ရဘူး။ သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ တစ်ယောက်ယောက်က အပြင်ထွက်ရင် သူ့ကို PDF အဖွဲ့ဝင်လို့ သတ်မှတ်လိမ့်မယ်။ SAC က PDF အဖွဲ့ကို အကြမ်းဖက်အဖွဲ့လို့ သတ်မှတ်ထားတယ်။ ဒါကြောင့် တစ်ယောက်ယောက်က PDF အဖွဲ့ဝင်လို့ စွပ်စွဲခံရရင် သူက အသတ်ခံရလိမ့်မယ်။"* ဟုရှင်းပြခဲ့သည်။

---

[31] Human Rights Watch မှ ၂၀၂၃ ခုနှစ်တွင်ထုတ်ဝေသော "Myanmar Junta Extends Martial Law," တွင်ကြည့်ပါ။

[32] ၂၀၂၃ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော "ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို – နို့တကောမြို့နယ်တွင် ရွာသားများ အဓမ္မပျောက်ဆုံးသွားခြင်းနှင့် မာရှယ်လောထုတ်ပြန်ကြေညာခြင်း (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ မတ်လအထိ)" တွင် ကြည့်ပါ။

ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တကုခီးကျေးရွာအုပ်စု၊ ခထ--- ကျေးရွာမှ စောအဘ--- က ဤသို့ ပြောပြခဲ့သည်။ *"အဲ့ဒီဥပဒေ [မာရှယ်လော] က အရပ်သားတွေကို ညနေ ၆ နာရီကျော်ရင် အပြင်ထွက်ခွင့် ပိတ်ပင်ထားတယ်။ အပြင်ထွက်တာတွေ့ရင်ပစ်သတ်ခံရမယ်။ ခြေထောက်တွေကျိုးတဲ့အထိ သေနတ်နဲ့ပစ်ခံရမယ်။ ဒါမှမဟုတ် အဖမ်းခံရပြီး ဒဏ်ငွေပေးရမယ်။ ပြည်သူတွေအနေနဲ့ဝတ်ပြုဖို့ ဒါမှမဟုတ် စည်းဝေးဖို့ ငါးယောက်နဲ့အထက် လူစုလို့မရဘူး။"* မာရှယ်လောထုတ်ပြန်ပြီးနောက် ဆိပ်ကြီးမြို့တွင် အရပ်သားငါးဦး ဖမ်းဆီးခံခဲ့ရပြီး ၎င်းတို့ပြန်လည်လွတ်မြောက်ရန်အတွက် တစ်ဦးလျှင် ဒဏ်ငွေငါးသိန်း (၅၀၀,၀၀၀) ကျပ်စီပေးဆောင်ခဲ့ရသည်။ မိသားစုဝင်များအနေဖြင့် ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မှမရရှိခဲ့ပဲ ၎င်းတို့ချစ်ခင်ရသူများပျောက်ဆုံးသည်ဟု သိရသည့်အခါမှသာ ၎င်းတို့ကိုယ်တိုင် သတင်းအချက်အလက်များ သိရှိနိုင်ရန် လုပ်ဆောင်ခဲ့ရသည်။[33]

မာရှယ်လောနှင့် ညမထွက်ရအမိန့်များချမှတ်ခြင်းက ဒေသခံပြည်သူများ၏ လှုပ်ရှားသွားလာမှုနှင့် လုံခြုံရေးကို ကန့်သတ်လျက်ရှိသည်။ ရွာသားများအနေဖြင့် ၎င်းတို့၏ဥယျာဉ်ခြံများသို့ လွတ်လပ်စွာသွားလာခွင့် မရှိတော့ပါ။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ဒေသခံရွာသားများက ညမထွက်ရအချိန်ဖြစ်သော ညနေ ၆ နာရီမှာ နေ့အလင်းရောင်ရှိသေးပြီး ထိုအချိန်သည် ယခင်က ရွာသားများအလုပ်မှပြန်လာရန်သွားလာကြသည့် ပုံမှန်အချိန်ဖြစ်သောကြောင့် အလွန်စောလွန်းသည်ဟုဆိုသည်။ ဒေသခံရွာသားများအနေဖြင့် တိုက်ပွဲများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများကြောင့် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေပြီးဖြစ်ရာ မာရှယ်လောက ၎င်းတို့၏အခက်အခဲများအား ပို၍ဆိုးရွားစေသည်။ တောအူးခရိုင်မှ ဒေသခံတစ်ဦးမှ SAC တပ်သားများသည် မာရှယ်လောထုတ်ပြန်ပြီးနောက် ဒေသတွင်းရှိကျေးရွာများအတွင်း ကင်းလှည့်ခြင်းနှင့် လက်နက်ကြီးများပစ်ခတ်ခြင်းများ ပြုလုပ်လေ့ရှိသည်။[34] ဒေသခံပြည်သူများအနေနှင့် လမ်းတွင် SAC ၏ စစ်ဆေးရေးဂိတ်များ ပိုမိုများပြားလာသည်ကို တွေ့လာရသည်။ တနင်္ဂနွေနေ့များတွင် ရွာသားများအား မြို့ပေါ်သို့ သွားခွင့် မပေးပေ။ ညနေ ၆ နာရီမှ မနက် ၆ နာရီအထိ အပြင်မထွက်ရအမိန့်သည် ဘာသာရေးလှုပ်ရှားမှုများ အပါအဝင် အရပ်သားအားလုံး၏လှုပ်ရှားမှုပေါ် ချွင်းချက်မရှိသက်ရောက်မှုရှိသည်။ မွတ်စလင်များအနေနှင့် နံနက် ၆ နာရီမတိုင်မီ ဝတ်ပြုခြင်းမပြုလုပ်နိုင်သကဲ့သို့ ဗုဒ္ဓဘာသာဘုန်းကြီးများသည်လည်း ဆွမ်းခံကြွခွင့်မရှိပါ။ ထိုနည်းတူစွာ ခရစ်ယာန်ဘာသာဝင်များသည်လည်း ညနေ ၆ နာရီကျော်ပါက ဘုရားကျောင်းတွင် ဝတ်ပြုကိုးကွယ်ခြင်းအတွက် သီချင်းကျင့်ခြင်းများ ပြုလုပ်ခွင့်မရှိတော့ပါ။[35]

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီတွင် အသစ်ချမှတ်ထားသည့် မာရှယ်လောအား အချိန်ကာလထပ်တိုးခဲ့ကြောင်း အသိပေးခဲ့သော်လည်း ဒေသခံများက သတိမထားသည့်အတွက် အရပ်သားအများအပြားမှာ ၎င်းတို့လုပ်နေကြအတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ SAC ၏လုံခြုံရေးတပ်ဖွဲ့များသည် နောက်ပိုင်းတွင် ရွာသားများအား စတင်ဖမ်းဆီးခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ မာရှယ်လောချမှတ်ခဲ့သည့်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်တွင် အရပ်သားပြည်သူအများအပြားမှာ သတ်မှတ်ချိန်ထက်မိနစ်အနည်းငယ်ကျော်လွန်၍ သွားလာခဲ့သည့်အတွက် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။

အလားတူပင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နို့တကောမြို့နယ်၊ တခကလိုး ကျေးရွာအုပ်စု၊ ခဗ--- ကျေးရွာမှ အသက် ၂၆ နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သော အခ--- သည် ဆိပ်ကြီးမြို့မှ ၎င်း၏ ကျေးရွာသို့ ပြန်လာသည့် ညနေ ၆ နာရီ ၁၅ မိနစ် အချိန်၌ ဖမ်းဆီးခံခဲ့ရသည်။ ၎င်းသည် မြို့ပေါ်ရှိ လျှပ်စစ်ကုမ္ပဏီတစ်ခုတွင်

[33] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ မတ်လတွင်ရရှိခဲ့သော ဒူးပလာယာခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နှုတ်ထားပါသည်။

[34] KHRG မှ ၂၀၂၃ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသော "တောအူးခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို – ၂၀၂၃ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ထေါတထူမြို့နယ်အတွင်းSAC၏စစ်ရေးလှုပ်ရှားမှုများ၊ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်းနှင့်ခရီးသွားလာခွင့်တင်းကြပ်ပိတ်ပင်ခြင်း" တွင် ကြည့်ပါ။

[35] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ မတ်လတွင်ရရှိခဲ့သော ဒူးပလာယာခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နှုတ်ထားပါသည်။

အလုပ်လုပ်ပြီး အိမ်သို့ပြန်လာနေခြင်းဖြစ်သည်။ ၎င်း၏မိသားစုမှ ၎င်းအားဆိပ်ကြီးရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားစဉ် တစ်ကြိမ်သာတွေ့ဆုံခွင့်ရခဲ့သည်။ ထို့နောက်တွင် ၎င်း၏အခြေအနေအား မသိရတော့ပါ။ ကျေးရွာအတွင်း ကောလာဟာလများကြားသိရပြီးနောက် ၎င်းအား ဖားအံမြို့ရှိတောင်ကလေး အကျဉ်းထောင်သို့ ပို့လိုက်သည်ဟုသာယူဆခဲ့ကြသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လကုန် အခ--- ပြန်လည် လွတ်မြောက်လာသည့်အချိန်မှသာ ၎င်းအား တောင်ကလေးအကျဉ်းထောင်တွင် ငါးလကျော်အကျဉ်းချခံရပြီး အလုပ်ကြမ်းလုပ်ကိုင်ခဲ့ရသည်ဟု ဆိုသည်။ အခ--- သည် ၎င်း၏ အတွေ့အကြုံအား KHRG နှင့်မျှဝေခဲ့သည်။ *"ကျွန်တော့်ကို ကြာအင်းဆိပ်ကြီးမြို့ ရဲစခန်းမှာ ၁၅ ရက် ဖမ်းထားတယ်။ [...] ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ကျွန်တော့်ကို ဘားအံ၊ တောင်ကလေး[ထောင်] ကို ရဟတ်ယာဉ်နဲ့ ပို့တယ်။ [...] သူတို့က ကျွန်တော့်ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၆ လ ချမှတ်ခဲ့တယ်။ [...] သူတို့က ကျွန်တော်တို့ကို မနက် ၇ နာရီကနေ ညနေ ၅ နာရီအထိ အလုပ်လုပ်ခိုင်းတယ်။ [...] ကျွန်တော်တို့က တောင်ကလေး အကျဉ်းထောင်ကနေ ဘားအံမြို့အဝင် ကြို့ဆိုပါ၏ ဆိုင်းဘုတ်နားက လယ်တွေအထိ သွားရတယ်။ ကျွန်တော်က လယ်ထဲမှာ လယ်ထွန်စက်မောင်းဖို့ တာဝန်ကျတယ်။ [...] တနင်္ဂနွေနေ့ ဆိုရင်တော့ မနက်ခင်းမှာ အလုပ်ဆင်း၊ ထောင်ခြံဝန်းကိုသန့်ရှင်းရေး လုပ်ရတယ်။ [...] သူတို့ခိုင်းတဲ့အတိုင်း ကျွန်တော်တို့ လုပ်ရတယ်။ ကျွန်တော်တို့မလုပ်ဘူးဆို အရိုက်ခံရတယ်။"*

ဆိပ်ကြီးမြို့ပေါ်မှ ရွာသား စုစုပေါင်း ၂၃ ဦးသည် ညနေ ခြောက်နာရီကျော် အပြင်ထွက်ခြင်းကြောင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးခံခဲ့ရပြီးနောက်တွင် ရွာသားများသည် ဆိပ်ကြီးမြို့ပေါ်ရှိ ရဲစခန်းတွင် ထိန်းသိမ်းခံခဲ့ကြရသည်။ ရက်အနည်းငယ်ကြာပြီးနောက် ထိုရွာသားများအား ရဟတ်ယာဉ်များဖြင့် ခေါ်ဆောင်သွားခဲ့ပြီး အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည်။ ထိုသူများအား မည်သည့်နေရာသို့ ခေါ်ဆောင် သွားသည်နှင့် မည်သို့ဖြစ်သွားသည်ကို မည်သူမှမသိရပါ။ SAC ၏ဒေသခံလုံခြုံရေးတပ်ဖွဲ့များမှ ဖမ်းဆီးခံရသောရွာသားများသည် ထောင်ချခံရမည်ဖြစ်ပြီး ဤအကြောင်းအရာနှင့် ပတ်သက်၍ အသေးစိတ်အချက် အလက်များအား လက်ခံရရှိထားခြင်းမရှိကြောင်း ၎င်းတို့၏မိဘများအားပြောခဲ့သည်။



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ဒူးပလာခရိုင်၊ နို့တကောမြို့နယ်၊ တကုခီးကျေးရွာအုပ်စု၊ စဝ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ဖုန်းမျက်နှာပြင်ပေါ်တွင်တွေ့ရသည့် အသက် (၁၅) နှစ်ရှိ စောအဒ--- ၏ပုံဟောင်းတစ်ပုံဖြစ်ပါသည်။ ၎င်းမှ သူငယ်ချင်းတစ်ဦးနှင့်အတူ ဆိုင်ကယ်ဖြင့် သွားလာသည့်အချိန်တွင် ပျောက်ဆုံးသွားခဲ့ပါသည်။ ၎င်းတို့အား SAC မှ ဖမ်းဆီးသွားခဲ့သည်ဟု ယူဆခဲ့ကြပါသည်။ *(ဓာတ်ပုံ – KHRG)*

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ခထ--- ကျေးရွာအုပ်စု အသက် ၁၅ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သော စောအဒ--- သည် အနီးအနားရှိ ခဆ--- ကျေးရွာသို့ ဆိုင်ကယ်ဖြင့်သွားစဉ် သူငယ်ချင်းတစ်ဦးနှင့်အတူ ပျောက်သွားခဲ့သည်။ ၎င်းတို့မည်သည့်နေရာတွင် ဖမ်းဆီးခံခဲ့ရသည်ကို မည်သူတစ်ဦးတစ်ယောက်မှ သေချာမသိပါ။ သို့သော်လည်း ၎င်းတို့အနေဖြင့် အပြန်လမ်းခရီးတွင် ဒေသတွင်းရှိ SAC ၏ ဖမ်းဆီးခံရခြင်းဖြစ်နိုင်သည်ဟု ဒေသခံရွာသားများမှ ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဆိုင်ကယ်အား ခဆ---ကျေးရွာ လမ်းမထောင့်တွင် ချန်ထားခဲ့သည်ကို လူအချို့က တွေ့ရှိခဲ့သည်။ ကျေးရွာခေါင်းဆောင်အချို့၏ အကူအညီဖြင့် ၁၅ နှစ်အရွယ် လူငယ်၏မိခင်ဖြစ်သူ နော်အင--- သည် သူမ၏သားဖြစ်သူအားရှာဖွေရန် ဒေသတွင်း SAC စစ်သားများထံသို့ ချဉ်းကပ်ခဲ့သည်။ ဆိပ်ကြီးမြို့ရဲစခန်းသို့ ရောက်သည့်အချိန်တွင် အခြားဆယ်ကျော်သက်အရွယ် လူငယ်ငါးဦးခန့်ကိုတွေ့ခဲ့သော်လည်း သူမ၏သားဖြစ်သူအား ရှာမတွေ့ခဲ့ပါ။ ယခုအချိန်ထိ မိခင်ဖြစ်သူသည် ပြင်းထန်သည့်စိတ်ပိုင်းဆိုင်ရာ

စိတ်ဓာတ်ကျဆင်းမှု အခြေအနေအားခံစားရလျက်ရှိပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူမ၏သားဖြစ်သူပြန်ရောက်လာမည်ဟု မျှော်လင့်ဆဲဖြစ်သည်။

မာရှယ်လောနှင့် ညမထွက်ရအမိန့်များအပြင် ဒေသခံများအား ခရီးသွားလာခြင်းမပြုနိုင်ရန် လမ်းမကြီးများကို လေးလံသည့်အရာများနှင့် ပိတ်ဆို့ထားလျက်ရှိသည်။ ဒူးပလာယာခရိုင်၊ ကော်တရီ မြို့နယ်မှ အမျိုးသမီးတစ်ဦးက သူမ၏ကျေးရွာဖြစ်သော မောင်းမရွာသစ်ကျေးရွာအုပ်စုမှ ကော်တရီမြို့နယ်သို့သွားသည့် လမ်းမကြီးသုံးခုလုံးကို သစ်ပင်ကြီးများဖြင့် ပိတ်ဆို့ထားကြောင်း ပြောပြခဲ့သည်။ ၎င်းတို့အနေဖြင့် ကော်တရီမြို့တွင် အစားအသောက်ဝယ်ယူရန် ပိုမိုဝေးလံပြီး ဆိုးရွားသည့်လမ်းကြောင်းကို အသုံးပြုရသည်ဟုဆိုသည်။ သို့သော်လည်း လုံခြုံရေးအန္တရာယ်ပိုမိုမြင့်မားလာပြီး ဒေသခံများအနေဖြင့် ခရီးသွားလာစဉ် ပျောက်ဆုံးသည့်ဖြစ်ရပ်များကြောင့် ရွာသားများသည် မြို့သို့သွားခြင်းကိုရှောင်ရှားလာကြသည်။ ဒေသခံရွာသားများအနေဖြင့် ခရီးသွားလာစဉ် ပျောက်ဆုံးပါက SAC တပ်များ၏ ဖမ်းဆီးခြင်းခံရသည်ဟု ယူဆကြသည်။

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ဖမ်းဆီးခံရွာသားများ၏မိသားစုဝင်များသည် ၎င်းတို့ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်၍ သတင်းပေးခြင်းမရှိပါ။ ၎င်းတို့အနေဖြင့် အခြားရွာသားများ၊ ဒေသတွင်းအာဏာပိုင်များနှင့် ဖမ်းဆီးရာတွင် တာဝန်ရှိသည်ဟုယူဆရသည့် စစ်သားများအား မေးမြန်းကြရသည်။ ပျောက်ဆုံးသူနှင့်ပတ်သက်၍ သဲလွန်စ သို့မဟုတ် သတင်းအချက်အလက်တစ်စုံတစ်ရာရရှိနိုင်ရန်အတွက် တစ်နေရာမှတစ်နေရာသို့ သွားလာကြရသည်။ SAC ၏ မာရှယ်လောထုတ်ပြန်မှုသည် အတင်းအဓမ္မပျောက်ဆုံးစေမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရန်အတွက် ဗျူဟာကျကျလုပ်ဆောင်ခြင်းဖြစ်သည်။

## လမ်းမများပေါ်တွင် အဓမ္မစစ်ဆေးခြင်း

အာဏာသိမ်းသည့်အချိန်မှစ၍ SAC သည် ညမထွက်ရအမိန့်ထုတ်ပြန်ပြီး ဒေသအတွင်းစစ်အုပ်ချုပ်မှု ပုံစံသွင်းကာ ကျေးရွာများနှင့်မြို့များအကြားတွင် စစ်ဆေးရေးဂိတ်များချထားကြသည်။ အချို့ရွာသားများသည် မြို့ပေါ်မှ အစားအသောက်များ၊ လိုအပ်သည့်ပစ္စည်းများ သို့မဟုတ် တောင်ယာစိုက်ပျိုးရေးပစ္စည်းကိရိယာများအား ဝယ်ယူပြီးသွားလာသည့်အခါတွင် ဒေသတွင်းလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအား ကူညီထောက်ပံ့သူ သို့မဟုတ် အဖွဲ့ဝင်များအဖြစ် စွပ်စွဲခံကြရသည်။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် စစ်သားများ၏နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရနိုင်ချေများသည်။[36] မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားအနည်းဆုံး(၃၃)ဦးခန့်သည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ကျေးရွာတစ်ရွာနှင့်တစ်ရွာကြားသွားလာနေစဉ် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးစေခြင်းခံခဲ့ရသည်။ ဖမ်းဆီးခံရသည့်ရွာသားအများစုမှာ လူငယ်များ သို့မဟုတ် ဆယ်ကျော်သက်အမျိုးသားများဖြစ်ကြပြီး ၎င်းတို့အား SAC မှ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ဝင်များအဖြစ် သံသယဝင်လေ့ရှိသည်။ KHRG သို့ တင်ပြခဲ့သည့်ဖြစ်ရပ်များတွင် တစ်စုံတစ်ဦးပျောက်ဆုံးသည့်အခါ ရက်အနည်းငယ် သို့မဟုတ် ရက်သတ္တပတ်အနည်းငယ်ကြာတတ်ပြီး အချို့မှာ ပြန်လည်လွတ်မြောက်လေ့ရှိသည်။

၂၀၂၁ ခုနှစ်၊ မေလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ခဇ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောအဖ--- သည် ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်းခံရပြီး မြေမြှုပ်မိုင်းများရှင်းလင်းရန် စေခိုင်းခံခဲ့ရသည်ဟု ရွာသားတစ်ဦးက ရှင်းပြခဲ့သည်။ စောအဖ--- သည် ခန္ဓာကိုယ်ချို့ယွင်းချက်ရှိသည့်အတွက် စကားမပြောနိုင်ပေ။ ထိုရွာသားက ရှင်းပြခဲ့သည်မှာ *“[အဖမ်းခံရတာကိုတော့] ကျွန်တော်တို့ မျက်မြင်မတွေ့ခဲ့ရဘူး။ စစ်ကောင်စီတပ်သားတွေ ဖမ်းသွားတယ်လို့ပဲသိရတယ်။ စစ်ကောင်စီတပ်သားတွေကို သူ့ကို သူလျှိုလို့ သံသယဝင်ခဲ့တယ်။ [စစ်ကောင်စီတပ်သားတွေ လမ်းမှာရှိနေတာကို] သူက မသိတော့ ဒူးရင်းသီးရောင်းဖို့ ခရီးဆက်ထွက်ခဲ့တယ်။*

[36] KHRG မှ ၂၀၂၃ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော “ကျွန်တော်တို့ကိုဘာကြောင့်ပစ်မှတ်ထားရတာလဲ? မြန်မာစစ်တပ်မှမြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း” တွင် ကြည့်ပါ။ KHRG မှ ၂၀၂၃ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော “အသက်အန္တရာယ်ဖြစ်စေသောဆုံတွေ့မှုများ-မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များမှ အရပ်သားများအား သတ်ဖြတ်ခြင်း (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ)” တွင် ကြည့်ပါ။

*[...] သူက မြေမြှုပ်မိုင်းကို အန္တရာယ်ကင်းကင်းနဲ့ ဘယ်လိုရှင်းလင်းရမလဲဆိုတာလည်း မသိဘူး။ စစ်ကောင်စီ တပ်သားတွေက သူ့ကိုသတ်ဖို့အတွက် အတင်းအဓမ္မလုပ်ခိုင်းခဲ့တယ်။ [...] စစ်ကောင်စီတပ်သားတွေက သူ့ကို ပြန်မလွှတ်ပဲ သတ်ပစ်ခဲ့တယ်။"* SAC တပ်သားများသည် ဒအ--- နှင့် ခန--- ရွာသားများအား စောအဖ--- အနေဖြင့် မြေမြှုပ်မိုင်းထိမှန်သေဆုံးခဲ့သည်ဟု သတင်းပေးသည့်အခါမှသာ သူ့အား ငယ်စဉ်ကတည်းက စောင့်ရှောက်ကျွေးမွေးခဲ့သည့် အဒေါ်ဖြစ်သူ နော်အဓ--- အနေဖြင့် စောအဖ--- ၏ သေဆုံးခြင်းကိုကြားရှိခဲ့ရသည်။ ရွာသားများသည် ၎င်း၏ရုပ်အလောင်းအားသွားယူရန်အတွက် အလွန်ကြောက်ရွံ့နေခဲ့ကြသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ပိန်းဇလုပ်မြို့တွင် အခြေစိုက်သည့် SAC ခြေလျင်တပ်ရင်း အမှတ် (၂၆၄) သည် ကျောက်တံခါးမြို့သို့ထွက်ခွာခဲ့ကြသည်။ ထိုနေ့နံနက်တွင် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဒခ--- ကျေးရွာအုပ်စု၊ ဒဘ--- ကျေးရွာနှင့် ပဒဲကောကျေးရွာ၊ ဝဲလယ်ဒေါကျေးရွာအုပ်စု၊ ဒဒ--- ကျေးရွာနှင့် ဒင--- ကျေးရွာတို့မှ ရွာသား (၁၆) ဦးတို့သည် စားစရာများဝယ်ရန် ကျောက်တံခါးမြို့သို့သွားရောက်ခဲ့သည်။ ရွာသားများ မြို့ထဲသို့ ဝင်သည့်အခါတွင် SAC ခြေမြန်တပ်ရင်း အမှတ် (၂၆၄) မှ ၎င်းတို့အား ဖမ်းဆီးခဲ့ပြီး ၎င်းတို့၏ ဆန်နှင့်အခြားပစ္စည်းများကို PDF များထံသို့ပို့ဆောင်ပေးသည်ဟု စွပ်စွဲခဲ့ကြသည်။ ဖမ်းဆီးခံရသူများ၏ မိသားစုဝင်များ၏ပြောပြချက်အရ ဖမ်းဆီးခံရသူများထဲမှ ရွာသားသုံးဦးမှာ SAC တပ်သားများ၏ ညှဉ်းပမ်းနှိပ်စက်ခြင်းကို ဆိုးရွားစွာ ခံစားခဲ့ကြရသည်။ ၎င်းတို့ဖမ်းဆီးခံရသည့် အချိန်တွင် မိသားစုဝင်များအနေဖြင့် ဖမ်းဆီးခံရွာသားများနှင့် တွေ့ခွင့်မရခဲ့ပါ။ ဒေသခံရွာသားတစ်ဦး၏ တင်ပြချက်အရ ဖမ်းဆီးခံရွာသားများထဲမှ ဆိုင်ကယ်ရှိသူနှင့် စာရွက်စာတမ်းပြည့်စုံသူများအား ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း SAC မှ ၎င်းတို့၏ မိသားစုများအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြောခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ပျောက်ဆုံးသွားသည့်ရွာသား (၁၆) ဦး အပါအဝင် ရွာသား (၄၀) ဦးအား SAC မှပြန်လွှတ်ပေးခဲ့သည်။ ထိုသို့ပြန်လည်လွှတ်မြောက်လာပြီးနောက် လုံခြုံရေးအတွက် စိုးရိမ်မှုများရှိသဖြင့် အများစုမှာ ၎င်းတို့၏ ကျေးရွာများမှ ထွက်ပြေးခဲ့ကြသည်။[37]

ရွာသားများသည် လမ်းမပေါ်တွင် SAC ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီးနောက် ၎င်းတို့ပြန်မလွှတ်မီ ရက်ပေါင်း အတော်ကြာသည့်တိုင်အောင် ထိန်းသိမ်းခံထားရပြီး ပျောက်ဆုံးခဲ့ကြသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဒဖ--- ကျေးရွာမှ အသက် ၂၂ နှစ်အရွယ် စောအဟ--- နှင့် ဒဂ--- ကျေးရွာမှ အခြား ရွာသားတစ်ဦးတို့သည် ကလဲမူထီးဒေသအနီးတွင် ခရီးသွားစဉ် SAC ခြေလျင်တပ်ရင်း အမှတ် (၁၉) ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ၎င်းတို့အား မဲ့ရိုကျေးရွာအနီးရှိ ခြေလျင်တပ်ရင်း အမှတ် (၁၉) ထိန်းသိမ်းရေးနေရာသို့ ခေါ်ဆောင်သွားသည့် အခါတွင် ၎င်းတို့၏ မျက်လုံးများအား အဝတ်ဖြင့် စည်းထားပြီး ခြေလက်များအားချည်နှောင်ထားခဲ့သည်။ စောအဟ--- သည် အလွန်ဆိုးရွားစွာညှဉ်းပန်း နှိပ်စက်ခံခဲ့ရသည်။ တစ်ပတ်ကြာပြီးနောက် ၎င်းတို့အားပြန်လည်မလွှတ်မီ လက်ဗွေနှိပ်ကာအဓမ္မလက်မှတ် ရေးထိုးခိုင်းခဲ့သည်။ ထောင်မှူးက ၎င်းထံမှ ငွေကျပ် ၁၀,၀၀၀ နှင့် ၎င်း၏ သူငယ်ချင်းဖြစ်သူထံမှ ငွေကျပ် ၃၀,၀၀၀ ယူခဲ့သည်ဟု ၎င်းက ပြောပြခဲ့သည်။[38]

စောအဟ--- က KHRG အား ဤသို့ ရှင်းပြခဲ့သည်။ *"သူတို့ [စစ်ကောင်စီ တပ်သားများ] က ကျွန်တော့်မေးစေ့မှာ တစ်ချက်၊ ကျောကုန်းကို တစ်ချက်နဲ့ ရင်ဘတ်ကိုထိုးတယ်။ ကျွန်တော့်ရင်ဘတ်ကို ဓားနဲ့ထိုးပြီးတော့ မေးခွန်းတွေမေးတယ်။ သူတို့မေးခွန်းမေးတဲ့အခါတိုင်း ကျွန်တော့်ရင်ဘတ်ကိုဓားနဲ့ထိုးတယ်။ ကျွန်တော်က သူတို့ကို 'ကျွန်တော်ဘာဖြေရမလဲမသိဘူး' လို့ပြောခဲ့တယ်။ သူတို့ ကျွန်တော့်အဖေနဲ့ အမေနာမည်ကို မေးတဲ့အခါပဲ ကျွန်တော်ဖြေနိုင်တယ်။ ကျွန်တော် အရမ်းနာကျင်ရတယ်။ ကျွန်တော့်ခေါင်းကို ပစ္စတိုနဲ့ချိန်တယ်။ ပြီးတော့ ကျွန်တော့် လိင်အင်္ဂါကိုလည်းညှစ်တယ်။ ကျွန်တော်သူတို့ကို အဲ့လိုမလုပ်ဖို့ တောင်းပန်တယ်။ သူတို့ကို ရေတောင်း*

[37] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင်ရရှိခဲ့သော ညောင်လေးပင်(ခလယ်လွီထူ)ခရိုင်မှ မထုတ်ပြန်ရသေးသည့် အစီရင်ခံစာ တစ်ခုမှကောက်နုတ်ထားပါသည်။

[38] ဤအချက်အလက်ကို ၂၀၂၂ ခုနှစ်၊ မတ်လတွင်ရရှိခဲ့သော မူတြော်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နုတ်ထားပါသည်။

*သောက်ပေမယ့် သူတို့ရေမတိုက်ဘူး။ အဲ့ဒါအစား သူတို့က ကျွန်တော့်ကို အရက်ပေးတယ်။ ဒါပေမယ့် ကျွန်တော်မသောက်ဘူး။ သူတို့က ကျွန်တော့်ကိုအရက်အတင်းတိုက်ပေမယ့် ကျွန်တော်ထွေးထုတ်လိုက်တယ်။ သူတို့က ကျွန်တော့်ကို လျှပ်စစ်ဝါယာကြိုးတွေနဲ့ ချည်ထားတယ်။ [...] ဖမ်းပြီးတော့ နှစ်ရက်နေမှ ကျွန်တော့်ကို အစာကျွေးတယ်။ သုံးရက်လောက် ကျွန်တော့်မျက်လုံးကို အဝတ်နဲ့ စည်းထားတယ်။ နေ့အချိန်ဆိုရင် ကျွန်တော့်ကို မေးခွန်းမမေးဘူး။ ကျွန်တော့်ကို ရက်ခြားပြီး ညဘက်ကျမှပဲ သုံးခါလောက် မေးခွန်းတွေလာမေးတယ်။"*[39] ခရီးသွားလာသည့်အချိန်တွင် တရားလက်လွတ် ဖမ်းဆီးခြင်းများကြောင့် ဒေသခံရွာသားများ၊ ကျူးလွန်ခံရသူ၏ မိသားစုဝင်များနှင့်ကျူးလွန်ခံရသူများ ကိုယ်တိုင်က အလွန်ကြောက်ရွံ့ကြသဖြင့် SAC ၏ဖမ်းဆီးခြင်းကိုရှောင်ရှားရန် မြို့ပေါ်သို့သွားလာခြင်းကို ရပ်တန့်ခဲ့ကြသည်။

SAC ၏ အတင်းအဓမ္မပျောက်ဆုံးစေမှုများဖြစ်စေသည့် ဖမ်းဆီးထိန်းသိမ်းမှုများအား ရှောင်ရှားရန်မှာ ရွာသားများအတွက် အလွန်ခက်ခဲသည်။ KHRG သို့ အစီရင်ခံတင်ပြချက်များအရ ရွာသား (၈) ဦးသာလျှင် ထိုအန္တရာယ်များကြားမှလွတ်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် SAC ၏ခြေမြန်တပ်မ အမှတ် (၄၄) သည် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ မိကသိန်းဘုန်းကြီးကျောင်းတွင် အခြေစိုက်ခဲ့သည်။ ထိုနေ့တွင် ရွာသားနှစ်ဦးဖြစ်သော (အသက် ၁၉ နှစ်အရွယ်) မောင် အစျ--- နှင့် (အသက် ၂၉ နှစ်အရွယ်) အည--- တို့က ဘုန်းကြီးကျောင်းသို့သွားရာတွင် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့သည် ငါးရက်ကြာဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထိုအချိန်အတွင်း ရက်စက်စွာညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ရိုက်နှက်ခံရခြင်း၊ ဆေးလိပ်မီးဖြင့်တို့ခြင်းများကို ခံစားခဲ့ရသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် SAC နှင့် KNLA ပူးပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိုဖမ်းဆီးထားသည့်ရွာသားများ လွတ်မြောက်ခဲ့သည်။ မောင်အစျ--- သည် ရွာသို့ ပြန်ရောက်လာခဲ့သော်လည်း အည--- မှာ ထိုအချိန်မှစ၍ ပျောက်ဆုံးသွားခဲ့ပါသည်။ ၎င်းတို့ ထွက်ပြေးရန် ကြိုးပမ်းသည့်အချိန်တွင် SAC ၏သတ်ဖြတ်ခြင်း ခံရနိုင်ချေရှိသည်ဟု ရွာသားများမှယူဆကြသည်။ အသက် ၁၉ နှစ်အရွယ် မောင်အစျ--- သည် ဒဏ်ရာများနှင့်ပြည့်နှက်နေခဲ့ပြီး ၎င်း၏ကိုယ်ခန္ဓာပေါ်တွင် အညိုအမဲအကွက် များစွဲလျက်ရှိသည်။ ၎င်း၏ မျက်နှာ၊ ခြေထောက်နှင့် လက်များမှာလည်း ဖူးယောင်လျက်ရှိသည်။ ၎င်းအနေဖြင့် ပြန်လည်သက်သာလာသည်အထိ အချိန်ကြာမြင့်စွာ ဆေးဝါးကုသမှုခံယူခဲ့ရသည်။ ဒေသခံ ရွာသားတစ်ဦးက *" မောင်အစျ--- က တနေ့လုံး တညလုံးညှဉ်းပန်းနှိပ်စက်ခံရတယ်။ သူက ထိုးကြိတ်ခံထားရတော့ မျက်နှာက ဖူးယောင်နေတာပဲ။ [စစ်ကောင်စီကနှိပ်စက်လို့ ဒဏ်ရာရထားတဲ့] သူ့ရဲ့ခြေထောက်နဲ့ လက်တွေကို ဆေးဝါးကုသမှုခံယူရတယ်။ သူ့အရေပြားပေါ်ကို သုခိတာဆေးလိပ်မီးနဲ့တို့ပြီး နှိပ်စက်ထားတယ် ထင်တယ်။"* မောင်အစျ--- သည် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိပုံရပြီး ဖမ်းဆီးခံရသည့်အချိန်မှစ၍ ယနေ့အချိန်ထိ စကားမပြောသေးကြောင်း ထိုရွာသားကပြောခဲ့သည်။

## (ဂ) လူသားဒိုင်းအဖြစ်အသုံးပြုသည့်ရွာသားများကို အတင်းအဓမ္မပျောက်ဆုံးစေမှု

နိုင်ငံတကာတရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ လွတ်လပ်ခွင့်အားဆုံးရှုံးစေသည့် လုပ်ဆောင်ချက်များသည် အတင်းအဓမ္မပျောက်ဆုံးစေမှုအဖြစ် အကျုံးဝင်နိုင်သည်။ ထောင်သွင်းအကျဉ်းချခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းများသည် အဓိကဖြစ်ပွားလေ့ရှိသောပုံများဖြစ်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများမှာ SAC ၏လူသားဒိုင်းအဖြစ် အသုံးပြုခြင်းကိုပို၍ရင်ဆိုင်ရနိုင်ခြေများပါသည်။ ထိုအချိန်တွင် ၎င်းတို့အနေနှင့် ဖမ်းဆီးထိန်းသိမ်းခံရပြီး ကျေးရွာတစ်ရွာမှတစ်ရွာသို့သွားရာတွင် စစ်သားများအကြား လမ်းလျှောက်စေသည့်အပြင် တစ်ခါတစ်ရံပေါ်တာထမ်းစေခြင်း သို့မဟုတ် လမ်းပြများအဖြစ်လည်း လုပ်ဆောင်ကြရသည်။ SAC တပ်သားများသည် ၎င်းတို့ခရီးသွားလာသည့်အခါတွင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းမှကာကွယ်နိုင်ရန် ရွာသားများအားလူသားဒိုင်းအဖြစ် အသုံးပြုကြသည်။ ထိုရွာသားများသည် မကြာခဏဆိုသလို အတင်းအဓမ္မပျောက်ဆုံးစေမှုခံရကြသည်။ SAC တပ်သားများ၏ဖမ်းဆီးခြင်းခံရပြီး ၎င်းတို့၏ဖုန်းများကိုသိမ်းယူထားလေ့ရှိသည့်အတွက်

[39] ဤအချက်အလက်ကို ၂၀၂၂ ခုနှစ်၊ မတ်လတွင်ရရှိခဲ့သော မူတြော်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နှုတ်ထားပါသည်။

၎င်းတို့၏အခြေအနေကို မိသားစုဝင်များအနေဖြင့် မသိရှိနိုင်ကြပါ။ လူသားဒိုင်းအဖြစ်အသုံးပြုခြင်းကို SAC တပ်သားများက မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အမြဲတစေလုပ်ဆောင်လေ့ရှိသည်။[40]

ဤအတင်းအဓမ္မပျောက်ဆုံးစေမှုများသည် နိုင်ငံအတွင်းကျူးလွန်သည့် အခြားပုံစံများနှင့်အလွန်ကွဲပြားသည်။ SAC မှအမျိုးသမီးများ၊ ကလေးငယ်များနှင့် မသန်စွမ်းသူရွာသားများအား လူသားဒိုင်းအဖြစ် အသုံးပြုနိုင်သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားသည့် အတင်းအဓမ္မပျောက်ဆုံးစေမှုခံသည့် ဒေသခံရွာသားများမှာ များသောအားဖြင့် အမျိုးသားများဖြစ်ကြသည်။ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်တစ်ခုတွင် ရွာသား (၁၁) ဦးကျော်သည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တောပလားကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာအနီးရှိ တောထဲတွင် သီးနှံရှာဖွေထွက်စဉ် SAC ခြေမြန်တပ်ရင်း အမှတ် (၃၂)၊ ခြေလျင်တပ်ရင်း အမှတ် (၂၈၃) နှင့်(၂၈၄)တို့၏ ခေါ်ဆောင်သွားခြင်းကိုခံခဲ့ရသည်။ ထိုဖမ်းဆီးခံရသည့် ရွာသားများထဲတွင် အသက် ၁၉ နှစ်အရွယ် နော်အက--- နှင့် အသက် ၂၉ နှစ်အရွယ် နော်အလ--- နှင့် အသက် ၁၁ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် အနည်းဆုံး အမျိုးသမီး ၂ ဦးပါဝင်ခဲ့သည်။

SAC တပ်သားများသည် ၎င်းတို့ အုပ်ချုပ်ရေးမခိုင်မာသည့် ဒေသများအတွင်းရှိကျေးရွာများ၊ အနီးအနားရှိ လယ်ကွင်းများနှင့် ဥယျာဉ်ခြံများအတွင်းသို့ဝင်ရောက်လေ့ရှိပြီး ထိုဒေသတွင်တွေ့သည့် ရွာသားများအားလုံးကို ဖမ်းဆီးခဲ့ကြသည်။ ဒဟ--- ကျေးရွာမှ ရွာသားများသည် တောထဲတွင် ဟင်းသီးဟင်းရွက်ရှာဖွေခြင်း၊ ခရု၊ ဖားနှင့် ငါးဖမ်းခြင်းများပြုလုပ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ နံ့သာကွင်းကျေးရွာအုပ်စု၊ ဒဈ--- ကျေးရွာနှင့် မြိတ်-ထားဝယ်ခရိုင်၊ ကဆယ်ဒိုမြို့နယ်၊ ပေါ်ခလိုးဒေသ၊ ငယ--- ကျေးရွာများတွင် SAC စစ်သားများသည် အရပ်သားပြည်သူများအား ကျေးရွာအတွင်းတွင် ဝင်ရောက်ဖမ်းဆီးခဲ့သည်။

သို့သော်လည်း ဤရွာသားများအား အာဏာသိမ်းမှုဆန့်ကျင်ဆန္ဒပြသည်ဟုသံသယဝင်၍ ပစ်မှတ်ထားခြင်းမဟုတ်ပဲ စစ်သားများက ဤသို့ ရွာသားများအားအုပ်စုလိုက်ဖမ်းဆီးရခြင်းမှာ ၎င်းတို့နှင့်လိုက်ပါရန် သို့မဟုတ် ၎င်းတို့၏ကြားတွင် လမ်းလျှောက်ပေးရန်အတွက်ဖြစ်သည်။ ဥပမာအားဖြင့် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ နတ်သာကွင်းကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာမှ ရွာသား ၈ ဦး၊ ဒဈ--- ကျေးရွာမှ အသက် ၆ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ရွာသား ၂၂ ဦးနှင့် ငယ--- ကျေးရွာမှ ရွာသား ၅ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုနည်းတူစွာပင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်တွင်ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို ဒေသခံရွာသားတစ်ဦးက ဤကဲ့သို့ပြန်ပြောပြခဲ့သည်။ *"သူတို့ [ဗမာစစ်သား]တွေက ကျိုက်ဒုံမြို့ကိုလာပြီးတော့ ဒက--- ကျေးရွာကို နောက်တခါပြန်လာခဲ့တယ်။ ဒက--- ရွာကို သွားတဲ့လမ်းမှာ ဒလ--- ရွာမှာရှိတဲ့ လူလေးယောက်ကို ဖမ်းသွားတယ်။ ပြီးတော့ အသက်မပြည့်သေးတဲ့ ကလေးမလေးတွေအပါအဝင် ရွာသားလေးယောက်ကိုလည်း ဒမ--- ရွာနဲ့ ဒန--- ရွာမှာ ထပ်ဖမ်းတယ်။ ဒဝ--- ရွာနဲ့ ဒပ--- ရွာနှစ်ရွာကြားက လမ်းမပေါ်မှာလည်း ဒဝ--- ရွာက လူခြောက်ယောက် ခုနှစ်ယောက်လောက်ကို ထပ်ဖမ်းသေးတယ်။ ကျိုက်ဒုံမြို့ကနေ ဒဝ--- အထိ အမျိုးသမီး ၂ ဦး အပါအဝင် စုစုပေါင်း လူ ၂၅ ဦးကို ဖမ်းဆီးခဲ့တယ်။"*

၎င်းတို့ စိုးမိုးနိုင်မှုမရှိသည့် နေရာဒေသများသို့ ဝင်ရောက်ရသည့်အခါများတွင် စစ်သားများက ရွာသားများအား ၎င်းတို့နှင့်အတူသွားလာစေပြီး လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ခြုံခိုတိုက်ခိုက်မှုမှ ရှောင်ရှားရန်အတွက် ရွာသားများအား အသုံးပြုကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တောပလားကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပျောက်ဆုံးခဲ့သော အသက် ၁၉ နှစ်အရွယ် နော်အက--- က KHRG အား ရှင်းပြခဲ့သည်မှာ *"ဒါက လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေ သူတို့ကိုမပစ်ဖို့အတွက် သူတို့ကိုယ်*

[40] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ SAC စစ်သားများသည် ရွာသူရွာသား (၅၆၇) ကျော်အား လူသားတိုင်းအဖြစ် အသုံးပြုသည့် သက်သေအထောက်အထားဖြစ်သော အစီရင်ခံစာအနည်းဆုံး (၂၂) ခုကို KHRG မှ လက်ခံရရှိခဲ့ပါသည်။ KHRG မှ ၂၀၂၃ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော "သေမင်း၏အရိပ် – စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ အရပ်သားပြည်သူများအား လူသားဒိုင်းအဖြစ်အသုံးပြုခြင်း" တွင် ကြည့်ပါ။

*ကို ကာကွယ်ဖို့ပဲ။ သူတို့[ဗမာစစ်သားတွေ]က အရင် [အာဏာသိမ်းမှု မတိုင်ခင်] တုန်းကဆိုရင် [ကရင်အမျိုးသား အစည်းအရုံးထိန်းချုပ်နယ်မြေတွေကို] ဖြတ်သန်းခွင့်ရတယ်။ ဒါပေမယ့် အခုကျတော့ လမ်းမကို ဖြတ်သန်းခွင့် မရတော့ဘူး။ ပြီးတော့ သူတို့တွေ စစ်သား [ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်] တွေနဲ့တွေ့ရင် ပစ်ခတ်ခံရလိမ့်မယ်။”*

လူသားဒိုင်းများအဖြစ်အသုံးပြုခြင်းခံရသော ရွာသားများအနေနှင့် အသက်အန္တရာယ်ကြုံတွေ့နိုင်ခြေရှိပြီး ဖမ်းဆီးခံရချိန်တွင် နှိပ်စက်ခြင်းများကြုံတွေ့ခံရနိုင်သဖြင့် ၎င်းတို့အား သီးသန့်ထားလေ့ရှိကာ အခြားသူများနှင့် ဆက်သွယ်ခြင်းအားတားမြစ်ထားသည်။ ရွာသားများအနေဖြင့် လူသားဒိုင်းအဖြစ် အသုံးပြုခံရသည့်အချိန်တွင် တိုက်ပွဲများ၊ မြေမြှုပ်မိုင်းများ၊ ခရီးသွားလာစဉ် ဆိုးရွားသည့်အခြေအနေများကြောင့် ဒဏ်ရာရရှိခြင်း သို့မဟုတ် ဖမ်းဆီးခံရချိန်တွင် SAC တပ်သားများ၏ အကြမ်းဖက်ခြင်းများကို ခံစားကြရသည်။ ဒဈ--- ကျေးရွာမှ ရွာသားများကို စာသင်ခန်းထဲတွင် ငါးရက်ကြာထားထားပြီး ၎င်းတို့အနေဖြင့် ထိုအထဲတွင်သာ တစ်နေကုန် စားသောက်ခြင်း၊ အိပ်စက်ခြင်းများပြုလုပ်ရကာ အမှိုက်ပုံးထဲတွင်မစင်စွန့်ခြင်းများ ပြုလုပ်ခဲ့ရသည်။ ခြေမြန်တပ်ရင်း အမှတ် (၇၇) မှ စစ်သားများသည် ၎င်းတို့၏အဝတ်အစားများကို ရွာသားများအိပ်စက်သည့် အခန်းများရှေ့တွင် လှန်းထားပြီး လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ တိုက်ခိုက်သည့်အခါတွင် ပစ်မှတ်အဖြစ် ပိုမိုထင်ရှားစေရန်ဖြစ်သည်။ ထို့အပြင် လူသားဒိုင်းအဖြစ်အသုံးပြုခံရသည့်ရွာသားများသည် ဦးအမ--- နှင့် ဦးအန--- ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်နှိပ်စက်ခြင်းကို ရံဖန်ရံခါ ခံရလေ့ရှိသည်။ ထိုရွာသားနှစ်ဦးကို SAC ၏ ခမရ အမှတ် (၄၃၃) မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် မြိတ်ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဖောခလိုးဒေသ၊ ငယ--- ကျေးရွာတွင်ဖမ်းဆီးခဲ့ပြီး ၎င်းတို့ကို ဘဝါးပေးကျေးရွာသို့သွားသည့်အခါတွင် လမ်းပြအဖြစ်အသုံးပြုခဲ့သည်။ ၎င်းတို့နှစ်ဦးကို SAC မှ မည်ကဲ့သို့တင်းအဓမ္မပျောက်ဆုံးစေခဲ့သည်ကို မသိရှိနိုင်ပါ။ ၎င်းတို့နှင့်အတူ ဖမ်းဆီးခြင်းခံရသည့် အခြားရွာသား ၄ ဦးအား ငဇ--- ကျေးရွာသို့ရောက်သည့်အချိန်တွင် တစ်စုံတရာ ထိခိုက်နာကျင်စေခြင်းမရှိပဲ ပြန်လွှတ်ပေးခဲ့သော်လည်း ၎င်းတို့နှစ်ဦးကိုမူ အဘယ်ကြောင့် ညှဉ်းပန်းနှိပ်စက်ခဲ့သည်ကို မသိရှိရပါ။




ဤပုံကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ဒူးပလာခရိုင်၊ နို့တကောမြို့နယ်၊ နို့တော်ပလာကျေးရွာအုပ်စုတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC ၏ လူသားဒိုင်းအဖြစ် အသုံးပြုခံရသည့်အချိန်တွင် ဒဏ်ရာရရှိခဲ့သည့် အသက် (၁၉) နှစ်ရှိ နော်အက--- ပုံဖြစ်ပါသည်။ သေနတ်ဖြင့်အပစ်ခံရပြီး သွေးထွက်များသောကြောင့် ဒေသခံရွာသားများမှ သူမအား ထိုင်းနိုင်ငံရှိ ဆေးရုံးတစ်ရုံတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြပါသည်။ *(ဓာတ်ပုံ– KHRG)*

SAC တပ်သားများသည် ၎င်းတို့၏ဦးတည်ရာနေရာများ အထူးသဖြင့် စစ်တပ်စခန်းများသို့ရောက်ရှိသည့်အချိန်တွင် လူသားဒိုင်းများအဖြစ်အသုံးပြုခဲ့သောရွာသားအများစုကို ပြန်လွှတ်ပေးကြသည်။ သို့သော် တစ်ခါတစ်ရံတွင် ဖမ်းဆီးခံရွာသားများသည် အထူးသဖြင့် ခြုံခိုတိုက်ခိုက်မှုများနှင့် တိုက်ပွဲများဖြစ်ပွားပါက ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားကြသည်။ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ဖမ်းဆီးခံရသည့် နော်အလ---၊ နော်အက--- နှင့် ဒဟ---ရွာသားများကဲ့သို့ ရွာသားအချို့သည် နှစ်ဖက်ပစ်ခတ်မှုများကြားတွင် ၎င်းတို့၏ အသက်ဘေးလွတ်မြောက်ရန်အတွက် ထွက်ပြေးကြရသည်။ ရွာသားများအနေဖြင့် ကျည်ထိမှန်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းများရှိနိုင်သဖြင့် ဤကဲ့သို့ ထွက်ပြေးလွတ်မြောက်ရန်ကြိုးပမ်းမှုများသည် အန္တရာယ်များပါသည်။ နော်အက---သည် သူမအားဖမ်းဆီးခဲ့သော SAC တပ်ဖွဲ့ တိုက်ခိုက်ခံရသည့် အချိန်တွင် ကျည်ဆံထိမှန်ခဲ့ပါသည်။ ထို့နောက်၊ သူမနှင့်အတူ ဖမ်းဆီးခံရသည့်ခင်ပွန်းဖြစ်သူမှ သင့်လျော်သည့်ကုသမှုပေးရန်အတွက် စစ်သားများအား အဆက်မပြတ်တောင်းဆိုမှုကြောင့် SAC မှ သူမအား အမည်မသိဆေးတစ်မျိုးထိုးသွင်းခဲ့သော်လည်း အချိန်တစ်ခုအထိ ပြန်လွှတ်ပေးခြင်းမရှိခဲ့ပါ။

## (ဃ) အခြားလက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်သော အတင်းအဓမ္မပျောက်ဆုံးစေမှုများ

SAC ၏ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသော ဗမာစစ်တပ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုများကိုကျူးလွန်သည့် တစ်ခုတည်းသောလက်နက်ကိုင်တပ်ဖွဲ့မဟုတ်ပါ။ အခြားလွတ်လပ်စွာလှုပ်ရှားနေသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့များသည်လည်း ၂၀၂၁ ခုနှစ်မှစတင်၍ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပြည်သူများအား အတင်းအဓမ္မပျောက်ဆုံးစေခဲ့ကြသည်။ ဤသို့သော ဖြစ်ရပ် ၁၅ ခု ရှိသည်။ လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့များသည် သူလျှိုအဖြစ် သံသယရှိသည့် ရွာသားများအားပစ်မှတ်ထားတတ်ပြီး အခြားလွတ်လပ်စွာလှုပ်ရှားနေသည့် လက်နက်ကိုင်တပ်ဖွဲ့များ၏ကျူးလွန်မှုများမှာ တရားလက်လွတ်လုပ်ဆောင်ခြင်းများဖြစ်ကြသည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများသည် များသောအားဖြင့် တရားလက်လွတ်သတ်ဖြတ်ခြင်းခံကြရသည်။

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်တပ်ဖွဲ့များ

KHRG သည် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)[41] နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ[42] မှ ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုဖြစ်စဉ်နှစ်ခုအား လက်ခံရရှိခဲ့သည်။ ဤအဖွဲ့နှစ်ဖွဲ့သည် လက်ရှိတွင် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များဖြစ်သော်လည်း SAC ၏ကွပ်ကဲမှုအောက်တွင်မရှိပါ။

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် DKBA သည် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ကျော်ကေးခိုကျေးရွာအုပ်စု၊ ခဝ––– ကျေးရွာမှ ရွာသားလေးဦးအား အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည်။ KNU မှ တာဝန်ရှိသူတစ်ဦးက ကျေးရွာအုပ်ချုပ်ရေးမှူး၏အကူအညီဖြင့်ရွာသားများအား အစည်းအဝေးတက်ရာနေရာသို့ ကားဖြင့်ခေါ်ဆောင်ခဲ့ပြီး ကျေးရွာအုပ်စုမှူးနှင့် DKBA ၏ စစ်သားနှစ်ဦးလည်းလိုက်ပါခဲ့သည်။ KNU တာဝန်ရှိသူမှ ဒေသတွင်း SAC တပ်ဖွဲ့များအား ရှောင်ရှားရသည့်အတွက် အစည်းအဝေးမဖြစ်မြောက်ခဲ့ပါ။ ရွာသားများမှ ၎င်းတို့၏ကျေးရွာသို့ ၁၀ ရက်ကြာသည့်တိုင် ပြန်မရောက်လာသဖြင့် အုပ်စုမှူးမှအလွန်စိုးရိမ်ခဲ့ပြီး ထိုရွာသားလေးဦးအားရှာဖွေခဲ့သည်။ နောက်ပိုင်းတွင် ထိုပျောက်ဆုံးသောရွာသားများအား DKBA ၏ စစ်သားများက သတ်ဖြတ်ခဲ့ကြောင်းသိရှိခဲ့ရသည်။ DKBA ၏ ဗိုလ်မှူးမှ ငွေကျပ် (၂၅) သိန်းကျပ်ကို ပျောက်ဆုံးသွားသူများ၏ မိသားစုဝင်များအားပေးခဲ့သော်လည်း ကျူးလွန်ခံရသူများ၏ ဆွေမျိုးသားချင်းများအနေဖြင့် ထိုသူများအား မည်သည့်နေရာတွင် မြှုပ်နှံထားသည်ကိုမသိရပါ။

အခြားသောဖြစ်ရပ်တစ်ခုမှာ ၂၀၂၃ ခုနှစ်၊ မေလ ပထမပတ်တွင် ဖြစ်ပွားခဲ့ပြီး KNU/KNLA–PC မှ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တရိတကောကျေးရွာအုပ်စု၊ ခပ––– ကျေးရွာမှ ဒေသတွင်းခေါင်းဆောင်တစ်ဦးအား အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည်။ ထိုသူ၏ ဇနီးဖြစ်သူမှ KNU/KNLA–PC အား သူမ၏ ခင်ပွန်းဖြစ်သူဖောက်ပြန်နေကြောင်းတင်ပြခဲ့ပြီး နောက်တစ်ရက်တွင် KNU/KNLA–PC စစ်သားများက သူမ၏ ခင်ပွန်းအား လာရောက်ဖမ်းဆီးခဲ့သည်။ ထိုအချိန်မှစ၍ သူမ၏အမျိုးသားဖြစ်သူ မည်သို့ဖြစ်သွားသည်ကို မည်သူတစ်ဦးတစ်ယောက်မှ မသိရပါ။

---

[41] The Democratic Karen Benevolent Army (DKBA), formerly the Democratic Karen Buddhist Army… NO NEED BFN ၁၉၉၄ခုနှစ်တွင် တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA)သည် ဘာသာရေးအပေါ်ထည့်သွင်းစဉ်း စားမှုကျူးလွန်၍ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သို့ခွဲထွက်ခဲ့သည်။ ၂၀၁၀ခုနှစ်တွင် DKBA အများစုသည် BGFs သို့ပြောင်းလဲခဲ့ကြသည်။ သို့သော်တစ်ဖွဲ့မှ ငြင်းပယ်ပြီး ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)သို့ ပြောင်းလဲခဲ့ကြပြီး ၂၀၁၅ခုနှစ်၊ အောက်တိုဘာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

[42] KNU/KNLA– PC (KNU/KNLA ငြိမ်းချမ်းရေးကောင်စီ) သည် ဘားအံခရိုင်၊ ထို့ကော်ကိုးကျေးရွာအုပ်စုတွင် အခြေစိုက်သည့် လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ခွဲထွက်ပြီး မြန်မာအစိုးရနှင့် ၂၀၀၇ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ် ရေးထိုးခဲ့ပြီး၊ ၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ် (BGF) အဖြစ် ပြောင်းလဲရန်ငြင်းဆိုခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့သည်။

## လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ ကျူးလွန်သော အတင်းအဓမ္မပျောက်ဆုံးစေမှုများ

အာဏာသိမ်းပြီးသည့်အချိန်မှစ၍ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ ကျူးလွန်ခဲ့သော အရပ်သား ၁၀ ဦး ပျောက်ဆုံးခဲ့သည့် အတင်းအဓမ္မပျောက်ဆုံးစေမှု ဖြစ်ရပ် ၈ ခု နှင့် ပတ်သက်၍ KHRG မှ အစီရင်ခံစာများ လက်ခံရရှိခဲ့သည်။ PDF, KNLA, Kawthoolei Army (KTLA)[43] နှင့် SAC တပ်များ ရောနှောအုပ်ချုပ်သည့် မြိတ်–ထားဝယ် ခရိုင်၊ လယ်ကစော မြို့နယ်၊ ဒဂ––– နှင့် ဒရ––– ကျေးရွာအုပ်စုများတွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလနှင့် ဩဂုတ်လ များအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရွာသား ၁၀ ဦးလုံးသည် ပျောက်ဆုံးသွားသည့်အချိန်အတွင်းတွင် တရား လက်လွတ်သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ ရွာသူကြီး သုံးဦးအပါအဝင် အသတ်ခံရသူများသည် SAC ၏ သူလျှို များအဖြစ်စွပ်စွဲခံရပြီး အချို့က ဖမ်းဆီးခံရချိန်တွင် ပြင်းထန်စွာညှဉ်းပန်းနှိပ်စက်ခံရကြသည်။

ပဋိပက္ခများအကြားတွင် လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့သံသယဝင်သည့်ရွာသားများအား သေချာစွာ စုံစမ်းစစ်ဆေးခြင်းမရှိပဲ သတင်းပေးအဖြစ်စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။ ထိုကိစ္စရပ်နှင့်ပတ်သက်ပြီး တရားဝင် စစ်ဆေး မေးမြန်းမှု ပြုလုပ်နိုင်ခြင်းမရှိပဲ ဖမ်းဆီးခံရသူများကို ထိန်းသိမ်းထားစဉ်တွင် ကောင်းမွန်စွာဆက်ဆံခြင်း သို့မဟုတ် မိသားစုဝင်များနှင့် ဒေသခံရွာသားများအား သတင်းပေးခြင်းများကိုလည်း လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ရွာသားများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ ပစ်မှတ်ထားခြင်းကို ခံရနိုင် ချေမြင့်မားသည်။ လယ်ကဆောမြို့နယ်၊ ဒစ––– ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဝ––– က ဤသို့ ဖော်ပြ ခဲ့သည်။ *“ကျွန်တော်တို့ဒေသမှာ ကော်သူးလေအာမီ၊ PDF နဲ့ စစ်ကောင်စီတွေက ဒေသခံရွာသားတွေကိုဖမ်းဆီး ပြီး ရွာသားတွေကို သူတို့ရဲ့အခြေစိုက်တဲ့နေရာကို တစ်ခါတည်းခေါ်သွားကြတယ်။ ဒါပေမယ့် သူတို့ ရွာသားတွေ ကို ခေါ်သွားတဲ့အခါ ကျွန်တော်တို့ကို ဘာမှမပြောခဲ့ဘူး။ ပြီးတော့ သူတို့ဖမ်းသွားတဲ့ရွာသားတွေကို သတ်လိုက် ကြတယ်။ သူတို့ဖမ်းသွားတဲ့ ရွာသားရဲ့ရုပ်အလောင်းကိုလည်း မိသားစုဝင်တွေကို ပြန်မပေးဘူး။ သူတို့ဖမ်းဆီးခဲ့ တဲ့သူတွေကိုသတ်ပြီး သူတို့ရဲ့ရုပ်အလောင်းကို ချောင်းနားမှာ ဒါမှမဟုတ် တောထဲမှာ ပစ်ထားလိုက်တယ်။ […] ကျွန်တော်တို့က သူတို့ကို [ခံရသူရဲ့ရုပ်အလောင်းကို ပြန်ပေးဖို့အတွက်] သွားပြောဖို့ ဒါမှမဟုတ် တောင်းဆိုဖို့ အခွင့်အရေးမရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အာဏာပိုင်တွေနဲ့ သက်ဆိုင်ရာအဖွဲ့တွေကို ဒီလိုအခြေအနေ တွေကိုရပ်တန့်ဖို့အတွက် လုပ်ဆောင်ပေးဖို့နဲ့ ကျူးလွန်ခံရသူတွေရဲ့မိသားစုဝင်တွေကို ကူညီထောက်ပံ့ပေးဖို့ တောင်းဆိုချင်တယ်။” [44]*

တင်ပြလာသည့် ဖြစ်ရပ်တစ်ခုတွင် KNLA စစ်သားများသည် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ သတင်း အချက်အလက်စုဆောင်းရန်အတွက် SAC တပ်ရင်း အမှတ် (၅၆၀) နှင့် အမှတ် (၅၅၉) တို့ထံမှ သေနတ်တစ်လက် နှင့် ဒရုန်းတစ်စင်း လက်ခံရရှိခဲ့သော ရွာသား အပ––– အား အတင်းအဓမ္မပျောက်ဆုံးခဲ့သည်။ အပ––– သည် လယ် ကဆောမြို့နယ်၊ ဒဂ––– ကျေးရွာအုပ်စုတွင် မြင်းဆေး(စိတ်ကြွဆေး)လည်း ရောင်းသည်။ KNLA ၏ တပ်ဖွဲ့များ သည် PDF တပ်သားများနှင့် ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ မေလ ဒုတိယအပတ်အတွင်း ညနေ ၈ နာရီခန့်တွင် ၎င်း၏ မယားကြီးဖြစ်သူထံသို့ သွားရောက်လည်ပတ်နေစဉ် ၎င်းနှင့်အတူ သေနတ်နှင့် ဒရုန်းများကိုလည်း ဖမ်းဆီးရမိခဲ့ သည်။

ထိုနေ့တွင်ပင် PDF တပ်ခွဲ အမှတ် (၁) မှ ဒဂ––– ကျေးရွာအုပ်စု၊ ဒစ––– ကျေးရွာမှ ဦးအဂ––– နှင့် ဦးအရ––– တို့ အပါအဝင် ရွာသားအများအပြားကို ၎င်းတို့၏ နေအိမ်တွင် ဖမ်းဆီးခဲ့သည်။ ဦးအဂ––– နှင့် ဦးအရ––– နှစ်ဦးလုံး

---

[43] ကော်သူးလေတပ်မတော် (KTLA) ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဗိုလ်မှူးချုပ် နယ်ဒါးဘိုမြကတည်ထောင်ခဲ့သည်။ KNDO ၏ စစ်ဦးစီးချုပ်ဟောင်း နယ်ဒါးဘိုမြကို ၂၀၂၂ ခုနှစ်တွင် KNU မှ ထုတ်ပယ်ခဲ့သည်။ KTLA သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ KNU ထိန်းချုပ်နယ်မြေခရိုင်နှစ်ခုဖြစ်သည့် မြိတ်–ထားဝယ် နှင့် ဒူးပလာယာခရိုင်တွင် အခြေချလှုပ်ရှားနေပါသည်။ ဒူးပလာယာခရိုင်တွင် ၎င်း တို့သည် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့များနှင့် မဟာမိတ်ဖွဲ့ထားသည်။ မြိတ်–ထားဝယ်ခရိုင်ရှိ KTLA တပ်ရင်းသည် SAC နှင့် KNLA နှစ်ဖက်တပ်များနှင့် ပဋိပက္ခဖြစ်ပွားနေသည်။

[44] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင်ရရှိခဲ့သော ဘိတ်–ထားဝယ်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နှုတ်ထားပါသည်။

သည် SAC ၏ သတင်းပေးများဟုစွပ်စွဲခံရပြီး အတင်းအဓမ္မပျောက်ဆုံးစေမှုခံခဲ့ရသည်။ ဒေသခံရွာသားတစ်ဦး၏ ရှင်းပြချက်အရ အခြားရွာသားများက ရွာလူကြီးလုပ်ရန်လုံခြုံသည်ဟု မခံစားရသဖြင့် ဦးအရ--- သည် ရွာသားများကိုယ်စား SAC နှင့် PDF တို့နှင့် ဆက်သွယ်ရသော ယာယီရွာလူကြီးအဖြစ် တာဝန်ယူထားသည်။ PDF မှ ၎င်းအား ဖမ်းဆီးပြီး SAC ၏သတင်းပေးအဖြစ် မစွပ်စွဲမီအချိန်ထိ SAC နှင့် PDF တို့ နှစ်ဖွဲ့လုံး၏ တောင်းဆိုချက်များအား ၎င်းအနေဖြင့် လိုက်လျောရန်ကြိုးစားခဲ့သည်။ အခြားဖမ်းဆီးခံရွာသားတစ်ဦးဖြစ်သော ဦးအဂ--- သည် မြေယာအငြင်းပွားမှုတစ်ခုနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ၎င်း၏ မြေယာအား ဦးအစ--- ဆိုသူက သိမ်းယူထားသည်။ ဦးအဂ--- သည် ဦးအစ--- အား လျော်ကြေးငွေတောင်းသည့်အခါတွင် ဦးအစ--- က စိတ်ဆိုးပြီး ၎င်း PDF အဖွဲ့ဝင်ဖြစ်လာသည့်အခါတွင် ဦးအဂ--- အား SAC သတင်းပေးအဖြစ် စွပ်စွဲခဲ့သည်။ ဦးအစ--- ပါဝင်ခဲ့သည့် PDF အဖွဲ့သည် တပ်ခွဲ အမှတ် (၁) ဖြစ်ပြီး ဦးအဂ--- ၏ မိသားစုဝင်များနှင့် ရွာသားများအား အသိပေးခြင်းမရှိပဲ ၎င်းအား ဖမ်းဆီးခဲ့သည်။



KHRG မှ ဤပုံကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ခလယ်လွိထူခရိုင်၊ လယ်ကဆောမြို့နယ် ဒဆ--- ကျေးရွာရှိ ရွာသားများထံမှလက်ခံရရှိခဲ့ပါသည်။ ဤပုံသည် PDF ၏သတ်ဖြတ်ခြင်းခံရပြီး ပျောက်ဆုံးသွားသည့် ဦးအတ---၏ ပုံဟောင်းတစ်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – ဒေသခံရွာသား/KHRG)*

ဖမ်းဆီးပြီး တစ်ပတ်ကြာပြီးသည်အထိ ဦးအဂ--- နှင့် ဦးအရ--- တို့၏ မိသားစုဝင်များမှာ ၎င်းတို့၏တည်နေရာနှင့် သတင်းနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မှ ရရှိခြင်းမရှိသကဲ့သို့ ကျေးရွာအတွင်း နေထိုင်ရန်လည်း လုံခြုံသည်ဟုမခံစားရကြပါ။ ရွာသားများကလည်း ၎င်းတို့အားရှာဖွေရန် မိသားစုဝင်များအား ကြိုးစားကူညီခဲ့ကြသည်။ တောင်ယာသို့သွားသည့် အချို့ရွာသားများက ဦးအဂ--- နှင့် ဦးအရ--- တို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဒဂ--- ကျေးရွာအုပ်စု၊ ဒက--- ကျေးရွာအနီးတွင် တွေ့ရှိခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများအား ဖြတ်တောက်ခြင်းများ ခံစားခဲ့ကြရသည်။ မြိတ်–ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်မှ ဒေသခံ ရွာသားတစ်ဦးဖြစ်သော စောအဝ--- က *"သူတို့ [PDF] တွေက သူတို့ရဲ့ခေါင်းကို ဖြတ်ပြီး လက်နဲ့ခြေတွေကို ဖြတ်တောက်လိုက်ကြတယ်။ ပြီးတော့ သူတို့ရဲ့ ကိုယ်ခန္ဓာတွေကို အပိုင်းပိုင်းခုတ်လိုက်တယ်။ အဲ့ဒီကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို တခြားတနေရာမှာ သွားပစ်ထားလိုက်တယ်။ သူတို့က အလောင်းတွေကို မြေမမြှုပ်ဘူး။ သူတို့ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ခွေးတွေချီသွားတာကို တချို့ရွာသားတွေတွေ့တယ်။"*

အလားတူပင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ ညနေ ၁ နာရီခန့်တွင် ဦး အတ--- နှင့် လယ်ကစောမြို့နယ်၊ ဒဂ--- ကျေးရွာအုပ်စု၊ ဒစ--- ကျေးရွာမှ အခြားရွာသားတစ်ဦးတို့သည် တပ်ခွဲ အမှတ် (၁) မှ PDF စစ်သားတို့က ၎င်းတို့နောက်လိုက်စေပြီး အခြားရွာသားများ၏ အိမ်များသို့လိုက်ပြရန် အမိန့်ပေးပြီးနောက်တွင် ပျောက်ဆုံးသွားသည်။ ဇနီးသည်ဖြစ်သူမှ ၎င်းအားစောင့်မျှော်နေခဲ့သော်လည်း ပြန်လာခြင်းမရှိသဖြင့် အခြားရွာသားများက ၎င်းအား လိုက်ရှာရန် ကူညီပေးခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ထိုရွာအနီးရှိ စမ်းချောင်းနံဘေးတွင် ၎င်း၏အလောင်းအား တွေ့ရှိခဲ့သည်။ ဦးအတ--- ၏ ဦးခေါင်းတွင် အပေါက်တွေ့သည့် အတွက် ၎င်းအနေနှင့် သေနတ်ဖြင့် အပစ်ခံရခြင်းဖြစ်မည်ဟု ဒေသခံရွာသားများက ထင်ကြသည်။ ဦးအတ--- ၏ ဇနီးဖြစ်သူပြောကြားချက်အရ သူမ၏ခင်ပွန်းဖြစ်သူအား PDF များက SAC သတင်းပေးဖြစ်သော ၎င်း၏ ညီဖြစ်သူနှင့် မှားယွင်းသတ်ဖြတ်

ခဲ့ခြင်းဖြစ်သည်။ သူမအနေနှင့် သူမ၏ခင်ပွန်းသည်အတွက် တရားမျှတမှုလိုချင်သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ အမှန်တရားကိုဖော်ထုတ်ရန် မဝံ့ရဲကြပါ။[45]

ရောနှောထိန်းချုပ်နယ်မြေများတွင် နေထိုင်သည့်ရွာသူကြီးများသည် ကျေးရွာ၏ကိုယ်စားလှယ်များအဖြစ် လက်နက်ကိုင်တပ်ဖွဲ့အများအပြားနှင့် ဆက်သွယ်ပြောဆိုခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်ရသောကြောင့် ပဋိပက္ခအတွင်းရှိ တပ်ဖွဲ့များအားလုံး၏ စွပ်စွဲမှုကို ခံရနိုင်ချေမြင့်မားသည်။ ပျောက်ဆုံးသူ ၁၀ ဦးတွင် ၃ ဦးမှာ ရွာသူကြီးများဖြစ်ကြသည်။ ထိုအထဲတွင် ဒဂ--- ဒေသမှ ဒသ--- ကျေးရွာလူကြီးနှင့် ဒစ--- ကျေးရွာလူကြီး၊ ဒရ--- ဒေသမှ ဒဗ--- ကျေးရွာလူကြီးများ ပါဝင်ပါသည်။ SAC သည် ဤရွာလူကြီးများအား ငှါးရမ်းထားပြီး တစ်ဦးလျှင် လစဉ် ငွေကျပ် ၅၀၀,၀၀၀ ကျပ်ပေးသည်။ SAC မှ ငှါးရမ်းထားသည့် ရွာသူကြီးများဖြစ်သည့်အလျောက် ၎င်းတို့အနေဖြင့် ဒေသတွင်းအခြေအနေတင်ပြချက်များကို အမြဲတစေပေးပို့ရခြင်း၊ ရွာသားများအားပံ့ပိုးပေးခြင်းနှင့် SAC မှတောင်းဆိုသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရသည်။ SAC ၏ လူဖြစ်စေ သို့မဟုတ် ဒေသတွင်းရွေးကောက်ထားသည့် ရွာသားဖြစ်စေ ရွာလူကြီးများသည် ၎င်းတို့၏ လူမှုအသိုက်အဝန်းအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များအားလုံးနှင့် ပြေလည်အောင် ဆက်ဆံကြရသည်။ အချို့သောလက်နက်ကိုင်တိုက်ပွဲများ အဖြစ်များပြီး ရောနှောထိန်းချုပ်နယ်များတွင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များက ရွာသူကြီးများအား SAC ထံသို့ သတင်းအချက်အလက်မပေးရန်နှင့် ထိုသို့မဟုတ်ပါက ၎င်းတို့အား သတင်းပေးအဖြစ်သတ်မှတ်ပြီး လက်တုံ့ပြန်မည်ဟု သတိပေးထားသည်။ ရလာဒ်အနေဖြင့် ရွာလူကြီးအဖြစ် လုပ်ကိုင်လိုသူမရှိတော့ပဲ ရွာသူကြီးအဖြစ် အလှည့်ကျလုပ်ကိုင်ရခြင်း သို့မဟုတ် အချို့သောကျေးရွာများတွင် ရွာသူကြီးမရှိခြင်းတို့ကြောင့် ကျေးရွာ၏စုစည်းမှုနှင့် လုံခြုံရေးအားနည်းလာခဲ့သည်။[46]

ပဋိပက္ခများကြောင့် ရွာသားများသည် ၎င်းတို့၏ စားဝတ်နေရေးဖူလုံရန်အတွက် ရုန်းကန်ကြရသည်။ လယ်ကဆောမြို့နယ်၊ ဒဂ--- ကျေးရွာအုပ်စု၊ ဒစ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဝ--- ၏ ပြောကြားချက်အရ *"အာဏာသိမ်းပြီးနောက် နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် စားဝတ်နေရေးအခက်အခဲတွေကို ကြုံတွေ့လာရတယ်။ ဒါကြောင့် တချို့လူတွေက တခြားရွေးချယ်စရာလမ်းမရှိတော့ပဲ သူတို့ အသက်ရှင်သန်ရပ်တည်ဖို့အတွက် ရွာလူကြီးလုပ်ဖို့ သဘောတူရတယ်။ ကျွန်တော့်တစ်ယောက်ထဲ အမြင်နဲ့ပြောရရင် သူတို့တွေ စစ်ကောင်စီကို လျှို့ဝှက်သတင်းပေးနေရင်တောင် PDF တွေအနေနဲ့ သူတို့ကို မသတ်သင့်ဘူး။ လူတိုင်းက သူတို့ရဲ့စားဝတ်နေရေးအတွက် ရုန်းကန်နေကြရတယ်။ တချို့လူတွေက ရွာလူကြီးလုပ်ဖို့ လက်ခံပြီး ငွေကြေးရရှိတယ်။ ဒါပေမယ့် ရွာလူကြီးတွေကို PDF တွေက သတ်ပြီးတဲ့နောက်မှာ ဘယ်သူမှ ရွာလူကြီး မလုပ်ရဲတော့ဘူး။ အခုဆို ကျွန်တော်တို့ ရွာမှာ ရွာလူကြီးမရှိဘူး။ ဒထ--- ရွာနဲ့ ဒဆ--- ရွာတွေမှာလည်း ရွာလူကြီး မရှိဘူး။"*


ဖြစ်ရပ်အများစုတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏ မိသားစုဝင်များသည် သေဆုံးသူ၏ရုပ်ခန္ဓာမပါပဲ ဈာပနအခမ်းအနားကို ၎င်းတို့ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် ပြုလုပ်ကြရသည်။ စောအဝ--- ရှင်းပြသကဲ့သို့ *"သူ့ယောက်ျားက အိမ်ကိုတစ်ပတ်ကြာပြီးတဲ့အထိ ပြန်မလာတာနဲ့ သူမ [အပ--- ၏ အမျိုးသမီး] က သူ့ယောက်ျား အသတ်ခံလိုက်ရပြီလို့ ယူဆလိုက်တယ်။ ပုံမှန်ဆိုရင် ကျွန်တော်တို့ရွာမှာ လူတစ်ယောက်ပျောက်သွားရင် တစ်ပတ်အထိစောင့်တယ်။ တစ်ပတ်ကြာတဲ့အထိပြန်မလာဘူးဆိုရင် သူတို့အသတ်ခံရပြီလို့ ကျွန်တော်တို့ယူဆလိုက်တယ်။ တစ်ပတ်ကြာပြီးတဲ့နောက်မှာ သူ့ [အပ--- ၏] အမျိုးသမီးက ဘုန်းကြီးကျောင်းမှာ ရဟန်းတွေကို ဆွမ်းကျွေးပြီး သူ့ယောက်ျား [နောက်ဘဝ] အတွက် ကောင်းမှုကုသိုလ်လုပ်ပေးတယ်။ ဆိုလိုတာက သူမကသူ့ယောက်ျား အသတ်ခံလိုက်ရပြီလို့ ယူဆလိုက်ပြီ။"*

---

[45] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင်ရရှိခဲ့သော ဘိတ်-ထားဝယ်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက်နှုတ်ထားပါသည်။

[46] KHRG မှ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "ငြင်းဆို၍မရနိုင်တော့သော-မြန်မာပြည်အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသများတွင်ဖြစ်ပွားခဲ့သောစစ်ရာဇဝတ်မှု၊လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုနှင့်ဆယ်စုနှစ်သုံးခုအတွင်းဒေသခံပြည်သူတို့၏ သက်သေခံချက်များ" တွင် ကြည့်ပါ။ KHRG မှ ၂၀၂၂ခုနှစ်၊ မတ်လတွင်ထုတ်ဝေသော "မြန်မာပြည်အရှေ့တောင်ပိုင်းဒေသတွင်းအစီရင်ခံစာ-လက်နက်ကိုင်ပဋိပက္ခ၊လေကြောင်းနှင့်မြေပြင်တိုက်ခိုက်မှုများ၊ကျယ်ပြန့်စွာဖြစ်ပွားသောလူ့အခွင့်အရေးချိုးဖောက်မှုများပိုမိုဆိုးရွားလာခြင်း၊ (၂၀၂၁ခုနှစ်၊ ဇူလိုင်လမှဒီဇင်ဘာလအထိ" တွင် ကြည့်ပါ။

## မြေပုံ ၃ – ၂၀၂၃ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မပျောက်ဆုံးစေမှု ဖြစ်ပွားရာနေရာများ



# အခန်း (၃) မြန်မာပြည် အရှေ့တောင်ပိုင်းရှိ လူမှုအသိုက်အဝန်းများတွင် ဖြစ်ပွားသည့် အတင်းအဓမ္မပျောက်ဆုံးစေမှု၏အကျိုးဆက်များ

အတင်းအဓမ္မပျောက်ဆုံးစေမှုများသည် ပျောက်ဆုံးသူများ၊ ၎င်းတို့၏ မိသားစုများနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံးအပေါ်သို့ ဆိုးရွားစွာ သက်ရောက်မှု ရှိသည်။ ပျောက်ဆုံးသူများ၏ ဆွေမျိုးသားချင်းများနှင့် ဤရာဇဝတ်မှုအရ ကျူးလွန်ခံရသူများသည် ၎င်းတို့ချစ်ခင်ရသူများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မရသဖြင့် ဝမ်းနည်းပူးဆွေးခြင်း၊ သဘောကရဘောက်ခြင်း၊ ကြောက်ရွံ့ခြင်းများနှင့် အကြွေးပြဿနာများနှင့်ရင်ဆိုင်ရခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာနှင့် ငွေကြေးပိုင်းဆိုင်ရာရုန်းကန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။ အတင်းအဓမ္မပျောက်ဆုံးစေမှု ပြန်လည်လွတ်မြောက်လာသည့် ရွာသားများသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး ထိခိုက်မှုများကို ခံစားကြရသည်။ လူမှုအသိုက်အဝန်းတစ်ခုလုံးသည်လည်း ကြောက်ရွံ့မှုနှင့် အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းများကို ခံစားကြရသည်။

## (က) အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ ပြန်လာသည့်အချိန်တွင် လိုအပ်ချက်များ

အတင်းအဓမ္မပျောက်ဆုံးစေမှုများသည် ကျူးလွန်ခံရသူအပေါ် ရေရှည်အကျိုးသက်ရောက်မှု ရှိစေသည်။ ၎င်းတို့အနေဖြင့် စိတ်ဒဏ်ရာဖြစ်စေသော ဖမ်းဆီးမှုများ၊ နှိပ်စက်ညှဉ်းဆဲမှုများနှင့် ဥပဒေအရ ထောင်သားတစ်ဦးအနေဖြင့် အကာအကွယ်ရရှိပိုင်ခွင့်များဆုံးရှုံးရခြင်းစသည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်း အကြမ်းဖက်မှုများကို ခံစားကြရသည်။ KHRG မှ ရရှိသည့် သတင်းအချက်အလက်များအရ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူ အနည်းဆုံး ၇၈ ဦးမှာ ဖမ်းဆီးခံရစဉ်အချိန်အတွင်း ညှဉ်းပန်းနှိပ်စက်မှု၊ ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုများ ခံစားကြရသည်။ ကျူးလွန်ခံရသူ ၅၀ ဦး၏ အခြေအနေမှာမသိရပဲ အများစုမှာ ဆိုးရွားစွာနှိပ်စက်ခြင်းနှင့် အကြမ်းဖက်ခြင်းများကို ခံစားရနိုင်ချေရှိသည်။ အကယ်၍ ကျူးလွန်ခံရသူအနေဖြင့် ပျောက်ဆုံးရာမှ ပြန်လည် ရောက်ရှိလာပါက ဖြစ်စဉ်အတွင်း ၎င်းတို့ ရရှိခဲ့သည့် ဒဏ်ရာများအား ကုသရန်အပြင် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားချက်များအား ကုစားရမည်ဖြစ်သည်။

### အတင်းအဓမ္မပျောက်ဆုံးစေမှုခံရချိန်တွင်ကြုံတွေ့ရသော အကြမ်းဖက်မှုများကြောင့် ကျန်းမာရေးထိခိုက်မှုများ

အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ အိမ်သို့ပြန်ရောက်သည့်အခါတွင် ရလာဒ်အနေဖြင့် ဒဏ်ရာဒဏ်ချက်များနှင့် ကျန်းမာရေးထိခိုက်မှုများကို ခံစားကြရသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တော်ပလာ ကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာမှ အသက် ၁၉ နှစ်အရွယ် နော်အက--- အား SAC မှ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပြီး ၂၀၂၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် SAC နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် စစ်သားများအကြား ပစ်ခတ်မှုများ ဖြစ်ပွားသည့် အချိန်တွင် ထွက်ပြေးလွတ်မြောက်ရန်ကြိုးပမ်းစဉ် လက်နက်ထိမှန်ခဲ့သည်။ သူမအနေနှင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် ဆေးရုံတက်ခဲ့ရပြီး လပေါင်းများစွာဆေးကုသမှုခံယူခဲ့ရသည်။ သူမ၏ ဝမ်းဗိုက်အတွင်းသို့ ကျည်ဆံဝင်ရောက်ခဲ့သည့်အတွက် ခွဲစိတ်ကုသမှုခံယူကာ သွေးသွင်းခဲ့ရသည်။ ဆေးကုသမှု ခံယူပြီးနောက် လအနည်းငယ်ကြာသည်အထိ သူမ၏ကိုယ်ခန္ဓာတွင် ဆိုးရွားစွာနာကျင်မှုများ ဆက်လက်ခံစားရသဖြင့် သူမအနေနှင့်အလုပ်မလုပ်နိုင်ပါ။ ဤအတွေ့အကြုံသည် သူမအားကြောက်ရွံ့မှု၊ လုံခြုံရေးအတွက် စိုးရိမ်မှုဆိုင်ရာ စိတ်ဒဏ်ရာများနှင့် နာတာရှည်ကျန်းမာရေးပြဿနာများကို ခံစားရစေခဲ့သည်။ သူမက *“ကျွန်မအနေနဲ့ အလုပ်မလုပ်နိုင်တော့ရင် ဘယ်လိုလုပ်မလဲဆိုပြီး တွေးမိတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မအနေနဲ့ ဘယ်လောက်ကြာကြာ အသက်ရှင်ရမလဲ မသိဘူး။ တခါတလေ ဒဏ်ရာတွေကနာတယ်။ ကျွန်မတစ်ယောက်ထဲ လမ်းလျှောက်တဲ့ အခါတွေဆိုရင် ဟိုမှာဒီမှာတိုက်ပွဲထဖြစ်မှာကို စိုးရိမ်တယ်။”*

အခြားသော ဖြစ်ရပ်တစ်ခုမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွဲလိုမြို့နယ်၊ မထော်ကျေးရွာအုပ်စု၊ ဒယ--- ကျေးရွာမှ မောင် အသ--- နှင့် မောင် အဗ--- တို့နှစ်ဦးသည် SAC ခြေမြန်တပ်ရင်း အမှတ် ၄၀၄ ၏ အတင်းအဓမ္မပျောက်ဆုံးစေမှုကို ခံခဲ့ရပြီး ဖမ်းဆီးခံရသည့်အချိန်တွင် ခြိမ်းခြောက်ခံခဲ့ကြရသည်။ ထို

ရွာသားနှစ်ဦးသည် ဒယ––– ကျေးရွာအနီး အထ––– ဒေသမှ စိုက်ခင်းများတွင် ရာဘာခြစ်ရန်သွားခဲ့စဉ် SAC စစ်သားများနှင့် တဲတစ်ခုတွင် ပတ်ပင်းတိုးခဲ့ကြသည်။ ၎င်းတို့၏ ရွာလူကြီးဖြစ်သော စောအထ––– က ဤသို့ ရှင်းပြခဲ့သည်။ *"စစ်ကောင်စီစစ်သားတွေက သူတို့ကိုသတ်မယ်လို့ ပြောနေတာ သူတို့ကြားတယ်။ တခါတလေ သူတို့က ဒရုန်းတွေနဲ့ ဗုံးတွေပစ်ချပြီး သူတို့အားလုံးကိုသတ်မယ်၊ အရှင်မထားဘူး လို့ပြောတယ်။"* မောင်အသ––– နှင့် မောင်အဗ––– တို့သည် ၎င်းတို့အား ဖမ်းဆီးထားသည့်ဘုန်းကြီးကျောင်းမှ ထွက်ပြေးလွတ်မြောက်လာကြသော်လည်း ၎င်းတို့နှင့်အတူ ဖမ်းဆီးခံရသည့် အခြားရွာသားနှစ်ဦး၏အခြေအနေမှာ မသိရသေးပေ။ ပြန်လည်ရောက်ရှိလာသည့် ရွာသားနှစ်ဦးသည် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ပိုမိုဆိုးရွားလာသည့် ခြေထောက်နာကျင်မှုနှင့် ကြောက်ရွံ့မှုကို ခံစားကြရသည်။ ရွာသူကြီးက ဤသို့ ထပ်လောင်းပြောခဲ့သည်။ *"သူတို့က အခု တောထဲမှာနေကြတယ်။ သူတို့အိမ်မှာ သူတို့မနေရဲဘူး။ သူတို့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် တောထဲမှာလည်း နေနိုင်မှာမဟုတ်ဘူး။"* ထိုသူများအနေဖြင့် အနာသက်သာစေရန် ဒေသတွင်း ဘုန်းကြီးထံမှ ဗိန္ဒောနည်းဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် SAC ခြေမြန်တပ်မ အမှတ် ၄၄ နှင့် ၅၅ တို့သည် ဒူးပလာယာခရိုင်၊ ခအ––– ကျေးရွာတွင် ကိုယ်ခန္ဓာမသန်စွမ်းသော စောအ–––အား ဖမ်းဆီးခဲ့သည်။ ၎င်းသည် ၂၀၂၁ ခုနှစ်တွင် ဆိုင်ကယ်မတော်တဆမှုဖြစ်ပွားရာမှ မသန်စွမ်းဖြစ်ခဲ့ရပြီး ထိုမတော်တဆမှုတွင် ခြေထောက်ကျိုးကာ တစ်လတိတိ သတိမေ့မျောနေခဲ့သည်။ သူ၏အခြေအနေမှာ ထိုသို့ဖြစ်နေသော်လည်း SAC တပ်သားများသည် သူ၏ဆွေမျိုးသားချင်းများနှင့် ရွာသားများအား အသိပေးခြင်းမရှိပဲ သူ့အား ၎င်းတို့၏တပ်ဖွဲ့နှင့်အတူ အတင်းအဓမ္မ ရက်ပေါင်းများစွာ သွားလာစေခဲ့သည်။ စောအ––– ကိုယ်တိုင်က KHRG အား ရှင်းပြခဲ့သည်မှာ *"သူတို့ [စစ်ကောင်စီ]က ကျွန်တော့်မှာ ခြေလက်တွေကျိုးနေလို့ စိတ်ဆိုးကြတယ်။ ကျွန်တော် လမ်းလျှောက်တာ ထော့နဲ့ထော့နဲ့ဖြစ်တယ်။ သူတို့ ကျွန်တော့်အခြေအနေကိုမြင်တော့ ဖြည်းဖြည်းသွားကြတယ်။ […] ကျွန်တော် ကောင်းကောင်းအိပ်ရတယ်။ စားရတယ်။ ဒါပေမယ့် ကျွန်တော်စိုးရိမ်စရာတွေလည်း အများကြီးရှိတယ်။ ကျွန်တော့်အမေကို အရမ်းလွမ်းတယ်။ ကျွန်တော် ဒီလောက်ဆိုးတဲ့ အခက်အခဲတွေ ရင်ဆိုင်ရတော့ သေမလားလို့တောင် တွေးမိတယ်။"* သူ၏မိခင်ဖြစ်သူမှ SAC တပ်ရင်းမှူးနှင့် ဆက်သွယ်ခဲ့ပြီး နယ်ခြားစောင့်တပ်စစ်သားမှ အာမခံပေးသဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ နောက်ပိုင်းတွင် SAC စစ်သားတွေကက သူ့အား *"မင်းကံကောင်းတယ်။ မင်းအသတ်ခံရတော့မလို့ပဲ။"* ဟု ပြောခဲ့သည်။ သူ့အနေနှင့် လွတ်မြောက်ပြီးနောက်တွင်လည်း ခြေထောက်နာကျင်မှုဒဏ်အား ဆက်လက်ခံစားရပြီး လမ်းကောင်းကောင်း မလျှောက်နိုင်ပါ။ ထိုအချိန်မှစ၍ ၎င်းအနေနှင့် မြို့ပေါ်တက်ခြင်း သို့မဟုတ် ခရီးသွားလာခြင်းကို ပြုလုပ်ရန်အတွက် SAC ၏ ဖမ်းဆီးခြင်းခံရမည်ကို ကြောက်ရွံ့နေခဲ့သည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရချိန်တွင် အသတ်ခံရမည်ကို စိုးရိမ်ကြောင့်ကြသည့် စိတ်ဒဏ်ရာရရှိစေနိုင်ပြီး ကျူးလွန်ခံရသူများအပေါ် ရေရှည် အကျိုးသက်ရောက်မှုများ ခံစားရစေသည်။

### အတင်းအဓမ္မပျောက်ဆုံးစေမှုများကြောင့် ရရှိသောစိတ်ဒဏ်ရာများနှင့် စိတ်ခံစားချက်အပေါ်သက်ရောက်မှုများ

ရွာသားများအား ဖမ်းဆီးချိန်တွင် SAC သည် တစ်နေရာမှတစ်နေရာသို့ သွားသည့်အခါတွင် ရွာသားများ၏ မျက်လုံးအား အဝတ်ဖြင့်စည်းထားပြီး ၎င်းတို့အား ခြိမ်းခြောက်ခဲ့သည်။ အသက် ၁၆ နှစ်အရွယ် စောအဆ––– သည် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ မောင်းမရွာသစ်၊ ဒဇ––– ကျေးရွာတွင် SAC စစ်သားများ၏ အတင်းအဓမ္မပျောက်ဆုံးစေမှုခံခဲ့ရသည်ကို မိခင်ဖြစ်သူကရှင်းပြခဲ့သည်။ *"လူတွေက (SAC) သူတို့ကို အရမ်းခြိမ်းခြောက်တယ်။ သူတို့ရဲ့မျက်နှာကို ဖုံးထားပြီးတော့ သူတို့ကိုလူခွဲထားထားပြီး သူတို့ဘေးကို သေနတ်နဲ့ခြောက်လှန့်ပစ်ခတ်တယ်။ သူတို့တွေ သေနတ်သံကြားတော့ ကျွန်မသားက သူ့သူငယ်ချင်းကအသတ်ခံလိုက်ရပြီထင်ပြီး သူ့သူငယ်ချင်းကတော့ ကျွန်မသားကိုအသတ်ခံလိုက်ရပြီလို့ ထင်ခဲ့ကြတယ်။ သူတို့က အဲ့ဒါကို ခြိမ်းခြောက်ဖို့အတွက်ပဲလုပ်တာဖြစ်တယ်။"* အစဖျောက်ခြင်းမှ အသက်ရှင်သန်လွတ်မြောက်လာသည့် အသက် ၁၆ နှစ်အရွယ် စောအဆ––– က KHRG အား ၎င်းကြုံတွေ့ရသည့် အကြမ်းဖက်ညှဉ်းဆဲမှုအားရှင်းပြခဲ့သည်။ *"ပထမတော့ သူတို့[BGF]က ကျွန်တော့်ဆိုင်ကယ်ပုံးကို စစ်တယ်။ ပြီးတော့ အိတ်နဲ့ဖုန်းကိုစစ်တယ်။ ပြီးတော့ သူတို့ ကျွန်တော့်ကိုနှိပ်စက်တာက လွဲပြီး ကျန်တာကျွန်တော်ဘာမှမသိတော့ဘူး။ သူတို့[BGF]က ကျွန်တော့်ကို ချောင်းဦးစေတီကိုခေါ်သွားပြီး*

*ကျွန်တော်တို့ကို လက်ထိပ်ခတ်ထားတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို မှောက်ခိုင်းပြီး ကျွန်တော်တို့အပေါ်ကို ကားဘီးတင်ထားတယ်။ […] ကျွန်တော့်ကျောပေါ်ကို ဆယ်ဘီးကားရဲ့ ကားဘီးတင်ပြီး ကျွန်တော့်သူငယ်ချင်းအပေါ်ကို ၁၂ ဘီးကားရဲ့ကားဘီး တင်ထားတယ်။ […] ကျွန်တော်တို့ကို ကျွန်းသစ်နဲ့ တယောက်ကို သုံးချက်ဆီ ရိုက်တယ်။ […]ပြီးတော့ ကျွန်တော်တို့ရဲ့မျက်လုံးတွေကိုပိတ်ပြီး ကားထဲဝင်ခိုင်းပြီးတော့ ကျွန်တော်တို့ကို စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၁၂) စခန်းထဲကို ခေါ်သွားတယ်။ […] သူတို့က ကျွန်တော်တို့ကို လက်ထိပ်ခတ်ထားပြီး ပြစ်ဒဏ်ပေးတဲ့အနေနဲ့ ကျွန်တော်တို့ခြေထောက်တွေကို ထိပ်တုံးခတ်ထားတယ်။”* ၎င်းတို့ ကြုံတွေ့ခဲ့ရသည့်ညှဥ်းပန်းနှိပ်စက်မှုများကြောင့် စောအဆ--- အနေနှင့် မြို့ပေါ်သို့ ဘယ်တော့မှမသွားတော့ပါ။

အသက် ၁၇ နှစ်အရွယ် စောမ--- သည် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆောသူခီးကျေးရွာအုပ်စု၊ ခလ--- ကျေးရွာတွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌ SAC ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး နာကျင်မှုနှင့် ကြောက်ရွံ့မှုများ ခံစားရကာ ဖမ်းဆီးထိန်းသိမ်းထားစဉ် ကာလအတွင်း အစားမစားနိုင်ခဲ့ပါ။ စောမ--- သည် ဘီးလင်းမြို့ မြောက်ပိုင်းတိုင်းစစ်စခန်းမှ SAC ခေါင်းဆောင်၏ဖုန်းဖြင့် မိခင်ဖြစ်သူနှင့်စကားပြောခွင့်တစ်ကြိမ်ရရှိခဲ့သည်။ သူ့အနေနှင့်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အခြားအချက်အလက်များအား မျှဝေပိုင်ခွင့်မရှိသကဲ့သို့ သူ၏ မိသားစုဝင်များအနေနှင့်လည်း သူ့အားသွားရောက်လည်ပတ်ခွင့်မရှိသလို သူ၏လက်ရှိအခြေအနေကိုလည်း မသိနိုင်ပါ။

အတင်းအဓမ္မပျောက်ဆုံးစေမှုခံရခြင်းမှ အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့ ဖမ်းဆီးခံရသည့် အချိန်တွင် ညှဥ်းပန်းနှိပ်စက်ခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်နွယ်နေသည်ဟု စွပ်စွဲခံရသဖြင့် ၎င်းတို့အနေနှင့် အသတ်ခံရမည်ဟု တွေးထင်ကြသည်။ မြဝတီမြို့သို့ ခေါ်ဆောင်သွားခြင်းခံရသည့် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ခအ--- ကျေးရွာမှ အသက် ၃၀ အရွယ် စောဒ--- က ၎င်းကြုံတွေ့ခဲ့ရသည့် ညှဥ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ပြန်လည် ပြောပြခဲ့သည်။ *“ကျွန်တော်ကြောက်ပေမယ့် ဘာမှ မလုပ်နိုင်ဘူး။ ကျွန်တော်ဘယ်လိုကြောက်ရမလဲတောင်မသိဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် သေလူလို့ သတ်မှတ်လိုက်တယ်။”* SAC က ၎င်းအား မေးခွန်းမေးမြန်းရာတွင် ကန်ကျောက်ခြင်း၊ ဓားဖြင့် အချက်ပေါင်းများစွာ ထိုးခြင်းများ ပြုလုပ်ခဲ့သည်။

## လွတ်မြောက်ပြီးနောက် ကြုံတွေ့ရသည့် လုံခြုံရေးအခြေအနေ

အချို့နေရာဒေသများတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရခြင်းမှ အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့ ပြန်လည်လွတ်မြောက် လာသည့် အခါများတွင် SAC တပ်သားများနှင့် လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့ နှစ်ဖက်လုံးမှ လုံခြုံရေးအရလက်တုံ့ပြန်လာမည်ကို စိုးရိမ်ကြရသည်။ ၎င်းတို့အနေနှင့် သူလျှိုအဖြစ် လုပ်ဆောင်ခြင်းသို့မဟုတ် ဖမ်းဆီးခံရချိန် အတွင်း သတင်းပေးခြင်းများပြုလုပ်မည်ကို စိုးရိမ်ကြသည်။ လွတ်မြောက်လာပြီးနောက်တွင် ခအ--- ကျေးရွာမှ စောဒ--- သည် ဒေသတွင်း PDF တပ်ဖွဲ့များမှ ၎င်းအား သူလျှိုအဖြစ် စွပ်စွဲမည်ကို အလွန်ပင် စိုးရိမ်လျက်ရှိသည်။ သူက ဤသို့ ရှင်းပြခဲ့သည်။ *“ကျွန်တော်ပျော်ပေမယ့် ကြောက်နေသေးတယ်။ ကျွန်တော့်မိသားစုကို တွေ့ရလို့ ပျော်တယ်။ ဒါပေမယ့် ကျွန်တော် ‘လက်သုံးချောင်း’ [PDF] တွေကို ကြောက်တယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်က စစ်ကောင်စီစစ်သားတွေ ဖမ်းဆီးတာ ခံရတယ်။ သူတို့ ကျွန်တော့်ကို [အပြစ်ကင်းကြောင်း] နားမလည်မှာကို ကျွန်တော်ကြောက်တယ်။”* အလားတူပင် ဒူးပလာယာခရိုင်၊ ဝင်းရေး (ဝေါ်ရေး) မြို့နယ်၊ တခွန်တိုင်ကျေးရွာအုပ်စု၊ ငအ--- ကျေးရွာမှ ဒေါ် အယ--- သည် သူမ၏ အမျိုးသားဖြစ်သူအား SAC မှ ခြောက်ရက်တာ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရပြီးနောက် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြန်လည်လွတ်မြောက် လာခဲ့သော်လည်း ၎င်းအနေနှင့် အကြောက်တရားနှင့် လုံခြုံရေးအတွက် စိုးရိမ်ပူပမ်မှုများကို ခံစားရလျက် ရှိသည်။ *“ကျွန်မမှာ သူတို့ လုံခြုံရေးအတွက် စိုးရိမ်ရတယ်။ ကျွန်မယောက်ျား ပြန်ရောက်လာပြီးတဲ့နောက်မှာ တခြားလူတွေဆီက [ကျွန်မယောက်များကို သူလျှိုလို့ပြောတဲ့] သတင်းတွေ ကြားရတယ်။ ကျွန်မ [ဒေသတွင်း အာဏာပိုင်တွေ ရောက်လာတယ်ဆိုတဲ့] သတင်းကို ဘယ်အချိန်ပဲကြားကြား ကျွန်မတစ်ကိုယ်လုံး အေးသွားတယ်။ ကျွန်မ ကောင်းကောင်း အိပ်မပျော်ဘူး၊ စားမဝင်ဘူး။ တကယ်လို့ ကျွန်မယောက်ျား*

*မရှိတော့ဘူးဆိုရင် ကျွန်မကလေးနှစ်ယောက် အနာဂတ်အတွက် ဘာလုပ်ရမလဲ တွေးနေမိတယ်။ပြီးတော့ အိုး--- အကုန်လုံးပဲ [ကျွန်မစိတ်ထဲကိုဝင်လာတယ်]”*

လုံခြုံရေးအရ စိုးရိမ်မှုများနှင့် SAC နှင့် တော်လှန်ရေးတပ်ဖွဲ့များမှ တုံ့ပြန်တိုက်ခိုက်မည်ကို စိုးရိမ်သော ကြောင့် ဖမ်းဆီးခံရခြင်းနှင့် အတင်းအဓမ္မအစဖျောက်ခြင်းခံရသည့် ရွာသားများသည် ၎င်းတို့လွတ်မြောက်လာပြီး နောက်တွင် ထွက်ပြေးပုန်းအောင်းနေကြရသည်။ ယခင်က တွေ့ရှိရသကဲ့သို့ ဒူးသထူးခရိုင်၊ သထုံးမြို့နယ်မှ ရွာသားခြောက်ဦးသည် ၂၀၂၂ ခုနှစ် ဧပြီလတွင် SAC ထံမှ ပြန်လည်လွတ်မြောက်လာသော်လည်း ၎င်းတို့၏ အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်မှုများ ခံစားခဲ့ကြရသည်။ ၎င်းတို့အား မလွှတ်ပေးမီ SAC တပ်သားများက ၎င်းတို့ ခြောက်ဦးအား မတွေ့ချင်တော့ကြောင်းနှင့် ထပ်တွေ့ပါက ၎င်းတို့အား သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထိုခြိမ်းခြောက်မှုက ရွာသားများအား ကြောက်လန့်စေပြီး ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ကာ ထွက်ပြေးစေခဲ့သည်။[47]

## (ခ) မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများ၏လိုအပ်ချက်များ

အတင်းအဓမ္မပျောက်ဆုံးစေမှု၏ အကျိုးသက်ရောက်မှုသည် ပတ်ဝန်းကျင်အားဆိုးရွားစွာထိခိုက်စေသည်။ ထို့ကြောင့် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ပတ်သက်၍ နိုင်ငံတကာဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များအရ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူ၏မိသားစုဝင်များနှင့်ဆွေမျိုးသားချင်းများသည်လည်း ထိခိုက်နစ်နာသူများအဖြစ် သတ်မှတ်ထားသည်။[48] လူမှုအသိုင်းအဝိုင်း အတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုဖြစ်စဉ်တစ်ခုဖြစ်ပွားပြီးနောက်တွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူ၊ ၎င်း၏မိသားစုဝင်များနှင့် အိမ်နီးနားချင်း များမှ စိတ်ပိုင်းဆိုင်ရာ အခက်အခဲ၊ အတားအဆီးများအား ကြုံတွေ့ခံစားရကြောင်း မြေပြင်အစီရင်ခံစာများနှင့် အင်တာဗျူးဖြေကြားသူ (၉၆)ရာခိုင်နှုန်းမှ ဖော်ပြထားသည်။ ကျန်ရစ်သူမိသားစုဝင်များသည် ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် ကြောက်ရွံ့ခြင်းများခံစားရပြီး ရေရှည်တွင်၎င်းတို့၏စိတ်ကျန်းမာရေးကို ထိခိုက်စေသည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏မိသားစုဝင်များသည် ၎င်းတို့အားရှာဖွေရန် နည်းလမ်းအမျိုးမျိုးဖြင့်ကြိုးစားခဲ့ကြောင်း အင်တာဗျူးဖြေကြားသူအများစုက ဖော်ပြခဲ့သည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏သတင်းအစအနတစ်ခုခုရရှိရန်အတွက် ၎င်းတို့၏မိသားစုဝင်များသည် တစ်နေရာမှ တစ်နေရာသို့သွား၍ တွေ့သည့်လူများနှင့် ဒေသခံအာဏာပိုင်များကို မေးမြန်း၍စုံစမ်းခဲ့ကြသည်။ KHRG ၏သတင်းမှတ်တမ်းများအရ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့်ရွာသားအများစုသည် ငယ်ရွယ်သောအမျိုးသားများဖြစ်ကြပြီး ဤကဲ့သို့အတင်းအဓမ္မပျောက်ဆုံးစေမှုခံရခြင်းကြောင့် ကျန်ရစ်ခဲ့သော ၎င်းတို့၏မိခင်များ နှင့်ဇနီးများသည် စိတ်ပိုင်းဆိုင်ရာအခက်အခဲများနှင့် ငွေကြေးဆိုင်ရာအကြပ်အတည်းများကို ကြုံတွေ့ခံစားကြရသည်။

[47] KHRG မှ ၂၀၂၂ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော “ဒူးသထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို – စစ်ကောင်စီစစ်သားများမှ ရွာသား (၇) ဦးအား အဓမ္မဖမ်းဆီး (၂၀၂၂ ခုနှစ်၊ မတ်လ)” တွင် ကြည့်ပါ။

[48] WGEID ၂၀၂၃ အလုပ်နည်းလမ်းများ၏စာပိုဒ် ၉၊ UN Commission on Human Rights မှ ၁၉၉၂ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထုတ်ဝေသော “Declaration on the Protection of All Persons from Enforced Disappearance” တွင်ကြည့်ပါ။

## အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူ၏မိသားစုဝင်များအပေါ် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ

### ၁) သတင်းအချက်အလက်များ ဖုံးကွယ်ထားခြင်း

**ရွာသားများ** ဖမ်းဆီးခံရပြီးပျောက်ဆုံးသွားပြီးနောက်တွင် ကျန်ရစ်သော ၎င်းတို့၏မိသားစုဝင်များသည် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ခံစားကြရသည်။ KHRG ၏အင်တာဗျူးများနှင့် အစီရင်ခံစာများမှ ဖော်ပြချက်အရ တစ်ချို့ သောရွာသားများသည် ဖမ်းဆီးခြင်းခံရသော ၎င်းတို့၏မိသားစုများဝင်များကို အချိန်တိုအတွင်း တွေ့ရှိကြသော်လည်း ရွာသားတော်တော်များများသည် နောက်ပိုင်းတွင် ၎င်းတို့မိသားစုများဝင်၏အခြေအနေနှင့်တည်နေရာကို သိရှိခွင့်မရရှိတော့ပေ။ ဥပမာအားဖြင့် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် တစ်ချို့လူ ငယ်တစ်စုသည် ညမထွက်ရအမိန့်ထုတ်ပြန်ထားသော အချိန်ကာလအတွင်း ဆိပ်ကြီးမြို့တွင် ခရီးသွားလာခဲ့ သောကြောင့် SAC မှ ၎င်းတို့အား ဖမ်းဆီးခဲ့သည်။ အဖမ်းဆီးခံရသည့်လူငယ်များသည် ရဲစခန်းတွင် ၎င်းတို့၏မိဘ များကို တစ်ကြိမ်သာ မြင်တွေ့ခွင့်ရရှိခဲ့သည်။ ထို့နောက် SAC မှ ၎င်းတို့အား ရဟတ်ယာဉ်ဖြင့် တစ်နေရာသို့ ခေါ် ဆောင်သွားပြီးနောက်တွင် ၎င်းတို့မိဘများအား တွေ့ရှိခွင့်မရတော့ပေ။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆိပ်ကြီးမြို့မှ ဒေသခံတစ်ဦးက ယခုလိုရှင်းပြခဲ့သည်။ *"အဖမ်းဆီးခံရပြီး (ရဲစခန်းမှာ) တစ်ညနေရတယ်။ နောက် တစ်နေ့မှာ သူတို့မိဘတွေ သူတို့ကို အချုပ်ထဲမှာ လာတွေ့ပြီး အားပေးစကားပြောတယ်။ တစ်ချို့မိဘတွေကတော့ ငိုတာပေါ့။ သူတို့ကလေးတွေ အဖမ်းခံရလို့လေ။ သူတို့ကို ရဲစခန်းမှာ ငါးရက်လောက် ဖမ်းဆီးထားတယ်။ ပြီးတော့ သူတို့ကို ရဟတ်ယာဉ်တစ်စီးနဲ့ ခေါ်သွားတယ်။"* တစ်ချို့မိဘများသည် ၎င်းတို့၏သားများကို တောင်ကလေးထောင် သို့ ခေါ်ဆောင်သွားခဲ့ကြောင်း သတင်းကြားသိရှိခဲ့သည်။ ထိုသတင်းကြောင့် မိဘများသည် ၎င်းတို့သား၏ကျန်းမာရေးအတွက် ပို၍စိတ်ပူခဲ့သည်။ အကြောင်းမှာ တောင်ကလေးထောင်တွင် နေရာထိုင်ခင်းများချို့တဲ့ခြင်းနှင့် ထောင်သားများသည် ညစ်ပတ်သည့်ရေကိုသာ သုံးစွဲရသည့်အတွက် တစ်ကိုယ်ရေမှုသန့်ရှင်းမှုမရှိခြင်းစသည့် အခြေအနေများရှိကြောင်း မိဘများက ကြားသိရှိခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့သားများကို မည်သည့်နေရာတွင် ခေါ်ဆောင်သွားခဲ့ကြောင်းနှင့် သူတို့အခြေအနေဘယ်လိုရှိကြောင်း SAC အာဏာပိုင်များက မိဘဖြစ်သူများကို ပြောပြခဲ့ခြင်းမရှိခဲ့ပေ။ ၎င်းတို့သားများသည် (၆)လကြာ ဖမ်းဆီးထိန်းသိမ်းခံရပြီး ဘာသတင်းမှ မရရှိသောကြောင့် အတင်းအဓမ္မပျောက်ဆုံးစေသည့်အမှုဟု သတ်မှတ်၍ရနိုင်သည်။

SAC အနေဖြင့် ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားသည့်လူများ၏အခြေအနေကို သတင်းဖုံးကွယ်ထားသောကြောင့် ပျောက်ဆုံးသွားသောရွာသားများ၏သတင်းကို လိုက်လံစုံစမ်းရာတွင် အခက်အခဲစိန်ခေါ်မှုများ၊ စိတ်ပျက်စေမှုများ ရှိနေ သည်။ တစ်ချို့သောဆွေမျိုးသားချင်းများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသော ၎င်းတို့မိသားစုဝင်များ၏အလောင်းကို တွေ့ရှိသည့် အခါ သို့မဟုတ် လက်စဖျောက်ခံရသူများ အိမ်သို့ပြန်လာသည့်အခါမှသာ ပျောက်ဆုံးသွားသူမိသားစုဝင်အကြောင်းကို သိရှိခွင့်ရသည်။ လက်စဖျောက်ခံရသူရွာသားများဖြစ်သော အည–––နှင့် စောအစျ–––တို့အကြောင်းနှင့်ပတ်သက်၍ ဒူးပလာယာခရိုင်၊ ကော်တရီးမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ စပ–––ကျေးရွာတွင်နေထိုင်သော နော်ဘဝ–––မှ ယခုလိုရှင်းပြခဲ့သည်။ *"ကျေးရွာအုပ်ချုပ်ရေးမှူးအားလုံးကလည်း ပျောက်ဆုံးသွားတဲ့ရွာသားတွေကိုကူရှာပေးပြီး သတင်းတွေလိုက်လံစုံစမ်းခဲ့တယ်။ သူတို့ဘယ်နေရာမှာ ပျောက်သွားလဲဆိုတာ ကျွန်မတို့သိတယ်။ ဒါပေမဲ့ ဘယ်သူ မှ သူတို့သတင်းကို မရကြဘူး။ သူတို့အိမ် ပြန်လာမှဘဲ အကြောင်းစုံသိရတာ။"*

ဒူးပလာယာခရိုင်၊ ကော်တရီးမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ စအ–––ကျေးရွာတွင် SAC စစ်သားများမှ ရွာခံတစ်ဦးဖြစ် သည့်စောအ–––အားဖမ်းဆီးခဲ့ပြီး ပျောက်ဆုံးသွားခဲ့သည်။ စောအ–––၏မိခင်သည် သူမ၏သားကျန်းမာရေးနှင့် လုံခြုံရေးအတွက် အလွန်တရာစိုးရိမ်ပူပန်ခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ စောအ–––၏မိခင်မှ သူမ၏ခံစား ချက်ကို ဤသို့ပြောပြခဲ့သည်။ *"ကျွန်မသားအတွက်အလွန်စိုးရိမ်ခဲ့ရတယ်။ … အဲအချိန်မှာ ကျွန်မဘယ်လို အေး အေးဆေးဆေးနေလို့ရမလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူဘယ်နေရာမှာရှိနေလည်း ကျွန်မမသိခဲ့ရဘူးလေ။… တိုက်ပွဲဖြစ်တဲ့အချိန်မှာ သူအသတ်ခံရမှာကို ကျွန်မစိုးရိမ်ကြောက်ရွံ့ခဲ့တယ်။ သူ့ခြေထောက်နှင့်လက်တွေလည်း မကောင်းဘူးလေ။… သူကောင်းကောင်းလမ်းလျှောက်လို့မရဘူး။ သူက စိတ်ဝေဒနာခံစားရတဲ့သူတစ်ဦးလည်း ဖြစ်တယ်။… ကျွန်မတို့ပြေးရှောင်နေရတဲ့အချိန်မှာ သူအဖမ်းခံရတယ်လေ။ အဲဒါကြောင့် ကျွန်မတို့လည်း*

*အလုပ်မလုပ်နိုင်ဘူး။ သူဘယ်မှာရောက်နေလဲ၊ သူဘယ် လိုနေလဲ၊ ဗမာစစ်သားတွေက သူ့ကိုဘာလုပ်မလဲဆိုပြီး သူ့အကြောင်းကိုတွေးပြီး ပူပင်နေရတယ်။ ကျွန်မသူ့အကြောင်းကို တစ်ချိန်လုံးတွေးပြီးစိတ်ပူခဲ့ရတယ်။... ကျွန်မ မှာဖြင့် နလုံးတွေတုန်ပြီးစိတ်ပူခဲ့ရ တယ်။"*

**၂) မိခင်ဖြစ်သူများမှ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသောသားများကို ရှာဖွေခြင်း**

မိခင်ဖြစ်သူများသည် **အတင်းအဓမ္မပျောက်ဆုံးစေမှု**ခံရသော ၎င်းတို့၏သားများကို တစ်ဦးတည်းရှာဖွေရလေ့ရှိပြီး အခက်အခဲ၊ စိန်ခေါ်မှုများစွာ မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တကုခီး ကျေးရွာအုပ်စု၊ စဝ---ကျေးရွာမှ (၁၅)နှစ်အရွယ်ရှိသော ယောကျ်ားလေးတစ်ဦးဖြစ်သူ စောအဒ---သည် ဖမ်းဆီးခံရပြီး လက်စဖျောက်ခံရခဲ့သည်။ မိခင်ဖြစ်သူ နော်အင---သည် သူမ၏သားကို ရှာဖွေရန်အတွက် ဒေသခံ ရွာသားများအား မေးမြန်းပြီး သားဖြစ်သူနှင့်ပတ်သက်၍ သတင်းတစ်ခုခုရရှိရန်မျှော်လင့်ချက်ဖြင့် တစ်မြို့ပြီး တစ်မြို့ သွား၍ ရှာဖွေစုံစမ်းခဲ့သည်။ ထိုအကြောင်းကို နော်အင---မှ ဤသို့ပြောကြားခဲ့သည်။ *"သူ့အကြောင်းကို ကျွန်မ တစ်နေရာပြီးတစ်နေရာသွားပြီး လိုက်မေးကြည့်တယ်။...ကျွန်မသတင်းရတာနဲ့ နဘ--- (နေရာ)ကို သွားပြီးစုံစမ်းတယ်။ ဗမာစစ်သားဂိတ်မှာ လူငယ်နှစ်ဦးကိုတွေ့တယ်လို့ တစ်ချို့လူတွေပြောကြတယ်။ အဲဒါကြောင့် ကျွန်မ အဲဒီဂိတ်ကိုသွားပြီးရှာတယ်။ ဒါပေမဲ့ ကျွန်မသူ့ကို ဘယ်နေရာမှ ရှာမတွေ့ဘူး။"* ပထမအနေဖြင့် နော်အင---သည် SAC စစ်သား များကိုဖုန်းဖြင့်ဆက်သွယ်ပြီး ကြာအင်းဆိပ်ကြီးမြို့ရှိ SAC အမြောက်တပ်စခန်းသို့သွား၍ စုံစမ်းခဲ့သည်။ ထို့နောက် သူမသည် SAC စစ်သားများအားခေါ်၍ သူမ၏သားအကြောင်းကို မေးမြန်းခဲ့သည်။ သို့သော် SAC စစ်သားများက သူမ၏သားကို မတွေ့မိခဲ့ကြောင်း သူမအား ပြန်လည်ပြောဆိုခဲ့သည်။ ခမရ (၂၈၄)သည် သူမ၏သားကို ဖမ်းဆီးခဲ့ ကြောင်း SAC ဗျူဟာမှူးတစ်ဦး(G3)မှ နော်အင---အား ပြောပြခဲ့သည်။ ထို့ကြောင့် ကြာအင်းဆိပ်ကြီးမြို့ရှိ တပ်စခန်းသို့ သွား၍စုံစမ်းရန် အဆိုပါဗျူဟာမှူးသည် သူမအား ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ခမရ (၂၈၄) တပ်စခန်းသို့ နော်အင---ရောက်ရှိချိန်တွင် SAC စစ်သားများက သူမ၏သားကို မဖမ်းဆီးခဲ့ကြောင်း သူမအား ပြောကြားခဲ့သည်။ ထိုဒေသတွင် SAC ပူးပေါင်းတပ်ဖွဲ့များ အများအပြားရှိနေသည့်အတွက်ကြောင့် ရဲစခန်းသို့သွားရောက်စုံစမ်းရန် အဆိုပါစစ်သားများက နော်အင---အား ညွှန်ကြားခဲ့ပြန်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အခြားရွာသူများလည်း နော်အင---အား ရဲစခန်းသို့သွားရန် လိုက်ပို့ပေးခဲ့ကြပြီး ထို့နောက် သူမ၏သားကို သွားရောက်ရှာဖွေခဲ့သည်။ သို့သော်လည်း သူမ၏သားကို မတွေ့ခဲ့ရပေ။ ယခုအချိန်ထိ နော်အင---သည် ပျောက်ဆုံးသွားသော သူမ၏သားအကြောင်းကို ဘာသတင်းတစ်ခုမှ မကြားရတော့ပါ။

နော်အင---သည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာဝေဒနာကိုခံစားရပြီး တစ်နေ့နေ့တွင် သူမ၏သား အိမ်ပြန်လာမည်ဟု မျှော်လင့်နေဆဲဖြစ်သည်။ သူမ၏ခံစားချက်ကို ယခုလိုပြောပြခဲ့သည်။ *"ကျွန်မအလုပ်လုပ်နေပေမဲ့ အတွေးတွေတအားများတယ်။ တစ်ခါတစ်လေ ကျွန်မစားလို့မဝင်ဘူး။... အစပိုင်းမှာ ကျွန်မဘယ်လိုမှ အိပ်လို့မပျော်ဘူး။ တစ်ခါတစ်လေဆိုရင် ကျွန်မသားရဲ့အသံကြားယောင်မိတယ်။...သူမသေသေးဘူးလို့ ကျွန်မထင်တယ်။ (လက်စဖျောက်ခံရတဲ့) တစ်ချို့ကလေးတွေ အသတ်ခံရတယ်လို့ကျွန်မတို့ကြားတယ်။ ဒါပေမဲ့ ကျွန်မရဲ့ သားမသေသေးဘူးလို့ ကျွန်မယုံကြည်တယ်။ သူသေသွားတယ်ဆိုတဲ့သတင်းကိုကြားရင် ကျွန်မမယုံဘူး။... တစ်နေ့မှာ သူပြန် လာမယ်လို့ ကျွန်မမျှော်လင့်နေဆဲပဲ။"* ဒေသခံရွာသားတစ်ဦးဖြစ်သူ စောဘဘ---ကလည်း နော်အင---၏အခြေ အနေနှင့်သူမမည်ကဲ့သို့ခံစားနေရကြောင်း ဤသို့ပြောပြခဲ့သည်။ *"သူမ (နော်အင---) အနေနဲ့က အငယ်ဆုံးသားကို ဆုံးရှုံးရပြီးတဲ့အချိန်မှာ ဘဝမှာဘယ်လိုမှ မပျော်နိုင်တော့ဘူး။ သူမက အလုပ်မလုပ်ချင်တော့ဘူး။ အိမ်မှာလည်း မနေချင် တော့ဘူး။ လမ်းတောင် မလျှောက်ချင်တော့ဘူး။ ရှင်းရှင်းပြောရရင် ဘာတစ်ခုမှ သူမလုပ်ချင်တော့ဘူး။ သူမအိပ်လို့ လည်း မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့စိတ်တွေ အရမ်းကိုတုန်လှုပ်ချောက်ခြားနေတယ်။ သူမအိပ်လို့မရရင် လမ်းလျှောက်တယ်။ ဒါပေမဲ့ မင်းသူမနဲ့စကားပြောရင် သူမဘာမှ ပြန်မပြောတော့ဘူး။ သူပြောချင်တဲ့အချိန်မှာဘဲ သူပြောတယ်။ လူတွေက တစ်ယောက်ယောက်အဖမ်းခံရတယ်လို့ပြောရင် သူမ ချက်ချင်းပဲထမေးတယ်။ 'အဲဒီကိစ္စက ကျွန်မရဲ့အငယ်ဆုံးသားကိစ္စလား။' တစ်ခြားအကြောင်းအရာတွေကိုပြောရင် သူမစိတ်ဝင် စားခြင်းမရှိဘူး။"*

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ဒဇ---ကျေးရွာမှ (၁၆)နှစ်အရွယ်ရှိသော စောအဆ---ကို SAC မှ ဖမ်းဆီးပြီး ပျောက်ဆုံးသွားခဲ့သည်။ စောအဆ---၏မိခင်ဖြစ်သူ နော်ဘခ---သည် သူမ၏သားကို SAC ဖမ်းဆီးခဲ့ကြောင်းမသိရှိသောကြောင့် ကော်တရီမြို့သို့သွား၍ ဈေးဆိုင်များ တစ်ဆိုင်ပြီးတစ်ဆိုင်ဝင်ပြီး သူမ၏သားကို လိုက်လံရှာဖွေခဲ့သည်။ ဒေသခံရွာသားများမှ သူမ၏သားအဖမ်းဆီးခံခဲ့ရကြောင်း သူမအားအကြောင်းကြားပြီးနောက် သူမသည် SAC တပ်မ (၁၁)မှ ဗိုလ်မှူးနိုင်လင်းအောင်ကို ဆက်သွယ်ခဲ့သည်။ ဗိုလ်မှူးနိုင်လင်းအောင်သည် ယခင်က စစ်ကြောင်းထိုးနေစဉ်အတွင်း နော်အဇ---၏အိမ်တွင် တည်းခိုခဲ့ဖူးသည်။ သူမ၏သားသည် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့်ပါဝင်ပတ်သက်မှုမရှိကြောင်း တွေ့ရှိပါက သူမ၏သားကို ပြန်လွှတ်ပေးမည်ဟု SAC မှ သူမအား ပြောကြားခဲ့သည်။ SAC သည် သူမ၏သားကို မပေးတွေ့သည့်အပြင် သူမသားနှင့်ပတ်သက်၍အခြားသောသတင်းအကြောင်းအရာများကိုလည်း သူမအား မပြောပြခဲ့ပေ။ သူမ၏သားသည် အပြစ်မရှိကြောင်း သက်သေပြရန်အတွက် သူမ၏သားကိုပြန်လွှတ်ပေးရန် သူမသည် ရဲရဲဝံ့ဝံ့ရပ်တည်၍ SAC အား ပြောကြားခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ သူမ၏ခံစားချက်ကို ဤသို့ရှင်းပြခဲ့သည်။ *“သူက ကျွန်မရဲ့တစ်ဦးတည်းသောသားလေ။ သူအဖမ်းခံရတော့ ကျွန်မအရမ်းစိတ်ပူတာပေါ့။ သူဒီလို ပျောက်သွားတာကြားတော့ ကျွန်မဝမ်းနည်းပြီးငိုတယ်။ ကျွန်မခင်ပွန်းသေလို့ ကျွန်မအရမ်းစိတ်ထိခိုက်ခဲ့တာ ပြေတောင်မပြေသေးဘူး။ အခုကျွန်မသားအဖမ်းခံရပြန်ပြီ။ ဇူလိုင်လမှာ ကျွန်မခင်ပွန်း သေခဲ့တယ်။ နိုဝင်ဘာလမှာ ကျွန်မရဲ့သား အဖမ်းခံရတယ်။”*

ခလယ်လွီထူးခရိုင်၊ လယ်ဒိုမြို့နယ်၊ ဟသ်ာဝီကျေးရွာအုပ်စု၊ နစ---ကျေးရွာတွင်နေထိုင်သည့်နော်ဘဒ---သည် သူမ၏သားဖြစ်သူ စောဂျ---နှင့်သူ၏သူငယ်ချင်းနှစ်ဦးကို ခလရ (၂၆၄) တပ်ရင်းမှ SAC စစ်သားများက ၎င်းတို့အား စဂျ---ရွာတွင် ဖမ်းဆီးခဲ့ပြီးနောက်တွင် စိတ်ထိခိုက်ဒဏ်ရာများ ခံစားခဲ့ရကြောင်း သူမအနေဖြင့် ရင်ဖွင့်ခဲ့သည်။ မျက်ရည်ကျပြီး သူမ၏ခံစားချက်များကို KHRG အား ဤသို့မျှဝေခဲ့သည်။ *“သူအဖမ်းခံရတာကို ကျွန်မ မထင်မှတ်ပဲကြားလိုက်ရတယ်။ ဟင့်…ဟင့် (အော်ငို၍ပြောသည်)။ ကျွန်မဘာမှမလုပ်ပေးနိုင်ဘူး။ ငိုတာပဲ သိတော့တယ်။…’မင်းရဲ့သားအကြောင်းကို သတင်းတစ်ခုခုကြားရဲ့လား’လို့ လူတွေကကျွန်မကို လာမေးရင် ကျွန်မဘယ်လိုလုပ်သိမှာလဲ။ သူနဲ့သူ့သူငယ်ချင်းနှစ်ဦးအဖမ်းခံရတယ်။ ဗမာစစ်သားတွေက သူ့ကိုဖမ်းပြီးရိုက်နက်ခဲ့တယ်လို့ သူ့သူငယ်ချင်းနှစ်ဦးက ကျွန်မကိုလာပြောတယ်။ အဲဒီအကြောင်း ကျွန်မကိုလာမပြောပြနဲ့လို့ ကျွန်မသူတို့ကို ပြန်ပြောတယ်။ ကျွန်မဘာမှမမေးချင်တော့ဘူး။… ကျွန်မအရမ်းစိတ်ပင်ပန်းတယ်။ နှစ်လ၊ သုံးလလောက် ကျွန်မဒီလိုခံစားရတော့ ဘယ်သူနဲ့မှ စကားမပြောရဲတော့ဘူး။ တိမ်တွေညိုလာရင် ကျွန်မသူ့ကိုအရမ်းလွမ်းတာပဲ။”* သူမ၏သမီးဖြစ်သူခံစားချက်ကိုလည်း ယခုလိုပြန်လည်ပြောပြခဲ့သည်။ *“သူ့ညီမက သူ့ကို (စောဂျ---) အရမ်းချစ် တာ။ သူ့အတွက်အမြဲဆုတောင်းပေးတယ်။…တစ်ခါတစ်လေဆိုရင် သူ့ညီမက သူ့အင်္ကျီကို ယူဝတ်တယ်။… သူ့ညီမက သူ့အကိုအင်္ကျီကိုယူဝတ်ရင် သူ့အကိုကိုအရမ်းသတိရတယ်တဲ့။ သူ့အကိုအင်္ကျီကိုယူဝတ်ရင် အင်္ကျီကို ပြန်ထားလို့ ကျွန်မသမီးကို ကျွန်မဆူတယ်။ ကျွန်မသမီးကို ကျွန်မရိုက်မိတော့မလို့ဘဲ။ သူ့အကိုနဲ့ပတ်သက်လို့ ဒီအင်္ကျီတစ်ထည်ပဲ ကျန်တော့တာလေ။… သူ့ညီမကတော့ သူ့အကိုဟာ အဲဒီအင်္ကျီဝတ်ပြီး အိမ်ပြန်လာ တယ်လို့ အိမ်မက်မက်တယ်တဲ့။ ဒါကသူသက်ရှိထင်ရှားရှိပြီး ကျန်းမာတယ်လို့ လူတွေပြောကြတယ်။…အခုထိ သူ့ညီမက ငိုနေရှာတုန်းပဲ။”*

### ၃) အတင်းအဓမ္မပျောက်ဆုံးမှုခံရပြီးနောက် အသတ်ခံရခြင်း

မိသားစုဆွေမျိုးသားချင်းများ အတင်းအဓမ္မပျောက်ဆုံးမှုခံရပြီးနောက်တွင် ရွာသားအများစုသည် ပျောက်ဆုံးသွားသော ၎င်း တို့မိသားစုဝင်များ၏အခြေအနေနှင့် တည်နေရာကိုသိရှိရန်အတွက် ၎င်းတို့ကြားရသည့်သတင်းနောက်ကိုလိုက်ပြီး စုံစမ်းရှာဖွေလေ့ရှိကြောင်း ထုတ်ဖော်ပြောပြခဲ့သည်။ အဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားသောရွာသားများသည် အသတ်ခံရကြောင်း သတင်းထွက်လျှင် ၎င်းတို့၏မိသားစုဝင်များသည် ၎င်းတို့အလောင်းကို မတွေ့ရသော်လည်း အသုဘချ၍ အမျှဝေပေးခဲ့သည်။ တစ်ချို့ကလည်း ၎င်းတို့ကို ဆက်လက်ရှာဖွေခဲ့သည်။ ဒူးသထူခရိုင်၊ ကျိုက်ထို မြို့နယ်၊ ဆောတုခီးကျေးရွာအုပ်စု၊ စင---ကျေးရွာမှ ဦးထ---၏သမီးဖြစ်သူ မ ဘန---မှ သူမ၏အဖေအကြောင်းကို ဤသို့ပြန်လည်ပြောပြခဲ့သည်။ *“တစ်ချို့လူတွေကပြောတယ် သူအသတ်ခံရပြီးတဲ့။ ဒါပေမဲ့ ကျွန်မမယုံဘူး။... ကျွန်မအရမ်းဝမ်းနည်းတယ်။ လူတွေက သူသေပြီးလို့ပြောပေမဲ့ ကျွန်မမယုံနိုင်ဘူး။ တစ်နေ့ကျရင် ကျွန်မအဖေ ပြန်လာမယ်ဆိုတာ ကျွန်မယုံကြည်တယ်။ ကျွန်မအဖေပြန်လာမယ်ဆိုတဲ့ယုံကြည်ချက်နဲ့ ကျွန်မကိုကျွန်မဖြေ သိမ့်ခဲ့ရတယ်။ ကျွန်မအဖေသေပြီးလို့ မခံစားရဘူး။ သူအသက်ရှင်နေတုန်းပဲဆိုတာ ကျွန်မခံစားရတယ်။”*

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ မနက်ပိုင်းတွင် SAC တပ်မ (၄၄)သည် ဆိုင်ကယ်စီးလာသော အသက် (၂၀) နှစ်အရွယ်ရှိသည့်စောဘဖ---အား ပစ်ခတ်ခဲ့သည်။ စောဘဖ---သည် ကော်တရီမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ အဒ---ကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦးဖြစ်သည်။ စောဘဖ---သည် ဒဏ်ရာရရှိခဲ့သည်။ ထို့နောက် SAC သည် ၎င်းအား အအ---ကျေးရွာမှ အဖ---ကျေးရွာသို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုအချိန်မှစ၍ စောဘဖ---၏မိဘနှစ်ပါးသည် ၎င်း၏သတင်းကို ဘာမှမကြားရတော့ပါ။ စောဘဖ---၏မိဘသည် ဒေသအတွင်းတွင် လှုပ်ရှားနေသော SAC တပ်ဖွဲ့များကို မေးမြန်းစုံစမ်းပြီး ၎င်းတို့၏သားဖြစ်သူကို ကြိုးစားရှာဖွေခဲ့သည်။ သို့သော်လည်း SAC သည် ၎င်းတို့အား မပြောပြဘဲ သတင်းလျှို့ဝှက်ခဲ့သည်။ ထို့အပြင် SAC သည် စောဘဖ---ကို ဖမ်းဆီးခဲ့ ခြင်းမရှိဟု ထွက်ဆိုခဲ့သည်။ ရက်အနည်းငယ်အကြာတွင် စောဘဖ---၏မိဘသည် ပုပ်ပွနေသည့်အလောင်းတစ်လောင်းကို တွေ့ရှိခဲ့သည်။ ထိုအလောင်းမှာ ၎င်းတို့သားဖြစ်သည်ဟု ယုံကြည်နေသည်။ အကြောင်းမှာ ထိုအလောင်း၏လက်ကောက်ဝတ်တွင်ရှိသည့်ချည်မျှင်ကိုတွေ့ပြီး မှတ်မိသွား၍ ၎င်းတို့၏သားဖြစ်ကြောင်း ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဒူးပလာယာခရိုင်၊ နို့တကော့မြို့နယ်၌ DKBA မှ ရွာသားလေးဦးကို သတ်ဖြတ်ခဲ့သည်။ ထိုရွာသားလေးဦးမှာ ဆ---၊ တ---၊ ကစ---နှင့် လ---များဖြစ်ကြသည်။ ထိုရွာသားလေးဦး၏ဇနီးဖြစ်သူများသည် အသတ်ခံ ရသည့် ၎င်းတို့အမျိုးသားများ၏အလောင်းကို ဘယ်မှာရှိသည်ကို သတင်းမရကြပါ။ ဤကိစ္စနှင့်ပတ်သက်၍ စလ---ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဤသို့ရှင်းပြခဲ့သည်။ *“အသတ်ခံရတဲ့ရွာသားတွေရဲ့မိသားစုဝင်တွေက သူတို့တွေ ဘာအ ပြစ်လုပ်မိလို့လဲဆိုပြီး (ဒေသခံအာဏာပိုင်တွေကို) ငိုပြီးတော့လာမေးတယ်။ သူတို့က (ပြစ်မှုကျူးလွန်သူ) ဘာမှမ ရှင်းပြနိုင်ဘူး။... အဲဒီရွာသားလေးယောက်အသတ်ခံရတော့ ကျွန်တော်တို့ဘာတစ်ခုမှ မလုပ်ပေးနိုင်ခဲ့ဘူး။ ကျန်ရစ် သူမိသားစုတွေကတော့ သူတို့ခင်ပွန်းတွေရဲ့အလောင်းကို အိမ်ကိုပြန်လာသယ်ချင်တယ်။ ဒါပေမဲ့ ဘယ်သူက (မည်သည့်စစ်သားများ) သူတို့ကိုသတ်ပြီး အလောင်းဖျောက်လိုက်လဲဆိုတာ ကျွန်တော်တို့လည်း မသိရဘူး။”*

အတင်းအဓမ္မပျောက်ဆုံးမှုခံရသူများ၏အကြောင်းကိုသိရှိရန် သတင်းအချက်အလက်များမရရှိခြင်းသည် ကျန်ရစ်သော မိသား စုဆွေမျိုးသားချင်းများအပေါ် စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုရှိစေသည်။ ဤအရာကို စောဘဟ---၏မိခင်ဖြစ်သူ နော်ဘဌ---မှ ယခုလိုရှင်းပြခဲ့သည်။ *“ကျွန်မအနေနဲ့က အရမ်းဝမ်းနည်းပြီးခံစားရတယ်။ ပြီးတော့ ပြန်ကောင်းလာ တယ်။ ပြီးတော့ ပြန်ပြီးခံစားလာတယ်။ အဲလိုပဲ ခံစားလိုက်၊ သက်သာလိုက်နဲ့ ခဏခဏဖြစ်တာ။ သူသေတော့ အရာအားလုံးပြီးသွားတယ် (ဘာမှလုပ်လို့မရတော့ဘူး)။ အဲဒါကိုစဉ်းစားတိုင်း ကျွန်မစိတ်မကောင်းဖြစ်မိတယ်။ အဲဒါကြောင့် (သားဖြစ်သူမှ လက်စဖျောက်ခံရခြင်းကို) ကျွန်မမစဉ်းစားရင်ပိုကောင်းမယ်။”* ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၇ရက်နေ့တွင် သူမ၏သားဖြစ်သူ စောဘဟ---သည် စက်ဘီးတစ်စီးဖြင့် ကျွန်းပင်ဆိပ်မြို့သို့သွား

သည့်အချိန် လမ်းတွင် SAC မှ ၎င်းအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ စောဘဟ---သည် ပျောက်ဆုံးသွားခဲ့သည်။ ထို့ကြောင့် ဒေသခံရွာသားများမှ စောဘဟ---သည် SAC တပ်စခန်းတွင် အဖမ်းခံခဲ့ရသောကြောင့် SAC မှ ၎င်းအား သတ်ဖြတ်သွားခဲ့သည်ဟု ထင်မြင်ယူဆကြသည်။







ဤပုံနှစ်ပုံကို ၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်နေ့၌ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ နို့ညလားကျေးရွာအုပ်စု၊ စဘ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ပထမပုံသည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် SAC မှ အတင်းအဓမ္မပျောက်ဆုံးမှု ခံခဲ့ရသူ စောဘဟ---၏မိခင်ဖြစ်သူ နော်ဘ၄---ပုံဖြစ်ပါသည်။ ဒုတိယပုံသည် သူချစ်ရသော ပစ္စည်းဥစ္စာများ၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

### အတင်းအဓမ္မပျောက်ဆုံးမှုခံရသူများ၏မိသားစုဝင်များအနေဖြင့် ကြုံတွေ့ရသည့်ငွေကြေးဆိုင်ရာအကြပ်အတည်းများ

အိမ်ထောင်ဦးစီးဖြစ်သူများ ဆုံးရှုံးရခြင်းကြောင့် ကျန်ရစ်သူမိသားစုများသည် စားဝတ်နေရေးအခက်အခဲများနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ကြုံတွေ့ရလေ့ရှိသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရိုးရာဓလေ့အရ မိသားစုတစ်ခုတွင် ဖခင်ဖြစ်သူနှင့်ခင်ပွန်းဖြစ်သူများသည် အိမ်ထောင်ဦးစီးများဖြစ်ကြပြီး မိသားစု၏စားဝတ်နေရေးကို ထောက်ပံ့ရသည်။ မိခင်နှင့်ဇနီးများမှာမူ အိမ်ဝေယျာဝစ္စများနှင့်ကလေးများကို ကြည့်ရှုစောင့်ရှောက်ရသည့် တာဝန်ရှိသည်။ သို့သော်လည်း အမျိုးသားနှင့်အမျိုးသမီးများဖြစ်ကြသည့်ရွာသားများသည် လယ်ယာခြံလုပ်ငန်းကို လုပ်ကိုင်ခြင်း သို့မဟုတ် အခြားစီးပွားရေးတစ်ခုခုကို လုပ်ကိုင်ခြင်းဖြင့် ၎င်းတို့၏မိသားစုစားဝတ်နေရေးကို ထောက်ပံ့ရသည်မှာ ပုံမှန်အခြေအနေတစ်ခုဖြစ်သည်။ ထို့ကြောင့် မိသားစုတစ်ခုတွင် မိခင်၊ဖခင် သို့မဟုတ် ခင်ပွန်း၊ ဇနီးတစ်ဦးဦးဆုံးရှုံးရလျှင် ကျန်ရစ်သူမိသားစုဝင်များသည် လယ်ယာခြံလုပ်ငန်းကိုလုပ်ကိုင်ရာတွင် အခက်အခဲများ သို့မဟုတ် မိသားစုတစ်ခုလုံးအတွက်လုံလောက်သည့်ဝင်ငွေများရှာဖွေရန် ကြီးမားသောစိန်ခေါ်မှုများ ကြုံတွေ့ရလေ့ရှိသည်။ ထို့အပြင် စစ်တပ်အာဏာသိမ်းပြီးနောက်တွင် ကုန်ဈေးနှုန်းများမြင့်တက်လာခြင်း၊ SAC မှ ခရီးသွားလာမှုကို ကန့်သတ်ပိတ်ပင်ခြင်း၊ SAC မှ ကျေးရွာဒေသများနှင့်လယ်ယာခြံများကို လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းဖြင့်တိုက်ခိုက်ခြင်းအစရှိသော အရပ်သားများဒေသတွင် တိုက်ခိုက်ခြင်းများပြုလုပ်သောကြောင့် အရပ်သားပြည်သူများသည် အလုပ်မလုပ်နိုင်ခြင်းတို့ကြောင့် ရွာသားများ၏စားဝတ်နေရေး ဖူလုံမှုအခြေအနေသည် ပို၍ဆိုးရွားလာသည်။

#### ၁) အိမ်ထောင်ဦးစီးဖြစ်သူများအား ဆုံးရှုံးရခြင်း

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ အဟ---မြို့မှ နော်ဟ---၏ဖခင်ကို SAC ခမရ (၆၀၃)မှ လက်စဖျောက်ခဲ့သည်။ နော်ဟ---သည် အသက် (၂၄)နှစ်ရှိပြီးဖြစ်သည်။ ဖခင်ဖြစ်သူအား ဆုံးရှုံးရ ခြင်းနှင့်ပတ်သက်၍ သူမကအနေဖြင့် ယခုလို ပြောပြခဲ့သည်။ *“သူတို့က ကျွန်မအဖေကို လက်စဖျောက်ပြီးကတည်းက ကျွန်မအခက်အခဲပြဿနာတွေ အများကြီးကြုံတွေ့ခဲ့ရတယ်။ သူမရှိတော့ ကျွန်မလုံခြုံတယ်လို့*

*မခံစားရတော့ဘူး။ ကျွန်မမိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။ ကျွန်မက အကြီးဆုံးသမီးဖြစ်တဲ့ အတွက် ကျွန်မရဲ့မောင်လေးတွေကို ကြည့်ရှုစောင့်ရှောက်ရတယ်။ ကျွန်မအဖေက အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်တယ်။ အခုတော့ ကျွန်မအဖေ့နေရာကိုယူပြီး မိသားစုကိုစောင့်ရှောက်ရတယ်။ အခက်အခဲတွေအများကြီး ကျွန်မကြုံတွေ့ခဲ့ရတယ်။"* အလားတူစွာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆောတုခီးကျေးရွာအုပ်စု၊ စင---ကျေးရွာမှ အသက် (၆၀)နှစ်အရွယ်ရှိသော ဦးထ---သည်လည်း လက်စဖျောက်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် သူ၏မိသားစုသည် စားဝတ်နေရေးအတွက် ငွေကြေးဆိုင်ရာအခက်အခဲများနှင့် ရုန်းကန်ခဲ့ရသည်။ ဤအခြေအနေကို အသက် (၂၆)နှစ်အရွယ်ရှိသော ဦးထ---၏သမီးဖြစ်သူ မဘန---မှ ဤသို့ပြောခဲ့သည်။ *"ကျွန်မတို့မှာ အဖေမရှိတော့ဘူး။ အဲဒါကြောင့် ကိုယ့်ဝမ်းစာအတွက် ကိုယ်ရှာစားနေရတယ်။... ကျွန်မတို့ရဲ့စားဝတ်နေရေးအခြေအနေက အရင်လိုအဆင်မပြေတော့ဘူး။"* သူမဆက်၍ ယခုလိုပြောခဲ့သည်။ *"ကျွန်မအဖေသာပြန်လာရင် အရာအားလုံး အဆင်ပြေသွားမှာ။ အခုတော့ စားဝတ်နေရေးတစ်ရက်တာအတွက် ရုန်းကန်နေရတယ်။ မိုးရာသီမှာဆိုရင် ကျွန်မတို့မှာ ဘာအလုပ်မှမရှိဘူး။"*

သားသမီးများဦးရေ ပို၍များပြားသော မိသားစုတစ်ခုတွင် အိမ်ထောင်ဦးစီးဖြစ်သူကိုဆုံးရှုံးရလျှင် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ရလေ့ရှိပြီး ၎င်းတို့သားသမီးများ၏အနာဂတ်အတွက်လည်း စိုးရိမ်စရာများရှိလာပါသည်။ ဤသို့သောအခြေအနေတွင် မိခင်ဖြစ်သူများသည် ၎င်းတို့သားသမီးများ၏စားဝတ်နေရေးနှင့်ပညာရေးအတွက် ထောက်ပံ့နိုင်ရန် တာဝန်ပို၍ယူရတတ်သည်။ ဥပမာအားဖြင့် ဤသို့အခြေအနေကိုကြုံတွေ့ရသော အမျိုးသမီးများ သည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်တွင် DKBA မှ သတ်ဖြတ်ခြင်းခံခဲ့သော ရွာသားများ၏ဇနီးများဖြစ်ကြသည်။ အသတ်ခံရသောရွာသားများထဲမှ တစ်ဦးမှာ ဆ---ဖြစ်ပြီး ဈေးဆိုင်နှင့်ကားတစ်စီးကိုပိုင်ဆိုင်သည်။ ဒုတိယ တစ်ဦးမှာ တ---ဖြစ်ပြီး ခြံလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းပြုသည်။ တတိယတစ်ဦး၏အမည်သည် ကစ---ဖြစ်ပြီး လက်သမားတစ်ဦးဖြစ်သည်။ ယခုချိန်တွင် အသတ်ခံရသည့်ရွာသားများ၏ဇနီးများနှင့်သားသမီးများသည် ငွေကြေးဆိုင်ရာအခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။ ၎င်းတို့သားသမီးများ၏စားဝတ်နေရေးနှင့်ကျောင်း ပညာရေးစရိတ်အတွက် အမှန်တကယ်အကူအညီလိုအပ်နေပါသည်။ ၎င်းတို့အထဲမှ မိခင်ဖြစ်သူတစ်ဦးသည် ဝင်ငွေရရှိရန်အတွက် လမ်းပေါ်ထွက်၍ ဈေးလှည့်ရောင်းနေရသည်။ အခြားမိခင်တစ်ဦးသည်လည်း မနက်တိုင်းတွင် ဟင်းသီးဟင်းရွက်ရောင်းပြီး ရော်ဘာခြံတွင်အလုပ်လုပ်၍ ဝမ်းရှာကိုဖြေရှင်းနေရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စုတွင် SAC စစ်သားများမှ အဂျ---အား အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည်။ အဂျ---မှာ သူ၏မိခင်၊ ဇနီးနှင့် သားသမီးသုံးဦးကျန်ရစ်ခဲ့သည်။ ထိုအခြေ အနေကို ဒေသခံရွာသားတစ်ဦးမှ ဤသို့ပြောခဲ့သည်။ *"အခုကတော့ သူတို့ငွေကြေးအကူအညီလိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ (အဂျ---)သူ့ရဲ့မိဘတွေက ဆင်းရဲတယ်လေ။ အထူးသဖြင့် အဂျ---ရဲ့မိခင်က ငယ်ငယ်ကတည်းက အမြင်အာရုံမကောင်းတော့ သူမကောင်းကောင်းမမြင်ရဘူး။ သူမမှာ သားတစ်ဦးဘဲရှိတာ။ သူမသားသေသွားတော့ (လက်စဖျောက်ခံရ) သူ့မိန်းမနဲ့ကလေးသုံးယောက် ကျန်ရစ်ခဲ့တာပေါ့။ သူ့မိန်းမနဲ့ကလေးသုံးယောက်မှာ စားဖို့ဆန်အနည်းငယ်ပဲ ရှိတော့တယ်။ ဒါကြောင့်ကျွန်တော်တို့တွေက နိုင်သလောက် သူတို့ကို စားစရာတွေ ပေးပြီးကူညီနေရတယ်။"* အလားတူအခြေအနေမျိုးလည်း ဘိတ်ထားဝယ်ခရိုင်တွင်လည်းဖြစ်ပွားခဲ့သည်။ ဘိတ်ထားခရိုင်တွင် PDF တပ်ခွဲ (၁)မှ ရွာသားတစ်ဦးဖြစ်သည့် အမ---ကို အတင်းအဓမ္မပျောက်ဆုံးစေပြီး သတ်ပစ်ခဲ့သည်။ အမ--- မှာ ဇနီးနှင့်သားသုံး ဦးကျန်ရစ်ခဲ့သည်။ ယခုအချိန်တွင် ၎င်း၏အကြီးဆုံးသားနှစ်ဦးသည် ကျောင်းထွက်၍ ခြံအလုပ်လုပ်နေရသည်။ အဆိုပါအကြီးဆုံးသားနှစ်ဦးသည် မိသားစုစားဝတ်နေရေးအတွက် ဖခင်၏တာဝန်ကိုယူ၍ ရုန်းကန်လုပ်ကိုင်ခဲ့ရ သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အရွယ်ရောက်လာသည့်ကလေးများသည် လယ်ယာလုပ်ငန်း၊ ကျဘမ်းအလုပ်နှင့်အခြားအလုပ်များကိုလုပ်၍ မိသားစုစားဝတ်နေရေးအတွက် ကူညီထောက်ပံ့လေ့ရှိသည်။ အသက်အရွယ်ရလာသည့်တစ်ချို့သောမိဘများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်နိုင်ခြင်းမရှိတော့ခြင်း သို့မဟုတ် ဝင်ငွေမရှာနိုင်တော့သည့်အခါတွင် ၎င်းတို့သားသမီးများ၏လုပ်အားနှင့်ကူညီထောက်ပံ့မှုကိုသာ မှီခိုနေရသည်။ လူငယ်၊ လူ ရွယ်များကို ဆုံးရှုံးရခြင်းသည်လည်း မိသားစုစားဝတ်နေရေးအပေါ် များစွာထိခိုက်စေပါသည်။




ဤပုံကို ၂၀၂၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စုရှိ ထွက်ပြေးတိမ်းရှောင်သည့် နေရာတစ်နေရာဖြစ်သော ငဈ--- နေရာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၁ ခုနှစ်၊ မေလတွင် အခြားသောကျေးရွာသို့ ဒူးရင်းသီးလိုက်လံရောင်းနေသည့်အချိန်တွင် SAC မှ ဖမ်းဆီး၍ ပျောက်ဆုံးသွားသော စောအဖ----၏ အဒေါ်တော်စပ်သူ နော်အဌ--- ၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ စဇ--- ကျေးရွာမှ အသက် (၅၀)နှစ်အရွယ်ရှိသော နော်အဌ---သည် သူမ၏တူလေးကို သားအရင်းလိုသဘောထားပြီး ကျွေးမွေးပြုစုခဲ့သည်။ သူမတူလေး၏မိဘနှစ်ပါးသည် ဆုံးပါးသွားခဲ့ပြီးဖြစ်သည်။ အာဏာ သိမ်းမှုဖြစ်ပွားပြီးနောက် နော်အဌ--- ၏မိသားစုသည် လက် နက်ကိုင်တိုက်ပွဲကြောင့် ထွက်ပြေးရှောင်ခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ မေလတွင် SAC မှ နော်အဌ--- ၏တူလေးဖြစ်သူ စောအဖ---ကို အတင်းအဓမ္မပျောက် ဆုံးစေခဲ့သည်။ သူမ၏တူလေးကို ဆုံးရှုံးရခြင်းကြောင့် သူမ၏စားဝတ်နေရေးကိုလည်း ထိခိုက်စေသည်။ သူမ၏ ခံစားချက်ကို ယခုလိုပြောပြခဲ့သည်။ *“ကျွန်မတို့မှာ အလုပ်လုပ်နိုင်တဲ့လူတစ်ယောက်မှမရှိတော့ဘူးလို့ခံစားရတယ်။ ကျွန်မရဲ့တူလေးက ကျွန်မတို့ကိုကူညီခဲ့တယ်လေ။ သူရဲ့လုပ်စာကိုအားကိုးပြီး ကျွန်မတို့ထိုင်စားနေရတာ။ သူက သူများကိုဘယ်လိုကူညီရမလဲသိတယ်။ အခုတော့သူမရှိတော့ဘူး။ ကျွန်မတို့ကိုကူညီမယ့်သူလည်း မရှိတော့ဘူး။ သူရှိတုန်းက လယ်ထဲသူသွားပြီး ထွန်ယက်စိုက်ပျိုးတယ်။ သူအမြဲတမ်းအလုပ်လုပ်တယ်။ လူတွေကလည်း လယ် ထွန်ဖို့အတွက် သူ့ကိုခေါ်ပြီးအကူအညီတောင်းကြတယ်။ နောက်တော့ သူပျောက်ဆုံးသွားတယ်။ လူတွေကလည်း သူ့ကိုခေါ်ပြီး အကူအညီတောင်းလို့မရတော့ဘူးပေါ့။”*

အလားတူအခြေအနေမျိုးလည်းရှိခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင် ဘာလ ၂၃ ရက်နေ့တွင် SAC စကခ (၈)နှင့် ခမရ (၄၀၇) တို့မှ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စုရှိ ရော်ဘာခြံထဲတွင် နော်ဘင---၏သားဖြစ်သူ စောဘည---ကို ဖမ်းဆီးပြီး လက်စဖျောက်ခဲ့သည်။ စောဘည---သည် အသက် (၂၄)နှစ်သာရှိသေးသည်။ စောဘည---လက်စဖျောက်ခံရခြင်းကြောင့် ၎င်း၏မိခင်သည် စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုနှင့် စားဝတ်နေရေး အခက်အ ခဲများကို ကြုံတွေ့ခဲ့ရသည်။ သူမ၏ခံစားချက်ကို ယခုလိုရင်ဖွင့်ခဲ့သည်။ *“ကျွန်မသားအဖမ်းခံရပြီး ပျောက်သွားတာ ငါးလရှိပြီ။ ဒါပေမဲ့ကျွန်မသူ့ကိုနေ့တိုင်းသတိရတယ်။ သူလွတ်လာဦးမလား၊ အိမ်ပြန်လာဦးမလား ကျွန်မအမြဲတမ်းစဉ်းစားမိတယ်။ တကယ်လို့သူအသက်ရှိနေသေးရင် သူအိမ်ပြန်လာမယ်ထင်တယ်။ အကယ်၍သူသေသွားခဲ့ရင် သူအိမ်ကိုမပြန်လာနိုင်တော့ဘူးပေါ့။ သူအိမ်ပြန်လာနိုင်ရင် မိသားစုအတွက် အများကြီးအထောက်အကူဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်မှာ မိသားစုကို ကြည့်ရှုစောင့်ရှောက်မယ့်သူတစ်ယောက်မှ မရှိဘူးလေ။ သူအိမ်ကိုပြန်လာရင် ကျွန်မတို့က သူ့ကိုဘဲမှီခိုနေရတယ်။ သူမပြန်လာနိုင်တော့ဘူးဆိုရင် ကျွန်မတို့မှာ မှီခိုအားထားရမယ့်သူတစ်ဦးမှမရှိဘူးလေ။”*




ဤပုံများကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထော ကျေးရွာအုပ်စု၊ ည--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ပထမပုံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) စစ်ကွပ်ကဲအခြေစိုက် (MOC) အမှတ် (၈)၏လက်အောက်ခံ ခြေမြန်တပ်ရင်း (LIB) အမှတ် (၄၀၇) ၏ ဖမ်းဆီးခြင်းခံရပြီးနောက် ပျောက်ဆုံးသွားစောဘည--- ၏ ပုံဟောင်း တစ်ပုံဖြစ်ပါသည်။ ဒုတိယပုံသည် စောဘည--- ၏ မိခင်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

### ၂) အတင်းအဓမ္မပျောက်ဆုံးစေမှု၏အကျိုးဆက်အနေဖြင့် အကြွေးများတင်ခြင်း

SAC စစ်သားများဖမ်းဆီးပြီး ပျောက်ဆုံးသွားသောရွာသားများကို ၎င်းတို့မိသားစုမှ လိုက်လံရှာဖွေရာတွင် ငွေကြေးဆိုင်ရာအခက်အခဲများနှင့်ရန်းကန်ကြရသည်။ ပျောက်ဆုံးသွားသော ရွာသားများနှင့်ပတ်သက်၍ အခြားသူများထံမှ သတင်းတစ်စုံတစ်ရာရရှိရန် မိသားစုဝင်များအနေဖြင့် ငွေကြေးပေးဆောင်ရခြင်းနှင့် ရရှိလာသည့်သတင်းအချက်အလက်များအရ နေရာအနှံ့သို့လိုက်လံရှာဖွေရာတွင် ခရီးသွားလာစရိတ်များကုန်ကျခြင်းတို့သည် အဓိကအားဖြင့် ငွေကြေးဆိုင်ရာအခက်အခဲအားဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းများဖြစ်သည်။ အချို့သောမိဘများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသော ၎င်းတို့သား၏အခြေအနေကိုသိရှိရန်အတွက် ဗေဒင်ဆရာများကိုမေးပြီး ညဏ်ပူဇော်ခများပေးဆောင်ရသည်။ အချို့သောမိဘများမှာလည်း အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသော ၎င်းတို့၏သားကိုပြန်လွှတ်ပေးရန်အတွက် SAC စစ်သားများကို ငွေကြေးပေးဆောင်ရသည်။ အကယ်၍ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသောရွာသားများသည် ညဉ်းပမ်းနှိပ်စက်ခံရပြီးနောက် ဒဏ်ရာများရရှိပြီး အိမ်သို့ပြန်လာနိုင်လျှင် မိသားစုဝင်များက ၎င်းတို့ဒဏ်ရာများကိုဆေးကုသမှုပေးရန် ကုန်ကျစရိတ်ရှိပြန်သည်။ အချို့သော အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် ရွာသားများ၏မိသားစုဝင်များသည် အခြားရွာသားများထံမှ ငွေကြေးချေးယူရ၍ အကြွေးများတင်ခဲ့သည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် ရွာသားများပြန်လွှတ် လာသော်လည်း ၎င်းတို့တင်ရှိသည့်အကြွေးများကို ပြန်ဆပ်နေရသောကြောင့် စားဝတ်နေရေးအတွက် အခက်အခဲဖြစ်စေပါသည်။

ဖြစ်စဉ်တစ်ခုမှာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ မောင်းမရွာသစ် အုပ်စု၊ နဒ---ကျေးရွာတွင် SAC နှင့် KNLA တို့ကြား တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ရွာသားတစ်ဦးဖြစ်သူ စောဘက--- ပျောက်ဆုံးသွားခဲ့ပါသည်။ စောဘက---သည် နဒ---ကျေးရွာတွင် ဆိုင်ကယ်တစ်စီးဖြင့်မောင်းနှင်လာစဉ် ၎င်းကို SAC မှ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး ဖမ်းဆီးခဲ့ကြောင်း ဒေသခံရွာသားအချို့ကမြင်တွေ့ခဲ့သည်။ စောဘက---၏မိဘသည် ၎င်းအားလိုက်လံရှာဖွေရာတွင် ဘားအံနှင့်မြဝတီမြို့များအပါအဝင် တစ်မြို့ပြီးတစ်မြို့သွားရာ၍ ငွေကြေးမြောက်များစွာကုန်ကျခဲ့သည်။ ထိုကဲ့သို့စောဘက---အားရှာဖွေရာတွင် မိဘဖြစ်သူများသည် ၎င်း

တို့အတွက် ခရီးသွားစရိတ်နှင့်စားစရိတ်များကုန်ကျသည်သာမက ၎င်းတို့သားအား ဝိုင်း၍ရှာဖွေရန် ၎င်းတို့နှင့်အတူ လိုက်ပါလာသည့် မိတ်ဆွေများနှင့်ဒေသခံခေါင်းဆောင်များအတွက်ပါ စရိတ်များကုန်ကျခံခဲ့ရသည်။ ထို့အပြင် ၎င်းတို့သားအကြောင်းကို မေးမြန်းသိရှိရန် ဗေဒင်ဆရာကိုလည်း ညာဏ်ပူဇော်ခပေးရသေးသည်။ သို့သော်လည်း ၎င်းတို့သားမှာ မည်သည့်နေရာတွင်ရှိကြောင်း မသိရှိရပါ။ ဤအကြောင်းကို ဒေသခံတစ်ဦးမှ ဤသို့ရှင်းပြခဲ့သည်။ *"စောဘက---ရဲ့မိဘတွေက ငွေအများကြီးသုံးပြီး ပျောက်သွားတဲ့သူတို့သားကိုလိုက်ရှာတယ်။ သူတို့သားကို ဘားအံမြို့ကိုခေါ်ဆောင်သွားတယ်လို့ သတင်းကြားရင် ဘားအံမြို့ကိုသွားပြီးလိုက်ရှာတယ်။ ဒါပေမဲ့အချုပ်ထောင်မှ SAC အာဏာပိုင်တွေက သူတို့သားက ဘားအံမြို့မှာမရှိဘူးလို့ပြောတယ်။ အဲဒါနဲ့ သူတို့သားက မြဝတီဆေးရုံမှာ ရောက်နေတယ်လို့ သတင်းကြားရပြန်တယ်။ မြဝတီဆေးရုံကိုသွားပြီး သူတို့သားကိုလိုက်ရှာပြန်တယ်။ ဒါပေမဲ့ သူတို့သားကိုမတွေ့ဘူး။ သူတို့သားကိုရှာတာ ပိုက်ဆံအများကြီးကုန်ခဲ့တယ်။"*

နောက်ဖြစ်စဉ်တစ်ခုတွင်လည်း ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ဒဇ--- ကျေးရွာမှ အသက် (၁၇)နှစ်သာရှိသည့် စောအဆ---ကို SAC မှ ဖမ်းဆီးခဲ့ပြီး အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည်။ စောအဆ--- ၏မိခင်ဖြစ်သူ နော်ဘခ---က သူမ၏သားကိုရှာဖွေရာတွင် ငွေကုန်ခဲ့ကြောင်း ဤသို့ပြောပြခဲ့သည်။ *"ကျွန်မသားလွတ်မြောက်လာဖို့အတွက် အခြားသူဆီမှာချေးယူထားတဲ့ပိုက်ဆံအကြွေးတွေကို ပြန်ဆပ်ရမယ်။ မိသားစုဝင်ငွေရဖို့ ကျွန်မမှာ ဘာအလုပ်မှမရှိဘူး။ ကျွန်မလည်းကျန်းမာရေးမကောင်းဘူး။ အဲဒါကြောင့် ကျွန်မအခုထိ ဘာအလုပ်မှမလုပ်နိုင်သေးဘူး။"* ဤဖြစ်စဉ်မှာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဒဇ---ကျေးရွာမှ စောအဆ---- နှင့် စောဘင--- တို့သည် ကော့ကရိတ်မြို့သို့ ခရီးသွားလာနေစဉ် SAC စကခ (၁၂)မှ ၎င်းတို့နှစ်ဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ စောအဆ---နှင့် စောဘင---တို့၏မိဘများက ၎င်းတို့နှစ်ဦးလွတ်မြောက်လာရန်အတွက် ငွေကျပ် (၇) သိန်းပေးဆောင်ခဲ့ရသည်။ ၎င်းတို့၏သားများကို သွားရောက်ခေါ်ယူရန်အတွက် ခရီးသွားလာစရိတ် ငွေကျပ် (၁) သိန်းခန့် ကုန်ကျခဲ့ပြန်သည်။ ထိုအခြေအနေကို ဒေသခံရွာသားတစ်ဦးဖြစ်သည့် ဘမ---က ဤသို့ပြောပြခဲ့သည်။ *"မင်းသိတဲ့အတိုင်းဘဲ အခုအခြေအနေမှာ ပိုက်ဆံတစ်ရာ၊ နှစ်ရာရှာဖို့မလွယ်ဘူး။ ကျွန်တော်တို့ရွာသားတွေက လယ်ယာပဲလုပ်ကြတာ။ စောအဆ---တို့မိသားစုအကြောင်းပြောရရင် သူ့အဖေက ဆုံးသွားပြီး။ မောင်နှမတွေက သူ့အမေကိုပဲ မှီခိုနေရတယ်။ အဲဒါကြောင့် စားဝတ်နေရေးအတွက် အဆင်မပြေဘူးလေ။ သူ့အမေက မုဆိုးမတစ်ဦးဖြစ်တဲ့အတွက် သူမအနေနဲ့က ပိုက်ဆံ (၇) သိန်းကိုရှာဖို့မလွယ်ဘူး။ သူတို့ (SAC) က ဒီလူငယ်နှစ်ယောက်အတွက် ပိုက်ဆံ (၇) သိန်းတောင်းတယ်လေ။... ကျွန်တော်တို့ရွာသားတွေစုပြီး သူတို့တောင်းတဲ့ငွေပမာဏကိုရအောင်ရှာရတယ်။"* ဘမ---က ဤသို့ ဆက်လက်၍ပြောပြခဲ့သည်။ *"ဒါက အခွန်ဆောင်ရသလိုဘဲ။ ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့မြို့၊ ကျွန်တော်တို့ ပြည်သူတွေဆောက်လုပ်တဲ့လမ်းမှာ သွားလာနေရပေမဲ့ သူတို့ (SAC) ကိုအခွန်တွေပေးနေရတယ်။ သူတို့ကိုဆဲဆိုလို့ ကျွန်တော့်ပါးစပ်တောင် ညောင်းနေပြီး။ သူတို့ကိုမဆဲချင်တော့ဘူး။"*

အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် ရွာသားများ၏မိသားစုဝင်အချို့သည် ၎င်းတို့လွတ်မြောက်လာရန်အတွက် ဆုတောင်းပွဲများပြုလုပ်ကျင်းပလေ့ရှိသည်။ အကူအညီရရှိရန် သို့မဟုတ် သတင်းတစ်စုံတစ်ရာရရှိရန်အတွက် မိသားစုဝင်များသည် ဒေသခံဘာသာရေးခေါင်းဆောင်များကိုခေါ်ယူပြီး ဆုတောင်းပွဲပြုလုပ်ကြသည်။ ၎င်းတို့လည်း အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့်ရွာသားများအတွက် ယုံကြည်ခြင်းဖြင့်ဆုတောင်းမေတ္တာပို့ကြသည်။ တစ်ချို့ဖြစ်စဉ်များတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏မိဘများသည် ပျောက်ဆုံးသွားသော မိသားစုဝင်များလွတ်မြောက်လာစေရန်အတွက် သို့မဟုတ် သတင်းတစ်ခုခုကြားသိနိုင်ရန်အတွက် ၎င်းတို့ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် နေရာအနှံ့တွင် ရိုးရာဓလေ့ဆုတောင်းပွဲများကို ပြုလုပ်ခဲ့ကြသည်။

## လုံခြုံရေးအရစိုးရိမ်စရာများနှင့် ကာကွယ်စောင့်ရှောက်မှုအတွက် လိုအပ်ချက်များ

အခြားသောစိုးရိမ်စရာတစ်ခုမှာ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် ရွာသားများ၏မိသားစုဝင်များကို ပြစ်မှုကျူးလွန်သူများမှ ပစ်မှတ်ထားကြခြင်းဖြစ်သည်။ ဤအရာသည် မိသားစုဝင်များ၏လုံခြုံရေးအတွက် အန္တရာယ်ဖြစ်စေသောကြောင့် ထိုမိသားစုဝင်များသည် ၎င်းတို့နေရပ်ဒေသမှ အခြားသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရ

သည့်အခြေအနေသို့ တွန်းပို့ စေပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တောအူးခရိုင်၌ SAC မှ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦးကို အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်း၏သမီးဖြစ်သူ နော်ဟ---မှ သူမ၏စိုးရိမ်မှုများကို ဤသို့ပြောပြခဲ့သည်။ *"ကျွန်မတို့အိမ်ကမီးရှို့ခံရတော့ အိမ်ကိုပြန်လို့မရတော့ဘူး။...ကျွန်မတို့လုံခြုံရေးအတွက် အရမ်းစိတ်ပူတယ်။ ကျွန်မတို့တွေ တစ်နေရာပြီးတစ်နေရာ ပြေးရှောင်ခဲ့ရတယ်။ တစ်နေရာမှာ ကျွန်မတို့အကြာကြီးနေလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့(SAC)က ကျွန်မတို့မိသားစုတွေကိုရှာဖို့ သူတို့လူ (စစ်သား၊ သတင်းပေးသူ) တွေကို နေရာတိုင်းမှာချထားတယ်။ ဒါကြောင့် ကျွန်မတို့လည်း တစ်နေရာထဲမှာ အကြာကြီးနေလို့မရဘူးလေ။... သူတို့က ကျွန်မအဖေရဲ့မိသားစုဝင်အားလုံးကို ဖမ်းချင်နေတာထင်တယ်။... စစ်ကောင်စီတွေက ကျွန်မအဖေရဲ့မိသားစုဝင်တွေကို လိုက်ရှာနေတယ်ဆိုတာကျွန်မကြားတယ်။ သူတို့က ကျွန်မတို့ပုံတွေကိုယူပြီး လူတွေကိုပြပြီးတော့မေးတယ်။ သူတို့က ကျွန်မတို့ဘယ်မှာရှိလဲ လူတွေကိုလိုက်မေးကြတယ်။"*



ဤပုံကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ အဟ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ စောယ--- ၏ ပိုင်ဆိုင်မှုများအပါအဝင် SAC စစ်သားများမှ မီးရှို့ဖျက်ဆီးခဲ့သည့် ရွာသားများ၏ နေအိမ်များ၊ ကားများနှင့် အခြားပိုင်ဆိုင်မှုများကိုဖော်ပြသည့် ပုံတစ်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – ဒေသခံရွာသား)*

ပြစ်မှုကျူးလွန်သူများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်းနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိခြင်းတို့ကြောင့် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏ မိသားစုဝင်များသည် ဘေးကင်းလုံခြုံရာသို့ မကြာခဏထွက်ပြေး ရှောင်ခဲ့ရသည်။ ထို့အပြင် အဆိုပါမိသားစုဝင်များသည် လွန်သူများကိုအရေးယူပေးရန်အတွက် အာဏာပိုင်များကိုတိုင်ကြားရန် မဝံ့မရဲဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ကျူးလွန်သူများမှ ၎င်းတို့အားလက် တုံ့ပြန်မည်ကို ကြောက်ရွံ့နေရသောကြောင့် ဖြစ်သည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်တွင် DKBA စစ်သားများမှ ရွာသားလေးဦးကိုသတ်ဖြတ်ပြီး အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည့် ဖြစ်စဉ်တစ်ခုတွင် ကျန်ရစ်ခဲ့သောဇနီးသည်များနှင့် သားသမီးများသည် ၎င်းတို့၏ဖခင်ဖြစ်သူ သို့မဟုတ် ခင်ပွန်းဖြစ်သူများအသတ်ခံရကြောင်း သိရှိခဲ့ပြီးသည့်နောက် အားလုံးထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုအကြောင်းကို ဒေသခံခေါင်း ဆောင်တစ်ဦးဖြစ်သည့် ဦးဘည---မှ ဤသို့ပြောပြခဲ့သည်။ *"အတင်းအဓမ္မပျောက်ဆုံးစေမှု ခံရတဲ့ရွာသားတစ်ဦးရဲ့ဇနီးက မော်လမြိုင်မြို့မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ အခြားသူတွေကတော့ သူတို့ရဲ့ဆွေမျိုးအိမ်တွေမှာ သွားပုန်းခဲ့ကြရတယ်။ ကျွန်တော်တို့တွေ သူတို့ကိုကြိုးစားပြီးရှာတယ်။ ဆက်သွယ်ခဲ့ရတယ်။"* ဒေသခံ KNU နှင့်ကျေးရွာအာဏာပိုင်များမှ လုံခြုံစိတ်ချစွာနှင့် ရွာကိုပြန်လာနိုင်ကြောင်း အတည်ပြုပြောဆိုပြီးမှသာ အဆိုပါထွက်ပြေးတိမ်းရှောင်နေရသည့် မိသားစုဝင်များသည် ၎င်းတို့၏ကျေးရွာသို့ ပြန်လာနိုင်ခဲ့သည်။

အထူးသဖြင့် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူသည် နိုင်ငံရေးကြောင့်ပစ်မှတ်ထားခံရလျှင် ၎င်းတို့မိသားစုဝင်များအားလုံးအနေဖြင့် ပြစ်မှုကျူးလွန်သူများမှ အကြမ်းဖက်တိုက်ခိုက်မည့်အခြေအနေကို ကြုံတွေ့ရနိုင်ဖွယ်ရှိသည်။ ဥပမာအားဖြင့် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ နို့ညာလားကျေးရွာအုပ်စု၊ စဘ---ကျေးရွာမှ စောဘဟ---သည် ဖမ်းဆီးခံရပြီး အတင်းအဓမ္မပျောက်ဆုံးစေမှုခံခဲ့ရသည်။ ထိုအကြောင်းကို အသက် (၆၈)နှစ်အရွယ်ရှိသော စောဘဟ---၏မိခင်ဖြစ်သူ နော်ဘဌ---မှ ဤသို့ပြန်လည်ပြောပြခဲ့သည်။ *"သူ(စောဘဟ---) အဖမ်းခံရပြီးနောက်*

*ကျွန်မလည်း ဒီမြစ်ချောင်းရဲ့အခြားတစ်ဖက်ကမ်းတစ်နေရာမှာ သွားရှောင်နေခဲ့ရတယ်။...ကျွန်မရွာကိုပြန်လာနေထိုင်နေရမှာ လုံခြုံတယ်လို့မခံစားရတော့ဘူး။"* အလားတူအခြေအနေမျိုးကို တောအူးခရိုင်၊ ထောတထူမြို့နယ်၊ နတ်ရွာကျေးရွာအုပ်စုတွင် နေထိုင်သည့်ရွာသားတစ်ဦးမှ ဤသို့မျှဝေပြောပြခဲ့သည်။ *"ကျွန်တော့်ရဲ့တစ်ဝမ်းကွဲလည်း အသတ်ခံရပြီးတဲ့နောက်မှာ အများကြီးစိတ်ထိခိုက်ခဲ့ရတယ်။ ကျွန်တော့်ရဲ့စိတ်ခံစားချက်တွေကို ထိန်းချုပ်နိုင်ဖို့ အရမ်းခက်ခဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့တစ်ဝမ်းကွဲတစ်ဦးအသတ်ခံရတဲ့အကြောင်းကိုတွေးရင် ကျွန်တော်အရမ်းဝမ်းနည်းတယ်ဗျာ။ ကျွန်တော်ဘာမှမလုပ်ပေးနိုင်ခဲ့ဘူး။ ကျွန်တော်လည်းထွက်ပြေးနေရလို့ သူ့ရဲ့အသုဘကိုလည်း မသွားနိုင်ခဲ့ဘူး။...အခုချိန်မှာကျွန်တော်တို့တွေ ဒီအခြေအနေမျိုးကိုရှောင်နေရတယ်။ ကျွန်တော်လည်း ဘယ်အချိန်မှာ အဖမ်းခံရမလဲဆိုတာကို မသိနိုင်ဘူး။ ဒါပေမဲ့ ကျွန်တော်ပုန်းရှောင်နေရတယ်။"* [49]

ပုံမှန်အားဖြင့် တိုက်ပွဲဖြစ်ပွားသည့်အချိန်အတောအတွင်းတွင် ရွာသားများအနေဖြင့် ဖမ်းဆီးခံရလေ့ရှိသည်။ ထို့ကြောင့်တစ်ချို့ရွာသားများသည် တိုက်ပွဲပြီးသည့်နောက် အခြေအနေပုံမှန်ပြန်ဖြစ်လာသည့်အချိန်မှသာ ၎င်းတို့အိမ်သို့ပြန်လာနိုင်ကြသည်။ ဥပမာအားဖြင့် တိုက်ပွဲနှင့်အကြမ်းဖက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ နအ--- ကျေးရွာရှိ တစ်ချို့ရွာသားများသည် ကမိုးဝေါ်ကျေးရွာအုပ်စု၊ နဌ---ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အချို့ရွာသားများသည် လုံခြုံရေးအတွက် အန္တရာယ်များရှိသော်လည်း အသက်စွန့်၍ ၎င်းတို့၏ကျွဲနွားများနှင့် စိုက်ပျိုးခင်းများကို ပြန်လည်ကြည့်ရှုခဲ့ကြသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဒေါ်အပ---၏ခင်ပွန်းနှင့် အခြားရွာသားနှစ်ဦးတို့သည် လယ်တဲအနီးတွင် ဆန်ပြန်ယူသည့်အချိန်တွင် SAC မှ ၎င်းတို့အားဖမ်းဆီးခဲ့သည်။ SAC သည် အဆိုပါရွာသားများ၏ဆန်နှင့် လယ်တဲတွင်ရှိသည့် ပစ္စည်းများအားလုံးကို သိမ်းယူခဲ့သည်။ အဆိုပါရွာသားများသည် ခြောက်ရက်ကြာဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ သို့သော်လည်း ၎င်းတို့၏မိသားစုသည် လုံခြုံရေးအတွက် စိုးရိမ်မှုများရှိနေသည်။ ဒေါ်အပ---မှ သူမ၏စိုးရိမ်မှုကို ဤသို့ပြောပြခဲ့သည်။ *"ကျွန်မတို့ကို တစ်ခုခုလာပြီးလက်တုံ့ပြန်မှာကို အရမ်းစိုးရိမ်နေရတယ်။ (အာဏာပိုင်တွေက) ကျွန်မတို့ကိုတွေ့ဖို့ အမိန့်တစ်ခုခုများမှာကြားရင် ကျွန်မခန္ဓာကိုယ်တစ်ခုလုံးတုန်ပြီး ကြောက်လန့်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဘာအမှားလုပ်ခဲ့မိလဲဆိုတာ အမြဲပြန်စဉ်းစားရတယ်။ (ဒေသခံခေါင်းဆောင်တွေက) လာရောက်တွေ့ဆုံဖို့ပြောရင် ကျွန်မတို့အရမ်းကြောက်နေရတယ်။"*

## (ဂ) လူမှုအသိုက်အဝန်းအပေါ်အကျိုးသက်ရောက်မှုများနှင့် လိုအပ်ချက်များ

*"ဒီလိုမျိုးအတင်းအဓမ္မပျောက်ဆုံးစေပြီး သတ်ဖြတ်တာကြောင့် ရွာသားအားလုံး အကြောက်တရားနဲ့ နေထိုင်နေရတယ်။ အသတ်ခံရတဲ့မိသားစုဝင်တွေသာမက ရွာသားအားလုံးလည်း ကြောက်နေရတယ်။ ညဆိုရင် ကျွန်တော်တို့ကောင်းကောင်းအိပ်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ PDF တွေ၊ KTLA ဒါမှမဟုတ် စစ်ကောင်စီတွေ ဘယ်အချိန်ရွာကိုဝင်လာမလဲဆိုတာ အမြဲစိုးရိမ်နေရတယ်။ ဒီလိုဘဲ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ တစ်ညပြီးတစ်ည ဖြတ်သန်းနေရတယ်။... ဒီကိစ္စကို ဘယ်သူ့ကိုမှလဲ မပြောရဲကြဘူး။... ဒီလိုကိစ္စတွေ ကျွန်တော်တို့ရွာသားတွေ ထပ်ပြီးမမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုကိစ္စကြောင့် ရွာသားတွေအားလုံးကြောက်ပြီး စိတ်ထိခိုက်နေရတယ်။ လူတစ်ယောက်ရဲ့အသက်ကဘာနဲ့မှ တန်ဖိုးဖြတ်လို့မရဘူး။ ဒါပေမဲ့ သူတို့ (ပြစ်မှုကျူးလွန်သူတွေ) က ရွာသားတွေရဲ့အသက်ကိုတန်ဖိုးမထားကြဘူး။"*

ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ဒဌ---ကျေးရွာအုပ်စုမှ စောအသ---၏ပြောကြားချက်[50]

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများသည် တစ်ရွာနှင့်တစ်ရွာ ကောင်းမွန်သောဆက်ဆံရေးနှင့် တူညီသောဘုံသတ်မှတ်ချက်များဖြင့် ချည်နှောင်ဖွဲ့စည်းထားသော လူမှုအသိုက်အဝန်းတစ်ခုဖြစ်သည်။ ဒေသ

[49] KHRG မှ ၂၀၂၂ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေသော "Taw Oo District Interview: Suspicious death of detainee in police custody in Htaw Ta Htoo Township, November 2021" တွင် ကြည့်ပါ။

[50] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင်ရရှိခဲ့သော ဘိတ်-ထားဝယ်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက်နှုတ်ထားပါသည်။

တစ်ခုတွင် အတင်းအဓမ္မပျောက်ဆုံးစေသည့်အမှုတစ်ခုဖြစ်ပွားခဲ့ပါက အခြားရွာသားများပါ သက်ရောက်မှုရှိစေသည်။ အကျိုးဆက်အနေဖြင့် ထိုဒေသတွင်းရှိရွာသားများအားလုံးသည် မလုံခြုံမှုကိုခံစားရပြီး ထွက်ပြေးတိမ်းရှောင်လေ့ရှိသည်။ ထို့အပြင် ခရီးသွားလာကန့်သတ်ပိတ်ပင်မှုနှင့် စားဝတ်နေရေးအခက်အခဲများကိုလည်း ကြုံတွေ့ရလေ့ရှိသည်။ ထိုမျှမက ဒေသတစ်ခုတွင် အတင်းအဓမ္မပျောက်ဆုံးစေမှု တစ်ခုဖြစ်ပွားခဲ့ပါက ရွာသားအများစုသည် အခက်အခဲစိန်ခေါ်မှုများကို ပြင်ပအကူအညီမရရှိကြဘဲ ရင်ဆိုင်ဖြတ်ကျော်လေ့ရှိသည်။ ဤအခြေအနေကို ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ဒဋ---ကျေးရွာအုပ်စု၊ ဒဆ---ကျေးရွာမှ စောအသ---မှ ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့အသက်ရှင်ဖို့အတွက် အခက်အခဲတွေကို နေ့တိုင်းဖြတ်ကျော်ခဲ့ရတယ်။ အားလုံးကတော့ ကိုယ်အသက်ကို ကိုယ်နှမြောကြတာဘဲ။ သူများကိုလည်းချစ်ချင်တယ်။ ကိုယ်ကိုတိုင်လည်း အချစ်ခံချင်တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့အသက်ကဘာနဲ့မှတန်ဖိုးဖြတ်လို့မရဘူး။ စဉ်းစားကြည့်လေ။ မင်းသာ သူတို့လိုမျိုးဖြစ်ခဲ့ရင် မင်းဘယ်လိုခံစားရမလဲ။"*

## မလုံခြုံမှုနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ

လက်နက်ကိုင်တပ်ဖွဲ့များမှ ဒေသတွင်းရှိရွာသားများကိုဆန့်ကျင်၍ လက်တုံ့ပြန်မည်ကို အချိန်တိုင်းကြောက်ရွံ့နေရကြောင်း ဒေသခံရွာသားများမှ မကြာခဏတင်ပြလေ့ရှိကြသည်။ ရွာသားများသည် ၎င်းတို့အိမ် သို့မဟုတ် ရွာထဲတွင်နေရသော်လည်း အကြောက်တရားနှင့်အသက်ရှင်နေထိုင်ကြရသည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့်ဖြစ်စဉ်များ နောက်ထပ်ဖြစ်ပွားလာမည်နှင့် အခြားသူများကဲ့သို့ဖမ်းဆီးခံရပြီး အတင်းအဓမ္မပျောက်ဆုံးစေမှုခံရမည်ကို စိုးရိမ်ကြောက်ရွံ့နေရသည်။ ထိုအခြေအနေကို တောအူးခရိုင်၊ ထောတထူမြို့နယ်၊ စန---ကျေးရွာမှ မောင်င---မှ ဤသို့ပြောပြခဲ့သည်။ *"(အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့်အမှု ဖြစ်ပွားပြီးနောက်မှာ) ကျွန်တော်တို့တွေ ထွက်ပြေးဖို့ကြိုးစားခဲ့တယ်။ သတိထားပြီးနေရတယ်။ ကျွန်တော်တို့ကို မသိပေမဲ့ (SAC စစ်သားတွေက ကျွန်တောတို့ကို ပစ်မှတ်မထားပေမဲ့) အိမ်မှာနေရင် အဆင်မပြေဘူးလေ။"*

ငယ်ရွယ်သည့်အမျိုးသားများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသည့် အခြေအနေကို ပို၍ရင်ဆိုင်ကြုံတွေ့ရနိုင်ဖွယ်များရှိသည်။ ထို့ကြောင့် ဒေသခံရွာသားများသည် ငယ်ရွယ်သောအမျိုးသားများအားလုံး၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်နေရသည်။ ဤအခြေအနေကို ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ စပ--- ကျေးရွာမှ နော်အဇ---က ဤသို့ပြောပြခဲ့သည်။ *"ကျွန်မသားသမီးပဲဖြစ်ဖြစ်၊ သူများသားသမီးပဲဖြစ်ဖြစ် (SAC က လူတွေကို ဖမ်းဆီးတဲ့သတင်း) ဖမ်းဆီးခံရတဲ့သတင်းထွက်ရင် ကျွန်မနားမထောင်ရဲတော့ဘူး။ အဲလိုသတင်းတွေကို ကျွန်မနားမထောင်ရဲဘူး။"* နော်အဇ---နှင့်ထပ်တူ ကျေးရွာတွင်နောက်ထပ်လူငယ်များ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရမည်ကို တစ်ရွာလုံးကလည်းကြောက်ရွံ့နေကြသည်။ ထို့ကြောင့် ထိုကဲ့သို့မဖြစ်ပွားအောင် ရွာသားအချင်းချင်းသတိပေး၍ နေထိုင်ကြရသည်။ မောင်းမရွာသစ်ကျေးရွာအုပ်စုရှိ နော်ဘခ---မှ သူမ၏သားများကို ဤသို့ပြောကြားခဲ့သည်။ *"အခြေအနေမကောင်းရင် အဲဒီနေရာကိုမသွားနဲ့။ … သားအနေနဲ့ သွားချင်တယ်ဆိုရင် အမေ့ကိုပြောပြီးမှဘဲသွားပါ။"*

KHRG ၏သတင်းမှတ်တမ်းများအရ SAC စစ်သားများမှ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို ပစ်မှတ်ထားမှုနည်းပါးသည်။ သို့သော်လည်း တိုက်ပွဲကာလအတွင်းတွင် SAC မှ လူသားဒိုင်းအဖြစ်အသုံးပြုရန်အ တွက် ၎င်းတို့အား ဖမ်းဆီး၍အတင်းအဓမ္မပျောက်ဆုံးစေခြင်း အစရှိသည့်အန္တရာယ်များကို ကြုံတွေ့ရနိုင်သည်။ မည်သို့ပင်ဖြစ်စေ အမျိုးသမီးများအနေဖြင့် ၎င်းတို့ကြုံတွေ့ရနိုင်သည့်အန္တရာယ်များ အလွန်နည်းသည်ဟု ထင်ရသောကြောင့် အချို့ရွာသားများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လိုအပ်သည့်ပစ္စည်းများကို ဝယ်ခိုင်းလေ့ရှိသည်။ ထို့ကြောင့် အမျိုးသမီးများသည် ပစ္စည်းများဝယ်ယူရန်ခရီးသွားလာရာတွင် အခြားအန္တရာယ်များကို ကြုံတွေ့ရနိုင်ဖွယ်ရှိသည်။ ကော်တရီမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ခပ---ကျေးရွာမှ နော်ဘသ---သည် ဤသို့ရှင်းပြခဲ့သည်။ *"အာဏာသိမ်းပြီးနောက်မှာ ကျွန်မတို့ရဲသားတွေကို ဘယ်မှာမှမသွားခိုင်းတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နေရာတိုင်းမှာ သူတို့အတွက်အန္တရာယ်ရှိတယ်။ စစ်ဆေးရေးဂိတ်တွေမှာ လူတွေကိုစစ်ဆေးတယ်။ ဆိုင်ကယ်တွေကို စစ်ဆေးတယ်။ ဖုန်းတွေကို စစ်ဆေးတယ်။ ဒါကြောင့် ကျွန်မတို့သား*

*တွေရဲ့ လုံခြုံရေးအတွက်စိတ်ပူတယ်။ ကျွန်မတို့သားတွေအတွက် တစ်ခုခု (အကြမ်းဖက်ခြင်းတစ်မျိုး) ဖြစ်မှာကို စိုးရိမ်ရတယ်။ ကျွန်မတို့ရဲ့သမီးတွေအတွက်လည်း အခြားတစ်ခုခု (အခြားအကြမ်းဖက်ခြင်းတစ်မျိုး)ဖြစ်မှာကို စိုးရိမ်ရတယ်။ မိဘတွေကတော့ သူတို့သားတွေကို ကော်တရီမြို့ကို မသွားခိုင်းတော့ဘူး။ ဒါပေမဲ့ တစ်ခါတစ်လေကျရင် သူတို့သမီးတွေကိုတော့ မြို့ကိုသွားခိုင်းတာတွေ့ရတယ်။"*

## ကြောက်ရွံ့မှုနှင့် တိတ်ဆိတ်မှုကို ဖြစ်စေခြင်း

လက်နက်ကိုင်တပ်ဖွဲ့များသည် ရွာသားများ၏စိတ်ထဲတွင် အကြောက်တရားများထည့်သွင်းခဲ့သည်။ ရွာသားများသည် ၎င်းတို့ခံစားရသည့်အကြမ်းဖက်မှုများနှင့် မတရားမှုများကို ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့နေကြသည်။ လက်နက်ကိုင်တပ်ဖွဲ့များမှ လက်တုံ့ပြန်မည်ကိုကြောက်ရွံ့သောကြောင့် ရွာသားများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသော ၎င်းတို့ချစ်ရသည့်မိသားစုဝင်များအတွက် တရားမျှတမှုနှင့်အမှန်တရားရရှိရန် မလုပ်ဆောင်နိုင်ပဲ တိတ်ဆိတ်နေရပါသည်။ ဤအကြောင်းကို ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ စယ---ကျေးရွာအုပ်စု၊ နက--– ကျေးရွာတွင်နေထိုင်သည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သူ စောဘပ---က ဤသို့တင်ပြခဲ့သည်။ *"ဒီလိုကိစ္စ (အတင်းအဓမ္မပျောက်ဆုံးစေမှု) တွေကြောင့် အရပ်သားပြည်သူတွေ ကြောက်ရွံ့နေရတယ်။ ဒီလိုအခြေအနေမှာ သူတို့တွေ လုံခြုံမှုရှိတယ်လို့ မခံစားရတော့ဘူး။ တစ်ခါတစ်လေမှာ အဲဒီလိုကိစ္စတွေကို ကြုံတွေ့နေရတဲ့ရွာသားတွေလည်း ဘာမှမပြောရဲဘဲ တိတ်ဆိတ်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အတွက် အသက်အာမခံချက်တွေမရှိဘူးလေ။"* လယ်ကဆောမြို့နယ်၊ ဒဌ---ကျေးရွာအုပ်စုတွင်နေထိုင်သည့် စောအသ---မှလည်း ဤသို့တင်ပြခဲ့သည်။ *"အဲဒီအကြောင်းကို ကျွန်တော်လိုက်ပြောရင် ကျွန်တော်အသတ်ခံရမှာကြောက်တယ်။ ကျွန်တော်တို့အသတ်ခံရမှာ ကြောက်နေကြတယ်လေ။ အဲဒါကြောင့် အဲဒီအကြောင်းကို လုံးဝမပြောရဲဘူး။ ကျွန်တော်တို့နယ်မှာ အဲဒီကိစ္စ (အတင်းအဓမ္မပျောက်ဆုံးစေမှု) တွေဖြစ်ပွားနေတာသိနေပေမဲ့ ကျွန်တော်တို့မပြောရဲဘူး။ ရေငုံနှုတ်ပိတ်နေရတယ်။"* ရွာသားများကိုပစ်မှတ်ထားသည့်လုပ်ရပ်သည် ရွာသားများ၏စိတ်ထဲတွင် အကြောက်တရားများ ထည့်သွင်းခြင်းဖြစ်သည်။ ထို့ကြောင့် ရွာသားများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုစုခြင်း၊ ဆန္ဒပြခြင်းနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းတို့ကိုလုပ်ဆောင်ရန် လုံခြုံမှုမရှိဟုခံစားနေရပါသည်။[51]

## လွတ်လပ်စွာခရီးသွားလာခွင့်မရှိခြင်း၊ နေရပ်ရွှေ့ပြောင်းတိမ်းရှောင်နေရခြင်းနှင့် အသက်မွေးဝမ်းကျောင်းအပေါ် ဆိုကျိုးသက်ရောက်မှု

ရွာသားများ၏စိတ်ထဲတွင် အမြစ်တွယ်နေသည့်အကြောက်တရားသည် ခရီးသွားလာရာတွင် မိမိကိုယ်ကိုယုံကြည်မှုပျက်ပြားစေသည်။ ထို့အပြင် ထိုအကြောက်တရားကြောင့် လုံခြုံစိတ်ချသည့်နေရာသို့ ထွက်ပြေးရှောင်ရသည်။ ရွာသားများသည် ခရီးသွားလာရာတွင် အမြဲတစေသတိထားနေရသည်။ ထို့ကြောင့် မိဘများနှင့် ကျေးရွာခေါင်းဆောင်များသည် မည်သည့်အချိန်တွင် ခရီးသွားလာမှုမလုပ်သင့်ကြောင်းနှင့် ဒေသအခြေအနေကို အချင်းချင်းအကြောင်းကြား၍ သွားလာနေထိုင်နေရသည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုကြောင့် ရွာသားများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုဖြစ်စေသည့်အရာမှာ ထွက်ပြေးတိမ်းရှောင်ရခြင်းဖြစ်သည်။ ဤအကြောင်းကို တောအူးခရိုင်၊ ထောတထူမြို့နယ်၊ နတ်ရွာကျေးရွာအုပ်စုတွင်နေထိုင်သည့် ဒေသခံရွာသားတစ်ဦးမှ ဤသို့ရှင်းပြခဲ့သည်။ *"အပြစ်မရှိတဲ့ ကိုဖ---တောင် အသတ်ခံရတယ်။ ကျွန်တော်တို့လည်း ကိုဖ---လို မသေချင်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ထွက်ပြေးနေရတာ။"*

ဒေသခံလူမှုအသိုက်အဝန်းတွင် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်မရှိခြင်းကြောင့် ဆိုးရွားသည့်စားဝတ်နေရေးပြဿနာများ၊ အကြောက်တရားများနှင့် ထွက်ပြေးတိမ်းရှောင်ရမှုများဖြစ်ပေါ်စေသည်။ ရွာသားများသည် ၎င်းတို့လယ်ယာမြေထဲသို့ သွားလာလုပ်ကိုင်ရန်အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ ထို့အပြင် ရွာသားများသည် ၎င်းတို့ရွာမှ အပြင်ထွက်ပြီးရာသီထွက်သီးနှံများရောင်းရန်၊ လယ်ယာလုပ်ငန်းအတွက်လိုအပ်သည့်ပစ္စည်းများ

[51] ဤအချက်အလက်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင်ရရှိခဲ့သော ညောင်လေးပင်(ခလယ်လွိထူ)ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက် နှုတ်ထားပါသည်။

ဝယ်ရန် သို့မဟုတ် စားစရာများနှင့် အခြားလိုအပ်သည့် ပစ္စည်းများကိုဝယ်ရန်အတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည်။ ဤအခြေအနေကို ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ စအ–––ကျေးရွာမှ SAC အတင်းအဓမ္မပျောက်ဆုံးစေမှုခံခဲ့ရသော အသက် (၂၄)နှစ်အရွယ်ရှိသည့်စောအ–––၏မိခင်ဖြစ်သူ နော်ဘရ–––က ဤကဲ့သို့ဖော်ပြခဲ့သည်။ *"ဒီနှစ်မှာ ဘာမှမစိုက်ရတဲ့လယ်ယာတွေအများကြီးပဲ။… (ဒီနှစ်မှာ) စောဘဆ–––ကလွဲလို့ ဘယ်သူမှလည်း လယ်ယာအလုပ်မလုပ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လယ်ယာမှာအလုပ်သွားလုပ်ရင် ရွာသားတွေက လုံခြုံမှုမရှိဘူးလို့ ခံစားရတယ်လေ။… ကျွန်မတို့က ဘယ်မှာမှ စားစရာမရနိုင်ဘူးလေ။ ကျွန်မတို့မှာ သူများပစ္စည်းကိုလည်း မခိုးရဲဘူး။ စားစရာအတွက် သူများကိုဓားပြတိုက်ဖို့ သေနတ်လည်းမရှိဘူး။ ဘယ်လိုလုပ်ရမလဲ။ မင်းကောဓားပြတိုက်ရဲလား။ အကယ်၍ ဆန်ဆိုင်မှာဓားပြသွားတိုက်ရင်တောင် ကျွန်မတို့မှာ သေနတ်မရှိဘူး။ အဲ့လိုလုပ်လိုက်ရင် လည်စင်းခံတာနဲ့အတူတူပဲ။"*

## (ဃ) တရားရေးစနစ်နှင့် ပံ့ပိုးကူညီမှုလမ်းကြောင်းများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများသည် တရားမျှတမှုရရှိရန်ဆောင်ရွက်ရာတွင် ရာဇဝတ်မှုအကြီး အသေးပေါ်မူတည်၍ ကျေးရွာအဆင့် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ သို့မဟုတ် KNU တရားရေးဌာန၏ တရားရုံးများမှတဆင့် လုပ်ဆောင်လေ့ရှိသည်။[52] ဒေသခံတရားသူကြီးအနေနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်အတွက် လုံလောက်သည့်အရင်းအမြစ် သို့မဟုတ် စွမ်းရည်လုံလောက်မှုမရှိသည့်အခြေအနေများတွင် KNU ၏မြို့နယ်၊ ခရိုင် သို့မဟုတ် ဗဟိုအဆင့်တရားရေးစနစ်ကို အားကိုးကြရသည်။ ပုံမှန်အားဖြင့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပတ်သက်သည့်ဖြစ်စဉ်များတွင် ဤတရားရေးစနစ်ကိုအသုံးပြုကြသည်။ KNLA နှင့် KNDO[53] တို့၏ လက်အောက်မှတပ်သားများအား ထိုယန္တယားမှတဆင့် အရေးယူဆောင်ရွက်နိုင်သော်လည်း ဗမာစစ်တပ်မှအရာရှိများအား KNU ၏ တရားစီရင်ရေးစနစ်ဖြင့် တရားစွဲဆို၍မရပါ။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများကြောင့်ဖြစ်ပေါ်လာသည့် အာဏာလစ်ဟာမှုများကြောင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုမရှိကြပါ။

ဗမာစစ်တပ်မှ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေခြင်းသည် အသစ်အဆန်းမဟုတ်ပါ။ ၎င်းအား ၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေတွင် ထည့်သွင်းဖော်ပြထားပြီး မြန်မာပြည်အတွင်း ကျူးလွန်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုသမိုင်းကြောင်းအား အဆုံးသတ်ရန်အတွက် အလွန်ကြီးမားသောစိန်ခေါ်မှုတရပ်ဖြစ်နေသည်။[54] အရပ်သားတရားရုံးများအနေနှင့် ဗမာစစ်တပ်မှအရာရှိများအား တရားစီရင်ခွင့်မရှိပဲ ၎င်းတို့အား တရားစီရင်ရန် အတွက် စစ်ခုံရုံးသီးသန့်ရှိပြီး ထိုစစ်ခုံရုံးအား ရှေ့နေများအနေနှင့် တက်ရောက်ခွင့်မရှိပါ။ အတိုချုပ်ပြောရလျှင် ဗမာစစ်တပ်သည် ၎င်းတို့ကိုယ်တိုင်အတွက်သာ တာဝန်ယူ၊ တာဝန်ခံခြင်းရှိသည့်အတွက် နိုင်ငံတဝှမ်းလုံးတွင် ၎င်းတို့ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိနေသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ SAC သည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများရရှိစေနိုင်သည့် နည်းလမ်းများအားယိမ်းယိုင်စေခဲ့သည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင်ထုတ်ဝေသည့် KHRG ၏ အစီရင်ခံစာတွင် " SAC အာဏာသိမ်းပြီးနောက်ပိုင်းပြုလုပ်သည့် ပြုပြင်ပြောင်းလဲရေးမှ ဖန်တီးနိုင်ခဲ့သော 'တရားရေး' စနစ်တစ်ခုသည် တရားဥပဒေစိုးမိုးရေးကို လုံးဝပျက်ပြားသောကြောင့် ထိုစနစ်သည် အရပ်သားများအတွက် မတရားမှုကိုခံစားရစေပြီး စစ်တပ်အား ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ရရှိစေသည်။ KHRG အား မေးခွန်းဖြေကြားထားသူများကိုယ်တိုင်က မတရားဖမ်းဆီးခံရခြင်း၊ တရားမျှတသည့်လုပ်ငန်းစဉ် သို့မဟုတ် ရုံးတင်စစ်ဆေးခွင့်မရှိခြင်း၊ ရာဇဝတ်မှုများ

[52] KHRG မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "လက်လှမ်းမမှီနိုင်သေးသောအမှန်တရားများ–မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအပေါ်ဒေသခံများ၏ အမြင်သဘောထားများ"_တွင်ကြည့်ပါ။

[53] ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO) သည်ကရင်အမျိုးသားအစည်းအရုံး (KNU)၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

[54] Human Rights Council မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင်ထုတ်ဝေသော "Statement by Mr. Marzuki DARUSMAN, Chairperson of the Independent International Fact–Finding Mission on Myanmar, at the 39th session of the Human Rights Council," နှင့် KHRG မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "လက်လှမ်းမမှီနိုင်သေးသောအမှန်တရားများ–မြန်မာပြည်အရှေ့တောင်ပိုင်းရှိငြိမ်းချမ်းရေး၊တရားမျှတမှုနှင့်တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏အမြင်သဘောထားများ"တွင်ကြည့်ပါ။

နှင့် ချိုးဖောက်မှုများအတွက် အစီရင်ခံတင်ပြနိုင်သည့် တရားရေးစနစ်မရှိခြင်းနှင့် အကယ်၍ ၎င်းတို့အနေနှင့် တရားမျှတမှုအားရှာဖွေလိုပါက အကြမ်းဖက်မှုနှင့်ခြိမ်းခြောက်မှုများကိုခံစားရမည်ကို ကြောက်ရွံ့ကြောင်း ထောက်ပြကြသည်။"[55]

## ရရှိနိုင်သည့် တရားဝင်ပံ့ပိုးကူညီမှုများ

လုပ်ရိုးလုပ်စဉ်တစ်ခုအရ ရွာသားများသည် ၎င်းတို့၏ ဒေသအတွင်း ပျောက်ဆုံးမှုဖြစ်ပွားပါက ကျေးရွာအဆင့်တွင် ရှိသောခေါင်းဆောင်များနှင့် အာဏာပိုင်များထံ သွားရောက်တိုင်ကြားလေ့ရှိသည်။ မေးခွန်းဖြေကြားခဲ့သူတစ်ဝက်မှ ဒေသတွင်းခေါင်းဆောင်များသည် ပျောက်ဆုံးသူများအားရှာဖွေခြင်း၊ ၎င်းတို့နှင့်ပတ်သက်၍ မေးမြန်းခြင်း သို့မဟုတ် မိသားစုဝင်များအားအကြောင်းကြားခြင်းများ ပြုလုပ်လေ့ရှိသည်။ ဤရှာဖွေမှုတွင် ရာဇဝတ်မှုကျူးလွန်သူများနှင့်ညှိနှိုင်းခြင်း၊ ဖမ်းဆီးခံရသူများ၏အခြေအနေနှင့်ပတ်သက်၍ သိရှိရန် လုပ်ဆောင်ခြင်းအပြင် ၎င်းတို့ လွတ်မြောက်ရန်ကြိုးပမ်းခြင်းတို့ပါဝင်သည်။ ရွာသူကြီးများနှင့် ခေါင်းဆောင်များသည် ပျောက်ဆုံးသူများ၏အခြေအနေနှင့်ပတ်သက်၍ ဒေသအတွင်းရှိတပ်မှူးများနှင့် အစည်းအဝေးထိုင်ပြီး ၎င်းတို့အပြစ်မရှိကြောင်း ထောက်ခံပေးခြင်းနှင့် လွှတ်ပေးရန်တောင်းဆိုခြင်းများ ပြုလုပ်ကြသည်။ ဤညှိနှိုင်းမှုများသည် ရွာသားများအတွက် အသက်အန္တရာယ်ရှိသည့်အခြေအနေတွင် ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ယခင်ဖော်ပြထားသကဲ့သို့ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများအနေနှင့် နိုင်ငံရေးအရ ပစ်မှတ်ထားခံရသည့်အခါများတွင် များသောအားဖြင့် ထိုညှိနှိုင်းမှုများသည် မအောင်မြင်နိုင်ပါ။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် အနည်းဆုံးရွာသူကြီးငါးဦးမှာ SAC စစ်သားများ၏ လက်တုံ့ပြန်ခြင်း သို့မဟုတ် ဆက်လက်ဖြစ်ပွားနေသည့်လက်နက်ကိုင်တိုက်ပွဲများကြောင့် ကျူးလွန်ခံရသူအားရှာဖွေရန် ၎င်းတို့အနေဖြင့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည့်နေရာသို့သွားရောက်ရန် ကြောက်ရွံ့ကြောင်းပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောင်မရွာသစ် ကျေးရွာအုပ်စု၊ ခယ--- ကျေးရွာမှ အသက် ၅၀ အရွယ် ရွာသူတစ်ဦးဖြစ်သော နော် အဇ--- က ရှင်းပြခဲ့သည်မှာ *"ကျွန်မတို့ သူ့သတင်းကိုရတယ်။ ဒါပေမယ့် ကျွန်မတို့အဲ့ဒီနေရာကိုသွားဖို့ လုံခြုံတယ်လို့ မခံစားရဘူး။ ဒီဒေသမှာရှိတဲ့ ကျေးရွာလူကြီးတွေက ဒီကိစ္စနဲ့ပတ်သက်ပြီး အချင်းချင်းချိတ်ဆက်ပြီးတော့ တခြားရွာသူကြီးတွေက ကျွန်မတို့ရွာလူကြီးကို ဒီကိစ္စကိုလိုက်ပေးဖို့ပြောတယ်။ ဒါပေမယ့် ကျွန်မတို့သွားဖို့ လုံခြုံတယ်လို့ မခံစားရဘူး။ [...] ဒါက တိုက်ပွဲကာလဆိုတော့ ကျွန်မတို့ဘယ်လိုလုပ် လုံခြုံတယ်လို့ ခံစားရမလဲ။"* ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တခကလိုးကျေးရွာအုပ်စု၊ အလ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအအ--- က *"KNU အာဏာပိုင်တွေအနေနဲ့ လက်ရှိအခြေအနေကိုကြည့်မယ်ဆိုရင် စစ်ကောင်စီကလည်း သူတို့ကိုပစ်မှတ်ထားနေတယ်ဆိုတော့ သူတို့အနေနဲ့ ဖမ်းဆီးခံရသူတွေအတွက် အရေးယူဆောင်ရွက်ဖို့နဲ့ ကူညီဖို့အတွက်ခက်ခဲတယ်။ ဒါကြောင့် သူတို့အနေနဲ့ ဖမ်းဆီးခံရသူတွေ ပြန်လွှတ်လာနိုင်ဖို့အတွက် ကူညီဖို့မလွယ်ကူဘူး။"*

တစ်ခါတစ်ရံတွင် ကျေးရွာလူကြီးများ သို့မဟုတ် ရွာသားများကိုယ်တိုင်မှ ပျောက်ဆုံးသူများအား ရှာဖွေရန်အတွက် ကျေးရွာအုပ်စု သို့မဟုတ် မြို့နယ်အဆင့် လူကြီးများနှင့်တွေ့ဆုံကြသည်။ ဒေသခံ KNU အရာရှိများ၊ တရားသူကြီးများနှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF)[56] အပါအဝင် KNU အာဏာပိုင်များက ဖြစ်ရပ်အား အသေးစိတ်မှတ်တမ်းတင်ရန် သို့မဟုတ် ဖမ်းဆီးခံရသူများပြန်လွတ်မြောက်ရန်အတွက် ညှိနှိုင်းပေးရန် ဤအစီရင်ခံစာတွင်ပါဝင်သည့် မိသားစုအနည်းဆုံးငါးစုနှင့်တွေ့ဆုံခဲ့ကြသည်။ သို့သော် ဤအခြေအနေသည် ပျောက်ဆုံးမှုဖြစ်ပွားသည့်ဒေသအား ထိန်းချုပ်နိုင်မှုနှင့် ပဋိပက္ခတင်းမာမှုအခြေအနေပေါ်တွင် မူတည်သည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မ

[55] KHRG မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင်ထုတ်ဝေသော "စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများနှင့်ပြည်သူများ၏ခုခံတွန်းလှန်မှု-၂၀၂၁ခုနှစ်၊ စစ်အာဏာသိမ်းမှုနောက်ပိုင်းမြန်မာပြည်အရှေ့တောင်ပိုင်းအတွင်းဖြစ်ပွားခဲ့သောမတရားမှုမလုံခြုံမှုအကြမ်းဖက်မှုများနှင့်ပတ်သတ်သောသက်သေခံချက်များ" စာမျက်နှာ (၇) တွင် ကြည့်ပါ။

[56] ကရင်အမျိုးသားရဲတပ်ဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး၏ ဥပဒေစိုးမိုးရေးအေဂျင်စီဖြစ်သည်။ ၎င်းကို ၁၉၉၁ ခုနှစ်တွင်တည်ထောင်ခဲ့ပါသည်။

ထော်ကျေးရွာအုပ်စု၊ ခဇ--- ကျေးရွာ၏ ရွာလူကြီးဖြစ်သော စောရ--- က ရှင်းပြခဲ့သည်မှာ “*သူ့သတင်းကို တခြားလူတွေဆီကနေ ကြားတယ်။ ကျွန်တော်တို့ကိုယ်တိုင် သူ့ကိုသွားရှာရမှာ ကြောက်တယ်။ အဖြစ်အပျက်ဖြစ်ခဲ့တဲ့နေရာနားကိုတောင် မသွားရဲဘူး။ […] ဒီပျောက်ဆုံးမှုက တိုက်ပွဲဖြစ်နေတဲ့ အချိန်ဖြစ်တာဆိုတော့ ကျွန်တော်တို့က ဒီကိစ္စကို စုံစမ်းစစ်ဆေးဖို့ ကြောက်ကြတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်မှုတွေ မရှိသေးဘူး။ […] တိုက်ပွဲဖြစ်နေတဲ့အတွက် ကျေးရွာအုပ်စုအဆင့်မှာလည်း စုံစမ်းစစ်ဆေးမှုတွေ မလုပ်ရသေးဘူး။ ပြီးတော့ ကျွန်တော်တို့တွေလည်း တောထဲမှာရှောင်နေရတယ်။*” တရီတကော ကျေးရွာအုပ်စု ငက--- ကျေးရွာမှ စောဘပ--- က ထပ်လောင်းပြောပြခဲ့သည်မှာ “*တရားဥပဒေစိုးမိုးရေးက အားနည်းနေသေးတယ်။ ဒေသခံလူမှုအသိုင်းအဝိုင်းက ခေါင်းဆောင်တွေက ဒီကိစ္စကိုအောက်ခြေကနေစပြီး စုံစမ်းစစ်ဆေးမှုတွေလုပ်ဖို့နဲ့ အရေးယူဆောင်ရွက်ဖို့ သူတို့တတ်နိုင်သလောက် ကြိုးစားကြတယ်။ […] ကျန်တဲ့ဆောင်ရွက်မှုတွေကတော့ အထက်ကအာဏာပိုင်တွေနဲ့ပဲဆိုင်တော့တယ်။ […] တခါတလေ ဒီလိုမျိုးကြုံရတဲ့ရွာသားတွေက သူတို့အတွက် လုံခြုံရေးအပိုင်းမှာအာမခံချက်မရှိတော့ တိတ်တိတ်နေဖို့ ရွေးချယ်လိုက်ကြတယ်။*”

အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏ မိသားစုဝင်များမှ ဒေသခံခေါင်းဆောင်များအား အစီရင်ခံတင်ပြမှု မရှိခြင်းမှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ လက်စားချေခြင်းကို ကြောက်သည့်အတွက်ဖြစ်သည်။ “*ကျွန်မတို့ ဒီလိုပဲနေရတယ်။ ကျွန်မတို့ တိတ်တိတ်နေရတယ်။ ကျွန်မတခြားလူတွေကိုလည်း စကားမပြောဘူး။ […] ကျွန်မတကယ်ကြောက်တယ်။ တကယ်လို့ တခြားလူတွေက ကျွန်မသားအကြောင်း ကျွန်မကိုမေးရင် မသိဘူးလို့ပဲ ဖြေတယ်။*” ဟု ခလယ်လွိထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဟသ်ာဝဲကျေးရွာအုပ်စု၊ ငခ--- ကျေးရွာမှ နတ်စားအမျိုးသမီး နော်ဘဒ--- က ပြောခဲ့သည်။ သူမ၏သားဖြစ်သူအား PDF များနှင့်ပူးပေါင်းသည်ဟု မှားယွင်းသံသယဝင်ခံရပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် SAC ခြေလျင်တပ်ရင်း အမှတ် (၂၆၄) မှ အတင်းအဓမ္မပျောက်ဆုံးစေခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဒေသခံအာဏာပိုင်များအနေနှင့် ရွာသားများအား ၎င်းတို့မိသားစုဝင်များကို ရှာဖွေရန် မကူညီပေးနိုင်ကြောင်းနှင့် ကျူးလွန်သူများအားတာဝန်ယူစေရန် မလုပ်ဆောင်ပေးနိုင်ကြောင်း ရှင်းပြခဲ့သည်။ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီဒေသ၊ လယ်ကဆောမြို့နယ်၊ ဒဂ--- ကျေးရွာအုပ်စု၊ ဒစ--- ကျေးရွာမှ ရွာသားတစ်ဦးက ရှင်းပြခဲ့သည်မှာ “*ရွာသားတွေက ဒီအကြောင်းကိုပြောဖို့ ကြောက်ကြတယ်။ ဒီဖြစ်စဉ်တွေက သူတို့ကို ကြောက်ရွံ့ထိန့်လန့်စေတယ်။ […] ကျွန်တော်တို့က အသတ်ခံရမှာကိုကြောက်တယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီအကြောင်းနဲ့ပတ်သက်ပြီး မပြောဘူး။ ကျွန်တော်တို့ရဲ့ဒေသမှာ ဒီကိစ္စဖြစ်သွားတာသိပေမယ့်လည်း တိတ်တိတ်လေးပဲနေတယ်။ ဒီအကြောင်းကို ဘယ်သူမှမပြောကြတော့ သူတို့တွေအနေနဲ့ ဘာကူညီထောက်ပံ့မှုမှ မရခဲ့ဘူး။ ပြီးတော့ ကျွန်တော်တို့ဒေသမှာ ဒီကိစ္စတွေအတွက် တရားမျှတမှုရှာဖွေဖို့ ဘယ်သူမှမလုပ်ဘူး။ တကယ်လို့ တစ်ယောက်ယောက်က အသတ်ခံခဲ့ရရင်လည်း ဘယ်သူမှဘာမှမလုပ်နိုင်ဘူး။ […] တကယ်လို့ ကျွန်မတို့ဒီအချိန်မှာ ဒီကိစ္စကိုတင်ပြခဲ့မယ်ဆိုရင် ထိရောက်မှုရှိမှာမဟုတ်ဘူး (ကျူးလွန်သူအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်)။*” အလားတူပင် အသက် ၁၇ နှစ်အရွယ် စောမ--- ၏ မိခင် နော်န--- က ဤသို့ ပြောပြခဲ့သည်။ “*ကျွန်မတို့ကို ကူညီထောက်ပံ့မယ်သူတစ်ယောက်မှ မရှိဘူး။ ကျွန်မတို့ကို ကူညီမယ့်သူတယောက်မှမရှိဘူး။*” သူမ၏သားသည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆောသူးခီးကျေးရွာအုပ်စု၊ ခလ--- ကျေးရွာရှိ ဘောလုံးကွင်းတွင် SAC ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကိုခံခဲ့ရသည်။

**တရားစီရင်ရေးစနစ်ပျက်ပြားခြင်း**

လက်ရှိအခြေအနေအရ ပြစ်မှုကျူးလွန်သူများအား တရားစွဲဆိုခြင်းနှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိစေရန် မည်သည့်တရားစီရင်ရေးစနစ်များမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ဒေသခံအာဏာပိုင်များမှ ၎င်းတို့၏နယ်မြေဒေသအတွင်းတွင် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်သော်လည်း ပြည့်စုံလုံလောက်ခြင်းမရှိကြောင်းကို မေးခွန်းဖြေကြားသူနှစ်ဦးက ပြောပြခဲ့သည်။ ပထမဖြစ်ရပ်တွင် KNU အာဏာပိုင်များမှ ဒေသတွင်းတရားရုံးတွင် နေ့ရက်သတ်မှတ်ပြီး DKBA စစ်သားများအားဆင့်ခေါ်ကာ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ကျော်ကေးခိုကျေးရွာအုပ်စု၊ ခဝ--- ကျေးရွာမှ ပျောက်ဆုံးသွားသူများနှင့်ပတ်သက်သည့် အဖြစ်အပျက်အား ရှင်းလင်းစေရန် တွေ့ဆုံဆွေးနွေးစေခဲ့သည်။ ကြားနာမှုကို DKBA တပ်ခွဲမှူး သဲဖထော၊ KNU အာဏာပိုင်များနှင့်

ကျူးလွန်ခံရသူများ၏မိဘများ တက်ရောက်ခဲ့ကြသည်။ ဒေသတွင်း KNU ၏ တရားသူကြီးများမှ ဤအမှုအား ခရိုင်တရားရုံးသို့ တင်သွင်းလိုခြင်းရှိမရှိကို ကျူးလွန်ခံရသူ၏မိသားစုဝင်များအား မေးမြန်းခဲ့သော်လည်း ကျူးလွန်ခံရသူမှာ သေဆုံးပြီးဖြစ်သည့်အတွက် အမှုအားဤအဆင့်တွင်သာရပ်တန့်ရန် မိသားစုဝင်များက ဆုံးဖြတ်ခဲ့ကြသည်။ ကျူးလွန်သူအား နောက်ထပ်မတွေ့နိုင်ရန် အခြားတာဝန်ကျရာအရပ်သို့ ရွှေ့ပြောင်းပေးရန် အတွက် တောင်းဆိုခဲ့ကြသည်။ DKBA တပ်မှူးမှ ၎င်းတို့အား ငွေကျပ် သိန်း (၁၀၀) ပေးအပ်ခဲ့ပြီး ဤအဓမ္မပျောက်ဆုံးစေမှုနှင့် သတ်ဖြတ်ခြင်းများအတွက် ၎င်း၏လက်အောက်ရှိတပ်သားများတွင်တာဝန်ရှိ ကြောင်းဝန်ခံခဲ့သည်။ မိသားစုဝင်များက ကျူးလွန်ခံရသူများအား မြေမြှုပ်ထားသည့်နေရာကို သိရှိလိုသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိုနေရာကိုဖော်ထုတ်နိုင်ခြင်းမရှိပါ။

ဒုတိယ ဥပမာတစ်ခုတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်မှ ဒေသခံ KNU အာဏာပိုင်များသည် SAC ခြေလျင်တပ်ရင်း အမှတ် (၆၀) မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)[57] နှင့် တရားစွဲဆိုခံထားရသည့် ရွာသား စောဘတ--- ၏ အခြေအနေအားမေးမြန်းရန် ထီးလော်ခီး (ရေလဲ) မှ SAC ခန့်အပ်ထားသည့် ကျေးရွာအုပ်ချုပ်ရေးမှူး ချစ်သိန်းအားဆင့်ခေါ်ခဲ့သည်။ KNU အာဏာပိုင်များက စောဘတ--- ပျောက်ဆုံးမှုနှင့်ပတ်သက်၍ မေးမြန်းရန်အတွက် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် လာရောက်တွေ့ဆုံရန် ပြောခဲ့သည်။ ၎င်းအား တမကျေးရွာအုပ်စု၏အတွင်းရေးမှူးဖြစ်သော ပဒိုစောကွာလာမှ တွေ့ဆုံရန် နှစ်ကြိမ်၊သုံးကြိမ်ဆင့်ခေါ်ခဲ့သော်လည်း ချစ်သိန်းမှ လာရောက်တွေ့ဆုံခြင်းမရှိပါ။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် ညတွင် KNLA စစ်ကြောင်းမှူး စောကောဆဲက မူးမြို့နယ်၊ ထီးလောခီးကျေးရွာအုပ်စု၊ ထီးလော်ခီးကျေးရွာတွင် ၎င်းအားဖမ်းဆီးရန် ဆိုင်ကယ်ဖြင့်သွားရောက်ခဲ့သည်။ ၎င်းနှင့်အတူ ရွာသားနှစ်ဦး လိုက်ပါခဲ့သည်။ ၎င်းအား ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး ကင--- ကျေးရွာမှ အပြန်လမ်းတွင် SAC စစ်ကား (၂) စီးနှင့် တပ်ရင်းမှူး ဇေယျာလင်းဦးဆောင်သည့် ခြေလျင်တပ်ရင်း အမှတ် (၆၀) မှ တပ်သား (၂၅) ဦးတို့အား ဟောခိုဂေါ်နှင့် လယ်ဒိုလမ်းဆုံတွင်တိုးခဲ့သည်။ SAC တပ်ဖွဲ့များက ၎င်းတို့အား ပစ်ခတ်ခဲ့ကြသည်။ SAC ကျေးရွာအုပ်ချုပ်ရေးမှူးသည် ပစ်ခတ်မှုအတွင်း လွတ်မြောက်သွားခဲ့သည်။ KNLA တပ်ရင်းမှူး၊ KNU ကျေးရွာအုပ်စု အတွင်းရေးမှူးနှင့် ရွာသားတစ်ဦးမှာ ဆိုင်ကယ်ကိုပစ်ထားပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ အခြား ရွာသားတစ်ဦးဖြစ်သော ငမ--- ကျေးရွာမှ အသက် ၄၀ အရွယ် စောဘသ--- မှာမူ ရင်ဘတ်ကို သေနတ်ထိမှန်ခဲ့ပြီး ညနေ ၁၁ နာရီခန့်တွင်သေဆုံးသွားခဲ့သည်။[58]

ပျောက်ဆုံးသွားသည့် ရွာသားများအားလိုက်ရှာရန် သို့မဟုတ် ဆွေမျိုးသားချင်းများအတွက် တရားမျှတမှုရှာဖွေရန်အပြင် အခြားသောကူညီထောက်ပံ့မှုများ တောင်းခံရန်အတွက်လည်း ဒေသတွင်းရှိ KNU ခေါင်းဆောင်များအား အစိုးရတစ်ရပ်အနေဖြင့် ချဉ်းကပ်ခဲ့ကြသည်။ သို့သော်လည်း ဤရာဇဝတ်မှုကျူးလွန်ခံရသူများ၏ မိသားစုဝင်များ အတွက် ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာမရှိပါ။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောင်မရွာသစ် ကျေးရွာအုပ်စု၊ ခယ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နော်ဘဝ--- က ဖော်ပြခဲ့သည်မှာ *"ကျွန်မ ဒီလိုမျိုး အတင်းအဓမ္မပျောက်ဆုံးခြင်းခံရတဲ့သူရဲ့ မိသားစုဝင်တွေအတွက် ကူညီပံ့ပိုးမှုရှိတာ တစ်ခါမှမတွေ့ဖူးဘူး။ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ရွာသားအားလုံးအတွက် ဆန်နဲ့ ငွေကြေးအချို့ ပံ့ပိုးပေးတာပဲ တွေ့ဖူးတယ်။ သူတို့က ဒီအရာတွေကို ကျေးရွာအုပ်စုတစ်ခုလုံးကို ဖြန့်ဝေပေးတယ်။" နော်ဘဝ--- က ဆက်လက်၍ "ကျွန်မတို့က ဖြစ်ပျက်ခဲ့တဲ့ရက်စွဲကိုပဲ မှတ်ထားပြီး သူတို့ [KNU အာဏာပိုင်တွေ] ဆီကိုပို့လိုက်*

[57] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ (SAC) သည် ရာဇသတ်ကြီးပုဒ်မ အမျိုးမျိုးကို ပြန်လည်ပြင်ဆင်မှုပြုလုပ်ခဲ့သည်။ ပုဒ်မ ၅၀၅(က) ကို ပိုမိုကျယ်ပြန့်သောဘာသာ စကားထည့်သွင်းရန်ပြန်လည်ပြင်ဆင်ထားပြီး အရပ်ဘက်ဝန်ဆောင်မှု သို့မဟုတ် လုံခြုံရေးဝန်ဆောင်မှုအဖွဲ့ဝင် များအား အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ရန် အားပေးသူများကိုအပြစ်ပေးရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ ပြန်လည်ပြင်ဆင်ထားသော ပုဒ်မ ၅၀၅(က) အရ တပ်မတော်သားများနှင့် အစိုးရဝန် ထမ်းများ၏ လှုံ့ဆော်မှု၊ နှောင့်ယှက်မှု၊ စေ့ဆော်မှု၊ စည်းကမ်း၊ ကျန်းမာရေးနှင့် အကျင့်စာရိတ္တတို့ကို ထိခိုက်စေရန်နှင့် တပ်မတော်နှင့် အစိုးရအပေါ် မုန်းတီးမှု၊ နာခံမှု သို့မဟုတ် သစ္စာဖောက်မှုဖြစ်စေရန် ကြိုးပမ်းမှုမှန်သမျှ သည် ထောင်သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရနိုင်ပါသည်။

[58] ၂၀၂၁ခုနှစ်၊ဩဂုတ်လတွင်ထုတ်ဝေသော "ခလယ်လွီထူခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို – အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခြင်း (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ)", တွင် ကြည့်ပါ။

*တယ်။ ကျွန်မတို့တွေ လက်နက်ကြီးထိပြီး ဒဏ်ရာရတဲ့ရွာသားတွေနဲ့ပတ်သက်ပြီး သိထားတာကတော့ ဥပမာ လက်နက်ကြီးထိလို့ သူတို့တွေလက်မှာဒဏ်ရာရတဲ့အခါ ဆေးရုံစရိတ် သူတို့ [KNU အာဏာပိုင်တွေ] ဆီကနေ အကူအညီအချို့ရတယ်။ ဒါပေမယ့် [ပျောက်ဆုံးလို့] သေဆုံးသွားတဲ့ သူတွေနဲ့ပတ်သက်လို့တော့ [ကူညီထောက်ပံ့မှုရှိမရှိ] ကျွန်မတို့မသိဘူး။"* ဒေသတွင်း KNUအာဏာပိုင်များထံသို့ ရွာသားများတောင်းခံသည့် အခြားကူညီထောက်ပံ့မှုများမှာ ပြန်လည်ရောက်ရှိလာသော/ ထွက်ပြေးလွတ်မြောက်လာသည့် ကျူးလွန်ခံရသူများအား ဆေးရုံသို့လုံခြုံစိတ်ချရသည့် လမ်းကြောင်းဖြင့်သယ်ဆောင်နိုင်ရန်၊ ရွာသားများအနေနှင့် ဖမ်းဆီးခံရသူများ ပြန်လည်လွတ်မြောက်လာစေရန်အတွက် ညှိနှိုင်းနေစဉ်ကာလအတွင်း SAC တပ်သားများအား ပစ်ခတ်တိုက်ခိုက်မှုရပ်ထားပေးရန်၊ ဒေသတွင်းအတင်းအဓမ္မပျောက်ဆုံးစေမှုဖြစ်ပွားသည့်အတွက် နေရပ်ရွှေ့ပြောင်းရသည့်အခါများတွင် လိုအပ်သောပစ္စည်းများ သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသည့်အခါများတွင် လိုအပ်သည့်ရှေးဦးသူနာပြု အကူအညီများပေးရန်ဖြစ်သည်။

## ဒေသတွင်းနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသတွင်းအရပ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CSO/ CBOs) သည် မိသားစုဝင်များနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများအတွက် သီးခြားကူညီပံ့ပိုးမှု မရှိပါ။ မေးခွန်းဖြေကြားသူ ၉ ဦးက ဒေသတွင်း အရပ်ဖက်အဖွဲ့အစည်းများမှ ငွေသားနှင့်အခြားအထောက်အပံ့များ ကူညီပံ့ပိုးမှုနှင့်ပတ်သက်၍ ဖော်ပြထားသော်လည်း ထိုပံ့ပိုးမှုများမှာ ကျေးရွာတစ်ခုလုံးအတွက် အရေးပေါ် ထောက်ပံ့ပေးခြင်းများဖြစ်သည်။ တောင်ငူခရိုင်တွင် SAC ၏ အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ စောယ--- ၏ မိသားစုဝင်များသာလျှင် ဒေသတွင်းလူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုထံမှ ကူညီပံ့ပိုးမှုများ ဆက်လက်၍လက်ခံရရှိလျက်ရှိကြောင်းကို ပြောခဲ့သည်။ ထိုအဖွဲ့အစည်းသည် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုမှ လုံလောက်သည့်ငွေကြေးပံ့ပိုးမှု လက်ခံရရှိခဲ့ပြီး ပျောက်ဆုံးသူနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ရရှိနိုင်ရန် KNU နှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုထံမှ ကူညီထောက်ပံ့မှုရရှိခဲ့သည်။

အခြားမေးခွန်းဖြေကြားသူတစ်ဦးက အတင်းအဓမ္မပျောက်ဆုံးစေမှုခံရပြီးနောက်တွင် ထိုဒေသတွင် လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုမှ ကူညီပံ့ပိုးမှုရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဘာသာရေးဆိုင်ရာအကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုမှ လုံလောက်သော ကျန်းမာရေးနှင့်ပညာရေး ကူညီထောက်ပံ့မှုပေးရန်အတွက် ဒေသတွင်းရှိကလေးများအားလုံး၏ စာရင်းကောက်ခံချိန်တွင် စောမ--- ၏ မိခင်ဖြစ်သူ နော်န--- က ထိုဖြစ်ရပ်အား ဒေသတွင်းရှိ World Vision[59] ဝန်ထမ်းထံသို့ သတင်းပို့ခဲ့သည်။

## နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု

ရွာသားများမှ KHRG သို့ တင်ပြခြင်းနှင့် မေးခွန်းဖြေကြားသူများမှ ဖော်ပြခြင်းမရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုခံရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ပေးသည့် သီးသန့်အစီအစဉ်များရှိကြောင်းကို KHRG မှ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင် (ICJ)၊ အပြည်ပြည်ဆိုင်ရာအသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုစင်တာ (ICTJ) သို့မဟုတ် ကုလသမဂ္ဂအတင်းအဓမ္မပျောက်ဆုံးစေမှုခံရခြင်းဆိုင်ရာအလုပ်အမှုဆောင် အဖွဲ့ (UN WGEID) တို့ပါဝင်သည်။

[59] World Vision International (WVI) သည် ခရစ်ယာန်လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ World Vision သည် မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်မှ စတင်ရောက်ရှိခဲ့ပြီး ထိုအချိန်မှစ၍ ပညာရေး၊ ကလေးသူငယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့်အာဟာရ၊ အသက်မွေးဝမ်းကြောင်းနှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိရေး၊ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် လျော့ပါးရေးဆိုင်ရာအစီအစဉ်များကို အစိုးရဌာနများ၊ ဒေသဆိုင်ရာမိတ်ဖက်များ၊ လူမှုအသိုက်အဝိုင်းများနှင့် မတူညီသောဆုံးဖြတ်ချက်ချနိုင်သူများနှင့်အတူ ပူးပေါင်း၍ လုပ်ဆောင်ခဲ့ပါသည်။ www.wvi.org/myanmar တွင်ကြည့်ပါ။

အထက်ဖော်ပြပါအဖွဲ့အစည်းများသည် မတူကွဲပြားသည့်လုပ်ပိုင်ခွင့်များ၊ ပျောက်ဆုံးသူနှင့်ပတ်သက်၍ သတင်းအချက်အလက် ရှာဖွေရန်နည်းဗျူဟာများ၊ မိသားစုဝင်များအတွက် ကူညီပံ့ပိုးပေးနိုင်မည့် ကွန်ယက်များရှိပြီး ထိုအထဲတွင် နိုင်ငံတကာယန္တယားများသို့လွှဲအပ်ခြင်း၊ ငွေကြေးနှင့်စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများအပြင် ကျူးလွန်သူများနှင့် တိုက်ရိုက်ဆွေးနွေးညှိနှိုင်းမှုများ ပါဝင်သည်။ အချို့က ပျောက်ဆုံးသူများ၏အခြေအနေအားသိရှိနိုင်ရန် မော်လမြိုင်၊ ကျိုက်မရောနှင့် ဘားအံထောင်များအပါအဝင် ထောင်ထဲတွင်သော်လည်းကောင်း၊ စစ်ကြောရေးဌာနများတွင်လည်းကောင်း ၎င်းတို့၏ကွန်ယက်များအားအသုံးပြုကြသည်။ အချို့သူများက အချက်အလက်များအား အခြားအကျဉ်းသားများ၊ မျက်မြင်သက်သေများ၊ သတင်းပေးများ သို့မဟုတ် ဒေသတွင်းအရပ်ဖက်အဖွဲ့အစည်းများနှင့် ဒေသတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းပြုစုသည့် ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အနီးကပ်ပူးတွဲလုပ်ဆောင်ကြပြီး သတင်းအချက်အလက်ရယူကြသည်။ အခြားသောလုပ်ဆောင်ချက်များတွင် အကျဉ်းထောင်များသို့ စာနှင့်အထုတ်များပေးပို့ပေးခြင်း၊ ပျောက်ဆုံးသူ၏ မိသားစုဝင်များအား ရဲစခန်းတွင်တိုင်ကြားနိုင်ရန် ကူညီပေးခြင်း၊ မိသားစုများအား အခမဲ့ရှေ့နေများ၊ ဥပဒေပညာရှင်များနှင့်ချိတ်ဆက်ပေးခြင်း၊ သို့မဟုတ် ကျူးလွန်သူများနှင့် နှစ်ဖက်တွေ့ဆုံခြင်း သို့မဟုတ် သီးသန့်တွေ့ဆုံမှုများတွင် ညှိနှိုင်းပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ၎င်းတို့လက်လှမ်းမိနိုင်သည့် ဒေသမှာ အကန့်အသတ်များစွာရှိသော်လည်း ဤအဖွဲ့အစည်းများသည် နိုင်ငံအတွင်းရှိအခြားဒေသများတွင် ကျူးလွန်ခံရသူများအားကူညီပေးနိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိသည်။ ဤအချက်က အတင်းအဓမ္မပျောက်ဆုံးစေမှုဆိုင်ရာ ရာဇဝတ်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားလျက်ရှိပြီး ကျယ်ကျယ်ပြန့်ပြန့်စနစ်တကျဖြစ်ပွားနေကြောင်း ဖော်ပြလျက်ရှိသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးချိန်မှစ၍ အချိန်ကုန်လွန်လာသည့်နှင့်အမျှ SAC သည် ၎င်းတို့၏ လုပ်ရပ်အတွက် တာဝန်ယူမှုတာဝန်ခံမှုမရှိပဲ ပဋိပက္ခများပိုမိုပြင်းထန်စွာဖြစ်ပွားလျက်ရှိကာ မြန်မာပြည်အတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုများ ပိုမိုများပြားလာပြီး ကျူးလွန်ခံရသူများအနေဖြင့် ၎င်းတို့၏အိမ်သို့ ပြန်လည်ရောက်ရှိနိုင်ချေမှာ ပိုမိုနည်းပါးလာသည်။

## အခန်း (၄) အတင်းအဓမ္မပျောက်ဆုံးစေမှုအားတုံ့ပြန်သော ရွာသားများ၏ဗျူဟာများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုအားကာကွယ်ရန်၊ ကုစားရန်နှင့် တုံ့ပြန်ရန်အတွက် နည်းလမ်းများစွာကိုအသုံးပြုကြသည်။ လက်နက်ကိုင်တပ်ဖွဲ့များ ရွာထဲသို့ချဉ်းကပ်လာသည့် အခါတွင် သို့မဟုတ် အစဖျောက်မှုတစ်ခုဖြစ်ပွားသည့်အခါများတွင် ထွက်ပြေးခြင်းဖြင့် အစဖျောက်မှုများထပ်မံ မဖြစ်စေရန် ကာကွယ်ခြင်းများပြုလုပ်ကြသည်။ ရွာသားများအနေဖြင့် ကျူးလွန်သူများနှင့်ညှိနှိုင်းခြင်းဖြင့် ဖမ်းဆီး ခံရခြင်းမှပြန်လည်လွတ်မြောက်နိုင်သည်။ အစဖျောက်ခံရချိန် မတိုင်မီ၊ အစဖျောက်ခံရချိန် အချိန်အတွင်း သို့မဟုတ် အစဖျောက်ခံရချိန်ပြီးနောက်ပိုင်းတွင် ရွာသားများအနေဖြင့် အချင်းချင်းကြား သတင်းအချက်အလက်မျှဝေခြင်း နှင့် အပြန်အလှန်ပံ့ပိုးကူညီပေးခြင်းများပြုလုပ်ကြသည်။

## (က) နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းအား နည်းဗျူဟာတစ်ခုအဖြစ် အသုံးပြုခြင်း

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုပုံစံမျိုးစုံမှ ရှောင်ရှားရန်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းသည် ရွာသားများအများဆုံးသုံးသည့် နည်းဗျူဟာဖြစ်သည်။ ကျေးလက်လူမှုအသိုက်အဝန်းတွင် အတင်းအဓမ္မပျောက်ဆုံးစေမှု ဖြစ်သည့်အခါတိုင်းတွင် ထိုဒေသအတွင်းရှိ ရွာသားများသည် ဖြစ်လာနိုင်ခြေရှိသည့် အကြမ်းဖက်မှုမှ ရှောင်ရှားနိုင်ရန်အတွက် ရွှေ့ပြောင်းနေထိုင်လေ့ရှိသည်။ မေးခွန်းဖြေကြားသူ ၃၅ ဦးထဲမှ ၁၉ ဦးက ၎င်းတို့၏ ဒေသအတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုများ ဖြစ်ပွားပါက နေရပ်ရွှေ့ပြောင်းနေထိုင်လေ့ရှိကြောင်း KHRG သို့ တင်ပြခဲ့သည်။ အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ဆိုင်သည့် ဖြစ်ရပ်အများစုသည် တိုက်ပွဲများဖြစ်လေ့ရှိသော ရောနှောထိန်းချုပ်မှုနယ်မြေများတွင် ဖြစ်ပွားလေ့ရှိသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ မျက်မြင်သက်သေတစ်ဦးဖြစ်သော စောအအ--- က ဤသို့ ဖော်ပြခဲ့သည်။ *"ရွာသားတွေက ဒီကိစ္စတွေကို (အတင်းအဓမ္မပျောက်ဆုံးစေမှု) သိတာနဲ့ သူတို့ရဲ့ ရွာထဲမှာ မအိပ်တော့ဘူး။ […] တခြားနေရာတွေမှာ သွားနေကြတယ်။ အခြေအနေတည်ငြိမ်ပြီထင်မှ သူတို့ရဲ့ ရွာကို ပြန်လာကြတယ်။ အဲ့ဒီကိစ္စတွေကိုကြားရင် သူတို့က ကြောက်ကြတယ်။ ရွာသားတွေအနေနဲ့ ဘာမှမလုပ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်။ သူတို့က သူတို့ရွာကနေပဲ ထွက်ပြေးနိုင်ကြတယ်။ ကျူးလွန်သူတွေမှာက သေနတ်နဲ့ လက်နက်တွေရှိတာကိုသိတော့ သူတို့က ကြောက်နေပြီ။"*

ကရင်ပြည်နယ်အတွင်း အချို့သောလူမှုအသိုက်အဝန်းများရှိ ရွာထဲတွင်နေထိုင်သူတိုင်း အစဖျောက်ခံရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ထွက်ပြေးကြရသည်။ ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ ဝေ့ဆွဲကျေးရွာအုပ်စု၊ အန--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောခ--- က သူ၏အကိုဖြစ်သူမှ SAC ၏ အစဖျောက်ခြင်းကိုခံရသည့်အခါတွင် *"ကျွန်တော်တို့ အားလုံး ထွက်ပြေးရတယ်။"* ဟု KHRG အားပြောခဲ့သည်။ သူ၏အကိုဖြစ်သူမှာ ခတ်မီးသွားဝယ်နေစဉ် လမ်းတွင် SAC မှ ၎င်းအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအတွက် သူလျှိုအဖြစ်လုပ်ပေးသည်ဟု စွပ်စွဲ၍ ဖမ်းဆီးခဲ့ပြီး အစဖျောက်ခဲ့သည်။ ရွာသားအားလုံးက ၎င်းတို့လည်း ကြုံတွေ့ရမည်ကိုစိုးရိမ်သည့်အတွက် ထွက်ပြေးခဲ့ကြသည်။ အလားတူပင် ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ ငဝ--- ကျေးရွာအုပ်စုမှ ခဘ--- ကျေးရွာမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သူ စောဘဗ--- က SAC ကြောင့် ရွာသားတစ်ဦး အစဖျောက်ခံရပြီးနောက် ၎င်း၏ခံစားချက်ကို ဤသို့မျှဝေခဲ့သည်။ *"ရွာသားတွေပဲ လုံခြုံရေးအတွက်စိုးရိမ်ရတာမဟုတ်ဘူး။ ကျွန်တော်လည်း လုံခြုံရေးအတွက်စိုးရိမ်တယ်။ ဘာကြောင့်လည်းဆိုတော့ ဒီကိစ္စက(ဖမ်းဆီးခံရမှု)ရွာသားတွေ နေရပ်ရွှေ့ပြောင်းနေရတုန်းဖြစ်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ အဖမ်းခံရမှာကိုကြောက်တယ်။ ပြီးတော့ ဒီဖမ်းဆီးခံရတဲ့ ကိစ္စအတွက်ကြောင့် တခြားဖမ်းဆီးမှုတွေထပ်ဖြစ်မှာကိုလည်းကြောက်တယ်။"* ကိစ္စရပ်အများစုတွင် ရွာသားများက ဖြစ်ပေါ်လာနိုင်သောအကြမ်းဖက်မှုများကိုရှောင်ကြဉ်ရန်အတွက် ၎င်းတို့၏နေအိမ်များကိုယာယီစွန့်ခွာရန်နှင့် လုံခြုံသည်ဟုခံစားရမှသာလျှင် နေရပ်သို့ပြန်လာရန် ရွေးချယ်ခဲ့ကြသည်။

ယခင်ကဖော်ပြထားသကဲ့သို့ အချို့သောအခြေအနေများတွင် ရွာသားများသည် အထူးသဖြင့် SAC ၏ ဖမ်းဆီးခြင်း၊ အစဖျောက်ခြင်းနှင့် သတ်ဖြတ်ခြင်းကိုကြောက်ရွံ့သည့်အတွက် နယ်စပ်ဖြတ်ကျော်ကာ ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ ရွာသားများက အစဖျောက်ခြင်းမှရှောင်ရှားရန်အတွက်သာမက ၎င်းတို့အနေနှင့် SAC မှ ကျူးလွန်မည့်အခြားလူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော လေကြောင်းတိုက်ခိုက်ခြင်း၊ ပစ်မှတ်ခွဲခြားမှုမရှိပဲလက်နက်ကြီးများပစ်ခတ်ခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် လူသားဒိုင်းအဖြစ်အသုံးပြုခြင်းအပါအဝင် အခြားအကြမ်းဖက်မှုများမှ မိမိကိုယ်ကိုကာကွယ်နိုင်ရန်အတွက် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းကို အသုံးပြုကြသည်။

## (ခ) ညှိနှိုင်းခြင်းနှင့် ဆန္ဒလိုက်လျောခြင်း

ဖြစ်ရပ်အများအပြားတွင် ပျောက်ဆုံးသွားသူနှင့်ပတ်သက်၍ လက်နက်ကိုင်တပ်ဖွဲ့များအား သတင်းအချက်အလက်များကို ရွာသားများကိုယ်တိုင်မေးမြန်းပြီး ပြန်လည်လွတ်မြောက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ကြသည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ခအ--- ကျေးရွာမှ နော်ဘရ--- က သူမ၏သားဖြစ်သူ စောအ--- နှင့်ပတ်သက်၍ တရွာတည်းတွင် ကော်တရီနေထိုင်သည့် BGF စစ်ဗိုလ်တစ်ဦးကို သူမသားအတွက် ထောက်ခံပေးရန်အကူအညီတောင်းခဲ့ပြီး သူမသားအားပြန်လွှတ်ပေးရန်အတွက် SAC အား ဖုန်းဆက်တောင်းပန်ခဲ့သည်။ ထိုနည်းတူစွာပင် နော်အက--- ၏အမျိုးသားဖြစ်သူသည် သူ၏ဇနီးနှင့်အတူ လူသားဒိုင်းအဖြစ် ခေါ်ဆောင်သွားခြင်းခံရစဉ် ဇနီးဖြစ်သူမှာ ကျည်ဆံထိမှန်ပြီး သွေးထွက်လွန်သဖြင့် SAC စစ်သားများအား သူ၏အမျိုးသမီးကိုဆေးရုံပို့ခွင့်ပေးရန် တောင်းဆိုခဲ့သည်။ ရက်အနည်းငယ်ကြာပြီးနောက်တွင် စစ်သားများမှ ၎င်းတို့အားလွှတ်ပေးရန်သဘောတူခဲ့ပြီး ၎င်းတို့၏ဖုန်းများကိုလည်း ပြန်ပေးခဲ့သည်။

ဤသို့ ညှိနှိုင်းမှုများတွင် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ ကုန်းနီကျေးရွာအုပ်စု၊ အပ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောဘထ--- ၏ ရှင်းပြချက်အရ "စကားပြောရတာအဆင်ပြေအောင်" သို့မဟုတ် ဖမ်းဆီးထားသူများလွတ်မြောက်ရန်အတွက် SAC အာဏာပိုင်များအား လာဘ်ထိုးခြင်းများ အကြိမ်များစွာ ပါဝင်သည်။ ဤသို့ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စုမှ ဖမ်းဆီးခံရသည့်ရွာသား ၇ ဦးအားပြန်ရွေးရန် တစ်ဦးစီအတွက် ငွေကျပ်သိန်း ၂၀ ပေးပြီးနောက်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။[60] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် SAC မှ ဘီးလင်းမြို့ မြောက်ဘက်ခြမ်းရှိ SAC စစ်စခန်းအနီးတွင် အစဖျောက်ခဲ့သော အသက် ၁၇ နှစ်အရွယ်လူငယ်တစ်ဦး၏မိခင်ဖြစ်သူ နော်န--- က *"သူက ကျွန်မသားဆိုတော့ ကျွန်မအနေနဲ့ အိမ်ထဲမှာ အေးအေးဆေးဆေးမထိုင်နိုင်ဘူး။ အိမ်မှာထိုင်နေရုံနဲ့ သူ့အခြေအနေကို ကျွန်မမသိနိုင်ဘူး။ ကျွန်မ သူနဲ့ပတ်သက်တဲ့အချက်အလက်တွေကိုရှာမှပဲ သူ့အကြောင်းကိုသိနိုင်မယ်။ သူ့အနေနဲ့က အန္တရာယ် ကျရောက်နေတဲ့အတွက် သူ့အခြေအနေကိုသိချင်တော့ ပိုက်ဆံပေးရတယ်။ [...] ကျွန်မတို့ သူတို့ကို (SAC)ငွေပေးတယ်ဆိုတာက သူတို့ရဲ့သဘောထားကို ကျွန်မတို့သိလို့ဖြစ်တယ်။"* ဟု တင်ပြခဲ့သည်။ သူမအနေဖြင့် သူမ၏သားကိုတွေ့နိုင်ရန် ငွေပေးခဲ့သော်လည်း တွေ့ခွင့်မရခဲ့ပါ။

အခြားစစ်သားများနှင့် ပုဂ္ဂိုလ်ရေးအချိတ်အဆက်များမှတဆင့် အချို့ရွာသားများအနေနှင့် မိသားစုဝင်များ ပြန်လွှတ်ရန်အတွက် ညှိနှိုင်းနိုင်ခဲ့ခြင်း သို့မဟုတ် ၎င်းတို့၏ တည်နေရာကို သိရှိနိုင်ခဲ့ပြီး ၎င်းတို့အနေဖြင့်တော်လှန်ရေးတပ်ဖွဲ့များနှင့် ချိတ်ဆက်မှု မရှိကြောင်း ပြသရသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ဒဇ--- ကျေးရွာမှ သက်ကြီးရွယ်အို တစ်ဦးဖြစ်သော ဘမ--- က SAC စကခ အမှတ် ၁၂ မှ ကော့ကရိတ်မြို့တွင် ဖမ်းဆီးခဲ့သည့် အသက် ၁၆ နှစ်အရွယ် စောအဆ--- ပြန်လွှတ်ရန်အတွက် ညှိနှိုင်းပေးခဲ့သည်။ သူရှင်းပြခဲ့သည်မှာ *"ကဖ--- က DKBA ကဆိုတော့ သူတို့ကို ပြန်လွှတ်ပေးဖို့အတွက် ကျွန်တော်တို့က သူ့ကို တောင်းဆိုခဲ့တယ်။ ကျွန်တော် [ခြေလျင်တပ်ရင်း] အမှတ် ၉၇ မှာတုန်းက ကဖ--- နဲ့ ကျွန်တော်က တစ်နေရာထဲက [စစ်ကောင်စီနှင့် DKBA တို့၏ ပူးပေါင်းစစ်ဆင်ရေး] ဆိုတော့ ကျွန်တော်တို့က ညီအစ်ကိုတွေ လိုပဲ။ ကျွန်တော်*

[60] KHRG မှ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော "ဒူးသထူခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို – စစ်ကောင်စီစစ်သားများမှ ရွာသား (၇) ဦးအား အဓမ္မဖမ်းဆီး (၂၀၂၂ ခုနှစ်၊ မတ်လ)" တွင် ကြည့်ပါ။

*တို့ ကဖ--- ကို သူတို့[ရွာသားနှစ်ဦး]ကို လွှတ်ပေးဖို့အတွက် တောင်းဆိုခိုင်းတဲ့ အခါကျတော့ သူတို့က ၇၀၀,၀၀၀ တောင်းတယ်။ [...] ကျွန်တော်က [ဗမာ] စစ်တပ်ကလူ[ဟောင်း]ဆိုတော့ [သူတို့အကျင့်တွေကို] ကျွန်တော်သိတယ်။ သူတို့က သူတို့ဖမ်းထားတဲ့လူတွေကို အထူးသဖြင့် အာဏာသိမ်းထားတဲ့ အချိန်အတွင်းမှာ လွှတ်ပေးမှာ မဟုတ်ဘူး။ သူတို့က သူတို့ကို အပြစ်ရှိသလို ပုံဖမ်းပြီးတော့ အမှုတွဲတင်မှာပဲ။ သူတို့[ဖမ်းဆီးခံ ရွာသားများ]တွေ လွှတ်ပေးဖို့အတွက်ဆိုရင် ကျွန်တော်တို့ရွာက ရွာသားတွေကတော့ သူတို့ [နှစ်ယောက်]ဟာ ရွာသားတွေဖြစ်ကြောင်း ထောက်ခံစာ [အာမခံချက်] ရေးပေးရမယ်။ [ဒီကောဘီအေမှ] ကဖ--- ကလည်း ဒီဖြစ်စဉ်မှာ ပါရမယ်။ ဒီမှာ အခါကျတဲ့လူက ကဖ--- ပဲ။ သူ့အနေနဲ့ ဒီကိစ္စကို လိုက်ပြီးတော့ သူတို့ [စစ်ကောင်စီ]ကို ပြန်လွှတ်ပေးဖို့ ပြောရမယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ ၇၀၀၀၀၀ ကျပ် [နှင့်အတူ ခရီးစရိတ် ၁၀၀၀၀၀ ကျပ်] ကိုတော့ ပေးရအုံးမယ်။ တကယ်လို့ ကျွန်တော်တို့ ဒီလိုမလုပ်ဘူးဆိုရင် သူတို့က ရွာသားတွေကို လွှတ်မှာမဟုတ်ဘူး။”*

အလားတူပင် အတင်းအဓမ္မပျောက်ဆုံးခံရသူ၏ မိခင်ဖြစ်သူ နော်ဘခ--- က ဤသို့ဖော်ပြခဲ့သည်။ *“ကျွန်မ [KNU] ကျေးရွာအုပ်ချုပ်ရေးမှူးကို အကြောင်းကြားတော့ ဒီဘက် [KNLA] က ဗိုလ်ကြီးကပြောတယ်။ ‘ရွာသားတွေ ဒီကိစ္စကို နှင့်အတွက် လိုက်ပေးနေတာကောင်းတယ်။ ဘာကြောင့်လည်းဆိုတော့ ငါတို့အနေနဲ့က ဒီကိစ္စကို လိုက်မလုပ်ပေးရဲဘူး။’ ဒါကဘာကြောင့်လဲဆိုရင် ကျွန်မတို့က လက်နက်ကိုင်အားလုံးနဲ့ လက်တွဲနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ဆက်သွယ်ပြီးတော့ [စစ်ကောင်စီ] တပ်ဖွဲ့တွေနဲ့လည်း ဆက်သွယ်ခဲ့တယ်။”* SAC တပ်မ အမှတ် (၁၁) မှ စစ်သားများ ဤဒေသတွင်လှုပ်ရှားခဲ့စဉ်က သူမ၏အိမ်တွင် တည်းခိုအိပ်စက်ခဲ့သဖြင့် သူမက ထိုစစ်သားများနှင့် သိကျွမ်းခဲ့သောကြောင့် ထိုစစ်သားများအား စကခ အမှတ် (၁၂)အား သူမ၏သားဖြစ်သူပျောက်ဆုံးမှုနှင့် ပတ်သက်၍ ချိတ်ဆက်ပေးရန် တောင်းဆိုခဲ့သည်။ စောအဆ--- ကိုယ်တိုင်က KHRG သို့ ရှင်းပြခဲ့သည်မှာ *“ကျွန်တော့်အမေက တပ်ခွဲ အမှတ် (၁၁) ရဲ့ [ဗိုလ်မှူး] ကို ဆက်သွယ်ပြီးတော့ ကျွန်တော့်ကိုလွှတ်ပေးဖို့ ပြောခဲ့တယ်။ ပြီးတော့သူက ကျွန်တော့်အမေကို စိတ်မပူဖို့ပြောတယ်။ သူတို့က [စကခ အမှတ် (၁၂)] စကားပြောကြည့်ပြီးရင် အားလုံး အဆင်ပြေလိမ့်မယ်လို့ ပြောတယ်။ [...] သူ [ဗိုလ်မှူး] က[စကခ အမှတ် (၁၂)] ကို ‘အဲ့ဒီကလေးတွေကို မထိနဲ့’ လို့ပြောတယ်။ သူတို့က သူ့ကိုဘာပြန်ပြောလဲမသိပေမယ့် သူတို့တွေ ဖုန်းနဲ့စကားပြောပြီးတဲ့နောက်မှာ ကျွန်တော်တို့ကို အချုပ်ထဲကထုတ်ပေးလိုက်တယ်။”*

ဤသို့ ညှိနှိုင်းခြင်းများသည် ရွာသားများ၏ ဘဝများအပေါ် အန္တရာယ်ကြီးကြီးမားမား ကျရောက်စေနိုင်သည်။ ဒူးပလာယာခရိုင်၊ ကော်တရိကော်တရီမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ခအ--- ကျေးရွာမှ နော်ဘရက သူမ၏ သားအား ရှာဖွေရန်အတွက် ရွာသားများအနေဖြင့် ကြောက်ရွံ့ကြကြောင်းနှင့် SAC မှ သူမ၏သားအား ဖမ်းဆီးသွားသည့်အကြောင်းကို သူမအားပြောပြရန် တုံ့ဆိုင်းနေကြောင်း ရှင်းပြခဲ့သည်။ *“သူတို့ [ ဒေသခံ ရွာသားတွေ]အနေနဲ့ ကျွန်မကို သတင်းအချက်အလက်ပေးပြီး ဒီကိစ္စကို အတူတူလိုက်သင့်တယ်။ ဒါပေမယ့် ဘယ်သူမှ ကျွန်မကို မပြောဘူး။ ကျွန်မက သူတို့ မပြောလည်းရတယ်။ ကိုယ့်ဟာကိုလုပ်မယ်။ ဆိုပြီးတော့ [ စစ်ကောင်စီ ခြေမြန်တပ်မ အမှတ် ၄၄ အခြေစိုက်စခန်း ] ဗိုလ်မှူးဆီကိုသွားတယ်။ [...] နော်ဘဆ--- က ဗမာစကားပြောတတ်တော့ ကျွန်မနောက်ကို လိုက်ပေးတယ်။”*

လက်နက်ကိုင်တပ်ဖွဲ့များနှင့်ညှိနှိုင်းရာတွင် များသောအားဖြင့် အောင်မြင်ခြင်းမရှိခဲ့ပါ။ ကျူးလွန်ခံရသူများအနေနှင့် နိုင်ငံရေးအရ ပစ်မှတ်ထားခံရပါက ညှိနှိုင်းမှုများပြုလုပ်သော်လည်း အစဖျောက်ခံရလေ့ရှိသည်။ တောအူးခရိုင်မှ အစဖျောက်ခံရသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ၏ သမီးဖြစ်သူ နော်ဟ--- က ရှင်းပြခဲ့သည်မှာ *“ဖမ်းဆီးခံရတဲ့ လူအများစုလွှတ်မြောက်လာတယ်ဆိုတာက ဘုရားကျောင်းက ခေါင်းဆောင်တွေက ရွာသားတွေကို လွှတ်ပေးဖို့အတွက် သွားပြီး တောင်းဆိုလို့ဖြစ်တယ်။ ဒါကြောင့် သူတို့က ရွာသားတွေကို လွှတ်ပေးတယ်။ [...] ဒါပေမယ့် ကျွန်မအဖေကတော့ မလွှတ်လာဘူး။ [...] [အဲ့ဒီအချိန်တုန်းက] တချို့က သူတို့အနေနဲ့ စစ်ကောင်စီကို ကျွန်မအဖေကို လွှတ်ပေးဖို့အတွက် တောင်းဆိုလို့ မရဘူး။ တချို့ကတော့ ကျွန်မအဖေ ထောင်ကျနေလိမ့်မယ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်မ သူ့ကိုကျွန်မ ထောင်မှာ တွေ့နိုင်တယ်။ ဒါက သူတို့ပြောတာပဲ။ ဒါပေမယ့် စစ်ကောင်စီကို ကျွန်မအဖေကို လွှတ်ပေးဖို့ မတောင်းဆိုနိုင်ခဲ့ဘူးလို့ပြောတယ်။”*

## (ဂ) ရွာသားများ အချင်းချင်းကြား သတင်းအချက်အလက်မျှဝေခြင်း

သတင်းအချက်အလက် မျှဝေခြင်းသည် KHRG ရရှိထားသည့် သတင်းအချက်အလက်များတွင် ဖော်ပြထားသော ဖြစ်ရပ်အားလုံးနီးပါးတွင် ရွာသားများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား နားလည်ရန်၊ ရင်ဆိုင်ရန် နှင့် ကာကွယ်ရန်အတွက် အသုံးများဆုံးနည်းလမ်းတစ်ခု ဖြစ်သည်။ ဒေသတွင်း အစဖျောက်မှုများ ကြုံတွေ့ရသည့်အခါတွင် သတင်းအချက်အလက် မျှဝေခြင်းသည် SAC တပ်သားများနှင့် ဆုံတွေ့ခြင်းကို ရှောင်ရှားရန်၊ စစ်သားများ ရွာထဲသို့ မရောက်မီ ရွာသားများ ထွက်ပြေး တိမ်းရှောင်နိုင်ရန် သို့မဟုတ် လမ်းမများပေါ်တွင် ယာယီ စစ်ဆေးခြင်းများအား ရှောင်ရှားရန် အတွက်သာမက လက်နက်ကိုင် တပ်ဖွဲ့များမှ အစဖျောက်ခဲ့သည့် ရွာသား၏ တည်နေရာနှင့် အခြေအနေကို သိရှိနိုင်ရန်အတွက် အလွန်အရေးပါသည်။ ထို့အတွက်ကြောင့် ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်း ရွာသားများ အချင်းချင်းကြား သတင်းအချက်အလက် မျှဝေခြင်းသည် ဒေသခံလူမှုအသိုက်အဝန်းများကြား အပြန်အလှန် ဂရုစိုက်မှုပေးရန်နှင့် အသက်ရှင်သန်ရန်အတွက် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပြီး အခြေခံကျသော နည်းဗျူဟာတစ်ခုဖြစ်သည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပုလောဒေသ၊ ခရ---ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC ၏ဖမ်းဆီးခြင်းခံရသော လူငယ်တစ်ဦးဖြစ်သည့် ကျော်ဘယ---၏ ပုံဟောင်းတစ်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – ဒေသခံရွာသား/KHRG)*

ကရင်ပြည်နယ်အတွင်းရှိ ရွာသားများသည် စစ်သားများမှ ရွာသားများနှင့် အထူးသဖြင့် လူငယ်များနှင့်အတူ သွားလာသည့်အခါ စစ်တပ်၏ လှုပ်ရှားမှုများနှင့် သံသယဖြစ်ဖွယ် အခြေအနေများကို အမြဲစောင့်ကြည့် နေကြသည်။ ဒူးပလာယာခရိုင်၊ ကော်တရီကော်တရီမြို့နယ်၊ မောင်းမရွာသစ် ကျေးရွာအုပ်စု၊ ဒဇ--- ကျေးရွာတွင် စောအဆ--- နှင့် စောဘလ--- တို့ ပျောက်ဆုံးပြီးနောက် ဒေသခံရွာသားတစ်ဦးက ငဓ--- ကျေးရွာမှ အမျိုးသမီးငယ်တစ်ဦးအား ထိုအကြောင်းနှင့်ပတ်သက်၍ ဖုန်းဆက်မေးရာ ထိုလူငယ်နှင့် သူ၏သူငယ်ချင်းတို့ အဖမ်းခံရကြောင်း အတည်ပြုချက်ရခဲ့သည်။ သူမက *"ဟုတ်တယ်။ အဲ့ဒါမှန်တယ်။ တစ်ယောက်ကငယ်ပြီးတော့ ၁၄ နှစ်လောက်ရှိမယ်။ နောက်တစ်ယောက်က အသက် ၃၀ အရွယ်လောက်ရှိတယ်။"* ဟု ပြန်လည်ဖြေကြားခဲ့သည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ကုန်းနီကျေးရွာအုပ်စု၊ ခဘ--- ကျေးရွာတွင် မောင်ဘ--- ပျောက်ဆုံးသွားခဲ့ပြီး သူ၏ ညီဖြစ်သူက ထိုအကြောင်းကို ခခ--- ကျေးရွာမှ ရွာသားတစ်ဦးက SAC မှ အရပ်ပုပုနှင့် စက်ဘီးစီးနေသော လူတစ်ယောက်အား ဖမ်းဆီးခဲ့ကြောင်း ဖုန်းဆက်ပြောသဖြင့် သိရှိခဲ့ရသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တော်ပလားကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာတွင် လယ်သမားတစ်ဦးက ဒေသအတွင်း SAC တပ်ဖွဲ့များ လှုပ်ရှားနေကြပြီး နေ့အချိန်တွင် ၎င်း၏လယ်ကွင်းသို့ ဖြတ်သွားခဲ့သည့် ရွာသားရှစ်ဦး ပြန်မလာခဲ့ကြောင်းကို သတိပြုမိခဲ့သည်။ ထိုရွာသားများသည် SAC တပ်ဖွဲ့သွားသည့်နေရာသို့ပင် သွားရောက်ခဲ့ကြောင်းကို မိသားစုဝင်များနှင့် အတည်ပြုပြီးနောက် သူ၏သတိပြုမိချက်က ထိုရွာသားများအား SAC က ခေါ်ဆောင်သွားသည်ကို ထင်ရှားစေခဲ့သည်။ မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပုလော ဒေသ၊ ငရ--- ကျေးရွာမှ အသက် ၁၉ နှစ်အရွယ် ကျော်ဘယ--- ပျောက်ဆုံးသည့်အခါတွင် ငရ--- ကျေးရွာ အပါအဝင် ငစ--- ကျေးရွာမှ ရွာသားများသည် အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာများကို ဆက်သွယ်ကာ ရွာသားများ ပျောက်ဆုံးမှုရှိမရှိ မေးမြန်းခဲ့ကြသည်။ ကျော်ဘယ--- သည် ငစ--- ကျေးရွာတွင် သူငယ်ချင်းဖြစ်သူထံသို့ လာရောက်လည်ပတ်စဉ် SAC မှ ၎င်းအား ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့ မနက်ပိုင်း ၄ နာရီတွင် ဘုတ်ပြင်းတပ်စခန်းမှ SAC တပ်များသည် မြိတ်–ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပုလောဒေသ၊ အတ––– ကျေးရွာသို့ လာရောက်ခဲ့ပြီး ရာဘာခြံထဲတွင် ရာဘာခြစ်နေသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား ပစ်သတ်ခဲ့သည်။ ထိုရွာသူသည် အသက် ၂၃ နှစ် ရှိပြီး ကလေးနှစ်ဦးရှိသည်။ ထိုသို့ ပစ်သတ်ပြီးနောက်တွင် SAC သည် ငသ––– ရွာမှ ရွာသားများအား သူမ၏ ရုပ်အလောင်းကို ငသ––– ကျေးရွာနှင့် ငယ––– ကျေးရွာကြားရှိ တံတားဘေးသို့ သယ်ဆောင်စေခိုင်းခဲ့သည်။ ထိုနေရာတွင် SAC တပ်သားများက သူမ၏ရုပ်အလောင်းအား မြှုပ်နှံခဲ့သည်။ သူမ၏အလောင်းကို သယ်ဆောင်ခိုင်းခံရသည့် ရွာသားများက အတ––– ရွာသားများအား ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ အကြောင်းကြားပေးခဲ့ပြီး အတ––– ရွာသားများက ထိုရုပ်အလောင်းအား ထိုနေရာမှ ပြန်လည်ယူဆောင်လာပြီး ဈာပနအခမ်းအနား ပြုလုပ်ပေးခဲ့သည်။ နောက်ပိုင်းတွင် SAC စစ်သားများက ထိုရွာသူအား မှားယွင်းစွာ ပစ်ခတ်မိခဲ့ခြင်းဖြစ်ကြောင်းနှင့် လျော်ကြေးငွေအနေဖြင့် ငွေကျပ်ငါးသိန်းပေးမည်ဟု ဆိုခဲ့သည်။ သို့သော်လည်း သူမ၏ ခင်ပွန်းသည်မှာ ထိုငွေအား လက်ခံခြင်း မရှိခဲ့ပါ။[61]

ထိုနည်းတူစွာပင် အကြမ်းဖက်မှုခံရမှုမှ အသက်ရှင်ကျန်ရစ်သူများကလည်း ကျေးရွာသို့ ပြန်လည်ရောက်ရှိလာချိန် တွင် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေလေ့ရှိသည်။ ထိုသို့ သတင်းမျှဝေပေးခြင်းဖြင့် ရွာသားများသည် စစ်သားများ၏ အလေ့အကျင့်များကို သိရှိရပြီး ၎င်းတို့အား ရှောင်ရှားရန် ပိုမိုကောင်းမွန်သည့် နည်းလမ်းများကို ပြင်ဆင်ထားနိုင်သည်။

## (ဃ) ကျေးရွာအချင်းချင်း ကူညီပံ့ပိုးမှု

အစဖျောက်ခြင်း ဖြစ်ပေါ်ပြီးနောက် ပျောက်ဆုံးသူ၏ မိသားစုဝင်များသည် ရုတ်တရက် ဆုံးရှုံးသွားရသော ၎င်းတို့၏ မိသားစုဝင်များ အတွက် ထိရောက်သော အကူအညီများ လိုအပ်ကြသည်။ ရွာသားများသည် အစဖျောက်မှု ကိစ္စများ ဖြစ်ပွားပြီးနောက်တွင် ထိုရာဇဝတ်မှုကျူးလွန်ခံရသူများ လိုအပ်သော အကူအညီများကို တိုက်ရိုက်ပံ့ပိုးပေးခြင်းဖြင့် အချင်းချင်း ကူညီဖေးမကြသည်။ ဒေသတွင်း လူထုအခြေပြုအဖွဲ့အစည်းများ/ အရပ်ဖက် အဖွဲ့အစည်းများ အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးလေ့ ရှိသော်လည်း ရွာသားများမှာမူ အထူးသဖြင့် အစဖျောက်ခံရသူများ၏ဆွေမျိုးသားချင်းများအတွက် အရေးပေါ် လိုအပ်ချက် အမျိုးမျိုးကို မကြာခဏ တုံ့ပြန်၍ ပံ့ပိုးကူညီကြသူများဖြစ်သည်။

ရွာသားများမှ ကျူးလွန်ခံရသူများအတွက် ပေးအပ်သည့် ကူညီထောက်ပံ့မှု လေးမျိုးမှာ အတင်းအဓမ္မပျောက်ဆုံးသွားသောသူအား ကူညီရှာဖွေပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း၊ ငွေကြေးအရ ထောက်ပံ့ပေးခြင်းနှင့် အစားအသောက် သို့မဟုတ် ပို့ဆောင်ဆက်သွယ်ရေးစသည့် လက်တွေ့လိုအပ်သော အကူအညီများပေးခြင်းတို့ ဖြစ်သည်။ ရွာသားများအနေဖြင့် ကူညီထောက်ပံ့မှုများ ရရှိပါက များသောအားဖြင့် ရွာသားအချင်းချင်းထံမှ လက်ခံရရှိခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းခြင်း ၃၅ ခုအတွင်းမှ ၃၀ တွင် ရွာသားများက အတင်းအဓမ္မပျောက်ဆုံးသွားသူအား ရှာဖွေပေးခြင်းနှင့် ပြန်လည် လွတ်မြောက်ရန် ညှိနှိုင်းကူညီဆောက်ရွက်ပေးခြင်းအပါအဝင် ပျောက်ဆုံးသွားသူများ၏ မိသားစုဝင်များအား ကူညီပံ့ပိုးမှုများပေးသည်ဟု တင်ပြခဲ့သည်။ ပျောက်ဆုံးသွားသည့် ရွာသားများအား ရှာဖွေရန်အတွက် လူမှုအသိုက်အဝန်းမှပေးသည့် အကူအညီများတွင် ပျောက်ဆုံးသွားသူများ၏ တည်နေရာအား သိရှိရန် လုပ်ဆောင်ခြင်းအပါအဝင် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုပေးခြင်းတို့ ပါဝင်နိုင်သည်။ ရွာသားများသည် ၎င်းတို့အတွက် အန္တရာယ်များရှိသော်လည်း ဤအရာများအား ကူညီလုပ်ဆောင်ပေးနေခြင်း ဖြစ်သည်။

ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဟသ်ာဝဲကျေးရွာအုပ်စု၊ ငခ––– ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သည့် နော် ဘဒ––– က သူမ၏ သားပျောက်ဆုံးသွားသည့် အချိန်တွင် မည်သို့သော ကူညီပံ့ပိုးမှုများ ရရှိခဲ့ကြောင်းနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် သူမက “ရွာသားတွေနဲ့ သူငယ်ချင်းတွေကပဲ ကျွန်မကို ကြည့်ရှုစောင့်ရှောက်ပေးခဲ့တယ်။” ဟု ပြောခဲ့

[61] ဤအချက်အလက်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင်ရရှိခဲ့သော ဘိတ်–ထားဝယ်ခရိုင်မှမထုတ်ပြန်ရသေးသည့် အစီရင်ခံစာတစ်ခုမှကောက်နှုတ်ထားပါသည်။

သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် SAC ၏ ခြေလျင်တပ်ရင်း အမှတ် ၂၆၄ မှ သူမ၏ သားဖြစ်သူ စောညု---ကို အစဖျောက်ခဲ့သည်။ ထိုနည်းတူစွာပင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တကုခီးကျေးရွာအုပ်စု၊ ခထ--- ကျေးရွာမှ စောဘဘ--- ကလည်း ဤသို့ ရှင်းပြခဲ့သည်။ *"ရွာထဲမှာ လူတွေက သူမ [နော်အင--- ] ကို 'သူ့ကို ကူပြီးရှာပေးမယ်' လို့ပြောကြတယ်။ သူမကို 'ငါတို့ နင့်အတွက် ကြိုးစားပြီး ဆက်သွယ်ပေးမယ်' လို့ပြောပြီး အားပေးကြတယ်။ သူမကို အားပေးဖို့အတွက် တစ်ယောက်ယောက်က သူမနဲ့ သွားနေပေးတယ်။ [သူတို့က သူမကိုပြောတယ်] 'စိတ်မပူနဲ့ ငါတို့သူ့ကိုကူရှာပေးမယ်။ တကယ်လို့သူက အထဲ[ထောင်] မှာ ရှိတယ်လို့ ကြားရင် ငါတို့သူ့ကို အတူတူ ရအောင်ပြန်ခေါ်ခဲ့မယ်။' ရွာသားတွေက သူမကို ဒီလိုပဲ အားပေးနိုင်တယ်။ သူမရဲ့ အိမ်ကိုသွားပြီး စိတ်ကိုငြိမ်ငြိမ်ထားဖို့ပြောပြီး ရီစရာဟာသလေးတွေ ပြောပေးကြတယ်။"*





ဤပုံနှစ်ပုံကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ကုန်းနီကျေးရွာအုပ်စု၊ အပ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ပထမပုံသည် စောကဘ--- ၏ ပုံဟောင်းတစ်ပုံဖြစ်ပါသည်။ ၎င်းသည် လယ်ကွင်းမှအလုပ်လုပ်ပြီး ပြန်လာချိန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ တွင် SAC နှင့် ကြို့ပင်ဆိပ်ကျေးရွာမှ ပြည်သူ့စစ်အဖွဲ့တို့၏ အတင်းအဓမ္မ ပျောက်ဆုံးစေခြင်းခံခဲ့ရပါသည်။ ထိုအချိန်မှစ၍ ၎င်းအား မတွေ့ရှိရတော့ပါ။ ညာဖက်တွင်ရှိသောပုံသည် စောကဘ---၏ဓာတ်မီးတစ်လုံးပုံဖြစ်ပါသည်။ ၎င်းသည် ဓာတ်မီးပျက်များကို ပြုပြင်သူ တစ်ဦးလည်းဖြစ်ပါသည်။ *(ဓာတ်ပုံ – ဒေသခံရွာသား/KHRG)*

ရွာသားများသည် ပျောက်ဆုံးသွားသူအတွက် ဆုတောင်းပေးခြင်းနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် ဘာသာရေးဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်ပေးခြင်းဖြင့် ပံ့ပိုးကူညီကြသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ကုန်းနီကျေးရွာအုပ်စု၊ အပ--- ကျေးရွာမှ စောကအ--- က သူ၏အကိုဖြစ်သူ စောကဘ--- မှ ၂၀၂၃ ခုနှစ် ဇူလိုင်/ဩဂုတ်လတွင် SAC နှင့် ကြို့ပင်ဆိပ်ကျေးရွာမှ ပြည်သူ့စစ်များ၏ အစဖျောက်ခြင်းကို ခံရပြီးနောက် *"တချို့ရွာသားတွေက ကျွန်တော်တို့ဆုတောင်းဝတ်ပြုခြင်းမှာ လာပြီးပါဝင်ကူညီကြတယ်။"* ဟု သူ၏ ကျေးဇူးတင်မှုကို ဖော်ပြခဲ့သည်။ ၎င်းအနေနှင့် မည်သို့သောကူညီပံ့ပိုးမှုကို အလိုအပ်ဆုံးဖြစ်သည်နှင့်ပတ်သက်၍ စောကအ--- အား မေးမြန်းသည့်အခါတွင် *"ကျွန်တော်တို့ သူ့အတွက် ဆုတောင်းပေးဖို့လိုတယ်။"* ဟု ဖြေကြားခဲ့သည်။ ဤအချက်က ရွာသားများမှ ဤသို့ပံ့ပိုးကူညီမှုများသည် ၎င်းတို့အတွက် အမှန်တကယ်လိုအပ်ချက်ဖြစ်သည်ကို ဖော်ပြလျက်ရှိသည်။ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်ကြီးများနှင့် ဗုဒ္ဓဘာသာဘုန်းကြီးများသည်လည်း တခါတရံ ကူညီပံ့ပိုးသည့်အခန်းကဏ္ဍတွင် ပါဝင်ကြသည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကော့ကရိတ်မြို့တွင် နော်

ဘခ--- ၏ ၁၆ နှစ်အရွယ်သားဖြစ်သူအား SAC စကခ အမှတ် ၁၂ မှ ကော်တရီအစဖျောက်သည့် အခါတွင် ဗုဒ္ဓဘာသာဘုန်းကြီးများမှ သူမသား၏အခြေအနေကို သိရှိနိုင်ရန်အတွက် သတင်းအချက်အလက် ရရှိစေရန် ကူညီပေးခဲ့သည်။

ရွာသားများသည် ကျူးလွန်ခံရသူများ၏ မိသားစုဝင်များအား ငွေကြေးပံ့ပိုးမှု အချို့ကိုလည်း ထောက်ပံ့ခဲ့ကြသည်။ အစဖျောက်ခံရသူမှာ မိသားစုအားလုပ်ကိုင်ကျွေးမွေးသူဖြစ်ပါက မိသားစုအနေဖြင့် အသက်မွေးဝမ်းကျောင်း အခက်အခဲကို ကြုံတွေ့ရတတ်ခြင်း၊ ၎င်းတို့၏တည်နေရာကို သိရှိနိုင်ရန်အတွက် လာဘ်ထိုးရန်လိုအပ်ခြင်း သို့မဟုတ် ၎င်းတို့ပြန်လည် လွတ်မြောက်ရန်အတွက် ငွေပေးရန် လိုအပ်ခြင်း အစရှိသောအရေးပေါ် ငွေကြေးလိုအပ်ချက်များ ရှိလာသည်။ မြေပြင်တွင် ထိုကူညီပံ့ပိုးမှုများကို ပေးနိုင်သည့်အဖွဲ့အစည်းများ မရှိသောကြောင့် လိုအပ်သော ဝန်ဆောင်မှုများအတွက် ဒေသခံရွာသားများမှ အချင်းချင်းကူညီပေးကြရသည်။ သို့သော်လည်း ယခင်အခန်းများတွင် တွေ့ရှိရသကဲ့သို့ အခြားရွာသားများထံမှ ငွေကြေးချေးငှားခြင်းက ဤသို့အခက်အခဲကြုံရသည့် အချိန်တွင် ရွာသားများအား အကြွေးနွံနစ်စေနိုင်ပြီး စီးပွားရေးမတည်ငြိမ်သည့်အခိုက်တွင် ကျေးရွာတစ်ခုလုံးအပေါ် ဆိုးရွားသောသက်ရောက်မှုများ ရှိစေနိုင်သည်။

KHRG ၏ သတင်းအချက်အလက်များအရ ရွာသားများသည် ကျူးလွန်ခံရသူများအား အစဖျောက်ခြင်းခံရပြီး နောက်ပိုင်းတွင်လည်း လက်တွေ့လိုအပ်သော အကူအညီများဖြစ်သည့် အစားအသောက်များ ပေးခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးအတွက် အကူအညီပေးခြင်း၊ အကြံဉာဏ်များ ပေးခြင်းနှင့် ၎င်းပြန်လည် လွတ်မြောက်လာသည့် အချိန်တွင် သွားရောက် ခေါ်ဆောင်ခြင်းတို့ကို ပြုလုပ်ပေးကြသည်။ ရွာသားများ အစဖျောက်ခံရပြီး နောက်ပိုင်း လိုအပ်ချက်များမှာ မခန့်မှန်းနိုင်အောင် များပြားလှသည်။ ခင်ပွန်းသည် သို့မဟုတ် သားဖြစ်သူအား ဆုံးရှုံးရခြင်းသည် မမျှော်လင့်သော လိုအပ်ချက်များ ရှိလာစေပြီး မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ဆွေမျိုးသားချင်းများ အပါအဝင် အခြားရွာသားများက ထိုလိုအပ်ချက်များအား ဖြည့်ဆည်းပေးလျက် ရှိသည်။ ဥပမာအားဖြင့် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဆောသူခီးကျေးရွာအုပ်စု၊ ခလ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နော်န--- က သူမ၏သား ပျောက်ဆုံးပြီးနောက် ဆေးခန်းရက်ချိန်းသွားခဲ့ရာတွင် အခြားရွာသားတစ်ဦးက သူမအား ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ခဲ့ကြောင်း ပြောခဲ့သည်။ လူသားချင်းစာနာထောက်ထားမှု စီမံချက်များအနေဖြင့် အခြားရွာသားများထံမှ သို့မဟုတ် ပြင်ပ အဖွဲ့အစည်းများထံမှ အစားအသောက် အကူအညီရရှိခြင်းက အစဖျောက်ခံရပြီးနောက်ပိုင်းအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်ဟု ရွာသားများက ပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ ကော်တရီကော်တရီမြို့နယ်၊ နို့ဖိုး ကျေးရွာအုပ်စု၊ ခအ--- ကျေးရွာမှ ရွာသားဖြစ်သော စောအ--- က ၎င်းအနေဖြင့် အစဖျောက်ခံရပြီးနောက် ပြန်လည်ရောက်ရှိလာသည့်အချိန်တွင် ထိုအဖြစ်အပျက်၏ သက်ရောက်မှုအား ပြန်လည်ကုစားနေစဉ် ၎င်း၏ဒေသတွင် ဘုရားကျောင်းတစ်ခုမှ ဆန်၊ရိက္ခာ ထောက်ပံ့မှုရရှိခဲ့ကြောင်းကိုရှင်းပြခဲ့သည်။

အစဖျောက်ခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသော သို့မဟုတ် ထွက်ပြေးလွတ်မြောက်လာသည့် ရွာသားများသည် ထိုအတွေ့အကြုံမှ ရရှိလာသည့် စိတ်ဒဏ်ရာများကြောင့် ဖြစ်ပေါ်လာသော အခြေခံ လိုအပ်ချက်များအတွက် ကူညီပံ့ပိုးမှုများကို လိုအပ်သည်။ ဖြစ်ရပ်တစ်ခုတွင် ဒူးပလာယာခရိုင်၊ နို့တကော မြို့နယ်၊ နို့တော်ပလားကျေးရွာအုပ်စု၊ ဒဟ--- ကျေးရွာမှ နော်အက--- သည် သူမပျောက်ဆုံးသွားခဲ့သည့် အချိန်တွင် လူသားဒိုင်းအဖြစ်အသုံးပြုခြင်းခံခဲ့ရပြီး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ သူမအား သူနာပြုတစ်ဦးမှ ဘဏ်အကောင့် မည်သို့ဖွင့်ရမည်ကို အကြံပေးခဲ့ပြီး သယ်ယူပို့ဆောင်မှုများ ပြုလုပ်ပေးခဲ့ကာ ငွေကြေး ပံ့ပိုးမှုများလည်း ပေးခဲ့သည်ကို နော်အက--- က ဤသို့ဖော်ပြခဲ့သည်။ *"သူမက ကျွန်မကို သွားရေးလာရေးအတွက် ကူညီပေးခဲ့ပြီး ဆေးရုံတက်နေတုန်းမှာလည်း ကူညီခဲ့တယ်။ အရပ်သားတစ်ယောက်က ရန်သူကြောင့် ဒဏ်ရာရခဲ့တဲ့အတွက် သူမက ကျွန်မကို သနားခဲ့တယ်။"* အခြားဖြစ်ရပ်တစ်ခုတွင်လည်း ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စုတွင် SAC ၏ အစဖျောက်ခြင်းမှ ပြန်လည် လွတ်မြောက်လာသော ရွာသားသုံးဦးသည်ဆန်ရိက္ခာထောက်ပံ့မှုများ လက်ခံရရှိခဲ့သည်။

# အခန်း (၅) ရွာသားများ၏ အမြင်သဘောထားများနှင့် အကြံပြုချက်များ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများက ၎င်းတို့၏လူမှုအသိုက်အဝန်းတွင် အတင်းအဓမ္မပျောက်ဆုံးစေမှုများ ဖြစ်ပွားရခြင်းသည် ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့်ဟု နားလည်ထားကြသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းထားသည့် ရွာသားများက ဒေသအတွင်းတရားဥပဒေစိုးမိုးရေးစနစ် အားနည်းသည့်အတွက် SAC မှ အရပ်သားများအပေါ် အကြမ်းဖက်ရန်နှင့် အပြစ်ပေးရန်လုပ်ဆောင်ရာတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေသည်ကို အသိအမှတ်ပြုကြသည်။ မေးခွန်းဖြေကြားသူများက ၎င်းတို့အား ပဋိပက္ခကာလအတွင်း ကြားနေလူအဖြစ် သဘောထားရန်နှင့် စစ်ရေးရည်ရွယ်ချက်များအတွက် ပစ်မှတ်အဖြစ် မသတ်မှတ်ရန် တောင်းဆိုခဲ့သည်။ ပါဝင်ဖြေကြားသူများက အစဖျောက်ခြင်း ကျူးလွန်သူများအား အရေးယူဆောင်ရွက်ရန်နှင့် ၎င်းတို့ကြုံတွေ့ခံစားရသည့် အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအတွက် တရားမျှတမှုရရှိစေရန်လည်း တောင်းဆိုခဲ့သည်။

## အုပ်ချုပ်ရေးစနစ်နှင့် ဥပဒေစိုးမိုးရေး စနစ်များအား ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်ခြင်း

ရွာသားများသည် တရားစီရင်ရေးစနစ်များနှင့် တရားဥပဒေစိုးမိုးရေးအား ပိုမိုခိုင်မာအားကောင်းလာစေရန် လုပ်ဆောင်ရမည့် လိုအပ်ချက်များကို မီးမောင်းထိုးပြထားသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တရားဥပဒေစိုးမိုးရေး မရှိပါက အတင်းအဓမ္မပျောက်ဆုံးစေမှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ပြီးကျူးလွန်သူများသည်လည်း ပြစ်ဒဏ်ပေးခံရမည်မဟုတ်ကြောင်း ရွာသားများက နားလည်ထားကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ခသ--- ကျေးရွာအုပ်စု၊ ငက--- ကျေးရွာမှ ကျေးရွာအုပ်စုမှူးဖြစ်သော စောဘပ--- က ဤသို့ဖော်ပြခဲ့သည်။ *"ဥပဒေဆိုတာ ပြည်သူတွေကို ကာကွယ်ရမှာဖြစ်တယ်။ ဥပဒေစိုးမိုးရေးမရှိတဲ့အခါမှာ ဒီလိုချိုးဖောက်မှုတွေက ဆက်ဖြစ်နေမှာပဲ။ ဒါက လူတွေရဲ့ခံစားချက်ကို ထိခိုက်စေတယ်။ တရားဥပဒေစိုးမိုးရေးမရှိတဲ့အခါ ကျွန်တော်တို့ ဒေသခံခေါင်းဆောင်တွေအတွက်လည်း ဒီကိစ္စတွေကိုဖြေရှင်းဖို့ အားနည်းချက်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူတွေကို အဆုံးထိအကာအကွယ်မပေးနိုင်ဘူး။ တရားဥပဒေစိုးမိုးရေး ခိုင်မာအားကောင်းတဲ့ အစိုးရစနစ်တွေလိုအပ်တယ်။ ဒါမှ ပြည်သူတွေအနေနဲ့ အခွင့်အရေးချိုးဖောက်မှုတွေ မခံစားရမှာ။ တရားဥပဒေစိုးမိုးရေးက အရမ်းအရေးကြီးတယ်။"*

ရွာသားများသည် KNU အာဏာပိုင်များနှင့် ဒေသတွင်းခေါင်းဆောင်များအား အစဖျောက်ခံရသူ များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကူညီရှာဖွေရန်နှင့် တရားမျှတမှုရရှိရန် ကြိုးပမ်းစေလိုကြောင်း ထပ်ခါတလဲလဲ တောင်းဆိုခဲ့သည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ခန--- ကျေးရွာမှ နော်အဂ--- က သူမ၏ တူဖြစ်သူ ပျောက်ဆုံးပြီးနောက်တွင် တောင်းဆိုခဲ့သည်မှာ *"တကယ်လို့ သင်တို့ကခေါင်းဆောင်တွေဆိုရင် ကျွန်မတို့ကို ဂရုစိုက်ပေးပါ။ သင်တို့ ကျွန်မတို့ကို ကူညီမယ်လို့ ယုံကြည်တယ်။ တကယ်လို့ ခေါင်းဆောင်တွေက ကျွန်မတို့ကိုမကူညီဘူး၊ ဂရုမစိုက်ဘူးဆိုရင် ကျွန်မတို့ ဘာလုပ်နိုင်မှာလဲ။ ခေါင်းဆောင်တွေက ကျွန်မတို့ကို ကူညီမယ်လို့ ကျွန်မတို့ ယုံတယ်။"* တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်မှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ စောယ--- ၏ အစဖျောက်ခံရမှုနှင့် ပတ်သက်၍ သူ၏ သမီးဖြစ်သူက ဒေသတွင်း အာဏာပိုင်များ၏ တုံ့ပြန်မှုကို အားမလိုအားမရဖြစ်ကြောင်းဖော်ပြခဲ့သည်။ *"ကျွန်မအဖေကို ပြန်လွတ်ဖို့အတွက် ဒေသခံအာဏာပိုင်တွေဆီကို အကူအညီတောင်းဖို့ကြိုးစားတယ်။ ကျွန်မကလူငယ်ဖြစ်တဲ့အတွက် သူတို့က ကျွန်မရဲ့တောင်းဆိုမှုကို ဂရုမစိုက်သလို ခံစားရတယ်။ အဲ့ဒီအတွက် ကျွန်မစိတ်မကောင်းဘူး။ ခက်ခဲတဲ့အချိန်မှာ သူတို့ကကျွန်မကို အားမပေးဘူး။ သူတို့က ကျွန်မကို စိတ်ဓာတ်ပိုကျအောင်လုပ်တယ်။"* ထိုနည်းတူစွာပင် မြိတ်–ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပုလောဒေသ၊ ငရ--- ကျေးရွာမှ ကျော်ဘယ---၏ အကိုဖြစ်သူသည် KNU နှင့် PDF တို့နှင့် ဆက်နွယ်ပတ်သက်မှုရှိသည်ဟုစွပ်စွဲခံရပြီး ဖမ်းဆီးခံခဲ့ရကာ အစဖျောက်ခံရပြီးနောက်ပိုင်းတွင် ကျော်ဘယ--- က ၎င်း၏အကိုဖြစ်သူ ပြန်လည်လွတ်မြောက်နိုင်ရန်အတွက် KNU မှ SAC နှင့် သွားရောက်ညှိနှိုင်းပေးမည်ဟုမျှော်လင့်ခဲ့သည်။

ရွာသားများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့်ပတ်သက်၍ ၎င်းတို့၏အခွင့်အရေးများနှင့် ၎င်းတို့အားကူညီမည့် တည်ဆဲဥပဒေများအား သိရှိလိုကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ စောဘပ--- က ဤသို့

ဖော်ပြခဲ့သည်။ *"အရပ်သားပြည်သူတွေအနေနဲ့ သူတို့ရင်ဆိုင်ရတဲ့ အကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုနိုင်ဖို့ [အတင်းအဓမ္မပျောက်ဆုံးစေမှုခံရတာနဲ့ပတ်သက်တဲ့] အသိပညာပေးသင်တန်းတွေ လုပ်ပေးရမယ်။ သူတို့အနေနဲ့ သူတို့ကိုအကာအကွယ်ပေးတဲ့ဥပဒေတွေနဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းကို ရင်းနှီးနေရမယ်။ အချိန်တစ်ခုရောက်တဲ့အခါ ဒါကသူတို့က သူတို့ခံစားရတာနဲ့ပတ်သက်ပြီးတော့ ထုတ်ဖော်ပြောဆိုလာစေနိုင်မယ်။"*

မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဒယ––– ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောအထ––– က ၎င်းအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် အတင်းအဓမ္မပျောက်ဆုံးစေမှုကိစ္စရပ်များကို အာရုံစိုက်ပေးရန်နှင့် ပျောက်ဆုံးသွားသူများအား ကူညီရှာဖွေရန်အတွက် သင့်လျော်သည့်နည်းလမ်းတစ်ခုဖန်တီးစေလိုကြောင်း ဖော်ပြခဲ့သည်။ စောအထ––– သည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အစဖျောက်ခံရခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များရရှိနိုင်ပြီး ပျောက်ဆုံးသွားသူများအား ကူညီရှာဖွေပေးနိုင်မည်ဟု ယုံကြည်ထားသည်။ ၎င်းအနေနှင့် အနာဂတ်တွင် မည်သည့် ပြောင်းလဲမှုမျိုးအား မြင်တွေ့လိုသည်နှင့်ပတ်သက်၍မေးမြန်းရာ စောအထ––– က ဤသို့တုံ့ပြန်ခဲ့သည်။ "အနာဂတ်မှာ အရပ်သားတွေကို ဖိနှိပ်တဲ့အရာတွေကိုဖျက်သိမ်းပစ်ဖို့လိုအပ်တယ်။ အရပ်သားတွေအပေါ် ဖိနှိပ်မှုတွေ လျော့နည်းလာစေဖို့အတွက် ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေနဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းတွေကို ကြိုးစားလုပ်ဆောင်စေချင်တယ်။"

### စစ်ပွဲများနှင့် ငြိမ်းချမ်းရေးကာလအတွင်း အရပ်သားများ၏အခွင့်အရေးကိုလေးစားရန်

အတင်းအဓမ္မပျောက်ဆုံးစေမှုများသည် ဆက်လက်ဖြစ်ပွားလျက်ရှိသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း ရွာသားများက KHRG အားတင်ပြခဲ့သည်။ ရွာသားများအနေနှင့် ငြိမ်းချမ်းရေးကိုအလွန်လိုလားသည်။ သို့သော် ပဋိပက္ခများကြားတွင် အရပ်သားများအား ကြားနေအဖွဲ့များအဖြစ် လေးလေးစားစားဆက်ဆံရန်နှင့် စစ်ရေးပစ်မှတ်အဖြစ် မဆက်ဆံမိစေရန်အတွက် တောင်းဆိုထားသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဒယ––– ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအထ––– က SAC အနေနှင့် ရန်သူကိုတိုက်မည့်အစား အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်ဟု သူ၏အမြင်ကိုပြောပြီး ငြိမ်းချမ်းရေးလိုလားသည့် ၎င်း၏သဘောထားကို ဤသို့ပြောခဲ့သည်။ *"စစ်တိုက်ရင် ရန်သူကိုတိုက်ပါ။ ပြည်သူတွေကိုမတိုက်ပါနဲ့။ အခုကျတော့ ပြည်သူတွေလည်းပါလာပြီး ကျွန်တော်တို့တွေ ကိုယ့်အလုပ်တောင်ကိုယ်မလုပ်နိုင်ဘူး။ ကျွန်တော်တို့ မြစ်ဘေးကမ်းပါးနဲ့ လယ်ကွင်းတွေထဲကို ထွက်ပြေးနေရတယ်။"* အလားတူပင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ညသ––– ကျေးရွာမှ နော်ဘစျ––– က သူမ၏ သားပျောက်ဆုံးပြီးနောက်တွင် ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မအနေနဲ့ အနာဂတ်မှာ ငြိမ်းချမ်းရေးကိုမြင်ချင်တယ်။ တကယ်လို့ ငြိမ်းချမ်းရေးမရှိဘူးဆိုရင် ကျွန်မတို့ ဒီလိုအစဖျောက်မှုတွေကို ကြုံတွေ့ခံစားနေရအုံးမှာပဲ။"*

SAC ကြောင့် သားပျောက်ဆုံးသွားခဲ့ရသည့် အခြားမိခင်တစ်ဦးဖြစ်သော ဒူးပလာယာခရိုင်၊ကော်တရီမြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ဒဇ––– ကျေးရွာမှ နော်ဘခ––– က *"အာဏာသိမ်းမှု မတိုင်ခင်က ကျွန်မတို့လွတ်လပ်မှုနည်းနည်းရသေးတယ်။ အခုတော့ ကျွန်မတို့ သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲတွေကြားနေထိုင်ရတယ်။ လုံခြုံရေးအတွက်စိုးရိမ်မှုတွေ ကြောက်ရွံ့မှုတွေနဲ့နေရတယ်။ ကျွန်မတို့ အမြဲကြောက်ရွံ့နေရတယ်။ ပြီးတော့ [တိုက်ပွဲတွေအကြောင်း] အမြဲနားစွင့်နေရတယ်။ ကျွန်မတို့လက်နက်ကြီးအသံကြားတိုင်း ဖုံးခိုကျင်းထဲ ဝင်ပုန်းရတယ်။"*

ရွာသားများအနေနှင့် ၎င်းတို့အား အရပ်သားများအဖြစ် သိမှတ်ပြုခံစေချင်ပြီး စစ်ရေးပစ်မှတ်များအဖြစ် တိုက်ခိုက်ခြင်းကို မလိုလားပါ။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တကူးခီးကျေးရွာအုပ်စု၊ ခထ––– ကျေးရွာမှ စောဘဘ––– က ဤသို့ ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့က ဘယ်လက်နက်ကိုင်တပ်ဖွဲ့ကိုမှ မဆန့်ကျင်ဘူး။ ကျွန်တော်တို့ စားဝတ်နေရေးအတွက် သယ်ယူပို့ဆောင်ရေးနဲ့ အရောင်းအဝယ်လုပ်ပြီး ကိုယ့်အလုပ်ပဲကိုယ်လုပ်တယ်။*

*ကျွန်တော်တို့တွေ အနှောင့်အယှက်မရှိပဲ ခရီးသွားလာခွင့် ရချင်တယ်။ [...] တကယ်လို့ သူတို့က [စစ်သားများ] ဆန့်ကျင်[တိုက်ခိုက်] မယ်ဆိုရင် သူတို့ရဲ့ရန်သူကိုပဲ တိုက်သင့်တယ်။ ပြည်သူတွေကို မတိုက်သင့်ဘူး။ [ဒါက] ကျွန်တော့် ဆန္ဒပါ။"* ရွာသားများအနေနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်တပ်မှ ကျူးလွန်သည့် အကြမ်းဖက်မှုများအား အမြဲတစေကြောက်ရွံ့နေခြင်း ကင်းဝေးနေရပြီး ငြိမ်းချမ်းစွာ နေထိုင်လိုကြသည်။

## တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု

အစဖျောက်ခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားသည့်အခါ ရွာသားများသည် ဤအခွင့်အရေးချိုးဖောက်မှုများအား ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် တာဝန်ယူမှု တာဝန်ခံမှုနှင့် တရားမျှတမှုကို ရရှိစေရန် ဆောင်ရွက်ပေးစေလိုသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တခကလိုးကျေးရွာအုပ်စု၊ ငလ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောအအ--- က အစဖျောက်မှုများအား ကျူးလွန်သူ မည်သူဖြစ်စေ ၎င်းတို့၏ အမည်အားဖော်ထုတ်ပြီး လူသိရှင်ကြား ရှုတ်ချမှု ပြုသင့်သည်ဟု ဆိုသည်။ သူက *"[ကျူးလွန်သူက] ဗမာအစိုးရ [SAC] ဖြစ်စေ ဒေသခံလက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပါစေ သူတို့တွေ အမှားလုပ်မိရင် ဒါက သတင်းမှာ ကြေညာရမယ်။ ဒါမှ လူတွေက ဒီအကြောင်းကို ပိုသိလာမယ်။"* သို့သော်လည်း ရွာသားများအတွက် အထူးသဖြင့် ၎င်းတို့၏ မိသားစုဝင်များ ပျောက်ဆုံးသည့်အခါတွင် လုံခြုံမှုမရှိတော့သဖြင့် ထိုဖြစ်စဉ်အား လူသိရှင်ကြား ဖော်ထုတ်ပြောဆိုရန်မှာ မလုံခြုံနိုင်ပါ။ ထို့အတွက်ကြောင့် *"တကယ်လို့ ကျူးလွန်ခံရတဲ့သူရဲ့ မိသားစုဝင်တွေက ဒါကို မမျှဝေစေချင်ဘူးဆိုရင်တော့ ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူးလေ။"*

မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ဒဂ--- ကျေးရွာအုပ်စု၊ ဒစ--- ကျေးရွာမှ စောအဝ--- က လယ်ကဆောမြို့နယ်၊ ဒဂ--- ကျေးရွာအုပ်စု၊ ဒထ--- ကျေးရွာမှ SAC ခန့်ထားသည့် ရွာသူကြီးအား PDF အဖွဲ့မှ ဖမ်းဆီးသတ်ဖြတ်ခဲ့ပုံကို ပြန်လည်ပြောပြခဲ့သည်။ *"သူတို့က ရွာသားတွေဘာလို့ ဒလန်လုပ်ရတာလဲဆိုတာကို သိအောင်လုပ်ရမယ်။ ရွာသားတွေကို ဒီလိုလုပ်တာ သူတို့မှားတယ်လို့ ကျွန်တော်ပြောနိုင်တယ် ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မှာလည်း အသက်ရှင်သန်ခွင့်ရှိတယ်။ PDF တွေ အနေနဲ့ ရွာသားတွေရဲ့ ခံစားချက်ကို ထည့်သွင်းစဉ်းစားပြီး သူတို့အသံကို နားထောင်သင့်တယ်။ ဒီအတွက် ကျွန်တော်တို့တွေ တရားမျှတမှုရဖို့ အရေးကြီးတယ်။"* အချို့ရွာသားများအနေဖြင့် ငွေကြေးအခက်အခဲကြောင့် ပဋိပက္ခများတွင် ပါဝင်ပတ်သက်မိကြောင်းနှင့် ပတ်သက်ပြီး သူကရှင်းပြခဲ့သည်။ တရားမျှတမှုရှိသော တရားရုံးမှတဆင့် တရားမျှတမှုအား ရရှိသင့်ကြောင်းနှင့် ရွာသားများအပေါ် တရားလက်လွတ်ဆောင်ရွက်မှုများမှတဆင့် မပြုလုပ်သင့်ကြောင်းကို စောအဝ--- က ဤကဲ့သို့ ဖော်ပြခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ခိုင်မာတိကျသော လုပ်ဆောင်ချက်များအား ဆောင်ရွက်ခြင်းနှင့် ကျူးလွန်သူများမှ တာဝန်ယူတာဝန်ခံမှုများမရှိပါက ဤရာဇဝတ်မှုများသည် ဆက်လက်ဖြစ်ပေါ်လျက် ရှိနေမည်ဖြစ်ပြီး အပြစ်မဲ့အရပ်သားများအနေနှင့် ဤရာဇဝတ်မှုများကို ဆက်လက်ခံစားနေရမည်ဖြစ်ကြောင်း မေးခွန်းဖြေကြားသူအများအပြားက ဖော်ပြခဲ့သည်။ အလ--- ကျေးရွာမှ စောအအ--- ကလည်း ဤသို့ တင်ပြခဲ့သည်။ *"ကျွန်တော်ကတော့ SAC ဒါမှမဟုတ် တခြားလက်နက်ကိုင်တပ်ဖွဲ့တွေက ရွာသားတွေအပေါ်ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိဖို့ ကုလသမဂ္ဂကို အရေးယူဆောင်ရွက်စေချင်တယ်။ ဒီတာဝန်ယူမှုတာဝန်ခံမှုတွေမှာ သူတို့တွေအနေနဲ့ ဂျီနီဗာသဘောတူညီချက်နဲ့ စစ်တပ်ရဲ့စည်းမျဉ်းစည်းကမ်းတွေကို ထိန်းသိမ်းလိုက်နာမှုတွေလည်း ပါဝင်သင့်တယ်။ သူတို့တွေ အနေနဲ့ ဂျီနီဗာသဘောတူညီချက်နဲ့ပတ်သက်ပြီး သိရှိနားလည်လိုက်နာနိုင်ဖို့အတွက် သင်တန်းတွေရရှိဖို့ လိုအပ်တယ်။ စစ်ကောင်စီ စစ်သားတွေအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဒါမှမဟုတ် ရာဇဝတ်မှုတွေ ကျူးလွန်ပေမယ့် သူတို့ရဲ့လုပ်ရပ်တွေအတွက် ဥပဒေအရအရေးယူဆောင်ရွက်ခြင်းမခံရတဲ့ ဥပမာတွေရှိတယ်။ ဒီလိုတာဝန်ယူတာဝန်ခံဖို့ မလိုတဲ့အတွက်ကြောင့် စစ်သားတွေက သူတို့ရဲ့လုပ်ရပ်အမှားတွေအတွက် အပြစ်ရှိတယ်လို့ မခံစားရဘူး။ ဘာလို့လဲဆိုရင် သူတို့ရွာသားတွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် ပြစ်ဒဏ်ပေးခံရခြင်းမရှိဘူး။ အဲ့ဒီအတွက်ကြောင့် ကုလသမဂ္ဂကစစ်ကောင်စီနဲ့ တခြားလက်နက်ကိုင်တပ်ဖွဲ့တွေကို သူတို့ကျူးလွန်တဲ့ရာဇဝတ်မှုတွေအတွက် အရေးယူပြီးအပြစ်ပေးရမယ်။"*

# နိဂုံးချုပ်နှင့် ဆွေးနွေးချက်များ

မြန်မာနိုင်ငံ အရှေ့တောင်းပိုင်းတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများအတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုကို လက်နက်ကိုင် တပ်ဖွဲ့များမှ ပြစ်ဒဏ်ပေးခံရခြင်းမရှိပဲ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လျက်ရှိသည်။ ဤရာဇဝတ်မှုများပြန်လည်ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ထိုအတင်းအဓမ္မ ပျောက်ဆုံးစေမှုများ ဖြစ်ပျက်နေခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက် မရရှိနိုင်သည့်အပြင် ကျူးလွန်ခံရ သူနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် ဝန်ဆောင်မှုများလည်းရှိမနေပါ။ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်း ဤရာဇဝတ်မှုများ ဖြစ်ပွားမှုအခြေအနေ၊ ကျူးလွန်သူများ လုပ်ဆောင်လေ့ရှိသည့်ပုံစံများ၊ ကျူး လွန်ခံရသူများနှင့် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များနှင့် ၎င်းတို့အား ပိုမိုကောင်းမွန်စွာ ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို သိရှိနိုင်စေရန်အတွက် ထိုချိုးဖောက်မှုများအပေါ် ရွာသားများတုံ့ပြန်ရာတွင် အသုံးပြုသည့် နည်းလမ်းများကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ နိုင်ငံတကာမှ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြစ်မှုကျူးလွန်သူများအား တာဝန်ယူတာဝန်ခံစေရန်အတွက်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုဖော်ဆောင်ပေးနိုင်ရန် ခိုင်မာသည့် အရေးယူဆောင်ရွက်မှုများ မပြုလုပ်ပါက လူမှုအသိုက်အဝန်းအတွင်း အတင်းအဓမ္မ ပျောက်ဆုံးစေမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပြီး ရွာသားများ၏ဘဝလုံခြုံမှုနှင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေအပေါ် ကြီးကြီးမားမားသက်ရောက်မှုများရှိနေမည်ဖြစ်သည်။

### ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုများ

မြန်မာပြည်အရှေ့တောင်းပိုင်းတွင် ဖြစ်ပွားလျက်ရှိသော အတင်းအဓမ္မပျောက်ဆုံးစေမှုများ၏ အဓိကကျူးလွန်သူမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဖြစ်ပြီး အခြားနိုင်ငံတကာဥပဒေများကိုလည်း ချိုးဖောက်လျက်ရှိသည်။

ဤအတင်းအဓမ္မပျောက်ဆုံးစေမှုများသည် နိုင်ငံရေးဆက်စပ်သည့်လုပ်ရပ်ဖြစ်သည်။ ထို့အပြင် စစ်အုပ်စုမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပါအဝင် အရပ်သားပြည်သူများအား နိုင်ငံရေးအရ အတိုက်အခံပြု လုပ်သူများဟုယူဆကာ အထူးပစ်မှတ်ထားတိုက်ခိုက်လျှက်ရှိသည်။ ထို့နည်းတူ စစ်အုပ်စုသည် မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ၎င်းတို့၏ လွှမ်းမိုးချုပ်ကိုင်မှုကို ပိုမိုအားကောင်းစေရန်အတွက် ရွာသားများအား ရန်သူ အဖြစ်လည်း သတ်မှတ်ကာ လက်လွတ်စပယ် ပစ်မှတ်ထားလျက်ရှိသည်။

SAC ကြောင့် ပျောက်ဆုံးသွားသည့် ရွာသားများသည် များသောအားဖြင့် အသက်ငယ်ရွယ်သည့် အမျိုးသားများ ဖြစ်ကြပြီး နိုင်ငံရေးအရ ဖမ်းဆီးခြင်းခံရပြီးနောက် ညှဉ်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်ခြင်းများကို ကြုံတွေ့ခံစား ကြရသည်။ SAC သည် အထူးသဖြင့် ရွာသားများ၏ နေ့စဉ်ဘဝအတွက် ပြင်းထန်သည့် ကန့်သတ်ချက်များ ဖြစ် ပေါ်စေသည့် အရေးပေါ်လုံခြုံရေးဥပဒေများ(မာရှယ်လော)နှင့် ညမထွက်ရအမိန့်များအား ထုတ်ပြန်ပြီး ထိုမတရား သောဥပဒေနှင့် အမိန့်တို့အား ဖောက်ဖျက်သည့်ရွာသားများကိုလည်း အစဖျောက်လေ့ရှိသည်။ နောက်ဆုံးအနေ နှင့် စစ်ကောင်စီ(SAC)သည် ရွာသားများအား လူသားဒိုင်းအဖြစ် အသုံးပြုတတ်ပြီး ၎င်းတို့ ပြန်လည်လွတ်မြောက် လာသည့်အချိန် သို့မဟုတ် အိမ်သို့ပြန်ရောက်လာချိန်အထိ ၎င်းတို့၏ကံကြမ္မာအား မသိနိုင်ပေ။ ဤသို့ကျယ်ကျယ် ပြန့်ပြန့်နှင့် စနစ်တကျလုပ်ဆောင်တတ်ခြင်းများကြောင့် SAC ၏ အဓမ္မပျောက်ဆုံးစေခြင်းဆိုင်ရာ ကျူးလွန်မှု များသည် လူသားမျိုးနွယ်အပေါ်ချိုးဖောက်သည့် ရာဇဝတ်မှုများ ဖြစ်ပြီး စစ်အုပ်စုခေါင်းဆောင်များအနေဖြင့် ထို ကျူးလွန်မှုများအတွက် မုချတရားစွဲဆိုခြင်း ခံရမည် ဖြစ်သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ SAC နှင့် ပတ်သက်ဆက်နွယ်မှုမရှိသည့် အခြားသောလက်နက်ကိုင်တပ်ဖွဲ့များ နှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များသည်လည်း ရွာသားများအား အတင်းအဓမ္မပျောက်ဆုံးစေမှုများကို ကျူးလွန်နေကြသည်။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက ရွာသားများ အထူးသဖြင့် ရွာသူကြီးများအား SAC ၏ သတင်းပေး သို့မဟုတ် ၎င်းတို့နှင့်ဆက်သွယ်မှုရှိသည်ဟု စွပ်စွဲကာ ပစ်မှတ်ထားလေ့ရှိသည်။ ဒေသခံ

ရွာသားများ၏ ရှင်းပြချက်အရ အချို့ရွာသားများမှာ ၎င်းတို့၏ဆန္ဒမပါပဲ ထိုအခြေအနေသို့ တွန်းပို့ခြင်းခံရပြီး ရွာသူကြီးအဖြစ်ဆောင်ရွက်ပါက ငွေရေးကြေးရေးအခက်အခဲ ရင်ဆိုင်ရသည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ပစ်မှတ်ထားခြင်းကိုလည်း ခံကြရသည်။ ကိစ္စရပ်အများစုတွင် ကျူးလွန်ခံရသူများသည် ခုံရုံးတင်စစ်ဆေးခြင်းမရှိပဲ အလွန်ရက်စက်သည့်နည်းလမ်းဖြင့် တရားလက်လွတ်သတ်ဖြတ်ခြင်း ခံကြရသည်။ ဤသို့ သူလျှိုအဖြစ် ယူဆခံရသူများနှင့် အရပ်သားများအားရန်ပြုခြင်းကို နိုင်ငံတကာဥပဒေများအရ တားမြစ်ထားသည်။

## အတင်းအဓမ္မအစဖျောက်ခံရခြင်းမှ အသက်ရှင်ကျန်ရစ်သူရွာသားများနှင့် ၎င်းတို့ မိသားစုဝင်များ၏လိုအပ်ချက်များ

အစဖျောက်မှုဖြစ်ရပ်များသည် ရွာသားများ၏အသက်နှင့် လူမှုအသိုက်အဝန်းအပေါ် ဆိုးရွားသည့်သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ အစဖျောက်ခံရသော အရပ်သားများသည် ကြောက်ရွံ့မှုများ၊ စိတ်ဒဏ်ရာများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် အသက်သေဆုံးမှုများကို တွေ့ကြုံခံစားကြရသည်။ ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် ၎င်းတို့ ချစ်ခင်ရသူများ၏ တည်နေရာ၊ အခြေအနေ၊ ကံကြမ္မာနှင့် ပတ်သက်၍ မသိရသောကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများကို အချိန်ကြာမြင့်စွာ ကြုံတွေ့ကြရသည်။ တခါတရံ ၎င်းတို့အနေဖြင့် ကြားရသည့် ကောလဟာလ သတင်းများအတိုင်း တစ်နေရာမှတစ်နေရာသို့ ၎င်းတို့၏ ဆွေမျိုး သားချင်းများကို အဆက်မပြတ် ရှာဖွေကြပြီး အချို့အခြေအနေများ၌ အမှန်တရားကို ရှာဖွေသည့်အခါတွင် မျှော်လင့်ချက် ကုန်ဆုံးကြရသည်။ မိသားစုမှ အားကိုးရသောသူ တစ်ဦးဆုံးရှုံးရပြီးနောက် ပျောက်ဆုံးသူ၏ သတင်းအချက်အလက်ရရှိနိုင်ရန် အချိန်နှင့် ငွေကြေးအမြောက်အများကုန်ကျခံရသောကြောင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအပေါ် ခြိမ်းခြောက်မှုများဖြစ်ပေါ်စေပြီး ငွေရေးကြေးအရ ထိခိုက်မှုများစွာရှိစေသည်။ မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံး၏ လုံခြုံရေးကိုလည်း ခြိမ်းခြောက်မှုရှိစေပြီး လူပေါင်းများစွာသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွင်း သို့မဟုတ် နယ်စပ်ဖြတ်ကျော်ကာ ထွက်ပြေးတိမ်းရှောင်ကြရသည်။

ဤသက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွာသားများသည် သမားရိုးကျဆန်သော ကူညီထောက်ပံ့မှုများအပေါ် မှီခိုအားထားခြင်း မပြုနိုင်ပါ။ ဤရာဇဝတ်မှုသည် ဆိုးရွားသောပုံစံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက် ရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျူးလွန်ခံရသူများအနေဖြင့် ၎င်းတို့၏ ချစ်ခင်ရသူများအား ရှာဖွေခြင်း၊ ၎င်းတို့ ပြန်လည်လွတ်မြောက်ရန် ညှိနှိုင်းခြင်း သို့မဟုတ် ကုစားမှုခံယူခြင်း သို့မဟုတ် ငွေကြေး ပံ့ပိုးမှုရယူခြင်းများအတွက် သီးသန့်ပံ့ပိုးပေးသည့်ဝန်ဆောင်မှုများ မရှိပါ။ ထိုအစား ကျေးလက်ဒေသရှိ လူမှုအသိုက်အဝန်းများသည် သတင်းအချက်အလက်နှင့် အရင်းမြစ်များမျှဝေခြင်း၊ ၎င်းတို့ အသက်ရှင်သန်ရန်အတွက် အရေးကြီးသည့် စိတ်ပိုင်းဆိုင်ရာနှင့် ငွေကြေးပံ့ပိုးကူညီမှုများ အချင်းချင်းမျှဝေပေးခြင်းဖြင့် အကူအညီပေးမှု ကွန်ယက်ကို ဖန်တီးနေကြသည်။ ဤသို့သော လုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးရမည်။

## ရှာဖွေတွေ့ရှိမှုများအတွက် ဥပဒေလမ်းကြောင်းများ

ဗမာစစ်တပ်အား မြန်မာနိုင်ငံအတွင်းရှိ အရပ်သားတရားရုံးများတွင် ရုံးတင်စစ်ဆေးခွင့်မရှိသောကြောင့် SAC တပ်သားများ ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှု ရှာဖွေရန်မှာ ရွာသားများအနေနှင့် မဖြစ်နိုင်ပါ။ ထို့အပြင် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်တွင် နိုင်ငံအတွင်းရှိ အရပ်သားများအပေါ် အကာအကွယ် ပေးနေသော ဥပဒေများကို SAC မှ ဆိုင်းငံ့ထားသည်။ ဆိုလိုသည်မှာ မည်သူမဆို အချိန်မရွေးဖမ်းဆီးခံရနိုင်ပြီး အကန့်အသတ်မရှိ ဖမ်းဆီးထားခြင်း ခံရနိုင်သည်။ SAC သည် ပြစ်ဒဏ်ပေးအရေးယူခံရခြင်းမရှိပဲ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်း ရွာသားများအား အဓမ္မအစဖျောက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ လက်နက်ကိုင်တိုက်ပွဲများကြားတွင် ကေအဲန်ယူထိန်းချုပ်သည့်နယ်မြေများအတွင်း ရာဇဝတ်မှုကျူးလွန်သည့် စစ်သားများအား ကရင်အမျိုးသားအစည်းအရုံးအနေနှင့် ပြစ်ဒဏ်ပေးအရေးယူရန် အခက်အခဲများ ကြုံတွေ့ရသည်။ ထို့ကြောင့် ရွာသားများအနေဖြင့် ပြည်တွင်းတွင် တရားမျှတမှု ရှာဖွေရန်မှာ ဖြစ်နိုင်ခြေမရှိသည့်အတွက် နိုင်ငံတကာ၏စုံစမ်းစစ်ဆေးမှုကိုသာ မျှော်လင့်နေရသည်။

ဒီမိုကရေစီအရေးလိုလားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ တိုက်ခိုက်ခြင်းဖြင့် လူသားမျိုးနွယ်အပေါ်ချိုးဖောက်သည့် ရာဇဝတ်မှုမြောက်သော အတင်းအဓမ္မ ပျောက်ဆုံးမှုများကို SAC မှ ကျူးလွန်လျက်ရှိပြီး ထိုလုပ်ဆောင်မှုများအား ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်းရှိ ရွာသားအားလုံးအပေါ် ဥပဒေမဲ့စွာ တိုးချဲ့လုပ်ဆောင်လာခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်းရှိ အရပ်သားများအား အကာအကွယ်ပေးရန်နှင့် နိုင်ငံတကာ၏ ယန္တရားများတွင် ထည့်သွင်းဖော်ပြထားသည့် လူ့အခွင့်အရေး စံချိန်စံနှုန်းများအား လိုက်နာကျင့်သုံးရန်အတွက် နိုင်ငံတကာအသိုက်အဝန်းမှ အရေးတကြီးဆောင်ရွက်ရန် ဤအခြေအနေက တောင်းဆိုလျက်ရှိသည်။ ဤပျောက်ဆုံးမှုများသည် လူသားချင်းစာနာမှု၊ လူ့အခွင့်အရေးနှင့် ရာဇဝတ်မှုဥပဒေများအပါအဝင် နိုင်ငံတကာဓလေ့ထုံးတမ်း ဥပဒေအား ကြီးမားစွာချိုးဖောက်ခြင်းများနှင့် အတူ ဖြစ်ပွားလေ့ရှိသည်။ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာကျဆင်းစေသည့် ဆက်ဆံမှုပုံစံများ သို့မဟုတ် နှိပ်စက်ညှဉ်းပန်းမှုများ အပါအဝင် စသည့်ချိုးဖောက်မှုများသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သည်။

## ရှာဖွေတွေ့ရှိချက်များအတွက် မူဝါဒများချမှတ်ခြင်း

ဤအစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာပြည် အရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မပျောက်ဆုံးမှုခံရသော ရွာသားများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့်ပတ်သက်၍ မီးမောင်းထိုးပြရန်ဖြစ်သည်။ KHRG ၏ သတင်းအချက်အလက်များအရ အတင်းအဓမ္မပျောက်ဆုံးမှု ကျူးလွန်သူများအား ပြည်တွင်းတရားရုံးတွင် တရားစီရင်ပိုင်ခွင့်မရှိသောကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအနေဖြင့် တရားဝင်ကာကွယ်စောင့်ရှောက်ခံရခြင်းမရှိပဲ အတင်းအဓမ္မပျောက်ဆုံးမှုများနှင့် ကြုံတွေ့ခံစားနေရလျက်ရှိသည်။ မိသားစုဝင်များအနေဖြင့် ဤရာဇဝတ်မှု၏ ဆိုးကျိုးသက်ရောက်မှုကို ရင်ဆိုင်သည့်အခါတွင် ၎င်းတို့၏ လူမှုအသိုက်အဝန်းထံမှ အထောက်အပံ့ကိုသာ မှီခိုအားထားရသည်။ ဒေသအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းမှတဆင့် မြန်မာနိုင်ငံတွင် ဤသို့သောရာဇဝတ်မှုအား ကြုံတွေ့ခံစားရသည့် မိသားစုဝင်များအတွက် အကာအကွယ်ပေးသည့် ဝန်ဆောင်မှုအချို့ရှိကြောင်း တွေ့ရှိခဲ့ရသော်လည်း ထိုဝန်ဆောင်မှုများသည် သတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်လူမှုအသိုက်အဝန်းများထံသို့ မရောက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် အခြားသောနိုင်ငံများ၏အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအစုအဖွဲ့များအနေဖြင့် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများတွင် မြန်မာပြည်အရှေ့တောင်ပိုင်းအား မျက်ကွယ်ပြုခြင်းမရှိစေရန် သင့်လျော်သည့်လုပ်ဆောင်မှုများအား ဆောင်ရွက်ရန် အရေးတကြီးလိုအပ်သည်။ ပထမအဆင့်တွင် ကရင်ပြည်နယ်အတွင်း SAC မှ ရွာသားများအပေါ် ပစ်မှတ်ထားလျက်ရှိကြောင်း၊ နိုင်ငံရေးအရလှုံ့ဆော်မှုများရှိနေကြောင်းနှင့် အကြမ်းဖက်မှုများ၊ ခြောက်လန့်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများကို သိရှိနားလည်ရန်အပြင် ဤချိုးဖောက်မှုများအားရပ်တန့်နိုင်ရန် အရေးယူဆောင်ရွက်မှုများ အရေးတကြီးလိုအပ်ကြောင်းကို အသိအမှတ်ပြုပေးရမည်။ ထို့အပြင် နိုင်ငံတကာအသိုက်အဝန်းမှ ဤရာဇဝတ်မှုအားတုံ့ပြန်ရန် ရွာသားများအသုံးပြုသော ကျေးလက်စွမ်းရည်နည်းဗျူဟာများနှင့် ၎င်းတို့၏တောင်းဆိုချက်များကို ပံ့ပိုးပေးရန်လိုအပ်ပြီး တရားမျှတမှုရရှိနိုင်ရန်အတွက် လုပ်ဆောင်ပေးရန် လုံးဝအရေးကြီးသည်။ ထိုနည်းတူစွာ အတင်းအဓမ္မပျောက်ဆုံးစေမှုလုပ်ရပ်များသည် အရပ်သားများအား ၎င်းတို့၏လုံခြုံရေးအတွက် နိုင်ငံအတွင်း သို့မဟုတ် ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်တိမ်းရှောင်ရန် တွန်းအားပေးလျက်ရှိသည်။ ထို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းရန်မှ ထွက်ပြေးလွတ်မြောက်လာသည့် အရပ်သားများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် နိုင်ငံတကာ၏ အကာအကွယ်ပေးမှုများအား လက်လှမ်းမီနိုင်ရန်အတွက် အကာအကွယ်ပေးမှုယန္တရားများကို ဒုက္ခသည်စခန်းများတွင်သာမက နယ်စပ်တလျှောက်တွင်လည်း တိုးချဲ့လုပ်ဆောင်သင့်သည်။ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် အောက်ခြေရှိ အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများမှတဆင့် ရွာသားများထံသို့ တိုက်ရိုက် ရောက်ရှိသင့်သည်။

နိုင်ငံတကာပါဝင်ပတ်သက်သူများအနေဖြင့် ပျောက်ဆုံးသူများ၏ တည်နေရာနှင့်ပတ်သက်၍ ရှာဖွေဖော်ထုတ်ရန် SAC နှင့်  စတင်ဆက်သွယ်ချိတ်ဆက်မှုပြုလုပ်သည့်အခါ ဤအစီရင်ခံစာပါတွေ့ရှိချက်များကို သတိမူသင့်သည်။ ထို့အပြင် အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အတင်းအဓမ္မအစဖျောက်ခံရသူ၏ အချက်အလက်ကို တိုက်ရိုက်စတင်စုံစမ်းစစ်ဆေးရန် မလုပ်နိုင်သည်မှာ ၎င်းတို့ကိုယ်တိုင် ပစ်မှတ်ဖြစ်လာနိုင်ကြောင်းကို နားလည်သဘောပေါက်ထားသင့်သည်။ သို့သော်လည်း နိုင်ငံတကာအကူအညီများ ရွာသားများထံသို့ ရောက်ရှိနိုင်ရန်နှင့် အကာအကွယ်ပေးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ၎င်းအဖွဲ့အစည်းများကို ထည့်သွင်းဆွေးနွေးသင့်ပြီး ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း  ကူညီပံ့ပိုးသင့်သည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လက်ရှိတွင် နိုင်ငံအတွင်းရှိ မိသားစုများကို အကာကွယ်ပေးရန် အာမခံနိုင်ခြင်းမရှိသဖြင့် ကျူးလွန်သူများနှင့် ဆွေးနွေးမှုပြုလုပ်ပါက နိုင်ငံအတွင်းရှိ ဒေသခံများ၏ တုံ့ပြန်မှုများနှင့်အတူ ယှဉ်တွဲဆောင်ရွက်သင့်သည်။

လက်ရှိ နိုင်ငံတကာ၏ အရပ်သားများအားအကာအကွယ်ပေးရန်နှင့် လူ့အခွင့်အရေးစံချိန်စံနှုန်းများအား မြှင့်တင်ရန်ရည်ရွယ်သည့် နည်းလမ်းနှင့်ယန္တရားများသည် စိုးရိမ်စရာကွာဟချက်များရှိနေသောကြောင့် ၎င်းတို့အား အစောတလျင်ဖြေရှင်းပေးရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားသော အတင်းအဓမ္မပျောက်ဆုံးစေမှုသည် အရက်စက်ဆုံးရာဇဝတ်မှုများဖြစ်ပြီး ၎င်းသည် ကျူးလွန်ခံရသူများ၊ မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံးအပေါ် နက်ရှိုင်းစွာသက်ရောက်မှုရှိသည်။ ကျယ်ပြန့်စွာတည်ရှိနေသော ပြစ်ဒဏ်မှကင်းလွတ်ခွင့်များကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများအနေဖြင့် အခက်အခဲဒုက္ခများ ကြုံတွေ့ခံစားနေရချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရေငုံနုတ်ပိတ်နေကြသည်။ ဤအစီရင်ခံစာသည် အတင်းအဓမ္မပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ အပေါ်ယံသာ ထုတ်ဖော်ထားခြင်းဖြစ်သည်။ ဤရာဇဝတ်မှုများနှင့်ပတ်သက်၍ သတင်းပို့မှု အလွန်နည်းသောကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အတင်းအဓမ္မပျောက်ဆုံးမှုများသည် ဤအစီရင်ခံစာထဲ၌ ဖော်ပြထားသည်ထက် ပိုမိုများပြားနိုင်သည်။ ဒေသတွင်းတွင် အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်းနှင့် လူကုန်ကူးမှုများကြောင့် ဖြစ်ပေါ်စေသော အတင်းအဓမ္မပျောက်ဆုံးစေခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ဆက်လက်သုတေသနပြုရန် လိုအပ်သည်။ ဤအစီရင်ခံစာတွင် ဤရာဇဝတ်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို အတိုင်းအတာတစ်ခုအထိ ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ပေးနိုင်ပြီး နိုင်ငံတကာအား ဤအရေးကိစ္စနှင့်ပတ်သက်၍ နားလည်သဘောပေါက်စေရန်နှင့် ဖြေရှင်းဆောင်ရွက်ရန် ဦးတည်ပေးနိုင်မည်ဟု KHRG အနေနှင့်မျှော်လင့်ပါသည်။

## ဓာတ်ပုံ – အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

**အရှေ့မျက်နှာဖုံးပုံ**

အရှေ့မျက်နှာဖုံးပုံသည် နိုဝင်ဘာလ ၂၀၂၁ ခုနှစ်မှ ဩဂုတ်လ ၂၀၂၃ ခုနှစ်အတွင်း အတင်းအဓမ္မအစဖျောက်ခြင်း ခံရသောသူများ၏ ပုံတို့ကိုစုစည်းထားသည်ပုံတစ်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG/ဒေသခံရွာသား)*

**အနောက်မျက်နှာဖုံး**

ဤပုံကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၌ ဘားအံခရိုင်၊ လှုပလယ်မြို့နယ်၊ ကဟ--- ကျေးရွာတွင် ရိုက်ယူခဲ့သည့် လက်စဖျောက်ခံရသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦးဖြစ်သည့် စောယ--- အား လူ့အခွင့်အရေးအလုပ်ရုံဆွေးနွေးပွဲကိုမတက်ရောက်မီ သူ၏အားလပ်ချိန်တွင် ပျော်ရွှင်စွာသီချင်းဆိုနေသည်ကို ပြထားပါသည်။ စောယ---သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် SAC မှ သူ့အား လက်စဖျောက်ခြင်းခံခဲ့ရပါသည်။ *(ဓာတ်ပုံ – ဒေသခံရွာသား)*



၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းသည့်အချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများအတွင်းတွင် အရပ်သားများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများပိုမိုတိုးမြင့်လာပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ (နစက-SAC) သည် ပြစ်ဒဏ်ပေးခံရခြင်းလုံးဝမရှိပဲ ရွာသားများအားစနစ်တကျတိုက်ခိုက်လျက်ရှိသည်။

ဤအစီရင်ခံစာတွင် ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်အတွင်း SAC မှ ကျူးလွန်ခဲ့သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုဆိုင်ရာ ရာဇဝတ်မှုများဖြစ်သော ရွာသားများအားနိုင်ငံရေးအရပစ်မှတ်ထားခြင်း၊ အရေးပေါ်လုံခြုံရေးဥပဒေအား ဖောက်ဖျက်မှုအတွက် အရပ်သားများအားအစဖျောက်ခြင်းများအပြင် လူသားဒိုင်းအဖြစ်အသုံးပြုခြင်းခံရသည့် ရွာသားများ၏ပျောက်ဆုံးမှုများအား စုံစမ်းဖော်ထုတ်ထားပါသည်။ ထို့အပြင် ဒေသအတွင်းတည်ရှိနေသောလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအပါအဝင် အခြားလက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် ဤရာဇဝတ်မှုကြောင့် ပျောက်ဆုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်းများအပေါ် သက်ရောက်မှုများကို ဆန်းစစ်ထားသည်။ ထို့အပြင် သက်ဆိုင်သူများအနေဖြင့် ပံ့ပိုးကူညီမှုများကို ပြင်ဆင်နိုင်ရန်နှင့် မည်သည့်နည်းလမ်းဖြင့်ပံ့ပိုးပေးနိုင်မည်ကို နားလည်သဘောပေါက်စေရန်အတွက် ဤရာဇဝတ်မှုအား တုံ့ပြန်ရာတွင် ရွာသားများအသုံးပြုခဲ့သည့်နည်းဗျူဟာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ အစီရင်ခံစာတွင် ရွာသားများ၏အမြင်များနှင့် တောင်းဆိုချက်များအပြင် အနာဂတ်အတွက် ၎င်းတို့၏မျှော်လင့်ချက်များကိုလည်း မီးမောင်းထိုးဖော်ပြထားသည်။

ပြစ်မှုကျူးလွန်သူများ၏ ရန်တုံ့ပြန်မှုကို ကြောက်ရွံ့ခြင်းနှင့် ပြည်တွင်းတွင် စစ်တပ်အားတာဝန်ယူ တာဝန်ခံစေရန် အတွက် မစွမ်းဆောင်နိုင်ခြင်းများကြောင့် ဤရာဇဝတ်မှုများနှင့်ပတ်သက်၍ အစီရင်ခံတင်ပြမှုမှာ အားနည်းလျက်ရှိသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသရွာသားများအတွက် တရားဝင်ကူညီထောက်ပံ့မှုများမရှိပါ။ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းများမှပေးအပ်သောကူညီပေးမှုယန္တယားများသည်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကြုံတွေ့ခံစားရသူများအတွက် လုံလုံလောက်လောက်ရောက်ရှိနိုင်ခြင်းမရှိပါ။ ရွာသားများအနေဖြင့် ပြည်တွင်းတွင် တရားမျှတမှုရှာဖွေရန်မှာ ဖြစ်နိုင်ခြေမရှိသည့်အတွက် နိုင်ငံတကာ၏စုံစမ်း စစ်ဆေးမှုကိုသာ မျှော်လင့်နေလျက်ရှိသည်။ နိုင်ငံတကာမှ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြစ်မှုကျူးလွန်သူများအား တာဝန်ယူတာဝန်ခံစေရန်အတွက်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုဖော်ဆောင်ပေးနိုင်ရန် ခိုင်မာသည့်အရေးယူဆောင်ရွက်မှုများမပြုလုပ်ပါက လူမှုအသိုက်အဝန်းအတွင်း အတင်းအဓမ္မပျောက်ဆုံးစေမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပြီး ရွာသားများ၏ဘဝလုံခြုံမှုနှင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေအပေါ် ကြီးကြီးမားမားသက်ရောက်မှုများရှိနေမည်ဖြစ်သည်။

KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများနှင့် ဒေသခံများ၏အခြေအနေများအား မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ခြင်းမရှိပါ။